# ဒံယေလအနာဂတ္တိကျမ်းနိဒါန်း

by Noah Quarshie

ဒံယေလအနာဂတ္တိကျမ်းကို ဓမ္မဟောင်းကျမ်း၏ ဗျာဒိတ်ကျမ်းဟုသတ်မှတ်ခဲ့ကြ၏။

ဓမ္မဟောင်းသူရဲကောင်းတစ်ဦးဖြစ်သော ဒံယေလသည် ဤကျမ်း၏အဓိကဇာတ်ဆောင်ဖြစ်ပါသည်။ မင်းမျိုးမင်းနွယ်မှဆင်းသက်သော ဒံယေလကို (ဒံ ၁း၃) ၆၀၅ ဘီစီ၌ နေဗုခဒ်နေဇာမင်းကြီးက အတတ်ပညာနှင့်ဉာဏ်ပညာကြွယ်ဝသော အခြားသောယုဒလူငယ်များနှင့်တကွ (ဒံ ၁း၁-၇) ဗာဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့၏။ ထိုဗာဗုလုန်ပြည်၌ ဒံယေလသည် မိမိ၏ကျန်ရှိနေသေးသောအချိန်တို့ကို ကုန်ဆုံးစေခဲ့ပြီး မင်းမှုထမ်းကောင်းအဖြစ်နှင့် ပရောဖက်အဖြစ် ကျော်ကြားခဲ့ပါသည်။

ဒံယေလသည် တိုင်းတပါးဗာဗုလုန်၌ ကျွန်ခံခြင်းအချိန်ကာလတွင် အသက်ရှင်နေထိုင်သောသူ ဖြစ်ခဲ့သော်လည်း၊ မိမိနှင့်အတူ ဖမ်းဆီးခြင်းခံရသော ယေဇကျေလကဲ့သို့မဟုတ်ဘဲ သူသည် နန်းတော်အမှုထမ်းအဖြစ် နေထိုင်ခဲ့ပါသည်။

ကဲ့ရဲ့ခံအမျိုး (ကလ္ဒဲသရေလ) ဖြစ်သော်လည်း ဒံယေလသည် ခါလဒဲဘုရင်နေဗုခဒ်နေဇာနှင့် ဗေလရှာဇာမင်းကြီးလက်အောက်၌၎င်း၊ မေဒိအမျိုးဒါရိမင်းနှင့် ပေရသိအမျိုးကုရုမင်းများလက်အောက်၌ အမှုထမ်းလျက် နာမည်ကျော်စောခဲ့၏။

ဒံယေလ၏ငယ်ရွယ်စဉ်ခါရဲရင့်ခြင်းသတ္တိဖြစ်သော ဘုရင့်အစားအစာနှင့်သောက်သောစပျစ်ရည်ငြင်းဆန်ခြင်း၊ မိမိအကျင့်ဖြစ်သော ယေဟောဝါဘုရားထံ ဆုမတောင်းဘဲနေခြင်းထက် ခြင်္သေ့ဂူအတွင်းသို့ ပစ်ချခြင်းကို သာ၍ရွေးချယ်ခဲ့ခြင်းစသည်တို့သည် ဒံယေလ၏အသက်တာကို လှပစွာခြယ်မှုန်းထားသောအရာများဖြစ်ပါသည်။ “သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွှဲ လိုက်သွားလိမ့်မည်” (သု ၂၂း၆)။

**ဒံ ၁း၁-၃**

တမန် ၄း၁၂

*“ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမတစုံတခုမျှ . . . မရှိ”*

## ဘုရားသခင်သည်အကျွန်ုပ်၏တရားသူကြီး

သမ္မာကျမ်းစာထဲမှ လူတို့၏အမည်နာမများသည် အလွန်အဓိပ္ပာယ်ရှိလှ၏။ ဒံယေလ၏ အနက်ကား “ဘုရားသခင်သည်အကျွန်ုပ်၏တရားသူကြီး” ဟူ၍ဖြစ်ပါသည်။ သင့်အမှုကိုစီရင်ခြင်းငှါ အစဉ်အသင့်ရှိတော်မူသော ဘုရားသခင်ကိုသင်ယုံကြည်ပါသလား။ ကျွန်တော်တို့သည် ဘုရားသခင်အား ကျွန်ုပ်တို့၏အဘဟူ၍ သတ်မှတ်ခြင်းအမှု၌ သူသည်အကျွန်ုပ်တို့၏တရားသူကြီးဖြစ်တော်မူကြောင်းကိုလည်း သတိရကြရပါမည်။ သူသည်ကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူ၍ ကွယ်ကာတော်မူပြီး ကျွန်ုပ်တို့၏အပြစ်များကိုလည်း စီရင်တော်မူ၏။ သမ္မာကျမ်းစာကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာသောသူသည် ဘုရားသခင်၏ တရားသူကြီးဖြစ်ခြင်းအမှုကို သိမြင်ကြရမည်ဖြစ်ပါသည်။

သမ္မာကျမ်းစာသမိုင်းကို လေ့လာကြည့်သောအခါ ဆိုးသွမ်းသောသူတို့အပေါ် ဘုရားသခင်၏စီရင်ခြင်းနှင့် မိမိလူတို့အပေါ်ကွယ်ကာစောင့်ရှောက်ခြင်းအမှုကို ကျွန်တော်တို့မြင်တွေ့ရပါ၏။ အလုံးစုံကိုသိတော်မူသောသူမှသာလျှင် ဤအမှုတို့ကို ပြုနိုင်၏။ ထိုအချက်ကို ယောဘသည် ခက်ခက်ခဲခဲသိမြင်ခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် မိမိအားနှစ်သိမ့်သော ပုဂ္ဂိုလ်သုံးဦးတို့သည် မှားယွင်းစွာစီရင်ခဲ့ကြပြီး မိမိကိုယ်တိုင်ကလည်း ဘုရားသခင်အားအထင်မှားခဲ့၏။ ထို့ကြောင့် ဘုရားသခင်က ယောဘအားဤသို့မိန့်တော်မူခဲ့၏- “မာနထောင်လွှားသောသူအပေါင်းတို့ကို ကြည့်ရှု၍ ရှုတ်ချလော့။ အဓမ္မလူတို့ကို နှိပ်နင်း၍၊ သူတို့ကိုမြေမှုန့်၌ တစုတည်းဝှက်ထားလော့။ . . . သို့ပြုလျှင် သင်၏လက်ျာလက်ရုံးသည် သင့်ကိုကယ်တင်နိုင်သည်ဟု ငါဝန်ခံမည်” (ယောဘ ၄၀း၁၂၊၁၄)။ အပြစ်သားယောဘသည် ထိုအမှုကိုလုံးဝမပြုနိုင်ပါ။ အလုံးစုံကိုသိတော်မူသောဘုရားကသာလျှင် လူတို့၏စိတ်နှလုံးအကြံအစည်တို့ကို သိမြင်တော်မူ၍ မှန်ကန်စွာစီရင်တော်မူတတ်၏။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် လူတို့၏မိမိကိုယ်ကိုစီရင်ခြင်းနှင့် သူတပါးအားစီရင်ခြင်းအမှုတို့သည် လုံးဝကုန်ဆုံးပါလိမ့်မည်။ ဘုရားသခင်သာလျှင် တစ်ပါးတည်းသော တရားသူကြီးဖြစ်တော်မူ၏။ “. . . မြေပေါ်မှာ အမှုကိုစစ်ကြောစီရင်တော်မူသောအခါ လောကီသားတို့သည် တရားကိုသင်ကြ၏” (ဟေရှာ ၂၆း၉)။ ထို့ကြောင့် ရှင်ပေါလုက “. . . ဘုရားသခင်ကြွလာတော်မမူမီတိုင်အောင် အဘယ်အမှုကိုမျှ အဆုံးအဖြတ်မစီရင်ကြနှင့်” (၁ ကော ၄း၅) ဟုဆိုခဲ့၏။

**ဆင်ခြင်ရန်** - ကြွလာတော်မူမည့် တရားသူကြီးသည် အကျွန်ုပ်၏ကယ်တင်ရှင်ဖြစ်ပါသလား။

**ဆုတောင်းချက်** - သန့်ရှင်းဖြောင့်မတ်စွာ အသက်ရှင်၍ ကိုယ်တော်ကို လုံးလုံးကိုးစားပါမည်အကြောင်း၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အား ပြတော်မူ၍ အကျွန်ုပ်၏တရားသူကြီးဖြစ်တော်မူပါ။

တနင်္လာ၊ ဧပြီ (၂)

**ဒံ ၁း၂**

ရောမ ၈း၂၈

*“. . . သူတို့၏အကျိုးကိုခပ်သိမ်းသောအရာတို့သည်တညီတညွတ်တည်းပြုစုကြသည်. . . ”*

## “ထာဝရဘုရား” သည်အဘယ်သူနည်း

“ထာဝရဘုရားသည် ယုဒရှင်ဘုရင်ယောယကိမ်. . . ကို နေဗုခဒ်နေဇာလက်သို့ အပ်နှံတော်မူ၍. . . ” (ဒံ ၁း၂)။ ဤ “ထာဝရဘုရား” သည် မည်သူနည်း။ ဤနေရာ၌ ယေဟောဝါဟု မသုံးဘဲ Adonai ဟူသော နာမကိုအသုံးပြုခဲ့၏။ “Adonai ဟူသောစကားလုံးက ဘုရားသခင်အား အဆုံးစွန်အာဏာရှိတော်မူသောအရှင်ဟူ၍ ဖော်ညွှန်း၏။ ဤနာမတော်ကို အသုံးပြုခြင်းက ယောယကိမ်အား နေဗုခဒ်နေဇာလက်ထဲသို့ ပေးအပ်ခြင်းအမှုကိုထိန်းချုပ်သောအရှင်သည် ထာဝရဘုရားဖြစ်ကြောင်း ဖော်ညွှန်း၏။ ဤအမှုသည်နေဗုခဒ်နေဇာမင်းကြီး၏ အားကြီးခြင်းကြောင့်မဟုတ်၊ ယောယကိမ်၏ အားနည်းခြင်းကြောင့်လည်းမဟုတ်၊ ထာဝရဘုရား၏အလိုတော်ကြောင့်သာလျှင်ဖြစ်ပါ၏။ ရှင်ဘုရင်တို့သည် မိမိကိုယ်ကိုအားကြီးသောသူဟု ထင်တတ်ကြသော်လည်း သူတို့သည် အခြားသောသူများကဲ့သို့ပင် ထာဝရဘုရား၏ အဆုံးစွန်အာဏာတော်အောက်၌ ရှိကြပါ၏။ အဘယ်အစိုးရ၏ တန်ခိုးအာဏာကမျှ ဘုရားသခင်၏အလိုတော်ကို မလွန်ဆန်နိုင်ကြကြောင်း သိခြင်းသည် အလွန်နှစ်သိမ့်စရာကောင်းလှပါ၏” (Leon Woods)။

ကျွန်တော်တို့သည် မိမိတို့၏အကြံအစည်၊ ရည်မှန်းချက်နှင့် လိုအင်ဆန္ဒများကို ပြည့်စုံစေခြင်းငှါ ကြိုးစားတတ်ကြ၏။ တိုင်းနိုင်ငံတို့၏အမှုကို ထိန်းချုပ်တော်မူသော အဆုံးစွန်အာဏာရှိတော်မူသောထာဝရဘုရားသည် ကျွန်ုပ်တို့၏အမှုများကိုလည်း ထိန်းချုပ်တော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် မိမိ၌အကြံအစည်ရှိတော်မူ၏။ သူသည် အကျွန်ုပ်တို့ကို အကုန်အစင်သိတော်မူ၏။ သေခြင်းအမှု၌သော်ငှင်း၊ ဝမ်းနည်းခြင်းအမှု၌သော်ငှင်း ထာဝရဘုရားသည် အကျွန်ုပ်တို့နှင့်ရှိတော်မူ၍ ထိုအမှုကိုထိန်းချုပ်သောသူဖြစ်တော်မူကြောင်း သိခြင်းသည် နှစ်သိမ့်စရာကောင်းလှပါ၏။ ဆင်းရဲဒုက္ခခံနေစဉ် မည်သို့ပြုရမည်အကြောင်း ကျွန်ုပ်တို့အား ထာဝရဘုရားအတိအကျမိန့်တော်မူ၏။ “အမှုရောက်သည်ကာလ၌ ငါ့ကိုပဌနာပြုလော့. . . ” (ဆာ ၅၀း၁၅)။ “အလုံးစုံကိုငါ့အားပြောကြားလော့” ဟုဆိုလိုခြင်းဖြစ်ပါသည်။ သင်တို့အားမစခြင်းငှါ ထာဝရဘုရားကတိတော်ရှိ၏။ ဣသရေလအပေါ်ထားရှိသော မိမိ၏ပဋိညာဉ်နှင့်ဆိုင်သော ကတိတော်သော်ငှင်း၊ သူငယ်ကဲ့သို့ ရိုးသားဖြူစင်စွာ သားတော်ယေရှုခရစ်တော်အား ယုံကြည်သောယနေ့ယုံကြည်သူများအပေါ် ထားရှိသော မိမိ၏ကတိတော်ကိုငှင်း၊ ထာဝရဘုရားသည် ဘယ်သောအခါမျှ မပြည့်စုံစေဘဲနေတော်မူမည်မဟုတ်။ အဆုံးစွန်အာဏာရှိတော်မူသောအရှင် Adonai ကသာလျှင် ဤပြောင်းလဲနေသော ကမ္ဘာလောက၌ အသက်ရှင်သောအပြစ်သားများအပေါ်၌ ဤအမှုကိုပြုတော်မူနိုင်၏။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခကြုံရသောအချိန်၌ ကတိတော်ကိုအောက်မေ့လျက်၊ ကတိတော်ထားသောပုဂ္ဂိုလ်အား မျှော်ကြည့်ခြင်းသည် ကောင်းလှပေ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အလုံးစုံကိုထိန်းချုပ်တော်မူသောသူဖြစ်ကြောင်း အကျွန်ုပ်သိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဧပြီ (၃)
**ဒံ ၁း၃-၄**
သုတ္တံ ၂၀း၁၁

*"သူငယ်သော်လည်း၊ မိမိပြုသောအမှုသည် စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို မိမိအခြင်းအရာအားဖြင့်ပြ၍. . . "*

## ကျွန်ုပ်တို့၏အကျင့်အားဖြင့် ကျွန်ုပ်တို့ကိုသိကြ၏

နေဗုခဒ်နေဇာမင်းကြီးသည် မိန်းမစိုးအုပ်အာရှပေနတ်အား မိမိ၏နန်းတော်၌ အမှုထမ်းစေခြင်းငှါ ဣသရေလစစ်သုံ့ပန်းများထဲမှ အရည်အချင်းပြည့်မီသောလူငယ်များကို ရှာဖွေစုဆောင်းစေခဲ့၏။ မိမိ၏ထုံးတမ်းစဉ်လာ၊ မိမိအမျိုးသား၊ ဆွေမျိုးများနှင့် ဝေးကွာနေရခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။ တစ်ဖက်တွင် ဤလူငယ်တို့သည် ရှင်ဘုရင်၏ရွေးချယ်ခြင်းခံရကြခြင်းကြောင့် လွယ်ကူစွာ မာနထောင်လွှားခြင်းရှိနိုင်ပါ၏။

ဤရွေးချယ်ခြင်းအတွက် လိုအပ်သောအရည်အချင်းတို့သည် အလွန်မြင့်လှပါသည်။ ထိုသူတို့သည် မင်းမျိုးမင်းနွယ်၊ အပြစ်အနာဆာကင်းသောသူ၊ အဆင်းလှသောသူ၊ အသိပညာအတတ်ပညာကြွယ်ဝသောသူ၊ ခါလဒဲဘာသာစကားကို ပြောနိုင်ရေးနိုင်ခြင်းငှါ သင်ယူနိုင်သောသူဖြစ်ရပါမည်။

ဒံယေလသည် ဗာဗုလုန်ပြည်သို့ ဖမ်းဆီးခြင်းခံရသောအချိန်၌ အသက်ဆယ့်ငါးနှစ်အရွယ်မျှသာဖြစ်ပါသည်။ သူသည် မိမိသိကျွမ်းသောသူများနှင့် ဝေးကွာသောအရပ်၌ နေထိုင်သောအခါ "မိမိအလိုအတိုင်း" နေထိုင်ခြင်းငှါ ဆုံးဖြတ်ချက်ချနိုင်ပါသည်။ မည်သို့ပင်နေထိုင်စေကာမူ မိဘနှင့်မိတ်ဆွေများက သိရကြမည်မဟုတ်။ ထိုသို့ရွေးချယ်ခြင်းခံရသောကြောင့် မာနထောင်လွှားသဖြင့် မိမိအလိုအတိုင်း နေထိုင်မည်ဟု ဆုံးဖြတ်ချက်ချနိုင်ပါ၏။ သို့သော်လည်း ဒံယေလသည် အပြစ်မပြုခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့၏။ သူသည်ဘုရားသခင်ထံ သစ္စာရှိ၍ ဖြောင့်မတ်စွာနေထိုင်ခဲ့၏။

ထာဝရဘုရားသည် ဒံယေလအားထိုသို့နေထိုင်ခြင်းကြောင့် အလွန်ချီးမြှောက်တော်မူခဲ့၏။ ဘုရားသခင်သည် မိမိအားယုံကြည်ကိုးစားသောသူ၊ အလိုတော်ကိုလိုက်လျှောက်သောသူအပေါင်းတို့အား ချီးမြှောက်ခြင်းငှါ ကတိထားတော်မူခဲ့၏။ "ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ဒေသနာတော်ဖြစ်သလော၊ ငါသည်ကိုယ်အလိုအလျောက် ဟောပြောသလောဟု ပိုင်ခြား၍သိလိမ့်မည်" (ယော ၇း၁၇)။ "ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့" (မသဲ ၆း၃၃)။ ဤအမှုသည် ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ်ကြောင့်မဟုတ်ဘဲ ဘုရားသခင်က မိမိ၏ကျေးဇူးတော်အားဖြင့် အစပြုတော်မူခြင်းဖြစ်၏။ ကျွန်ုပ်တို့အပြစ်သားများကို ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းငှါ ကြံစည်တော်မူ၍ အမှုပြုတော်မူသောသူသည် ထာဝရဘုရားသာလျှင်ဖြစ်ပါသည် (ဧဖက် ၂း၈-၁၀)။ ထို့ကြောင့်ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - ဒံယေလသည်သစ္စာရှိသော မိဘအားဖြင့် ဘုရားသခင်မွေးထုတ်တော်မူသောပုဂ္ဂိုလ်ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုနာခံလျက် သားသမီးတို့ကိုထိုသို့ဆုံးမသွန်သင်ခြင်းငှါ အကျွန်ုပ်အား သွန်သင်တော်မူပါ။

## လွှမ်းမိုးခြင်းနှင့်အဆိုးအကောင်းခွဲခြားခြင်း

"ဒံယေလမူကား . . . ညစ်ညူးခြင်းကိုရှောင်မည်ဟုအကြံရှိ၍" (ဒံ ၁း၈)။ ဤဆယ်ကျော်သက်ဟေဗြဲလူငယ်သည် ဘုရားသခင်တားမြစ်ထားသည့် ညစ်ညူးသောအမှုတို့ကို ရှောင်ရှားခဲ့၏။ ဘုရားသခင်သည် မိမိလူတို့အား အခြားသောဘုရားများထံယဇ်ပူဇော်ခြင်းအပါအဝင်၊ ရုပ်တုကိုးကွယ်ခြင်းနှင့် သက်ဆိုင်သောအမှုအပေါင်းတို့ကို မပြုခြင်းငှါ သတိပေးတော်မူခဲ့၏ (ထွက် ၃း၁၄-၁၅)။ ရှင်ဘုရင်၏အစားအသောက်ထဲတွင် ဗာဗုလုန်ဘုရားများထံ ဆက်ကပ်ပူဇော်ခဲ့သော အသားများ ပါဝင်ပါလိမ့်မည်။

ဒံယေလသည် မိမိလိုက်လျှောက်ခြင်းငှါ ပြဋ္ဌာန်းထားသော ဗာဗုလုန်ထုံးတမ်းစဉ်လာတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ခြင်းရှိကြောင်း၊ လျင်မြန်စွာသိနားလည်ခဲ့၏။ ထိုလူငယ်၌တွေ့ရသော အဆိုးအကောင်းခွဲခြားခြင်းအသိဉာဏ်သည် အံ့ဖွယ်ပါတကား။ ယောရှိ (ယောယကိမ်၏ခမည်းတော်) လက်ထက်တွင် တစ်ပြည်လုံး၌ဖြစ်ပျက်ခဲ့သော ဝိညာဉ်နိုးကြားမှုကြောင့် ဖြစ်နိုင်ပါသည်။ ယောရှိသည် ဘုရားသခင်၏ဗိမာန်တော်ကို ပြန်လည်ပြုပြင်ခဲ့ပြီး၊ ရှာဖွေတွေ့ရှိခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြည်သူအပေါင်းကြားနာခြင်းငှါ ဖတ်စေခဲ့၏။ ထို့ကြောင့် တစ်ပြည်လုံး၌ နိုးကြားခြင်းဖြစ်ပွားခဲ့ပါသည်။ ယောရှိ၏သားများသည် အဘပြုသောဖြောင့်မတ်ခြင်းအမှုကို မလိုက်ကြသော်လည်း (ဘုရားသခင်၏လူတို့သည် မိမိတို့တိုင်းပြည်ခေါင်းဆောင်များအတွက် ယနေ့ကျွန်တော်တို့နည်းတူ၊ ဆုမတောင်းပေးသောကြောင့် ဖြစ်နိုင်ပါသည်) ဒံယေလသည် ဘုရားသခင်၌ သစ္စာရှိခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့၏။

ဒံယေလသည် ဘုရားသခင်ကိုကြောက်ရွံ့သော မိဘတို့၏ လွှမ်းမိုးခြင်းခံရခဲ့သည်ဟု ထင်ရပါသည်။ မိမိစိတ်နှလုံးထဲ၌ ဘုရားသခင်၏နှုတ်ကပတ်တော်သိုထားခြင်းငှါ သေသေချာချာဆုံးမသွန်သင်ခြင်းခံရခဲ့သည်ဟု ထင်ရပါ၏။ ဘုရားသခင်သည် မိမိလူတို့အား "ယနေ့ငါမှာထားသောစကားကို နှလုံးသွင်းရမည်။ ထိုစကားကိုသင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုပြောရမည်" (တရား ၆း၆-၇) ဟုမိန့်တော်မူ၏။ "ဒံယေလသည် အသက်တာအတွက် အရေးကြီးဆုံးသောအရာကို ပြင်ဆင်ခြင်းငှါ သွန်သင်ခြင်းခံရခဲ့၏။ ဘုရားသခင်သိခြင်းနှင့် ဘယ်နေရာ၌မဆိုဘုရားသခင်ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းငှါ သွန်သင်ခြင်းခံရခဲ့၏" (Campbell)။ ဒံယေလသည် ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့် ကြီးပြင်းခဲ့သောပုဂ္ဂိုလ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်အတွက် အနာဂတ်အမှုတော်ဆောင်ကောင်း ပျိုးထောင်ခြင်းငှါ အကျွန်ုပ်မိသားစု၌ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘော ကျွန်တော်ပြသပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သူတပါးတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လွှမ်းမိုးခြင်းကိုခံရလျက် သတိရှိစွာနေကြရမည်အကြောင်း ကိုယ်တော်ရှေ့၌အကျွန်ုပ်အား သတိရှိစွာနေထိုင်ခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၅)
**ဒံ ၁း၈**
တရား ၃၁း၆

*“. . . အားယူ၍ ရဲရင့်ခြင်းရှိကြလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကို မကြောက်ကြနှင့် . . .”*

## ရဲရင့်ခြင်းသည်စိတ်သဘောထားကိုပြုစု၏

ဒံယေလသည် ဘုရားသခင်၏သွန်သင်ဆုံးမခြင်းအမှု၌တည်သော စိတ်သဘောထား ပိုင်ဆိုင်သော လူငယ်တစ်ဦးဖြစ်ပါသည်။ ထိုဆုံးမသွန်သင်ချက်သည် သံသယကင်းစွာနာခံလိုက်လျှောက်ခြင်းငှါ လုံးဝစိတ်ချရသော သွန်သင်ချက်ဖြစ်ပါသည်။

ယနေ့ကျွန်တော်တို့ကြုံတွေ့ရသော များစွာသောအတွေ့အကြုံတို့သည် အကျွန်ုပ်တို့အား ရည်မှန်းချက်တစ်စုံတစ်ခုတည်းမဟုတ်ဘဲ၊ များစွာသောလိုအင်ဆန္ဒတို့၏ လွှမ်းမိုးခြင်းကို ခံစေပါ၏။ ထို့ကြောင့် များစွာသော ရင့်ကျက်သောခရစ်ယာန်ဟုထင်ရသောသူတို့သည် မသေချာခြင်းအမှု၏ ကိုင်စွဲခြင်းကိုခံရကြ၏။ အချို့သောအခြေအနေ၌ မည်သို့နေထိုင်ရမည်ကိုမသိကြတော့ပါ။ ခရစ်ယာန်လူငယ်များတို့သည် မိမိကိုယ်ကို အခြားသောသူများနှင့် မတူညီကြောင်း သိရှိကြသောအခါ ပို၍ကြောက်ရွံ့စိတ်ဝင်လာတတ်ကြ၏။

တိုးတက်သောယနေ့လူနေမှုဘဝ၌ နေထိုင်သော ဆယ်ကျော်သက်တစ်ဦးအတွက် မူးယစ်ဆေးသုံးစွဲခြင်း၊ မတရားသောမေထုန်မှီဝဲခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းအမှု၌ မကျင်လည်ခြင်းသည် ထူးဆန်းသောအမှုဖြစ်လာ၏။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုသို့မကောင်းမှုပြုခြင်းငှါ ဆွဲဆောင်မှုသည်အလွန်အားပြင်းလှပါ၏။ ခေတ်သစ်ပညာရေးစနစ်ကလည်း ဘုရားသခင်နှင့် သမ္မာကျမ်းစာသွန်သင်ချက်တို့ကို ဖယ်ရှား၍ လူ့အလိုကိုအဓိကထားလာကြ၏။ ထို့ကြောင့် ခရစ်ယာန်လူငယ်များတို့သည် ခေတ်သစ်ဒံယေလများဖြစ်လာကြခြင်းငှါ အလွန်လိုအပ်လှပါသည်။ ထိုသို့မဟုတ်လျှင် မိမိပတ်ဝန်းကျင်၌ရှိသော လောကီအမှုနှင့်အကျင့်ပျက်ခြင်းအမှုတို့၌ နစ်မြုပ်သွားပါလိမ့်မည်။ ဘုရားသခင်ကိုကြောက်ရွံ့၍ နှုတ်ကပတ်တရားတော်ကို နာခံလိုက်လျှောက်ခြင်းဖြင့် ဤလောကီအမှုလှိုင်းဒဏ်များကို အန်တုကြရပါမည်။

များစွာသောယနေ့ခရစ်ယာန်မိဘတို့သည် မိမိတို့၏သားသမီးတို့အား ဒံယေလများဖြစ်ကြမည့်အစား လောကီလူတို့နှင့်အကျွမ်းတဝင်ရှိသောသူများ ပို၍ဖြစ်စေလိုကြ၏။ ထို့ကြောင့် မိဘတို့သည် ဤပြဿနာ၏ တရားခံများဖြစ်ကြ၍၊ တရားစီရင်ရာနေ့၌ ဘုရားသခင်ထံလျှောက်လဲချက်တင်ကြရလိမ့်မည်ဖြစ်ပါသည် (၂ ကော ၅း၁၀)။ စစ်မှန်သောခရစ်ယာန်မိဘတို့သည် မိမိ၏သားသမီးတို့အား သွန်သင်ဆုံးမနိုင်ခြင်းငှါ ဘုရားသခင်ထံအစဉ်ဆုတောင်းကြရပါမည်။ “ဒံယေလကဲ့သို့ ရဲရင့်ခြင်းရှိလော့၊ တစ်ဦးတည်းရပ်တည်ရဲလော့၊ ခိုင်မာသောရည်ရွယ်ချက်ချလော့၊ လူအများရှေ့၌ မိမိဆုံးဖြတ်ချက်ကို ချပြရဲလော့။”

**ဆင်ခြင်ရန်** - “မိသားစုဘုရားဝတ်ပြုကိုးကွယ်ခြင်းမရှိလျှင် မိမိအသိုင်းအဝိုင်း၌ အကျိုးရှိသော ခရစ်ယာန်အသက်တာကို ပြ၍မရပါ” (Campbell)။

**ဆုတောင်းချက်** - အိုအကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏အရှင်၊ ရဲရင့်ခြင်းနှင့်ခိုင်မာသောစိတ်ဓာတ်အရာ၌ လူငယ်များအဖို့ သာဓကဖြစ်မည်အကြောင်း ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် အကျွန်ုပ်ကိုခွန်အားပေးတော်မူပါ။

သောကြာ၊ ဧပြီ (၆)

**ဒံ ၁း၈**

ဆာလံ ၂၇း၅

*“. . . ဗိမာန်တော်အတွင်းအရပ်၌၊ ငါ့ကိုဝှက်ထားတော်မူမည်. . . ”*

## အကျွန်ုပ်တို့၏အကျင့်တို့သည်သူတပါးထံသက်သေခံလျက်ရှိ၏

ဒံယေလနှင့်မိမိ၏သူငယ်ချင်းတို့သည် ဗာဗုလုန်သို့ရောက်ရှိချိန်မှစ၍ သွေဖယ်ခြင်းမရှိဘဲ လိုက်လျှောက်ခြင်းငှါ ချမှတ်ထားသော မူဝါဒတစ်ခုကို စွဲမြဲစွာကိုင်စွဲကြ၏။ ထိုမူဝါဒကား၊ ရောနှော ခြင်းမရှိဘဲ၊ ဘုရားသခင်ကိုသာ နာခံလျက်အသက်ရှင်ရန်ဟူ၍ဖြစ်၏။ ရှင်ဘုရင်၏ အစားအစာ မစားခြင်းငှါ မိမိ၏တောင်းဆိုချက်ကို အာရှပေနတ်က ငြင်းပယ်သောအခါ ဒံယေလသည် တွန့်ဆုတ် နောက်ဆုတ်ခြင်းမပြုဘဲ၊ စားတော်ကဲအား ဆယ်ရက်ပတ်လုံးအစားအစာပြောင်းလဲပေးစေခြင်းငှါ ဆက်လက်၍တောင်းဆို၏။ ဘုရားသခင်သည် ထိုတိုတောင်းသောအချိန်ကာလအတွင်း၌ မိမိတို့၏ အဆင်းသဏ္ဍာန်ကို ပြောင်းလဲစေခြင်းငှါ ဒံယေလသည် ယုံကြည်မျှော်လင့်လျက်ရှိ၏။ ထို့နောက်မှ အစားအစာကို လုံးဝပြောင်းလဲစားသောက်စေခြင်းငှါ တောင်းလျှောက်ပါလိမ့်မည်။

ဒံယေလသည် ရောနှောခြင်းစိတ်သဘောဖြင့် ဤအမှုကိုချဉ်းကပ်နိုင်ပါ၏။ “ကျွန်တော်တို့ သည် ပုံမှန်အခြေအနေ၌ ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်ဖို့ဖြစ်ပါသည်။ သို့သော် လည်း ယခုအမှုသည် ပုံမှန်မဟုတ်ပါ။ ယခုကဲ့သို့သောအမှု၌ မိမိ၏ပညတ်တရားကို လိုက်လျှောက် ခြင်းငှါ ဘုရားသခင်သည် အကယ်စင်စစ်မျှော်လင့်ခြင်းမရှိပါ။ ရှင်ဘုရင်၏လမ်းညွှန်ချက်တို့ကို ကျွန်တော်တို့လိုက်လျှောက်လျှင် ခံစားရမည့်အကျိုးကျေးဇူးသည် ကြီးလှပါ၏။ အရေးပါသောပုဂ္ဂိုလ် တို့ကို ကျွန်တော်တို့လွှမ်းမိုးနိုင်လိမ့်မည်။ ဤမျှလောက်ကြီးကျယ်သောအခွင့်အရေးကို ဘုရားသခင်က အကျွန်ုပ်တို့ကိုပေးခြင်းဖြစ်၏။ ပညတ်တော်သည် အဓိကအရေးကြီးသည်မဟုတ်၊ ဘုရင့်အမိန့်တော် ကို နာခံကြပါစို့” ဟု ဒံယေလကဆိုနိုင်ပါသည်။

သို့သော်လည်း ဒံယေလသည် ထိုသို့မပြုဘဲ မိမိ၏ဆုံးဖြတ်ချက်အတိုင်း ဘုရားသခင်ကို ယုံကြည်ကိုးစားလျက် သစ္စာရှိစွာ အမှုပြုခဲ့၏။ သူနှင့်သူ၏သူငယ်ချင်းတို့သည် နောင်တရလျက် စိတ်ပျက်အားလျော့ခြင်းမရှိခဲ့ကြပါ။ “ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင် အောင် နက်နဲသောအရာတို့ကိုငါပြမည်” (ယေရမိ ၃၃း၃)။ ဘုရားသခင်ဖော်ပြတော်မူသော အလိုတော်ကို မလိုက်လျှောက်ဘဲနေသောအခါ၊ မည်သူကမျှဆင်ခြေမပေးဘဲမနေပါ။ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆင်ခြေပေးချက်ကို စိတ်ဝင်စားတော်မမူ။ သူသည် နာခံခြင်းကိုသာ တောင်းလျှောက်တော်မူ၏။ အထက်အခန်း၌ ယေရှုကမိမိတပည့်တော်တို့အား “သင်သည် ငါပြုသော အမှုကိုယခုနားမလည်သေး။ နောက်မှသိလိမ့်မည်။ . . . ဤအရာများကို သင်တို့သိ၍ သိသည် အတိုင်း ကျင့်လျှင်မင်္ဂလာရှိကြ၏” (ယော ၁၃း၇၊ ၁၇) ဟုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့် နှုတ်ကပတ်တော်နာခံခြင်းအမှုသည် အကျိုးကျေးဇူးများစွာ ဖြစ်ပွားစေ၏။ ဘုရားသခင်၏စိတ်နှလုံးကိုရွှင်လန်းစေ၏။ အကျွန်ုပ်တို့အသက် တာ၌ ကောင်းကြီးမင်္ဂလာဖြစ်စေ၏။ သူတပါးသည်လည်း ထိုသို့ပြု၍ ကောင်း ကြီးခံစားစေခြင်းငှါ သက်သေနှင့်ခွန်အားပေးခြင်းကိုဖြစ်စေ၏။

**ဆုတောင်းချက်** - အိုထာဝရဘုရားသခင်၊ ဖြားယောင်းသွေးဆောင်ခြင်းများအလယ်၌ ကိုယ်တော် ၏ ဘုန်းတော်ထင်ရှားဖို့ရန်အတွက် အကျွန်ုပ်၏ဆုံးဖြတ်ချက်အတိုင်း ကိုယ်တော် ကို ကိုးစားလျက်ရပ်တည်နိုင်ခြင်းငှါ မစတော်မူပါ။

စနေ၊ ဧပြီ (၇)
**ဒံ ၁း၈၊ ၁၃**
မသဲ ၅း၂၉

*"ထိုကြောင့်လက်ျာမျက်စိဖြစ်သော်လည်း သင့်ကို မှားယွင်းစေလျှင်ထိုမျက်စိကိုထုတ်ပစ်လော့. . . "*

## အကျွန်ုပ်တို့၏အကျင့်တို့သည်သူတပါးအားလွှမ်းမိုးတတ်၏

ဒံယေလ ၁း၈ နှင့် ၁း၁၃ တို့သည် အချင်းချင်းဆက်နွယ်မှုရှိကြ၏။ အခန်းငယ် ၈ ထဲတွင် ဒံယေလသည် မိမိလက်ခံရရှိသောသွန်သင်ချက်အပေါ် အခြေခံ၍ မိမိ၏ဆုံးဖြတ်ချက်၌ ခိုင်မာစွာရပ်တည်ခြင်းငှါ စိတ်ထဲ၌ "အကြံရှိ" ကြောင်းတွေ့ရ၏။ အခန်းငယ် ၁၃ ထဲတွင် ဒံယေလက "အကျွန်ုပ်တို့ကိုစီရင်တော်မူပါ" ဟု ပြောခဲ့၏။

ဒံယေလ၏ ခိုင်မာသောစိတ်သဘောထားနှင့် အကျင့်တို့သည် မိမိ၏သူငယ်ချင်းများအပေါ် လွှမ်းမိုးခြင်းရှိသည်ဟု ကျွန်တော်တို့ခံယူနိုင်သည်မဟုတ်လော။ ထိုဒံယေလ၏စိတ်သဘောထားသည် နှစ်ပေါင်း ၄၀၀ အကြာ၌ Antiochus Epiphanes ၏ ညှင်းပန်းနှိပ်စက်ခြင်းခံရသော ယုဒလူမျိုးများစွာတို့အတွက် စံထားရသောစိတ်သဘောထားဖြစ်လာခဲ့သည်ကို ကျွန်တော်တို့သိရပါသည်။ ဤရှုရိဘုရင်သည် ယုဒလူတို့အား ဘုရားသခင်အတွက် ထင်ရှားသောသက်သေမဖြစ်နိုင်စေခြင်းငှါ သူတို့၏အစားအသောက်နှင့်ဆိုင်သော ဘုရားသခင်၏ပညတ်များကို စွန့်ပယ်ခြင်းငှါ အတင်းအဓမ္မမိန့်တော်မူခဲ့၏။ "သမိုင်းကြောင်းအရ များစွာသောယုဒလူတို့သည် မိမိကိုယ်ကိုမညစ်ညူးစေလိုကြဘဲ ဤအမှု၌ အသေခံခြင်းငှါ ရွေးချယ်ခဲ့ကြ၏" (Roland Wallace, *The Lord is King, p. 43)*။ ဒံယေလအနာဂတ္တိကျမ်းသည် ထိုကာလ၌ ဣသရေလအမျိုးတွင် ကျော်ကြားခဲ့ပြီး၊ ဒံယေလ၏ ဝိညာဉ်ရေးရာသစ္စာရှိမှုနှင့်နာခံမှုအကြောင်းကိုလည်း ဘုရားသခင်၏ဝိညာဉ်တော်သည် များစွာသော မိမိလူတို့အား စုံစမ်းနှောင့်ယှက်ခြင်းခံရာကာလ၌ ခွန်အားပေးခြင်းငှါအသုံးပြုခဲ့၏။

ယနေ့ကျွန်ုပ်တို့၏အသိုင်းအဝိုင်း၌လည်း များစွာသောအမှု၌ ရွေးချယ်စရာကြုံတွေ့ရတတ်၏။ ခိုင်မာစွာရပ်တည်ဖို့ရန်နှင့် လုံးဝငြင်းဆန်ဖို့ရန် လိုအပ်သောအမှုများလည်းရှိတတ်ပါသည်။ ကျွန်ုပ်တို့အား ညစ်ညူးစေနိုင်သောအမှုကို ကျွန်တော်တို့သည်ငြင်းပယ်သောအခါ အကျိုးရလဒ်နှစ်မျိုးပေါ်ထွက်နိုင်ပါသည်။ (၁) ကျွန်တော်တို့သည် သခင်ယေရှုခရစ်တော်၏ ပညတ်တရားကို စိတ်နှလုံးဖြူစင်သန့်ရှင်းစွာ လိုက်လျှောက်ခြင်းဖြစ်ပါသည်။ (၂) ကျွန်တော်တို့သည် ကျွန်ုပ်တို့၏အရှင်နှစ်သက်တော်မူသော သန့်ရှင်းစင်ကြယ်သောအသက်တာအားဖြင့် သူတပါးအားအသက်ရှင်စေခြင်းငှါ ခွန်အားပေးနိုးဆော်ခြင်းလည်းဖြစ်၏။

**ဆင်ခြင်ရန်** - "သင်သည်မဖြစ်နိုင်ဟုထင်ရသောအမှုကို ကြိုးစားဆောင်ရွက်ခြင်းမပြုလျှင် ဘုရားသခင်၏မစခြင်းကို သင်ခံစားရမည်မဟုတ်ပါ" (F.B. Meyer)။

**ဆုတောင်းချက်** - အကျွန်ုပ်၏ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ပေါ်၌ ခိုင်မာစွာရပ်တည်မည်အကြောင်း ဝိညာဉ်တော်အားဖြင့်မစတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၈)
**ဒံ ၂း၁-၃**
ဆာလံ ၈၁း၁၀

*“. . . သင်၏နှုတ်ကိုကျယ်ကျယ်ဖွင့်လော့၊ ဝပြောစွာကျွေးမည်။”*

## လောကီအသိပညာသည်စိတ်နှလုံး၏လိုအပ်ချက်ကိုမဖြည့်စွမ်းနိုင်ပါ

၆၀၂ ဘီစီတွင် ရှင်ဘုရင်နေဗုခဒ်နေဇာသည် မအိပ်စက်နိုင်လောက်အောင် မိမိကို နှောင့်ယှက်သောအိပ်မက်မက်ခဲ့၏။ ထို့ကြောင့် မိမိအားကူညီနိုင်မည်ဟုထင်မှတ်သော နန်းတော်ထဲမှ လူတို့ကို ရှာဖွေလျက်မိမိရှေ့မှောက်သို့ခေါ်ဆောင်ခဲ့၏။ “မာကုပညာရှိ” တို့သည် ဘာသာရေးဓလေ့ထုံးစံလေ့ကျက်သောသူဖြစ်ကြ၏။ “ဗေဒင်တတ်” တို့သည် ရှေ့အနာဂတ်အကြောင်းကို ဟောပြောသောသူဖြစ်ကြ၏။ “သူပြုဆရာ” တို့သည် သူတပါးကိုစိတ်ပျော်ရွှင်စေခြင်းငှါ မျက်လှည့်ပြသောသူများဖြစ်ပါသည်။ “ခါလဒဲဆရာ” တို့သည် ပရောဟိတ် (သို့မဟုတ်) ပညာတတ်အမျိုးများဖြစ်ကြ၏။

ဗာဗုလုန်နက္ခတ္တဗေဒပညာရှင်တို့သည် ဂြိုဟ်များနှင့်ကြယ်လတို့၏ ရွေ့လျားမှုများကို မှတ်တမ်းတင်ခဲ့ကြ၏။ အကြောင်းမှာ သူတို့ဘုရားများတို့သည် လူနှင့်တိုင်းနိုင်ငံအပေါ် မည်သို့လွှမ်းမိုးခြင်းရှိသည်ကို ဆန်းစစ်နိုင်ခြင်းငှါ ထိုသို့ပြုခြင်းဖြစ်ပါသည်။ ဗာဗုလုန်နက္ခတ္တဗေဒပညာရှင် Kidinnu (၃၉၀ ဘီစီခန့်) သည် အေဒီ ၁၉ ရာစု၌တွေ့ရသောအရာထက် ပိုမိုတိကျမှန်ကန်စွာ တိုင်းတာခြင်းပြုခဲ့ပါ၏။

ဤသည်ကား နေဗုခဒ်နေဇာပိုင်ဆိုင်သောလူများထဲမှ အလွန်ထူးချွန်သောပုဂ္ဂိုလ်များဖြစ်ပါသည်။ လူတို့၏ဝိညာဉ်ပြဿနာနှင့်လိုအပ်မှုတို့ကို ဖြေရှင်းခြင်းငှါ လူသား၏ဉာဏ်ပညာသည် လုံလောက်ခြင်းမရှိကြောင်း ဘုရားသခင်သည် အကျွန်ုပ်တို့အား ဖော်ပြခဲ့သည်မဟုတ်လော။

ကြီးမြတ်သောမင်းမှုထမ်းများအလယ်၌ မိမိကိုယ်ကိုသေးငယ်သောသူ၊ အားနည်းသောသူ၊ အရာမရောက်သောသူဟု တွေးထင်တတ်ကြပါသည်။ နေမာန်၏အစေခံကျွန်မသည် ထိုသို့တွေးထင်ခဲ့ပါလျှင် နေမာန်သည်မည်သို့ဖြစ်ပါမည်နည်း (၄ ရာ ၅း၁-၃၊ လု ၄း၂၇)။

လူတစ်ဦးသည် တစ်နေ့၌ စကားလုံးပေါင်းသုံးသောင်းပြောဆိုသည်ဟု ခန့်မှန်းရပါသည်။ သို့ဆိုလျှင် ထိုစကားလုံးများထဲ၌ ဘုရားသခင်၏သမ္မာတရားဟောပြောခြင်းအကြောင်းစကားလုံး ဘယ်နှစ်လုံးပါသနည်း။ သို့မဟုတ် ကျွန်တော်တို့သည် လူတို့၏ကဲ့ရဲ့ခြင်း၊ ပညာမရှိဟူ၍ဇင်း၊ ခေတ်နောက်ကျသူဟူ၍ဇင်း ထင်မှတ်ခြင်းခံရမည်ကို ကြောက်ရွံ့နေကြပါသလား။ မောရှေကဲ့သို့ နှုတ်အတတ်ပညာမရှိဟု ကျွန်တော်တို့သည်ဆင်ခြေပေးတတ်ကြ၏။ သို့သော်လည်း ဘုရားသခင်သည် မောရှေအား အသုံးပြုခြင်းငှါ ကတိတော်ထားခဲ့၏။ ထိုနည်းတူ တမန်တော်တို့ကိုလည်း ကတိပေးတော် မူခဲ့၏ (လု ၂၁း၁၅)။ ထိုဘုရားသည် ယနေ့အကျွန်ုပ်တို့၏ဘုရားပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မဖြစ်နိုင်ဟုထင်ရသောအရာများ၌ ဘုရားသခင်ဘုန်းတော်ထင်ရှားတတ်၏။ အဘယ်သူမျှမပြုနိုင်သောအမှုကို အကျွန်ုပ်အဖို့ပြုတော်မူလိမ့်မည်။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်စိတ်နှလုံးအသိဉာဏ်လင်းစေတော်မူပါ။ အကျွန်ုပ်စိတ်နှလုံးကို ခွန်အားပေးတော်မူပါ။ အကျွန်ုပ်နှုတ်ကို ဖွင့်ပေးတော်မူပါ။

တနင်္လာ၊ ဧပြီ (၉)

**ဒံ ၂း၄-၉**

၁ ကော ၁း၁၉-၂၀

*"... လောကီပညာကိုဘုရားသခင်သည် မိုက်စေတော်မူသည်မဟုတ်လော။"*

## လိမ္မာပါးနပ်သောရှင်ဘုရင်နှင့်မှားယွင်းသောမာကုပညာရှိများ

ရှေးခေတ်ကာလ၌ အရှေ့ပိုင်းရှင်ဘုရင်တို့သည် ပညာရှိအမျိုးမျိုးနှင့် မာကုပညာရှိတို့ကို စုဆောင်းလျက် အကြံပေးပုဂ္ဂိုလ်များအဖြစ်ငင်း၊ နတ်ဆရာများအဖြစ်ငင်းအသုံးပြုတတ်ကြ၏။ ထို့ကြောင့်တစ်ခါတစ်ရံထိုသူတို့သည် ရှင်ဘုရင်တို့၏ အယူသီးခြင်းနှင့် မသိနားမလည်ခြင်းကို အလွဲသုံးစားပြု၍ ဆိုးသွမ်းစွာအာဏာပြတတ်ကြ၏။

သို့သော်လည်း ကြီးမြတ်သောနေဗုခဒ်နေဇာသည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်၏။ သူသည် ခမည်းတော် Nabopolassar လက်ထက်ရှိ မြှောက်ထိုးပင့်ကော်ပြောတတ်သော နန်းတွင်းမှူးမတ်များ၏ အကျင့်များကို သိမြင်ခဲ့ပါသည်။ ထို့ကြောင့် ယခုမိမိကြုံတွေ့ရသော ဣသရေလဘုရားပြသော အံ့ဖွယ်အိပ်မက်နှင့်ပတ်သက်၍ ဤမာကုပညာရှိတို့အား ဗာဗုလုန်ဘုရားများနှင့် အမှန်တကယ်ဆက်နွယ်မှုရှိသည်မရှိသည်ကို ဆန်းစစ်ခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။

ဒံယေလ ၂း၃၊ ၅ ထဲတွင် "ရှင်ဘုရင်ကလည်း ငါအမိန့်တော်ရှိပြီ၊ ထိုအိပ်မက်ကိုမသိ" ဟုဆို၏၊ ထိုအိပ်မက်ကို မေ့ခဲ့ပြီဟုဆိုလိုသတည်း။ အမှန်မှာ နေဗုခဒ်နေဇာသည် အိပ်မက်ကိုမမေ့၊ သူတို့အားအမှန် ဘုရားနှင့်ဆက်နွယ်မှုရှိမရှိ သိခြင်းငှါငင်း၊ (သို့မဟုတ်) "ကာလပြောင်းလဲသည်တိုင်အောင် ငါ့ရှေ့၌လျှောက်စရာဘို့ ကောက်ကျစ်လိမ်လစ်သောစကားကို ပြင်ဆင်" (ဒံ ၂း၉) ခြင်းပြုသည်မပြုသည်ကို သိလိုသောကြောင့် စမ်းသပ်ခြင်းဖြစ်ပါသည်။ သူတို့သည် စစ်မှန်သောမာကုပညာရှိဖြစ်ကြလျှင် အိပ်မက်ကိုဖော်ပြနိုင်ကြပါလိမ့်မည်။ ထိုအခါ ရှင်ဘုရင်ကလည်း ထိုအိပ်မက်အနက်ဖွင့်ချက်ကိုလည်း မှန်ကန်သည်ဟု လက်ခံမည်ဖြစ်ပါသည်။

ယနေ့၌လည်း ပညာတတ်လူငယ်တို့သည် ဘဝ၌လုံခြုံမှုကိုမပေးနိုင်သော မှားယွင်းသော အယူသီးခြင်းနှင့် ဘာသာရေးထုံးတမ်းစဉ်လာများကို စွန့်ပယ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည်လည်း ဒံယေလနှင့်သူ၏သူငယ်ချင်းများနည်းတူ ဤမှားယွင်းလျက်ရှိသော ခေတ်ကာလ၌ ဘုရား သခင်၏မြတ်သောနှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းငှါငင်း၊ အံ့ဖွယ်ဘုန်းတော်ကို ပြသခြင်းငှါ ငင်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အားယူ၍အစဉ်အသင့်ဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားမဲ့ဝါဒီသမားများကပင်လျှင် မျှော်လင့်ခြင်းသတင်းကောင်းမပိုင်ဆိုင်သော ဟန်ဆောင်သောဘာသာရေးကို မြင်တတ်ကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မြတ်သောနှုတ်ကပတ်တော်အားဖြင့် ယနေ့ ခရစ်ယာန်လောက၌ အဆိုးအကောင်းမှန်ကန်စွာ သိမြင်ရမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဧပြီ (၁၀)
**ဒံ ၂း၁၀-၁၁**
ဟေရှာ ၅၅း၈-၉

*". . . ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍မြင့်၏။"*

## ဤအမှုကိုဖြေနိုင်မည့်သူမြေကြီးပေါ်မှာတစ်ယောက်မျှမရှိ

"အရှင်မင်းကြီး၏အမှုအရာကို ဖြေနိုင်မည့်သူ၊ မြေကြီးပေါ်မှာတစ်ယောက်မျှမရှိပါ" (ဒံ ၂း၁၀)။ အလွန်မှန်လှပါ၏။ ကျွန်ုပ်တို့၏အပြစ်ကြောင့်မဟုတ်သည့်တိုင်၊ ကျွန်တော်တို့သည် ဖန်ဆင်းခံများဖြစ်ကြသောကြောင့် ဘုရားသခင်၏နက်နဲသော အမှုအရာနှင့် ဘုန်းတော်တို့ကို ကျွန်တော်တို့မသိနိုင်ပါ။ "မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏ အငန်းအတာဖြစ်ကြ၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ်ငါတို့နှင့် ငါတို့သားသမီးများတို့၏ အငန်းအတာဖြစ်၏" (တရား ၂၉း၂၉)။

ဤမာကုပညာရှိတို့အဖို့ အလွန်ခက်ခဲသောအချိန်ကာလရောက်ရှိလာပါသည်။ အကြောင်းမှာ အလွန်လိမ္မာပါးနပ်၍ အာဏာကြီးသောရှင်ဘုရင်က ထိုသို့နက်နဲသောအရာကို သိနားလည်နိုင်သောဉာဏ် သူတို့၌ရှိမရှိ သက်သေပြစေသောကြောင့်ဖြစ်ပါသည်။ ထိုအခါ သူတို့သည် ရှင်ဘုရင်၏မတရားမှုကို အချည်းနှီးဤသို့ဆိုကြ၏၊ ". . . အဘယ်မည်သောရှင်ဘုရင်သည် ဘုန်းတန်ခိုးကြီးသော်လည်း မာကုပညာရှိ၊ ဗေဒင်တတ်၊ ခါလဒဲဆရာတို့ကို ဤသို့မေးမြန်းလေ့မရှိပါ" (ဒံ ၂း၁၀)။ ဟေရှာယက ဤအမှုကို အရင်နှစ်ပေါင်း ၁၅၀ ကတည်းက ကြိုဟောခဲ့၏။ "ထို့ကြောင့် အဆုံးမထင်သောဘေးဥပါဒ်သည် သင်၏အပေါ်မှာရောက်လိမ့်မည်။ . . . သင်သည်ငယ်သောအရွယ်မှစ၍ ကြိုးစားအားထုတ်သော နတ်ဝိဇ္ဇာအတတ်နှင့် ပြုစားသောအတတ်အမျိုးမျိုးတို့ကို အမှီပြု၍တည်နေလော့။ . . . မိုးကောင်းကင်ကိုကြည့်ရှုသောသူ၊ ကြယ်နက္ခတ်တို့ကိုမှတ်သောသူ၊ သင်၌ဖြစ်လတ္တံ့သောအမှုကိုလ၏အချင်းအရာအားဖြင့်ဟောတတ်သော သူတို့သည်ထ၍ သင့်ကိုယခုကယ်တင်ကြစေ" (ဟေရှာ ၄၇း၁၁-၁၃)။ ထိုသူတို့သည် ဗာဗုလုန်အား ကုရုမင်း၏လက်မှ မကယ်တင်နိုင်သည်သာမက (ဟေရှာ ၄၅) သူတို့၏ဗာဗုလုန်ရှင်ဘုရင်လက်ထဲမှ မိမိကိုယ်ကိုမကယ်တင်နိုင်ကြပါ။

ဤအချက်အားဖြင့် လူတို့၏ဉာဏ်ပညာသည် ဘုရားသခင်၏ဉာဏ်ပညာနှင့် လုံးဝနှိုင်းယှဉ်၍မရကြောင်း ဘုရားသခင်သည် အလုံးစုံကိုသိတော်မူသောဘုရားဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဤအကြောင်းကို မသိမှတ်သရွေ့ ကျွန်တော်တို့သည် လူ့အတွေးအခေါ်၏ ချုပ်ကိုင်ခြင်းကို ခံနေရကြမည်သာဖြစ်ပါသည်။ "ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကိုလိုက်၍ လောကီပညာနှင့်အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့" (ကော ၂း၈)။ ခေတ်အဆက်ဆက်၌ စာတန်မာရ်နတ်သည် ယုံကြည်သူတို့အား ဘုရားသခင်၏မပြောင်းလဲသော ထာဝရတည်သော သမ္မာတရားလမ်းမှ လမ်းလွဲစေ၍၊ နေဗုခဒ်နေဇာမင်း၏မာကုပညာရှိများထက် ပညာမရှိသော ပြောင်းလဲလျက်ရှိသော လူ့အတွေးအခေါ်ကို အာရုံပြုခြင်းငှါ အစဉ်ကြိုးစားလျက်ရှိ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှလာသော စကားတစ်လုံးသည် လူ့အတွေးအခေါ်မြူမှုန်ကို ဖယ်ရှားခြင်းငှါ လုံလောက်ခြင်းရှိ၏။

**ဆုတောင်းချက်** - အိုဘုရားသခင်၊ ကိုယ်တော်၏လကျာ်ဘက်၌ ထိုင်တော်မူသော သခင်ခရစ်တော်ကို မျှော်ကြည့်မည်အကြောင်းအကျွန်ုပ်စိတ်နှလုံးကို မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၁၁)
**ဒံ ၂း၁၂-၂၄**
ယာကုပ် ၅း၁၆

*". . . သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသော ပဋ္ဌနာသည် အလွန်တန်းခိုးပါ၏"*

# အိပ်မက်အနက်ဖွင့်ခြင်း

သမ္မာကျမ်းစာထဲ၌ အဓိကယုံကြည်ချက်နှစ်ခုဖော်ပြထားပါသည်။ (၁) ဘုရားသခင် တည်ရှိခြင်း၊ (၂) လူတို့ထံ ဘုရားသခင်မိမိကိုယ်ကို ဖော်ပြတော်မူခြင်းတို့ဖြစ်ပါသည်။ ဟေဗြဲ ၁း၁-၂ ထဲတွင် "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီ" ဟုတွေ့ရ၏။ ဤအကြောင်းကို ယုံကြည်ခြင်းအားဖြင့်သာ လက်ခံ၍ရပါသည်။ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့်အထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုငင်း ယုံကြည်ရမည်" (ဟေဗြဲ ၁၁း၆)။ ဒံယေလသည် ဤဝိညာဉ်အကြောင်းတရားများကို ကောင်းကောင်းသဘောပေါက်၍ ဒံယေလအခန်းကြီး ၂ ထဲတွင် ဘုရားသခင်သည် မိမိကိုယ်စားဘုရင့်အိပ်မက်ကို အနက်ဖွင့်ဖော်ပြတော်မူကြောင်း တွေ့ရပါသည်။

လူတစ်ဦး၏ စစ်မှန်သောသဘောထားကို အခက်အခဲဒုက္ခကြုံတွေ့သောအချိန်၌ ပေါ်လွင်တတ်၏။ လူငယ်ဒံယေလသည်လည်း အလွန်ခက်ခဲသောအမှုကို ကြုံတွေ့ရပြီးသူ၏ တုံ့ပြန်မှုသည်လည်း ဝိညာဉ်ရေးရာ၌ရင့်ကျက်သော သူတို့၏တုံ့ပြန်မှုနှင့် တူညီခြင်းရှိပါသည်။ သူသည် ဘုရားသခင်ကို လုံးလုံးကိုးစားခြင်းရှိပါ၏။ ထိုသို့ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းမရှိခဲ့လျှင် အနက်ဖွင့်ခြင်းမရခဲ့လျှင်၊ သူကြုံတွေ့ရမည့်အရေးသည် မည်သို့ဖြစ်မည်ကို ကျွန်တော်တို့ခန့်မှန်းနိုင်ပါသည်။

သူသည် သူကိုးစားသောဘုရားသခင်ကိုသိသောကြောင့် အလွန်အရေးကြီးသော အပြုအမူကိုပြုခဲ့၏။ သူသည် ဆုတောင်း၍ (ဒံ ၂း၁၇-၁၉) ဘုရားသခင်ကိုချီးမွမ်းခဲ့၏ (ဒံ ၂း၁၉-၂၃)။ သူသည် ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ဆုတောင်းခဲ့ပါသည်။ သူ၏ချီးမွမ်းခြင်းအမှုက ဘုရားသခင်သည် ဝတ်ပြုကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းဖော်ပြခဲ့၏။ ဤအချက်ကို "ဒံယေလ၏ဆာလံ" ဟု သတ်မှတ်ခဲ့ကြ၏။ ဤချီးမွမ်းခြင်းတွင် ချီးမွမ်းချက်ခုနှစ်ချက်တွေ့ရပါသည်။ သင်ရှာကြည့်ပါလော့။

နောက်ဆုံးချီးမွမ်းချက်တွင် "အလင်း၏တည်ရာဖြစ်တော်မူ၏" (ဒံ ၂း၂၂) ဟုဖော်ပြခဲ့ပါသည်။ ဗာဗုလုန်လူတို့သည် သူတို့၏ဘုရားများကို အလင်း၏ဘုရားများဟု သတ်မှတ်ခဲ့ကြ၏။ သို့သော် လည်း ယခုအမှုအားဖြင့် နေဗုခဒ်နေဇာနှင့်အတူ နန်းတော်ရှိမင်းမှုထမ်းများနှင့်ပြည်သူတို့သည် ဣသရေလဘုရားကသာလျှင် နက်နဲသော၊ လျှို့ဝှက်သောအရာများကို သိတော်မူကြောင်း သိနားလည်ကြရပါမည်။ အမှန်စင်စစ် သူသည် "အလင်း၏တည်ရာဖြစ်တော်မူ၏။"

**ဆင်ခြင်ရန်** - "ကျွန်ုပ်တို့၏ဘဝအခြေအနေသည် ကျွန်ုပ်တို့၏စိတ်သဘောထားကို ဖော်ပြသည်မဟုတ်၊ အဘယ်အခြေအနေ၌မဆို ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်နွယ်မှုကသာလျှင် ဖော်ပြလျက်ရှိ၏။"

**ဆုတောင်းချက်** - အကျွန်ုပ်၏ဘုရား၊ ကိုယ်တော်ကိုချီးမွမ်းပါမည်အကြောင်း အကျွန်ုပ်၏စိတ်နှလုံးသည် ကိုယ်တော်ကျိန်းဝပ်ရာနေရာဖြစ်စေတော်မူပါ။

**ဒံ ၂း၂၅-၂၈**
၁ ကော ၁၀း၁၉-၂၀

*"... သင်တို့သည် နတ်ဆိုးတို့နှင့် ဆက်ဆံစေခြင်းငှါ ငါအလိုမရှိ"*

## ကောင်းကင်ဘုံ၌ရှိတော်မူသောဘုရားသခင်ကသာလျှင်နက်နဲသောအမှုကိုဖော်ပြတော်မူနိုင်၏

ဗာဗုလုန်နန်းတော်၌ရှိသော လူများတို့ထဲ၌ ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက်တို့ သာလျှင် ဘုရားသခင်နှင့်စစ်မှန်သော မိဿဟာယဖွဲ့ခြင်းရှိသောသူများဖြစ်ကြ၏။ သို့သော်လည်း ဒံယေလသည် ဘုရားကိုကြောက်ရွံ့သော ယုဒလူဖြစ်သောကြောင့် ထိုသို့သောအခြေအနေ၌ မိမိဘုန်းမထင်ရှားစေခြင်းငှါ အထူးသတိပြုခဲ့၏။ ထို့ကြောင့် နေဗုခဒ်နေဇာမင်းကြီးက "ငါမြင်မက်သော အိပ်မက်ကို ပြန်ပြော၍အနက်ကို ဖော်ပြနိုင်သလော" (ဒံ ၂း၂၆) ဟုမေးသောအခါ၊ ဒံယေလက "နက်နဲသောအရာတို့ကို ဖွင့်ပြ၍၊ နောင်ကာလ၌ဖြစ်လတ္တံ့သောအရာတို့ကို ... ကြားပြောတော်မူသော ဘုရားသခင်တစ်ဆူတည်း ကောင်းကင်ဘုံမှာရှိတော်မူ၏" (ဒံ ၂း၂၈) ဟု ပြန်၍လျှောက်ခဲ့၏။ ရှေးနှစ်ပေါင်း ၁၀၀၀ အကြာ၌လည်း ဖါရောနန်းတော်တွင် ယောသပ်သည် ထိုသို့သော နှိမ့်ချခြင်းစိတ်သဘောကို ပြသခဲ့၏။ "ကျွန်တော်သည် အလိုအလျောက်မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာအဖြေစကားကို ဖါရောဘုရင်အား ပေးတော်မူပါစေသော" (ကမ္ဘာ ၄၁း၁၆) ဟုဆိုခဲ့၏။

ကောနေလိသည် ပေတရု၏ခြေရင်း၌ ပြပ်ဝပ်သောအခါ ပေတရုကသူ့ကိုဆွဲထူ၍ "ထလော့။ ငါကိုယ်တိုင်လူဖြစ်သည်ဟုဆို၏" (တမန် ၁၀း၂၆)။ ပေါလုနှင့်ဗာနဗတို့သည်လည်း လုတ္တရမြို့ရှိ ဘုရားမသိသောသူတို့က ကောင်းကင်မှလာသောနတ်ဘုရားများသဖွယ် ဝတ်ပြုခြင်းငှါ ကြိုးစားကြသောအခါ သူတို့သည် ငြင်းဆန်၍သူတို့အဝတ်ကို ဆုတ်ဖြဲလျက် "အချင်းလူတို့ အဘယ်ကြောင့် ဤသို့ပြုကြသနည်း၊ ငါတို့သည် သင်တို့ကဲ့သို့သော ကမ်တရား၌ကျင်လည်သောသူဖြစ်ပါ၏" (တမန် ၁၄း၁၅) ဟုဆိုကြ၏။ ထို့နောက်ရှင်ပေါလုသည် ၂ ကော ၁၂း၇ ထဲတွင် မာနထောင်လွှားသော ကောရိန္သုလူတို့ထံ ဤသို့ဆိုခဲ့၏- "ငါခံရသောဗျာဒိတ်တော်အလွန်ထူးမြတ်၍ ငါသည်ထောင်လွှားသောစိတ်မရှိစေခြင်းငှါ ငါ့ကိုဒဏ်ခတ်သောစာတန်၏တမန်တည်းဟူသော ငါ့ကိုယ်၌စူးသောဆူးကို ပေးတော်မူ၏။"

ကျွန်တော်တို့သည်လည်း အထူးသတိပြုကြရပါမည်။ ဘုရားသခင်၏လူဖြစ်ကြသောကြောင့် ကျွန်တော်တို့သည် သမ္မာကျမ်းစာနှုတ်ကပတ်တရားတော်ကို စွဲကိုင်ပိုင်ဆိုင်သောသူဟူ၍ မိမိကိုယ်ကို အထင်ကြီးလျက် သူတပါးထက် ကြီးမြတ်သောသူဟု မထင်မိစေခြင်းငှါ သတိပြုကြရပါမည်။ ထို့ကြောင့်ရှင်ပေါလုက ၁ တိ ၃း၆ ထဲတွင် အသင်းတော်တို့အား ခေါင်းဆောင်အရာ၌ "မာနနှင့်ယစ်မူးလျက် မာရ်နတ်၏အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၍ ဘာသာဝင်လူသစ်မဖြစ်ရ" ဟု သတိပေးခဲ့၏။

**ဆင်ခြင်ရန်** - ဖြောင့်မတ်သောအကျင့်ကို ကျွန်တော်ရှာနေပါသလား။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်နှုတ်ကပတ်တော်၏ ဖြောင့်မတ်သောဥပဒေသကို လိုက်လျှောက်ခြင်းငှါ အကျွန်ုပ်အားမစတော်မူပါ။

သောကြာ၊ ဧပြီ (၁၃)
**ဒံ ၂း၂၉-၄၅**
ဟေရှာယ ၂၈း၁၄

*“. . . ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို နားထောင်ကြလော့. . . ”*

## ချိုးဖဲ့ကြေမွစေသောကျောက်

ဒံယေလသည် ကျွမ်းကျင်စွာဖြင့် စကားလုံးအနည်းငယ်ကိုအသုံးပြုလျက် ရှေ့အနာဂတ်နှင့်ဆိုင်သော အိပ်မက်ကိုဖော်ပြခဲ့၏။ ရှင်ဘုရင်သည် အိပ်မက်ထဲ၌ အလွန်ကြီးမား၍ ကြောက်မက်ဖွယ်သောလူရုပ်တုကြီးရပ်လျက်နေသည်ကို မြင်မက်ခဲ့၏။ ထိုရုပ်တုကြီးသည် အလွန်ခမ်းနားသော သတ္တုရုပ်တုကြီးဖြစ်ပါသည်။

ဒံယေလသည် ထိုကြီးမားသောရုပ်တုကြီး၏ အစိတ်အပိုင်းတို့ကို ဤသို့ဖော်ပြခဲ့၏။ ခေါင်းသည် ရွှေစင်ဖြစ်၏။ ရင်ဘတ်နှင့်လက်နှစ်ဖက်သည် ငွေဖြစ်၏။ ဝမ်းနှင့်ပေါင်နှစ်ဖက်သည် ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဖက်သည် သံဖြစ်၏။ ခြေဖဝါးနှင့်ဖမိုးသည် သံတစ်ပိုင်း၊ ရွှံ့တစ်ပိုင်းဖြစ်၏။

ထိုရုပ်တုကြီးသည် မလှုပ်ရှားဘဲရှိ၏။ ထိုအချိန်၌ အံ့သြစရာအဖြစ်အပျက်သည် ရုတ်တရက်ဖြစ်ပွားခဲ့၏။ “လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တစ်လုံးသည်” လိမ့်ဆင်းလာပြီး ထိုရုပ်တုကြီး၏ခြေကို ထိခိုက်ချိုးဖဲ့၍ အမှုန့်ဖြစ်စေလျက် လေတိုက်လွင့်သောကြောင့် ပျောက်ကွယ်သွား၏။ ထိုအခါ “ရုပ်တုကိုထိခိုက်သောကျောက်မူကား တိုးပွားသဖြင့် တောင်ကြီးဖြစ်၍ မြေကြီးတပြင်လုံးကို ဖုံးလွှမ်း” (ဒံ ၂း၃၅) ခဲ့၏။ ဤချိုးဖဲ့ကြေမွစေသောကျောက်၏ အနက်အဓိပ္ပာယ်ကား အဘယ်နည်း။ ဤသည်ကား တခြားမဟုတ်၊ “လူသားနှင့်တူသောသူတစ်ဦး” (ဒံ ၇း၁၃) ခရစ်တော်ပေတည်း။ “လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တစ်လုံး” ဟု ဖော်ပြခြင်းသည် ခရစ်တော်၏ ဘုရားဖြစ်ခြင်းနှင့် အစအဆုံးမရှိခြင်းကို ဖော်ပြလျက်ရှိ၏။ ဒံယေလ ၂း၄၅ ထဲတွင် “လက်နှင့်မထုမလုပ်ဘဲ ကျောက်တစ်လုံးသည် တောင်ပေါ်က အလိုလိုပဲ့ကွာ၍” ဟုဖော်ပြခြင်းသည် ဘုရားသခင်၏နိုင်ငံတော် (ဟေရှာယ ၂း၂)၊ “ပျက်စီးခြင်းသို့မရောက်နိုင်သောနိုင်ငံတစ်ခုကို . . . ကောင်းကင်ဘုံရှင်ဘုရားသခင်သည်တည်ထောင်စေတော်မူမည်” (ဒံ ၂း၄၄) အကြောင်းကို ရည်ညွှန်းခြင်းဖြစ်၏။

ဤကျောက်သည် “ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်” (၁ ပေ ၂း၆-၈) ဟု ဓမ္မသစ်ကျမ်း၌ မိမိကိုယ်ကိုဖော်ပြသောခရစ်တော်ဖြစ်ပါသည်။ ယေရှုကိုမယုံကြည်သော မင်းဧကရာဇ်နှင့်လူသားအပေါင်းတို့သည် ပျက်စီးခြင်းသို့ရောက်ကြပါလိမ့်မည်။

ယေရှုသည် ကောင်းကင်နိုင်ငံတော်၌ မိမိနှင့်အတူ အကျွန်ုပ်တို့အား အသက်ရှင်စေခြင်းငှါ ပြင်ဆင်ဆောင်ကြောဖို့ရန်အတွက် ဤလောကသို့လူ့ဇာတိခံကြွလာတော်မူခဲ့၏။ သူသည် ကယ်တင်ခြင်းခံရသော ကျွန်ုပ်တို့ကို ချိုးဖဲ့ကြေမွဖျက်ဆီးခြင်းငှါမဟုတ်ဘဲ မိမိနှင့်အတူ ထာဝရနေစေခြင်းငှါ (ယော ၁၄း၁-၃) ခေါ်ဆောင်ဖို့ရန် တဖန်ကြွလာတော်မူမည်။

**ဆင်ခြင်ရန်** - ယေရှုသည် တိုက်ထောင့်အထွဋ်ဖျားကျောက်၊ အပြစ်သားတို့ကိုယ်စား အသေခံတော်မူသောသူဖြစ်၏။

**ဆုတောင်းချက်** - ယေရှုဘုရား၊ ကိုယ်တော်ကြွလာသောအခါ မရှက်ရမည်အကြောင်း၊ အကျွန်ုပ်၏ဆန့်ကျင်ခြင်းစိတ်နှလုံးကို ချိုးဖဲ့ကြေမွစေတော်မူပါ။

စနေ၊ ဧပြီ (၁၄)
**ဒံ ၂း၄၆-၄၉**
ဆာလံ ၄၀း၁-၃

*“. . . ငါ့ကိုမျက်နှာပြု၍ ငါအော်ဟစ်သော အသံကိုကြားတော်မူ၏။”*

## ဘုရားသခင်သည်မိမိကိုယုံကြည်ကိုးစားသောသူတို့အားချီးမြှောက်တော်မူ၏

နေဗုခဒ်နေဇာသည် ဒံယေလ၏အံ့ဖွယ်အသိဉာဏ်တော်ကြောင့် အံ့သြခြင်းရှိ၍ ပြပ်ဝပ်လျက် ဒံယေလကို ရှိခိုးကိုးကွယ်ခဲ့၏။ ဤသည်ကား ဒံယေလအားဖြင့် ဘုရားသခင်သည် အမှန်စကားပြော တော်မူကြောင်း အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ဤမင်းကြီး၏အရိုအသေပေးခြင်းကို ဒံယေလသည် ရုပ်တုကိုးကွယ်ခြင်းကဲ့သို့ မသတ်မှတ်ပါ။ အကြောင်းမှာ ရှင်ဘုရင်သည် ချက်ချင်း “အကယ်စင်စစ် ကိုယ်တော်၏ဘုရားသခင်သည် ဘုရားတို့၏ဘုရား၊ အရှင်တို့၏အရှင်၊ နက်နဲသောအရာကို ဖွင့်ပြ တော်မူသောသခင်ဖြစ်တော်မူ၏” (ဒံ ၂း၄၇) ဟုမိန့်တော်မူသောကြောင့်တည်း။ ဒံယေလကလည်း အစကတည်းက ဘုရင်ထံဤသို့လျှောက်ခဲ့ပါ၏၊ “နက်နဲသောအရာတို့ကို ဖွင့်ပြ၍ နောင်ကာလ၌ ဖြစ်လတ္တံ့သောအရာတို့ကို . . . ကြားပြောတော်မူသော ဘုရားသခင်တစ်ဆူတည်း ကောင်းကင်ဘုံမှာ ရှိတော်မူ၏” (ဒံ ၂း၂၈)။ ထို့ကြောင့် ရှင်ဘုရင်ကလည်း ထိုသို့ရှိခိုးကိုးကွယ်ခြင်းဖြစ်ပါသည်။

ဒံယေလအား အံ့ဖွယ်အသိပညာပေးတော်မူသော ဘုရားသခင်သည် (ဒံ ၁း၂၀) ယခု၌ လည်း ဤသို့ချီးမြှောက်ခြင်းခံရဖို့ရန် အမှုပြုတော်မူ၏။ ဒံယေလအား “ဗာဗုလုန်နိုင်ငံတွင် ဝန်ကြီး အရာ၌ဇင်း၊ ဗာဗုလုန်ပညာရှိတို့ကိုအုပ်စိုးသော ဝန်အရာ၌ဇင်း ခန့်ထားတော်မူ၏” (ဒံ ၂း၄၈)။

ယာကုပ်အခန်းကြီး ၁ အရ ကျွန်ုပ်တို့ခံရသော စစ်ကြောခြင်းအမှု၌ ရည်ရွယ်ချက်အမျိုးမျိုး ရှိနိုင်ပါသည်။ ထိုရည်ရွယ်ချက်တစ်ခုမှာ ကျွန်တော်တို့သည် ဉာဏ်ပညာအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားဖို့ရန်ဖြစ်ပါသည် (ယာကုပ် ၁း၅)။ ယုံကြည်ခြင်းဖြင့်ဘုရားသခင်ထံ ဉာဏ်ပညာကို တောင်းလျှောက်ပါလျှင် ဘုရားသခင်သည် နှမြောခြင်းမရှိဘဲ ပေးတော်မူမည်အကြောင်း ကတိတော် ရှိ၏။ ယာကုပ် ၃း၁၇ ထဲတွင် ထိုဘုရားသခင်ပေးတော်မူသော ဉာဏ်ပညာသည် စင်ကြယ်စုံလင်ခြင်း ရှိကြောင်းကို ဖော်ပြထားပါသည်။

ဒံယေလသည် နန်းတော်ရောက်ခါစအချိန်၌ ခိုင်မာသောစိတ်သဘောမရှိဘဲ ရောနှော သောစိတ်ရှိခဲ့လျှင် ဝမ်းနည်းစရာအမှုနှင့် ကြုံတွေ့ခဲ့ပါလိမ့်မည်။ သို့သော်လည်း သူသည်ဘုရားသခင် ကို ကြောက်ရွံ့လျက် ခိုင်မာသောစိတ်နှင့် ရပ်တည်ခဲ့သောကြောင့် ဗာဗုလုန်နိုင်ငံ၌ ကြီးစွာသော အာဏာနှင့်ချီးမြှောက်ခြင်းကို ခံခဲ့ရ၏။ မိမိအသက်တာဖြင့် အလွန်အရေးပါသော သမိုင်းကြောင်းကို လည်း ရေးသားခဲ့၏။ ဘုရားသခင်ကို နှိမ့်ချသောစိတ်နှင့် ယုံကြည်ကိုးစားခြင်းရှိသောကြောင့် ဘုရား သခင်သည် ဉာဏ်ပညာကိုပေး၍ မဖောက်ပြန်တတ်သော သမ္မာတရားကိုလက်ခံရရှိခဲ့၏ (နှိုင်း မသဲ ၅း၁၈)။ “ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့ . . . ထွန်းလင်းကြလိမ့်မည်” (ဒံ ၁၂း၃)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဉာဏ်တော်သည် အပြစ်သားများအဖို့ မိုက်မဲသောအမှုဟု ထင်ရ သော်လည်း ဘုရားသခင်၏ အချိန်အခါရောက်သောအခါ မှန်ကန်ကြောင်း သိကြပါလိမ့်မည်။

**ဆုတောင်းချက်** - အကျွန်ုပ်၏ဘုရား၊ ကိုယ်တော်၌သာလျှင် ဉာဏ်ပညာအမွေအနှစ်အလုံးစုံ တည် တော်မူကြောင်း၊ နားလည်ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ ဧပြီ (၁၅)
**ဒံ ၃း၁-၃**
၂ ကော ၅း၁၀

*"ငါတို့ရှိသမျှသည် . . . ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်. . . "*

## ရွှေရုပ်တု

ဒံယေလအခန်းကြီး ၂ နှင့် ၄ ထဲတွင် နေဗုခဒ်နေဇာမင်းလက်ထက်၌ တွေ့ရသော ဝိညာဉ်ရေးရာပြဿနာကို ဖော်ပြခဲ့ပါသည်။ ပထမအဖြစ်အပျက်သည် သူနန်းတက်ခါစ (၆၀၂ ဘီစီ) အချိန်၌ဖြစ်ပွားခဲ့ပြီး၊ နောက်အဖြစ်အပျက်သည် သူ၏နောက်ဆုံးအချိန် (၅၆၈-၆၂ ဘီစီ) ၌ဖြစ်ပွားခဲ့၏။ ထို့ကြောင့် အခန်းကြီး ၃ ၌ တွေ့ရသော အဖြစ်အပျက်သည် ယေရုရှလင်မြို့ဖျက်ဆီးခြင်းခံရပြီး ခါစအချိန် ၅၈၅ ဘီစီ၌ ဖြစ်ပျက်သည်ဟု သတ်မှတ်ခြင်းသည် သင့်တော်လှပါ၏။

နေဗုခဒ်နေဇာ၏ မာနထောင်လွှားခြင်းသည် အထွဋ်အထိတ်သို့ယခုရောက်ပါ၏။ ယေရမိကြိုတင်ဟောထားခဲ့သည့်အတိုင်း (ယေရမိ ၂၇း၆-၇) သူ၏ရှေ့၌ အဘယ်သူမျှ မဆီးတားနိုင်ဟု ထင်ရပါသည်။ ယေရမိနှင့်ဒံယေလတို့၏ဘုရားသခင်ကို ချီးမြှောက်မည့်အစား နေဗုခဒ်နေဇာသည် မိမိကိုယ်ကိုချီးမြှောက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်အနည်းငယ်၌ သူမြင်မက်ခဲ့သော (ဒံ ၂း၁-၃) အိပ်မက်ထဲမှ ရုပ်တုကြီးပုံသဏ္ဍာန်ထုလုပ်ခြင်းငှါ သူကြိုးစားခဲ့၏။ သို့သော်လည်း ဒံယေလသည် ခေါင်းသာလျှင်ရွှေဖြစ်၍ ထိုနိုင်ငံလောကမမြတ်သော အခြားနိုင်ငံတစ်နိုင်ငံ၊ "ကြေးဝါနိုင်ငံ" (ဒံ ၂း၃၉) က ဝင်သိမ်းပိုက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

နေဗုခဒ်နေဇာသည် မိမိ၏အင်အားကြီးသော ဗာဗုလုန်နိုင်ငံအား ဝင်ရောက်သိမ်းပိုက်၍ အခြားသောအဘယ်နိုင်ငံမှ မပေါ်ထွန်းနိုင်ဟု ယုံကြည်ခြင်းကြောင့် ရုပ်တုတစ်ခုလုံးကိုရွှေဖြင့် ပြုလုပ်ခြင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဒံယေလ၏ အနက်ဖွင့်ခြင်းမှ မိမိကြိုက်နှစ်သက်ရာအပိုင်းကိုသာ စွဲကိုင်လျက် ကျန်အချက်များကို ပယ်ချခြင်းဖြစ်ပါသည်။

များစွာသောကာလရေလတို့သည် ထိုနည်းတူပြုခဲ့ကြ၏။ ဓမ္မဟောင်းထဲ၌တွေ့ရသော ပရောဖက်ပြုချက်များထဲမှ ဘုရားသခင်၏ စီရင်ခြင်းအမှုနှင့် မေရှိယ၏အသေခံတော်မူခြင်းအမှုတို့ကို ဖယ်ရှားလျက် နှစ်တစ်ထောင်အုပ်စိုးခြင်း၌ ခံရမည့် ကောင်းကြီးမင်္ဂလာများကိုသာ စိတ်ဝင်စားကြ၏။ ယနေ့ခရစ်ယာန်များတို့သည်လည်း ထိုသို့သောအမှားကိုပြုနိုင်ပါ၏။ ခရစ်တော်၏ စီရင်ခြင်းပလ္လင်ရှေ့၌ (၂ ကော ၅း၁၀)၊ ရှက်ကြောက်ခြင်း (၁ ယော ၂း၂၈)၊ ဆုံးရှုံးခြင်း (၁ ကော ၃း၁၅) မခံခြင်းငှါ သတိပေးချက်တို့ကိုပယ်လျက်၊ ကောင်းကင်နိုင်ငံ၏ဘုန်းတော်အသရေကိုသာ စွဲလန်းကြ၏။ နေဗုခဒ်နေဇာမင်းကြီး၏ မာနထောင်လွှားခြင်းဆိုးကျိုးများမှ သင်ခန်းစာယူကြရမည် အကြောင်း ဘုရားသခင်သည် အကျွန်ုပ်တို့အား မစတော်မူပါစေသော။

**ဆင်ခြင်ရန်** - သမိုင်းအကြောင်းမှ မသင်ယူသောသူတို့သည် ခံရကြလိမ့်မည်။
**ဆုတောင်းချက်** - "အိုဘုရားသခင်၊ ကိုယ်တော်၏ကျေးဇူးတော်၌ အကျွန်ုပ်အကြွေးတင်လျက်ရှိပါ၏၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းဖြင့် အကျွန်ုပ်စိတ်နှလုံးကို ကိုယ်တော်၌ သံကြိုးသဖွယ် ချည်နှောင်တော်မူပါ။"

**ဒံ ၃း၄-၇**

ဧဖက် ၅း၁၉

*"... နူးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရား ရှေ့တော်၌ ကျူးဧ၍သီချင်းဆိုကြလော့"*

## တူရိယာတီးမှုတ်သောအသံကြားသောအခါ

တေးဂီတသည်ဘုရားသခင်ဖန်ဆင်းတော်မူသောအရာ ဖြစ်သော်လည်း၊ ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန် အသုံးပြုနိုင်သလို စာတန်နှင့်ဆိုင်သောအမှုများအတွက်လည်း အသုံးပြုနိုင်သောအရာဖြစ်ပါသည်။ တေးဂီတအသံနှင့်သီချင်းဆိုသံကြားသောအခါ လူတို့၏စိတ်နှလုံးသည် အံ့သြဖွယ်လှုပ်ရှားတတ်ပါသည်။ "ဆာလံသီချင်းမှစ၍ ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညံ့သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဧ၍သီချင်းဆိုကြလော့" (ဧဖက် ၅း၁၉) ဟု ဘုရားသခင်မိန့်တော်မူ၏။ အားကစားသမားများနှင့် စစ်သားများ၏စိတ်နှလုံးကို သူတို့၏ချီတက်တေးက အံ့သြဖွယ်ရာနှိုးဆွတတ်ပါသည်။ ထိုနည်းတူ Rock ဂီတနှင့် ညစ်ညူးသောသီချင်းတို့ကလည်း လူ၏စိတ်နှလုံးကို နှိုးဆွတတ်ပြီး ဤလောကီမှောင်မိုက်ဝိညာဉ်ဆိုးတန်ခိုး၏ အံ့ဖွယ်အသုံးပြုခြင်းကိုလည်း ခံရတတ်ပါသည်။

ယခုကျမ်းပိုဒ်၌တွေ့ရသော ရုပ်တုကိုးကွယ်ခြင်းအမှု၌လည်း စိတ်ရောကိုယ်ပါဆက်ကပ်လျက် လုံးဝသံသယမရှိဘဲရုပ်တုရှေ့၌ ပြပ်ဝပ်ကိုးကွယ်ကြခြင်းငှါ သူတို့၏စိတ်နှလုံးကို ထိုသို့သောတူရိယာမျိုးစုံတီးခတ်ဖြင့် နှိုးဆော်မှုပြုခဲ့ပါသည်။ ယနေ့မှားယွင်းသောကိုးကွယ်ခြင်းအမှု၌လည်း စာတန်၏အတူပါရှိခြင်းကို သိမြင်ခံစား၍ရပါသည်။ ရှေ့အနာဂတ်အန္တိခရစ်၏ရုပ်တုကိုးကွယ်ခြင်းအမှု၌လည်း ဤသို့သောလူတို့တီထွင်ဖန်တီးသော၊ လွဲမှားသောတေးဂီတပါဝင်ရှိလိမ့်မည်ဟု ယုံကြည်ရပါသည်။ ထိုသို့သောစာတန်ထံမှလာသော တေးဂီတ၏လွှမ်းမိုးခြင်းကို ကျွန်တော်တို့အောင်မြင်စွာဆီးတားနိုင်ခြင်းငှါ ကျွန်တော်တို့သည် နူးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဧ၍သီချင်းဆိုခြင်းပြုကြရပါမည်။ ခရစ်တော်၏အကြောင်းကို သင်ယူကြသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ခပ်သိမ်းသောစိတ်နှလုံးကို ခရစ်တော်နာခံခြင်းအမှု၌ ချုပ်နှောင်ခြင်းကို ခံစေခြင်းဖြင့် (၂ ကော ၁၀း၅) သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်အလိုတော်နှင့်အညီ ပြုပြင်လျက် ကိုယ်တော်ဘုန်းတော်ထင်ရှားဖို့ရန် ထာဝရရွှင်လန်းစွာသီချင်းကျူးဧမည်အကြောင်း၊ ပြင်ဆင်တော်မူမည် (ဗျာ ၅း၉)။

**ဆင်ခြင်ရန်** - ဘုရားသခင်ကသာလျှင် ရန်သူ၏တေးဂီတကို ချုပ်ငြိမ်းစေနိုင်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်စံမြန်းရာကောင်းကင်နှင့်ဆိုင်သော အရာတို့ကို စွဲလန်းမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဧပြီ (၁၇)
**ဒံ ၃း၈-၁၈**
၁ ယော ၅း၂၁

*“. . . ရုပ်တုဆင်းတုကို ကြည်ရှောင်ကြလော့ . . . ”*

## ကျွန်ုပ်တို့၏ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကယ်လွှတ်တော်မူနိုင်၏

ဘုရားသခင့်လူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ဖို့ရန် သွေးဆောင်ခြင်းကိုအစဉ်ခံရတတ်ပါသည် (၁ ယော ၅း၂၁)။ သို့သော်လည်း ထိုသွေးဆောင်ခြင်းအမှုသည် ဒံယေလ၏သူငယ်ချင်းသုံးယောက်ကြုံရသောအမှုကဲ့သို့ မြင်နိုင်သောရုပ်တုရှေ့၌ ပြပ်ဝပ်ဖို့ရန်မဟုတ်ပါ။ များသောအားဖြင့် (တိုးတက်သောနိုင်ငံတွင်) ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန်မဟုတ်သောအရာများ (သို့) အသင်းတော်နှင့်လူသားများအဖို့ ဘုရားသခင်ဖော်ပြတော်မူသော ရည်ရွယ်ချက်နှင့်ဆန့်ကျင်သော အရာများဘက်သို့ စိတ်နှလုံးသွေဖယ်တိမ်းညွတ်စေခြင်းအမှုပင် ဖြစ်ပါသည်။

ဒံယေလ၏သူငယ်ချင်းသုံးယောက်တို့သည် လွန်ခဲ့သော ၁၅ နှစ်လုံးလုံး (ဒံ ၂း၄၉) ရှင်ဘုရင်၏ ချီးမြှောက်ခြင်းကိုခံခဲ့ရသော်လည်း၊ ယခုအခါ သူတို့သည် ထိုနိုင်ငံတစ်ခုလုံးကို လွှမ်းမိုးလျက်ရှိသောစာတန်မာရ်နတ်၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်းပြုခြင်းငှါ အတင်းခိုင်းစေခြင်းခံရကြ၏။ လူအများနည်းတူ ပြုမူခြင်းငှါ “ကျွန်တော်တို့သည် နေဗုခဒ်နေဇာမင်းကြီးပြုလုပ်သော ရုပ်တုရှေ့၌ ပြပ်ဝပ်ခြင်းပြုသော်လည်း၊ ကျွန်တော်တို့စိတ်နှလုံးသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်ကြပါသည်” ဟူ၍၎င်း၊ “ယခုရှင်ဘုရင်ကို ကျွန်တော်တို့အရိုအသေပေးခြင်းသည် ဘုရားသခင်အတွက် သက်သေခံခြင်းဖြစ်သည်” ဟူ၍၎င်း၊ သူတို့လွယ်ကူစွာအတွေးဝင်နိုင်ပါသည်။

ထိုသို့မဟုတ်၊ ဘုရားသခင်၏လမ်းသည် အစဉ်အကောင်းဆုံးလမ်းဖြစ်၏။ ရောနှောခြင်းသည် အစဉ်မှားယွင်းခြင်းဖြစ်၏။ ဒံယေလ၏သူငယ်ချင်းသုံးယောက်တို့သည် ရှင်ဘုရင်ကို တမင်မထိမဲ့မြင်မပြုကြပါ။ ယေရမိ၏ဆုံးမစကားကို နာခံခြင်းဖြင့် သူတို့သည် ဗာဗုလုန်အစိုးရအတွက် ဆုတောင်းကြခဲ့ဖူးပါသည် (ယေရမိ ၂၉း၇)။ သို့သော်လည်း ယခုအမှု၌ မှားယွင်းသောလူသားထက် ဘုရားသခင်၏စကားကို ပို၍နာခံခြင်းငှါ (နှိုင်း တမန် ၄း၁၉) ရွေးချယ်ခဲ့ကြ၏။ “အကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည် . . . အကျွန်ုပ်တို့ကို ကယ်လွှတ်တော်မူနိုင်၏. . . ထိုသို့ ကယ်လွှတ်တော်မမူသော်လည်း. . . ” (ဒံ ၃း၁၇-၁၈) ဟုဆိုခဲ့ကြ၏။ ဤအမှုသူတို့ကြုံတွေ့ရခြင်းသည် ဘုရားသခင်၏ စုံလင်သောရည်ရွယ်ချက်နှင့် အလိုတော်ပင်ဖြစ်ပါသည်။

ယနေ့အကျွန်ုပ်တို့အား အန္တရာယ်အမှုတိုင်းမှ အံ့ဖွယ်ကယ်လွှတ်ခြင်းငှါ ဘုရားသခင်က ကျွန်ုပ်တို့အားအကြွေးတင်တော်မမူ။ သို့သော်လည်း ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ခြင်းအမှု၌ ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ပြုစုစောင့်မခြင်းအမှုကို ယုံကြည်ကိုးစားခြင်းငှါ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူ၏ (ရောမ ၈း၂၈)။ ဤအမှုအလုံးစုံကို ကျွန်တော်တို့စိတ်ထဲ၌ စွဲမြဲစွာ အောက်မေ့ခြင်းသည် ဘုရားသခင်မဟုတ်သောအရာကို ဝတ်ပြုခြင်းငှါ ကျွန်တော်တို့ကြုံတွေ့ရသော နေ့စဉ်သွေးဆောင်ခြင်းအမှုတို့ကို ကျော်ဖြတ်နိုင်ဖို့ရန် ခွန်အားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်မခံရမည့်အရပ်သို့ ဘုရားသခင်သည် အကျွန်ုပ်ကို ဘယ်သောအခါမျှ ခေါ်ဆောင်မည်မဟုတ်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ လူသားထက်ကိုယ်တော်ကို ကြောက်ရွံ့ရိုသေမည်အကြောင်း မစတော်မူပါ။

**ဒံ ၃း၁၉-၂၃**

၂ ကော ၁း၉-၁၀

*"... ငါတို့သည် မိမိကိုယ်ကို အစဉ်မကိုးစားဘဲ၊ ဘုရားသခင်ကို ကိုးစားမည်အကြောင်း..."*

## မီးဖိုအလယ်၌

ရှေးခေတ်၌သတ္တုများကို အရည်ကျိုခြင်းငှါ မီးဖိုကိုပြုလုပ်ကြ၍ ထိုမီးဖိုမီးကို အလွန်ပူပြင်းစေခြင်းငှါ ကျွမ်းကျင်စွာစောင့်ရှောက်တတ်သောသူများရှိခဲ့ကြ၏။ ထို့ကြောင့် နေဗုခဒ်နေဇာမင်းကြီးက မီးဖိုကို အရင်ထက်ခုနှစ်ဆတိုး၍ပူစေခြင်းငှါ အမိန့်ပေးခြင်းသည် မဖြစ်နိုင်သောအရာကို ပြုစေခြင်းမဟုတ်ပါ။

သို့သော်လည်း ထိုအမိန့်သည် အလွန်မိုက်မဲသောအမိန့်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအလွန်ပြင်းသောမီးအရှိန်ကြောင့် မိမိ၏စစ်သားအချို့ ဆုံးရှုံးခဲ့သည်သာမက၊ ဒံယေလ၏ သူငယ်ချင်းသုံးယောက်တို့သည် အရှိန်မပြင်းသောမီး၌ခံစားရမည့်ဝေဒနာထက်၊ အရှိန်ပြင်းသောမီး၌ခံစားရမည့်ဝေဒနာသည် အချိန်မကြာမြင့်သောကြောင့် ပို၍သက်သာပါလိမ့်မည်။

ဤအချက်က လူသည်ဘုရားသခင်ခွင့်ပြုချက်ပြင်ပ၌ သူတပါးကိုညှင်းဆဲခြင်းငှါ မတတ်နိုင်ကြောင်း ထင်ရှားစေပါသည်။ "တနည်းကား၊ ကိုယ်ခန္ဓာကိုသာ သတ်၍စိတ်ဝိညာဉ်ကိုမသတ်နိုင်သော သူတို့ကိုမကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ၍ကြောက်ကြလော့" (မသဲ ၁၀း၂၈)။

ထို့ပြင် ဤအမှု၌တွေ့ရသော အံ့ဖွယ်အဖြစ်အပျက်ကို ကျွန်တော်တို့လျစ်လျူမရှုသင့်ပါ။ ဒံယေလ၏သူငယ်ချင်းသုံးယောက်တို့သည် မီးလျှံထဲသို့ပစ်ချခြင်းခံခဲ့ကြ၏။ သူတို့သည် အကူအညီမဲ့လျက်ရှိခဲ့ကြ၏။ သို့သော်လည်း မျှော်လင့်ချက်ကင်းမဲ့နေသော အခြေအနေ၌မိမိလူတို့အား ကယ်နှုတ်တော်မူသော ဘုရားသခင်၏တန်ခိုးတော်သည် ဤအမှု၌ထင်ရှားလျက်ရှိ၏။ ထိုသို့သော အမှု၌ ဘုရားသခင်သည် ကျွန်ုပ်တို့အားမိမိကိုယ်ကို မကိုးစားမည်အကြောင်း သွန်သင်တော်မူ၏။ "ငါတို့သည် မိမိကိုယ်ကိုအစဉ်မကိုးစားဘဲ၊ သေသောသူတို့ကိုထမြောက်စေတော်မူသော ဘုရားသခင်ကို ကိုးစားမည်အကြောင်း ... ယခု၌လည်း ကယ်လွှတ်တော်မူသေး၏" (၂ ကော ၁း၉-၁၀)။ ကျွန်တော်တို့သည် အကူအညီမဲ့လျက်နေသည်ဟု သိသောအခါ "... ငါနှင့်ကွာလျှင်သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅) ဟူသော သခင်၏စကားကို ကျွန်တော်တို့အမှန်နားလည်သဘောပေါက်တတ်ကြ၏။

**ဆင်ခြင်ရန်** - "သင်သည်မဖြစ်နိုင်ဟုထင်ရသောအမှုကို ကြိုးစားဆောင်ရွက်ခြင်းမပြုလျှင် ဘုရားသခင်၏မစခြင်းကို သင်ခံစားရမည်မဟုတ်ပါ" (F.B. Meyer)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်နေ့စဉ်ကြုံတွေ့ရသော စုံစမ်းခြင်းဒုက္ခမီးလျှံထဲမှ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူ မဖြစ်နိုင်သောအမှုမရှိကြောင်းကို နားလည်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဧပြီ (၁၉)
**ဒံ ၃း၂၄-၂၅**
မသဲ ၂၈း၂၀

*“. . . ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု. . . ”*

## ဘုရားသား၏အဆင်းသဏ္ဍာန်

ဗာဗုလုန်ရှင်ဘုရင်က “လူလေးယောက်တို့သည် မတုပ်မနှောင်ဘဲ မီးထဲ၌သွားလာ၍ ဘေးဥပါဒ်နှင့်ကင်းလွတ်သည်ကို ငါမြင်သည်တကား။ စတုတ္ထသူသည် ဘုရားသား၏အဆင်းသဏ္ဍာန် ရှိသည်” (ဒံ ၃း၂၅) ဟုမိန့်တော်မူ၏။

နေဗုခဒ်နေဇာက ဤစတုတ္ထသူသည် သုံးပါးတဆူဘုရားမှ ဒုတိယအပါးဖြစ်သော သားတော်ဘုရား လူ့ဇာတိမခံမီပေါ်ထွန်းခြင်းဖြစ်ကြောင်း သိခဲ့လိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ သားတော်သည် မီးလောင်သောချုံ၌ ပေါ်ထွန်းခဲ့ပြီး (ထွက် ၃)၊ မီးလျှံ၌တက်တော်မူသည်ဖြစ်သော ကြောင့် (သူကြီး ၁၃)၊ ယခုဒံယေလ၏သူငယ်ချင်းသုံးယောက်နှင့်အတူ မီးဖိုထဲ၌ ပေါ်ထွန်းခြင်းသည် လည်း မယုံနိုင်စရာအကြောင်းမရှိပါ။

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်သည် “မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်း မလဲနေတော်မူ၏” (ဟေဗြဲ ၁၃း၈)။ ထို့ကြောင့် အဘယ်အခြေအနေ၌မဆို ကြောက်ရွံ့စရာ ကောင်းသောအခြေအနေ၌လည်း ကိုယ်တော်သည် မိမိကိုယုံကြည် ကိုးစားသောသူတို့နှင့်အတူ ရှိတော်မူ၏။ ကိုယ်တော် သည် ဖြားယောင်းသွေးဆောင်ခြင်းနှင့် ညှဉ်းဆဲခြင်းမီးလျှံကြားထဲ၌လည်း ကျွန်ုပ်တို့နှင့်အတူရှိတော်မူ၏။ ဘုရားသခင်သည် ဒံယေလခေတ်မတိုင်မီ ဣသရေလထံသို့ “သင် သည် . . . မီးကိုချင်းနင်းသောအခါလည်း မလောင်ရ၊ မီးလျှံလည်းမညှိရ” (ဟေရှာ ၄၃း၂) ဟု မိန့်တော်မူခဲ့၏။ ဤကတိတော်ကို ဘုရားသခင်သည် မိမိတို့အမှု၌ ပြည့်စုံစေလိမ့်မည်ဟု ဒံယေလ၏ သူငယ်ချင်းသုံးယောက်တို့သည် မျှော်လင့်ခဲ့လိမ့်မည်မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်သည် မိမိ၏ကတိတော်ကို ပြည့်စုံစေနိုင် သောသူဖြစ်ကြောင်းကိုမူ သံသယမရှိဘဲ ယုံကြည်ခဲ့ကြသည်ဟု မှတ်သားရပါသည်။

ယခုကျွန်ုပ်တို့၏ခေတ်ကာလ၌ ထိုအစမရှိ၊ အဆုံးမရှိသောခရစ်တော်က ကျွန်ုပ်တို့အား ဤသို့ကတိတော်ထားတော်မူ၏။ “ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်. . . ” (မသဲ ၂၈း၂၀)။ အဘယ်အခြေအနေ၌မဆို ဘုရားသခင်သည် ကျွန်ုပ် တို့နှင့်အတူ ရှိတော်မူနိုင်ပြီး၊ မစတော်မူလျက် ကျွန်ုပ်တို့ဘဝအသက်တာ၌အတူလျှောက်လှမ်းတော် မူနိုင်၏။ ဗျာဒိတ် ၂း၁-၂ ထဲတွင်၊ ရွှေမီးခွက်ခုနစ်လုံးအလယ်၌ သွားလာသောသူက “သင်အကျင့် ကျင့်ခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ သည်းခံခြင်းကို ငါသိ၏” ဟုမိန့်တော်မူ၏။ ထိုစကားတော်သည် ယနေ့ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်ုပ်တို့အဖို့ လုံလောက်လျက်ရှိပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကိုအသုံးပြုခြင်းငှါ ဘုရားသခင်ထံတောင်းလျှောက်သောအခါ အဖိုး အခ ပေးဖို့ရန်လည်း ကျွန်တော်အဆင်သင့်ဖြစ်ရပါမည်။

**ဆုတောင်းချက်** - မျက်စိနှင့်မြင်၍မရသော အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်ပါရှိတော်မူခြင်း အကြောင်းကို အကျွန်ုပ်အား သိမြင်စေတော်မူပါ။

*". . . သင်တို့တွင် ကောင်းသောအမှုကို
ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏
နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်. . . "*

## မီးလောင်သောအနံ့လည်းကင်းလွတ်၏

ဗာဗုလုန်မင်းကြီးနေဗုခဒ်နေဇာသည် မိမိအမိန့်ကိုနာမခံသော ထိုသူတို့အား ဖျက်ဆီးခြင်းငှါ ကြိုးပမ်းခဲ့ပါ၏။ သို့သော်လည်း ဘုရားသခင်၏အဆုံးစွန်တန်ခိုးတော်အားဖြင့် သူတို့သည် ကွယ်ကာစောင့်ရှောက်ခြင်းခံခဲ့ရပြီး၊ ဘုရင့်အမိန့်တော်အားဖြင့် "သူတို့သည်မီးထဲကထွက်လာကြ၏" (ဒံ ၃း၂၆)။

သမ္မာကျမ်းစာထဲ၌ ဘုရားသခင်သည် အံ့ဖွယ်အမှုပြုသောအခါ တဝက်တပျက်ပြုတော်မမူ။ ဤအချက်ကို ဣသရေလနှင့်ဗာလပရောဖက်တို့သည် ကာမေလတောင်၌ မြင်တွေ့ခဲ့ကြ၏ (၃ ရာ ၁၈)။ ထို့နောက် ဖါရောဘုရင်ကလည်း ထိုအချက်ကို လက်တွေ့မြင်တွေ့ခဲ့၏ (ထွက် ၇-၁၂)။ ဘေးဒုက္ခကြီးကာလ၌ အသက်ရှင်သောလူအပေါင်းတို့သည် သူတို့အပေါ် ကျရောက်သော အံ့ဖွယ်စီရင်ချက်တို့၏ အရင်းအမြစ်ကို သံသယရှိကြမည်မဟုတ်ပါ (ဗျာ ၆း၁၆)။

ဒံယေလ၏သူငယ်ချင်းသုံးယောက်တို့သည် မီးဖိုထဲမှထွက်လာသောအခါ "သူတို့ဆံခြေတစ်ပင်မျှမမြိုက်. . . မီးလောင်သောအနံ့လည်းကင်းလွတ်၏" (ဒံ ၃း၂၇)။ ဘုရားသခင်သည် အံ့ဩဖွယ်ကယ်နှုတ်တော်မူသောအခါ စုံလင်စွာကယ်နှုတ်တော်မူ၏။ ပင်လယ်နီ၌ ဣသရေလ တစ်စုံတစ်ယောက်မျှ ပျက်စီးခြင်းသို့မရောက်ခဲ့ပါ။ ဟေဇကိမင်းလက်ထက်၌ ယေရုရှလင်ကိုတိုက် ခိုက်သော အာရှုရိစစ်သားတစ်ဦးတစ်ယောက်မျှ အသက်မရှင်။ "ယာကုပ်အမျိုး၌အမှုရောက်သောနေ့ရက်" (ယေရမိ ၃၀း၇) ၌လည်း၊ တစ်သိန်းလေးသောင်းလေးထောင်သောလူတို့တွင် တစ်စုံတစ်ယောက်မျှ ပျက်စီးခြင်းသို့ရောက်လိမ့်မည်မဟုတ်။ သခင်ယေရှုခရစ်တော်အနာငြိမ်းစေခြင်းအမှုနှင့် သေသော သူပြန်ရှင်စေတော်မူခြင်းအမှုတို့တွင် စုံလင်သော ချက်ချင်းလက်ငင်းကျန်းမာခြင်းကို တွေ့ရ ၏။

ဤအမှုအရာအလုံးစုံတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ယနေ့ခရစ်တော်၏ ခန္ဓာကိုယ်၌ပါဝင်ကြသော ကျွန်ုပ်တို့အဖို့ ခွန်အားယူစရာဖြစ်ပါသည်။ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ၌ မပြည့်စုံသော်လည်း၊ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကို မိမိ၏အသွေးတော်မြတ်အားဖြင့် ဆေးကြောပေးတော်မူ၏ (၁ ယော ၁း၉)။ စာတန်သည် ကျွန်ုပ်တို့ကိုစွပ်စွဲ၍ လောကီလူတို့သည် ကျွန်ုပ်တို့ကိုမုန်းတီးသော်လည်း ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ နေ့ညဥ့်မပြတ် တောင်းလျှောက်ပေးတော်မူ၏ (ဗျာ ၁၂း၁၀)။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကျွန်တော်တို့သည် ကိုယ်တော်၏ဘုန်းတော်ကို ချီးမွမ်းခြင်းငှါ မီးလောင်သောအနံ့နှင့်ကင်းလွတ်သော ဘုန်းတော်ဝင်စားရသောခန္ဓာကိုယ် ပိုင်ဆိုင်ကြလိမ့်မည်။ ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်အားဖြင့် ကျွန်တော်တို့သည် "သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်" (ဧဖက် ၅း၂၇) ကြပါလိမ့်မည်။ ကျွန်တော်တို့၌ ကောင်းသောအမှုကိုပြုစပြုတော်မူသောသူသည် "ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်" (ဖိလိ ၁း၆) ဖြစ်သောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ဘုရားသခင်သည် ကတိတော်ကိုပြုသောဘုရားဖြစ်၍၊ ထိုကတိတော် စောင့်ရှောက်သောသူတို့အား ချီးမြှောက်သောသူလည်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ပါရှိတော်မူခြင်းအနှစ်သာရကို အကျွန်ုပ်ခံစားရလိုပါ၏။

စနေ၊ ဧပြီ (၂၁)
**ဒံ ၃း၂၈-၃၀**
ဖိလိ ၂း၉-၁၀

*“. . . ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက်၍. . . ”*

# ဘုရားသခင်သည်မင်္ဂလာရှိတော်မူစေသတည်း

မိမိလူတို့အဖို့ ကြွသရေလဘုရားသခင်ပြုသောအမှုကို ဗာဗုလုန်ရှင်ဘုရင်မြင်သောအခါ မိမိစိတ်နှလုံးပြောင်းလဲခဲ့ပါသည်။ “. . . ငါ၏လက်မှကယ်လွှတ်နိုင်သောဘုရားကား အဘယ်ဘုရားရှိသနည်း” (ဒံ ၃း၁၅) ဟုပြောဆိုခြင်းမှ ယခုသူသည်မမျှော်လင့်သောအံ့ဖွယ်အဖြေမြင်တွေ့ရကြောင်း ဝန်ခံခဲ့ပါသည်။

ထို့ကြောင့်ရုတ်တရက် သူပြုသောကိုးကွယ်ခြင်းအစီအစဉ်သည် ရပ်တန့်ခဲ့ရ၏။ ရွှေရုပ်တုဝတ်ပြုကိုးကွယ်ခြင်းအစား ဗာဗုလုန်လူတို့သည် ဣသရေလ၏ဘုရားသခင်ကို အရိုအသေပေးခြင်းငှါ အမိန့်ပေးခြင်းခံရကြ၏။ ထိုအမိန့်တော်၌ နန်းတော်ရှိမာကုပညာရှိများထံ ပြုခဲ့သောအမိန့်တော်ကဲ့သို့ ခြိမ်းခြောက်ခြင်းပါ၏ (ဒံ ၂း၅)။

ဤသည်ကား ကောင်းကင်ဘုံရှိဘုရားသခင်ကို ဆန့်ကျင်သောသူအပေါင်းတို့၏ အဆုံးသတ်ပင်ဖြစ်ပါသည်။ ယောဘသည် ဘုရားသခင်၏ဉာဏ်တော်ကို သံသယဝင်ခဲ့သော်လည်း၊ ကြီးစွာသော နောင်တရခြင်းဖြင့်အဆုံးသတ်ခဲ့၏ (ယောဘ ၄၂း၁-၆)။ တာရှုမြို့သားရှောလုသည် သတေဖန်အားကျောက်ခဲဖြင့် ပစ်သတ်ခြင်းအမှု၌ ပါဝင်ခြင်းဖြင့် ဘုရားသခင်၏သားတော်ကို ညှင်းဆဲခဲ့သော်လည်း “ကိုယ်တော်သည်အဘယ်သူနည်း” (တမန် ၉း၅) ဟုနောက်ဆုံး၌ဆိုခဲ့၏။ ဤရှောလုသည် ယေရှုခရစ်တော်၏တမန်တော်ဖြစ်ခဲ့ပြီး “ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်” (ဖိ ၂း၁၀-၁၁) ဟု ကျမ်းစာရေးသားခဲ့၏။

ထိုသို့သောအမှုအကျင့်သည် စစ်မှန်သောခရစ်ယာန်တိုင်း၏ အကျင့်ဖြစ်ရပါမည်။ ဣသရေလဘုရားသခင်ပြုတော်မူသော မြင်နိုင်သောအံ့ဖွယ်အမှုကို နေဗုခဒ်နေဇာသည်မြင်၍ ထိုသို့သော ဝန်ခံခြင်းကိုပြုခဲ့လျှင်၊ မဆုံးနိုင်သောအံ့ဖွယ်ဝိညာဉ်အမှုတို့ကို လက်ခံရရှိသော ကျွန်ုပ်တို့သည် ကိုယ်တော်၏ နာမတော်ကို ကမ္ဘာစွန်းတိုင်အောင် ဝန်ခံလျက်ပြောကြားသင့်သည်မဟုတ်လော။ နေဗုခဒ်နေဇာထက် ကျွန်တော်တို့သည် များပြား၍စုံလင်သော ဘုရားသခင်၏နှုတ်ကပတ်တော်လက်ခံရရှိကြသောကြောင့် ပို၍ကြီးမြတ်သော ဝန်ခံခြင်းကို ပြုကြရပါမည်။ ကျွန်တော်တို့သည် ယေရှုမိန့်တော်မူသည်အတိုင်း “. . . ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ” (မသဲ ၂၈း၂၀)၊ ဘုရားသခင် ၏ အလိုတော်အကုန်အစင် (တမန် ၂၀း၂၇) ကို လူမျိုးတကာတို့ထံ ဩဝါဒပေးကြရပါမည်။ ကျွန် တော်တို့သည် နှိမ့်ချသောစိတ်နှင့်ရင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့်ရင်း၊ ကိုယ်တော်ကိုနေ့စဉ် ပြပ်ဝပ် ကိုးကွယ်လျက်၊ ဘုန်းတော်အပေါင်းကို ပြောကြားမည်အကြောင်း ဘုရားသခင်မစတော်မူပါစေသော။

**ဆင်ခြင်ရန်** - နောက်မှနောင်တရမည့်အစား ယခုကိုယ်တော်ကိုကိုးကွယ်ခြင်းသည် သာ၍ကောင်း၏။

**ဆုတောင်းချက်** - “အိုဘုရားသခင်၊ အကျွန်ုပ်တို့အား ကိုယ်တော်အဖို့ ဖန်ဆင်းတော်မူပြီး၊ အကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်၌နားခိုခြင်းမရှိလျှင်၊ ငြိမ်သက်ခြင်းမရှိနိုင်ပါ” (Augustine)။

တနင်္ဂနွေ၊ ဧပြီ (၂၂)
**ဗံ ၄း၁-၃**
ဆာလံ ၂

*"ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကိုထမ်းရွက်၍၊ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြလော့"*

# အံ့ဖွယ်နိမိတ်လက္ခဏာများ

"နိမိတ်လက္ခဏာတော်သည် အလွန်ကြီးပေ၏။ အံ့ဖွယ်သောအမှုတော်လည်း တန်ခိုးနှင့် ပြည့်စုံပေ၏။ ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံတော်ဖြစ်၏။ အာဏာစက်တော်လည်း ကမ္ဘာအဆက်ဆက်တည်တော်မူ၏" (ဗံ ၄း၃)။

ဤစကားတို့သည် ကြီးမြတ်သောဗာဗုလုန်ရှင်ဘုရင်၏ ရေးမှတ်ထားသော နောက်ဆုံးစကား များဖြစ်ပါသည်။ ဤအခန်းကြီး၌ ဖော်ပြထားသော အဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက်၊ ရေးမှတ် ခဲ့ခြင်းဖြစ်၍ ရှင်ဘုရင်၏နောက်ဆုံးအချိန် ခုနစ်နှစ်အတွင်း ကြုံတွေ့ခဲ့သော အံ့ဖွယ်အတွေ့အကြုံ များဘက်၌ အာရုံပြုခြင်းငှါ ရည်ရွယ်ခြင်းဖြစ်၏။

ရှင်ဘုရင်က ယုဒလူအပေါင်းတို့သည် သဘောပေါက်နားလည်၍၊ ဣသရေလ၏ဘုရားသခင်ကို ချီးမြှောက်ခြင်းအလိုငှါ၊ အမိန့်တော်ကို စာဖြင့်ရေးသားမှတ်သားဖို့ရန်အတွက် ယုဒလူတို့အမှု၌ တာဝန်ပေးခြင်းခံရသော မိမိ၏အမှုထမ်းဒံယေလ၏အကူအညီယူခဲ့သည်ဟု ထင်မှတ်ရပါသည်။ ဤဖော်ပြချက်တို့သည် ဆာလံ ၁၄၅း၁၃ ၌တွေ့ရသောအချက်နှင့် အလွန်တူညီလှပါ၏။

ဤသက်သေခံချက်သည် အလွန်ကြီးမြတ်သော်လည်း၊ မိမိဘဝတစ်လျှောက်လုံးဘုရားသခင်ကို ဆန့်ကျင်ခဲ့သောရှင်ဘုရင်က မိမိ၏နောက်ဆုံးအချိန်၌သာ ဝန်ခံခြင်းဖြစ်သောကြောင့်၊ ဝမ်းနည်းစရာကောင်းပါ၏။ ဤဝန်ခံချက်ကို ဒံယေလက မိမိ၏အိပ်မက်အနက်ဖွင့်သောအချိန် ၆၀၂ ဘီစီ၌ သူပြုခဲ့ပါလျှင်၊ ဘုရားသခင်ကိုသစ္စာရှိစွာ ဝတ်ပြုခဲ့ပါလျှင်၊ နေဗုခဒ်နေဇာသည် ဤကမ္ဘာတစ်ခုလုံးကို အောင်နိုင်ခဲ့လိမ့်မည်ဟုထင်ရပါ၏။ သို့သော်လည်း သခင်ယေရှုခရစ်တော်တပါးတည်းသာလျှင် ခမည်းတော်၏စုံလင်သော အမှုထမ်းဖြစ်သောကြောင့် မိမိကြွလာတော်မူသောအခါ (ဆာ ၂)၊ ဤကမ္ဘာတစ်ခုလုံးအုပ်စိုးရသောအခွင့် ပေးအပ်ခြင်းခံရပါလိမ့်မည်။

သေအံ့ဆဲဆဲဝန်ခံသောသက်သေခံချက်တို့သည် ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးတော်အမှန်မြင်တွေ့ခြင်းဖြစ်ပါသည်။ များစွာသောလူတို့သည် အမှန်ယုံကြည်ခြင်းမရှိဘဲ အသက်ရှင်နေထိုင်ကြ၏။ "နက်ဖြန်နေ့ကို အမှီပြု၍ မဝါကြွားနှင့်။ တစ်ရက်အတွင်းတွင် အဘယ်သို့ဖြစ်လိမ့်မည်ကို မသိနိုင်" (သု ၂၇း၁)။ မိဘတိုင်းသည် ခရစ်တော်ထံ မိမိ၏သားသမီးတို့ကို ငယ်ရွယ်စဉ်အခါ ခေါ်ဆောင်ခြင်းငှါ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိရပါမည်။ သို့မှသာ သူတို့သည် ဘုရားအတွက် ဘဝတစ်လျှောက်လုံး အသက်ရှင်ကြမည်ဖြစ်၏။

**ဆင်ခြင်ရန်** - "မကြာမီကုန်ဆုံးလိမ့်မည့် တစ်သက်တစ်ဘဝသာလျှင်ရှိ၏။ ခရစ်တော်အတွက် ပြုသောအမှုသာလျှင် ထာဝရတည်မည်" (C.T. Studd)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်စိတ်နှလုံးပညာရှိမည်အကြောင်း အကျွန်ုပ်နေ့ရက်ကို ရေတွက်ခြင်းငှါ သွန်သင်တော်မူပါ။

တနင်္လာ၊ ဧပြီ (၂၃)
**ဒံ ၄း၄-၁၀**
မသဲ ၅း၁၄

*"... သင်တို့သည်ဤလောက၏ အလင်းဖြစ်ကြ၏..."*

# သန့်ရှင်းသောဘုရားသခင်၏ဝိညာဉ်တော်

နေဗုခဒ်နေဇာ၏စိတ်ထဲ၌ ဘုရားသခင်အမှတ်ရစေသော အရပ်မြင့်လှသောသစ်ပင်နှင့် ဆိုင်သောအိပ်မက်သည် သူ့ကိုကြောက်မက်စေ၍ တုန်လှုပ်စေပါ၏ (ဒံ ၄း၅)။ ထို့ကြောင့်သူသည် မိမိနန်းတော်ထဲရှိ မာကုပညာရှိတို့ကို အိပ်မက်၏အနက်အဓိပ္ပာယ်ဖော်ပြစေခြင်းငှါ ခေါ်ခဲ့၏။ အိပ်မက်အလုံးစုံကို (ဒံ ၂း၅ ကဲ့သို့မဟုတ်ဘဲ) ပြောပြသော်လည်း နန်းတော်ရှိပညာရှိတို့သည် အနက်မဖွင့်နိုင်ကြပါ။ ဤအခြေအနေ၌ရှင်ဘုရင်ကို သူတို့လှည့်စား၍မရကြပါ။

သို့ဆိုလျှင် အဘယ့်ကြောင့်ရှင်ဘုရင်သည်ဒံယေလကို ဦးစွာမခေါ်ခဲ့သနည်း။ အာဟပ်သည် မိက္ခာအား မင်္ဂလာစကားမဟောတတ်သောကြောင့် မခေါ်ဘဲနေသကဲ့သို့ (၃ ရာ ၂၂း၈)၊ နေဗုခဒ်နေဇာမင်းကြီးသည်လည်း ဒံယေလသည် အကြောင်းအရာကို လှည့်ပတ်ခြင်းမရှိဘဲ ဟောပြောမည်ကို စိုးရိမ်သောကြောင့် မခေါ်ဘဲနေခြင်းဖြစ်နိုင်ပါသည်။

နေဗုခဒ်နေဇာသည် ဒံယေလအား အလွန်လေးစားခြင်းရှိ၏။ ဒံယေလအား "သန့်ရှင်းသောဘုရားသခင်၏ဝိညာဉ်တော်" (နှိုင်း ဒံ ၄း၉၊ ၁၈၊ ၅း၁၁၊ ၁၄) ပိုင်ဆိုင်သောသူဟု ဖော်ပြခဲ့၏။ ဖါရောဘုရင်ကလည်း ယောသပ်အား ထိုသို့ထင်မှတ်ထားသည်ကို မှတ်သားကြပါစို့ (ကမ္ဘာ ၄၁း၃၈-၃၉)။

ဘုရားသခင်သည် လူတို့၏အသက်တာ၌ ကြီးမားသော ဝမ်းနည်းစရာအမှုရောက်ရှိစေသောအခါ၊ ထိုသူတို့သည် သူတို့နှိပ်စက်ခဲ့ဖူးသော ခရစ်ယာန်များထံမှ အကူအညီတောင်းလျှောက်လေ့ရှိကြသည်ကို အံ့ဖွယ်တွေ့ရပါသည်။ ထိုသို့သောပုဂ္ဂိုလ်များထံ သတင်းကောင်းဟောပြောရသောအခွင့်ရခြင်းသည် အလွန်ဝမ်းမြောက်စရာကောင်းလှပါသည်။ အကြောင်းမှာ မိမိအပြစ်ကိုနောင်တရ၍ ကယ်တင်ရှင်ကိုယုံကြည်သောသူအပေါင်းအတွက် ချက်ချင်းထာဝရတည်သော ကယ်တင်ခြင်းရရှိကြမည်ဖြစ်ပါသည်။ ထို့ပြင်ဒံယေလကဲ့သို့ ယုံကြည်သောသူတို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ဝိညာဉ်တော်ကို ပိုင်ဆိုင်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူဆိုးတို့သည် ယေရှု၏အလင်းကို မမှောင်မိုက်စေနိုင်သကဲ့သို့၊ ကျွန်ုပ်တို့၏ အလင်းသည်လည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အမှောင်ထုကို ဖြိုခွင်းနိုင်ပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကြားသိမြင်သောသူတို့သည် ယုံကြည်ခြင်းရှိခြင်းငှါ ကိုယ်တော်၏ ကယ်တင်ခြင်း၊ ချစ်ခြင်းနှင့် ကျေးဇူးတော်အကြောင်းကို အစဉ်ထမ်းရွက်သောသူ ဖြစ်မည်အကြောင်း မစတော်မူပါ။

*“. . . ခြေဘဝါးတော်အောက်သို့အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်အဘို့အလို့ငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏”*

## အမြင့်ဆုံးသောဘုရားသည်အစိုးရသောသူဖြစ်တော်မူ၏

ဒံယေလ၏အနက်ဖွင့်ခြင်းမရှိခဲ့လျှင်လည်း နေဗုခဒ်နေဇာသည် အမှန်ကျရောက်လာမည့် ဘုရားသခင်၏စီရင်ခြင်းကို သိရှိခံစားနိုင်ပါသည်။ “လူစိတ်သဘောပျောက်၍၊ တိရိစ္ဆာန်စိတ်သဘောနှင့်ပြည့်စုံစေလော့” (ဒံ ၄း၁၆)ဟူသော စီရင်ခြင်းအပြင်၊ အရပ်မြင့်လှသောသစ်ပင်ကြီးနှင့် ခုတ်လှဲသော သစ်ငုတ်တို့၏ မတူညီမှုသည် ရှင်ဘုရင်၏အသိစိတ်ကို ပြင်းစွာ ထိုးနှက်လျက်ရှိ၏။

ထို့ပြင်နေဗုခဒ်နေဇာက “အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကိုအုပ်စိုးတော်မူသည်ကိုငင်း၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကိုငင်း၊ ယုတ်မာသောသူတို့ကို ချီးမြှောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကိုငင်း” (ဒံ ၄း၁၇) သိပါ၏။ များစွာသောခရစ်ယာန်တို့သည်လည်း ဤအချက်ကို ကြားသိသောအခါ အံ့ဩခြင်းရှိကြ၏။ အကြောင်းမှာ သန့်ရှင်းတော်မူသောဘုရားသခင်က ဆိုးသောသူတို့ကို အစိုးရသောသူအဖြစ် ချီးမြှောက်ခြင်းသည် မိမိ၏ဂုဏ်ပုဒ်ကို ညစ်ညူးစေရာမရောက်သလောဟု တွေးစရာရှိ၏။

ဘုရားသခင်မဟုတ်ဘဲ၊ စာတန် (သို့) ကံကြမ္မာသည် လူနှင့်ဆိုင်သောအမှု၌ အဆုံးစွန်အာဏာရှိသောသူဟု တွေးခြင်းသည် အလွန်မှားယွင်းသော အတွေးဖြစ်ပါသည်။ အလွန်ကြီးမြတ်၍ ဘုန်းကြီးတော်မူသော ဘုရားသခင်သည် မိမိ၏သန့်ရှင်းသော ဇာတိသဘောကို လုံးဝညစ်ညူးစေခြင်းမရှိဘဲ၊ “လူတို့၏ဒေါသ” ကို မိမိဘုန်းထင်ရှားစေခြင်းငှါ အကယ်စင်စစ် ပြုနိုင်တော်မူပြီး (ဆာလံ ၇၆း၁၀)၊ ယောသပ်အား မိမိ၏ဆိုးယုတ်သောအစ်ကိုတို့ထံ “သင်တို့သည် အကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် . . . လူများအသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏” (ကမ္ဘာ ၅၀း၂၀) ဟုပြောခြင်းငှါ မစတော်မူ၏။

ဘုရားသခင်၏နှုတ်ကပတ်တော် နက်နဲစွာသိရှိသောခရစ်ယာန်တို့သည် ထိုသို့သော နှုတ်ကပတ်တရားမှ အလွန်ကြီးမြတ်သော နှစ်သိမ့်ခြင်းကိုရရှိတတ်ကြ၏။ အဆုံးစွန်အာဏာရှိတော်မူသော ဘုရားသခင်၏ခွင့်ပြုချက်မပါဘဲ၊ အဘယ်ဆိုးသောအမှုကမျှ၊ အဘယ်လူသားကမျှ သူတို့ကို မထိခိုက်နိုင်ပါ။ ဟစ်တလာ၊ လင်နင်နှင့် စတာလင်တို့သည် အလိုအလျောက် ဘုရားသခင်ကို အံ့ဩစေခြင်းငှါ၊ ပေါ်ထွန်းကြသည်မဟုတ်ပါ။ “အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူပြီး” (ဒံ ၄း၁၇)၊ ထာဝရအစိုးရမည်ဟူသော အချက်သည် ကျွန်ုပ်တို့အတွက် နှစ်သိမ့်စရာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ယေရှုသည် နေထွန်းလင်းသောအရပ်ဒေသကို အုပ်စိုးတော်မူပြီး၊ နိုင်ငံတော် သည် ကမ္ဘာစွန်းမှ ကမ္ဘာအစွန်းတိုင်အောင် ကျယ်ပြန့်လိမ့်မည်။” (Issac Watts)

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အဆုံးစွန်အာဏာတော်အောက်၌ အကျွန်ုပ် ဆက်ကပ်မည်အကြောင်း သွန်သင်တော်မူပါ။

**ဒံ ၄း၁၉**

ရောမ ၁၃

*“. . . တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင်ပြုမူကြကုန်အံ့”*

# သစ္စာရှိသောအမှုထမ်း

နေဗုခဒ်နေဇာက မိမိမြင်မက်သောအိပ်မက်အကြောင်းအရာကြောင့် မိမိ၏အစိုးရခြင်းနှင့် ပတ်သက်၍ ဒံယေလသည် သတိပေးခြင်းစကားပြောကြားမည်ကို အမှန်ရိပ်မိခဲ့ပါသည်။ သို့သော်လည်း ဒံယေလသည် မိမိအဖို့ဘုရားသခင်ထံ တောင်းလျှောက်ခြင်းပြု၍ မိမိ၏မာနထောင်လွှားမှုကြောင့် ခံရမည့်စီရင်ခြင်းကို ပြန်၍သုံးသပ်ပြောင်းလဲစေနိုင်မည်ဟု မျှော်လင့်ခဲ့ပါသည်။

သို့သော်လည်း သူသည်အတွေးမှားခဲ့၏။ ဘုရားသခင်၏စီရင်ခြင်းအမှုသည် ပြောင်းလဲ၍မရပါ။ ထိုစီရင်ခြင်းသည် နေဗုခဒ်နေဇာ၏ပြောင်းလဲတတ်သော စိတ်သဘောထားကိုသိသော ဘုရားသခင်၏စုံလင်သောအသိဉာဏ်၌ တည်မှီပြီး၊ နေဗုခဒ်နေဇာ၏အတွေးသည် ဘုရားသခင်၏ဇာတိသဘောနားမလည်ခြင်းအမှု၌ တည်နေ၏။ ထို့ကြောင့် မိန်းမောတွေဝေသောစိတ်နှင့် ဒံယေလက “အရှင်စော၊ ကိုယ်တော်ကိုမုန်းသောရန်သူတို့အပေါ်၌ အိပ်မက်အနက်ရောက်ပါစေသော” (ဒံ ၄း၁၉) ဟု လျှောက်လေ၏။

အသက်ကြီးသောရှင်ဘုရင်အပေါ် ထားရှိသောဒံယေလ၏ သစ္စာရှိမှုသည် ဤအချက်၌ ထင်ရှားလှပါ၏။ သူသည် နေဗုခဒ်နေဇာ၏ ထောင်လွှားမှုနှင့် ဝိညာဉ်အရာ၌အသိဉာဏ်နည်းပါးမှုတို့ကို မသိသောသူမဟုတ်။ ထို့ပြင် ဤကြွမ်းကြုတ်၍အာဏာကြီးသော ရှင်ဘုရင်၌ အလွန်များပြားသော ရန်သူများရှိကြောင်းကိုလည်း မသိဘဲမနေ။ သို့သော်လည်း သူသည် ထိုပုန်ကန်သောသူများနှင့် ပေါင်းဖော်လျက် အစိုးရကို ဖယ်ချခြင်းငှါ အလိုမရှိခဲ့ပါ (နှိုင်း ယေရမိ ၂၉း၈-၉၊ ၂၁-၂၃)။ ဘုရားသခင်၏အမှုနှင့် လူ၏အမှုဆောင်ရွက်ခြင်း၌ အဘယ်အမှုရွေးချယ်ရမည်မှာ ထင်ရှားလှပါသည်။ သို့သော်လည်း ဘုရားသခင်၏လူတို့သည် ဤအချက်ကို မှတ်သားရပါမည်- “. . . ဘုရားသခင်အခွင့်မရှိလျှင် မင်းအာဏာစက်မရှိ၊ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း” (ရောမ ၁၃း၁)။ ပေတရုက “. . . ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ရှင်ဘုရင်ကို ရိုသေခြင်းရှိကြလော့” (၁ ပေ ၂း၁၇) ဟုဆို၏။ ရှင်ပေါလုက “ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်းအမျိုးမျိုးကိုပြု၍၊ ငြိမ်ဝပ်ဆိတ်ညံ့စွာနေရမည်အကြောင်း၊ ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဖို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းကို ရှေ့ဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ အကြောင်းမူကား ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်နှစ်သက်တော်မူသောအမှုလည်းဖြစ်၏” (၁ တိ ၂း၁-၃)ဟု ဆိုခဲ့၏။ ဒံယေလသည် ရှင်ဘုရင်၏ ကောင်းသောမင်းမှုထမ်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အစိုးရသောမင်းအာဏာစက်ကို ဆန့်ကျင်ခြင်းသည် အလွန်ဆိုးယုတ်သော၊ မကောင်းသောအမှုဖြစ်၏။

**ဆုတောင်းချက်** - ကိုယ်တော်၏နှုတ်ကပတ်တော်၌ သွန်သင်တော်မူသော နည်းဥပဒေသအတိုင်း နေထိုင်ပြုမူနိုင်ခြင်းငှါ၊ အကျွန်ုပ်အား သနားတော်မူပါ။

**ဒံ ၄း၂၀-၂၇**
ဟေရှာယ ၁

*"... ထာဝရဘုရားကို*
*စွန့်သောသူတို့သည် ဆုံးရှုံးကြလိမ့်မည်"*

## သင့်အပြစ်များကိုစွန့်လော့

ဒံယေလသည် မာနထောင်လွှားခြင်းကြောင့် ရှင်ဘုရင်ကြုံတွေ့ရမည့် ကံကြမ္မာဆိုးအကြောင်းကို ဟောပြောလျက်၊ ဤသို့ဖြင့်ရှင်ဘုရင်အား အကြံပေးခဲ့၏- "တရားသောအမှုကိုပြုခြင်း၊ ဆင်းရဲသောသူတို့ကို သနားခြင်းအားဖြင့် ဒုစရိုက်အပြစ်တို့ကိုပယ်ဖျက်တော်မူပါ။ ထိုသို့ပြုလျှင် ချမ်းသာရကောင်းရတော်မူလိမ့်မည်" (ဒံ ၄း၂၇)။

ဒံယေလက အမှန်မည်သို့ဆိုလိုသနည်း။ ဖြောင့်မတ်သောအမှုဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းတော်မူသော ဘုရားသခင်၏စီရင်ခြင်းမှ ချမ်းသာခြင်းရရှိနိုင်သည်ဟု နေဗုခဒ်နေဇာအား ဒံယေလ ဟောပြောနေခြင်းမဟုတ်ပါ။ ဒံယေလသည် နေဗုခဒ်နေဇာအား ဆိုးသွမ်းသောအမှုပြုခြင်းနှင့် မိမိဘုန်းအတွက် အမှုပြုခြင်းတို့၌ ဆက်လက်ရှင်သန်ပါက အသက်တာတိုမည်အကြောင်း သတိပေးခြင်းဖြစ်ပါသည်။ အကြောင်းမှာ စစ်မှန်သောဝိညာဉ်ပြောင်းလဲခြင်းအားဖြင့်သာ ဘုရားသခင်လက်ခံတော်မူသည့် ဖြောင့်မတ်သောအကျင့်များကို ကျင့်နိုင်၏။

ဗာဗုလုန်နန်းတော်၌ ဒံယေလသည် ရှင်ဘုရင်နှင့်အတူ နေထိုင်စဉ် ဘုရားသခင်လက်ခံတော်မူသော ဖြောင့်မတ်ခြင်းနှင့်ထာဝရအသက်အကြောင်းများကို ရှင်ဘုရင်ထံဟောပြောခြင်းငှါ ဒံယေလအခွင့်အခါကောင်း များစွာရခဲ့လိမ့်မည်ဟု ထင်ရပါသည်။ ထို့ကြောင့် ရှင်ပေါလုနည်းတူ ဒံယေလသည်လည်း "ဖြောင့်မတ်ခြင်းတရားနှင့် ကာမဂုဏ်ချုပ်တည်းခြင်းတရားကိုငင်း၊ နောက်ဖြစ်လတ္တံ့သော စစ်ကြောစီရင်ခြင်းကိုငင်း၊ ဟောပြော" (တမန် ၂၄း၂၅) ခဲ့လိမ့်မည်။ ဖေလဇ်မင်းကဲ့သို့ နေဗုခဒ်နေဇာမင်းသည်လည်း "ကြောက်လန့်" လျက် "ယခုသွားဦးလော့။ နောက်မှ အဆင်သင့်သောအခါ ငါခေါ်ဦးမည်" (တမန် ၂၄း၂၅) ဟုဆိုခဲ့လိမ့်မည်။

နောဧခေတ်နှင့် ဖါရောနန်းတော်၌ဖြစ်ခဲ့သည်နည်းတူ၊ ဘုရားသခင်၏ စိတ်ရှည်သည်းခံခြင်းသည် ဆိုးသွမ်း၍ စိတ်နှလုံးခိုင်မာသောသူတို့အပေါ်၌ အကန့်အသတ်ရှိတော်မူ၏။ "အထပ်ထပ်ဆုံးမခြင်းကိုခံသော်လည်း၊ မိမိလည်ပင်းကိုခိုင်မာစေသောသူသည် ကိုးကွယ်ရာမရ၊ ရုတ်တရက်ပျက်စီးလိမ့်မည်" (သုတ္တံ ၂၉း၁)။ ထို့ကြောင့် ကျွန်တော်တို့ခရစ်ယာန်တို့သည် ဘုရားသခင်အပေါ်ပြစ်မှားသော ကျွန်ုပ်တို့၏အပြစ်များကို နေ့စဉ်ဝန်ချတောင်းပန်ခြင်းငှါငင်း၊ ဘုရားသခင်ကြောက်ရွံ့ခြင်းအမှုနှင့် နေ့စဉ်အသက်ရှင်လျက် ကိုယ်တော်ကိုယုံကြည်ကိုးစားမည်အကြောင်း၊ အစဉ်သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - "ငါတို့အား အောင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား" (၁ ကော ၁၅း၅၇)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ နောင်တရလျက် နှိမ့်ချသောစိတ်နှလုံး၏ အသီးတည်းဟူသော အကျင့်ကိုနေ့စဉ်ကျင့်နိုင်ခြင်းငှါ၊ မစတော်မူပါ။

သောကြာ၊ ဧပြီ (၂၇)
**ဒံ ၄း၂၈-၃၃**
ဟောရှာယ ၁၁

*“ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။
သူ၏အမြစ်တို့တွင်အညွန့်သည် အသီးသီးလိမ့်မည်”*

# ထိုစကားကိုမြွက်ဆိုစဉ်

နေဗုခဒ်နေဇာမင်းကြီးသည် သစ်ငုတ်တိုအိပ်မက်နှင့် ဒံယေလ၏သတိပေးချက်တို့ကို လုံးဝ လျစ်လျူရှုခဲ့၏။ ဒံ ၄း၂၉ ၌ တွေ့ရသော တစ်ဆယ့်နှစ်လအတွင်း၌ နေဗုခဒ်နေဇာမင်းကြီးသည် အီဂျစ်ပြည်ကို တိုက်ခိုက်ခဲ့ကြောင်း သမိုင်းအရသိရ၏။ ထို့နောက် ဗာဗုလုန်သို့ပြန်လာပြီး အလွန်လှပသောမြို့ကြီးကို စစ်သုံ့ပန်း (ယုဒလူများအပါအဝင်၊ ယေရမိ ၂၉း၂) အားဖြင့် တည်ဆောက်လျက် “ဤမြို့ကား ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကိုချီးမြှောက်ရာဘို့ ငါ့တန်ခိုးအာနုဘော်အားဖြင့် ငါတည်လုပ်သော ဗာဗုလုန်မြို့ကြီးမဟုတ်လောဟု မြွက်ဆို၏” (ဒံ ၄း၃၀)။

ထိုသို့သော သည်းခံ၍မရသော မာနထောင်လွှားခြင်းအမှုကို တတိယကောင်းကင်ဘုံ၌ ချက်ချင်းမှတ်သားခြင်းခံရပြီး၊ သူ၏စကားမဆုံးမီ ဘုရားသခင်၏စီရင်ခြင်းကျရောက်လေ၏- “နိုင်ငံတော်သည် သင့်လက်မှရွေ့သွားပြီ” (ဒံ ၄း၃၁)။ ထိုအခါ ဘုရားသခင်ပေးသနားတော်မူသော ပုံမှန်စိတ်သည် ပျောက်သွား၍၊ တော၌ခေါ်ဆောင်ခြင်းခံရလျက် “နွားကဲ့သို့ မြက်ကိုစားလျက်နေရ၏” (ဒံ ၄း၃၂)။

ဣသရေလသည်လည်း ထိုနည်းတူ ခံခဲ့ရ၏။ ဆန့်ကျင်သောစိတ်ရှိလျက် တော၌အသားကို တောင်းကြသောအခါ ဘုရားသခင်သည် ချက်ချင်းပေးသနားတော်မူခဲ့၏။ “သို့ရာတွင် ငုံးသားကို ကိုက်၍မဝါးမီ၊ ထာဝရဘုရားသည် သူတို့ကို . . . ဒဏ်ခတ်တော်မူ၏” (တောလည် ၁၁း၃၃)။ ဟေရုဒ်မင်းကြီးသည်လည်း “ဘုရားသခင်၏ဂုဏ်အသရေတော်ကို မထောက်ထားသောကြောင့်” (တမန် ၁၂း၂၃) ဘုရားသခင်က ချက်ချင်းစီရင်တော်မူခဲ့၏။ အာနနိနှင့်ရှဖိရေတို့သည်လည်း သူတို့နှုတ်မှ မုသာထွက်ဆိုစဉ် လဲ၍သေခဲ့ကြ၏ (တမန် ၅)။

ထို့ကြောင့် ဘုရားသခင်သည် အပြစ်ကိုစီရင်ခြင်းငှါ၊ အပြစ်ဆန်းစစ်ရန်အတွက် အချိန်ယူစရာမလိုကြောင်း ထင်ရှားလှပါ၏။ နောင်ဖြစ်လတ္တံ့သော နိုင်ငံတော်၌ လူအပေါင်းတို့က ဘုရားသခင်သည် “. . . မျက်စိမြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်း မဆုံးဖြတ်ဘဲ . . . တရားတော်အတိုင်း . . . ဖြောင့်မတ်စွာ ဆုံးဖြတ်လိမ့်မည်” (ဟောရှာ ၁၁း၃-၄) အကြောင်း သိမြင်ကြလိမ့်မည်။

**ဆင်ခြင်ရန်** - ပြန်လည်သင့်မြတ်မည်အကြောင်း၊ စကားလုံးသုံးလုံးသာ လိုအပ်ပါ၏ - “ကျွန်တော်မှား၏”။

**ဆုတောင်းချက်** - အိုဘုရားသခင်၊ အကျွန်ုပ်၏နှုတ်စကားသည် ချစ်ခြင်းမေတ္တာနှင့်ပြည့်သော စိတ်နှလုံးမှထွက်သောစကားဖြစ်စေတော်မူပါ။

စနေ၊ ဧပြီ (၂၈)
**ဒံ ၄း၃၄-၃၇**
ရောမ ၁၂း၁-၃

*“ကိုယ်ကိုထင်သင့်သည်အတိုင်းထက်လွန်၍ မထင်ဘဲ၊ . . . ကိုယ်ကိုလျောက်ပတ်စွာ ထင်ရမည်အကြောင်း”*

## သတိရပြန်လျှင်

“ကာလအချိန်စေ့သောအခါ၊ ငါနေဗုခဒ်နေဇာသည် ကောင်းကင်သို့မျှော်ကြည့်၍ သတိရပြန်လျှင် အမြင့်ဆုံးသောဘုရားကိုကောင်းကြီးပေး၍. . . ”(ဒံ ၄း၃၄)။ ရှင်ဘုရင်စိတ်မူမမှန်သော ခုနစ်နှစ်ကာလအတွင်း၊ နိုင်ငံတော်ကို ထိန်းကျောင်းသောသူသည် ဒံယေလဖြစ်ခဲ့ပါလိမ့်မည်။ အကြောင်းမှာ ရှင်ဘုရင်သည်မည်သည့်အချိန်၌ပြန်၍ သတိရမည်ကိုသူသာလျှင်၊ သိခဲ့သောကြောင့်တည်း။ နေဗုခဒ်နေဇာမင်းကြီးသတိပြန်လည်လာသောအချိန်၌ ဖြစ်စဉ်များကို သူ့အားပြန်လည်ပြောကြားခြင်းသည် လွယ်ကူသောအမှုမဟုတ်ပါ။ “ညီအစ်ကိုတို့ စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ အချင်းချင်းငြင်းခုံပြစ်တင်ခြင်းကို မပြုကြနှင့်။ တရားစီရင်ပိုင်သောသူသည် တံခါးနားမှာရှိတော်မူ၏” (ယာကုပ် ၅း၉)။

ဘုရားသခင်ချိန်းချက်တော်မူသောအချိန်၊ နေဗုခဒ်နေဇာသည် ပုံမှန်စိတ်မရှိသောအချိန်၌ ဘုရားသခင်သည် ဂရုဏာထားတော်မူလျက်၊ “ကောင်းကင်သို့ မျှော်ကြည့်” (ဒံ ၄း၃၄) စေပြီး၊ သတိပြန်ရစေတော်မူ၏။ ထိုအခါ သူသည် ဘုရားသခင်ခံထိုက်တော်မူသော ဘုန်းတော်ကို ချီးမွမ်းလေ၏။

ဤသို့သောပြဿနာများကို ယနေ့ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ကြုံတွေ့ရကြ၏။ လူတို့သည် စီးပွားရေး၊ နိုင်ငံရေး၊ စိတ်ပညာနှင့် သိပ္ပံပညာစသည်တို့၌ “အလုံးစုံသောအဖြေ” ရှိသည်ဟု ထင်ကြသောအခါ ဘုရားသခင်ရှိတော်မူခြင်းတရားကို မသိမြင်ခဲ့ကြပါ။ “ဤလောကကိုအစိုးရသောဘုရား” (၂ ကော ၄း၄) သည် သန့်ရှင်းတော်မူသောဘုရားသခင်ရှေ့မှောက်၌ သူတို့၏မာနထောင်လွှားခြင်းအမှုကြောင့်၊ သူတို့၏ဉာဏ်အလင်းကို ကွယ်စေ၏။ ယနေ့ခေတ်သစ်ဝိညာဉ်ရေးရာစိတ်မူမမှန်ခြင်းအတွက် တစ်ခုတည်းသောအဖြေသည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်အား ဘုရားသခင်လက်ခံတော်မူသော သန့်ရှင်းလျက် အသက်ရှင်သောယဇ်အဖြစ် ဆက်ကပ်ခြင်းပင်ဖြစ်ပါသည်။ ထိုအခါ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် အသစ်ပြုပြင်ခြင်းခံရလျက် “ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်၏အလိုတော်” (ရောမ ၁၂း၂) ကို သိမြင်ကြလိမ့်မည်။ ထိုသို့ပြုပြင်ခြင်းခံရသောသူတို့သည် အမြင့်ဆုံးသောဘုရားကို ချီးမြှောက်လျက်၊ ဘုန်းအသရေတော်ကို ကျူးဧကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဉာဏ်တော်နှင့် နှိုင်းလျှင် ကျွန်ုပ်တို့၏ဉာဏ်သည် အပြစ်ကြောင့် လုံးဝမိုက်မဲခြင်းသာလျှင်ဖြစ်၏။

**ဆုတောင်းချက်** - အိုဒံယေလ၏ဘုရားသခင် အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဉာဏ်နှင့် ဆင်ခြင်ခြင်းအတွေးတိုင်းသည် ကိုယ်တော်သာဖြစ်မည်အကြောင်း၊ မစတော်မူပါ။

*“. . . အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုတ်သိမ်းရာအချိန်ရောက်လိမ့်မည်. . . ”*

## မှူးမတ်တစ်ထောင်အတွက်ပွဲတော်

ကြီးကျယ်ခမ်းနားသော ဗာဗုလုန်အင်ပါယာကြီး၏နန်းတော်ခန်းမဆောင်ကြီးထဲ၌ ဆင်နွှဲကျင်းပသော ဘုရင့်ပွဲတော်အကြောင်းကို ယနေ့ဖတ်သောကျမ်းပိုဒ်၌တွေ့ရ၏။ ဗာဗုလုန်မြို့၏ ကြီးကျယ်ခမ်းနားမှုအချို့ကို သမိုင်းရေးဆရာ Herodotus ၏မှတ်သားချက်မှ ဤသို့တွေ့ရ၏- “ဗာဗုလုန်မြို့ရိုးသည် ၅၆ မိုင်ပတ်လည်ရှိ၍၊ ပေ ၃၃၅ မြင့်ပြီး၊ ပေ ၈၅ ကျယ်၏။ ဤမြို့ကြီးထဲတွင် အလွန်လှပသော ပန်းခြံများစွာရှိ၏။ အကြီးကျယ်ဆုံးသော အဆောက်အဦးမှုကား ထင်ရှားသော Bel ဘုရား၏ ဗိမာန်တော်ပင်ဖြစ်ပါသည်။” ဗာဗုလုန်မြို့၏ "The Hanging Gardens" သည် ရှေးကမ္ဘာ့အံ့ဖွယ်ခုနစ်ခုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဗာဗုလုန်သည် ရုပ်တုဆင်းတုကိုးကွယ်ရာမြို့ကြီးဖြစ်၏။ သူတို့၏အကြီးဆုံးသောဘုရားသည် နေဘုရားဟုခေါ်သော Bel ဖြစ်သည်။ ယနေ့ကျမ်းပိုဒ်ထဲ၌ တွေ့ရသော အကြောင်းအရာ၏ အဓိကပုဂ္ဂိုလ်သည် ဗေလရှာဇာဖြစ်၍ “Bel ဘုရားက ရှင်ဘုရင်ကို ကွယ်ကာ၏” ဟူ၍အဓိပ္ပာယ်ရှိပါသည်။ နိုင်ငံ့အမှုများအပြင် ဗေလရှာဇာမင်းသည် ဘာသာရေးနှင့်ဆိုင်သောအမှုများကိုလည်း ဆောင်ရွက်သည်ဟု ထင်ရပါသည်။ ထိုဗေလရှာဇာမင်းကြီးသည် မိမိ၏မှူးမတ်တစ်ထောင်အတွက် ကြီးကျယ်ခမ်းနားသော ပွဲတော်ကို ကျင်းပခဲ့၏။ ရှင်ဘုရင် (သို့) သမ္မတမှ ဖိတ်ကြားခြင်းခံရမည့်သူသည် အရေးကြီးသောပုဂ္ဂိုလ်ဖြစ်ရပါမည်။

သင်သည် နိုင်ငံခေါင်းဆောင်များစွာပါဝင်ဆင်နွှဲမည့်ပွဲ၌ သင့်နိုင်ငံ၏ရှင်ဘုရင်၊ သမ္မတ (သို့) ဝန်ကြီးချုပ်၏ ဖိတ်ကြားခြင်းခံဖူးပါသလား။ သင်မည်သို့ခံစားရမည်နည်း။ ထိုပွဲသည် တနင်္ဂနွေနေ့ အသင်းတော်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်နှင့် တိုက်ဆိုင်ခဲ့ပါလျှင် သင်သွားပါမည်လော။ မည်သို့ပြုခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်မည်ဟု သင်ထင်ပါသနည်း။

**ဆင်ခြင်ရန်** - “. . . ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့” (လုကာ ၁၂း၁၉)။ ကျွန်ုပ်တော်ပြုရပါမည်လော။

**ဆုတောင်းချက်** - အဘဘုရား၊ ဤလောကသည် အကျွန်ုပ်၏အိမ်မဟုတ်ကြောင်းကို သတိရစေတော်မူပါ။ ဤလောက၌ ကောင်းကင်နိုင်ငံသားကဲ့သို့ အသက်ရှင်မည်အကြောင်း မစတော်မူပါ။

## စပျစ်ရည်၊ မိန်းမများနှင့် သီချင်း

ရှင်ဘုရင်၏ကြီးကျယ်ခမ်းနားသော ခန်းမကြီး၌ ဖြစ်ပျက်သောအမှုတို့ကို ကြည့်ကြပါစို့။ ရှင်ဘုရင်၏မိဖုရား၊ မောင်းမမိသံတို့နှင့်အတူ မှူးမတ်တစ်ထောင်တို့သည် အစေခံကျွန်များတို့၏ ဧည့်ခံကျွေးမွေးခြင်းကို သီချင်းသံများနှင့်အတူ ပျော်ရွှင်စွာသုံးဆောင်ကြ၏။ အစားအသောက်နှင့် စပျစ်ရည်သည် ပျော်ရွှင်လွတ်လပ်စွာ သောက်စားခြင်းငှါ များစွာရှိလိမ့်မည်ဖြစ်၏။

ထောင်လွှားမောက်မာသောစိတ်ဖြင့် ရှင်ဘုရင်သည် မိမိ၏ဘုရားများကို ချီးမြှောက်လျက် ယေရုရှလင်ဗိမာန်တော်ထဲမှ ခမည်းတော်နေဗုခဒ်နေဇာမင်းကြီးသိမ်းယူခဲ့သော ရွှေဖလား၊ ငွေဖလား တို့ကို ညစ်ညူးစေခဲ့၏။ ထိုရွှေဖလား၊ ငွေဖလားဖြင့် ဧည့်သည်များကို စပျစ်ရည်တိုက်ကျွေးခြင်းငှါ အမိန့်ပေးခဲ့၏။ ကောင်းကင်ဘုံရှိဘုရားသခင်ကို မထီမဲ့မြင်ပြုခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် ထိုမှူးမတ်တစ်ထောင်တို့သည် စပျစ်ရည်ကိုသောက်လျက် အစားအသောက်ကို စားကြပြီး၊ ဘုရင့်တေးဂီတသဘင်နှင့်အတူ “ရွှေဘုရား၊ ငွေဘုရား၊ ကြေးဝါဘုရား၊ သံဘုရား၊ သစ်သား ဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်းကြ၏” (ဒံ ၅း၄)။ သမိုင်းကြောင်းကိုရေးသော စာရေးဆရာတို့၏ မှတ်သားချက်အရ ထိုသို့သောပွဲသည် အပျော်ကျူးခြင်း၊ ကာမဂုဏ်လွန်ကျူးခြင်းနှင့် ဆက်နွယ်မှုရှိ သည်ဟု သိရပါသည်။

လောကီအမြင်အားဖြင့် ကြည့်မည်ဆိုလျှင် အလွန်ဝမ်းသာအားရစရာကောင်းလှပြီး ဘာမှ တွေးတောမနေဘဲ ပျော်ရွှင်စွာဆင်နွှဲချင်စရာကောင်းလှ၏။

ဘုရားသခင်အမြင်အားဖြင့်ကြည့်မည်ဆိုလျှင် ရွံရှာစရာကောင်းလှပါ၏။ “လောက၌ ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ် ၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့် လောကီတပ်မက်ခြင်းသည် ရွှေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏အလိုတော်နှင့်အညီ ကျင့် သောသူမူကား နိစ္စထာဝရတည်၏” (၁ ယော ၂း၁၆-၁၇)။

**ဆင်ခြင်ရန်** - “အသက်အဖို့ မစိုးရိမ်ကြနှင့်” (လုကာ ၁၂း၂၂)၊ ထိုသို့ကျွန်တော်နေနိုင်ပါမည် လော။

**ဆုတောင်းချက်** - အဘဘုရား၊ “ငါ” ဟူသော အကျွန်ုပ်၏လောဘကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ပေးသနားတော်မူသော အကျွန်ုပ်အသက်တာအားဖြင့် ကိုယ်တော်ကို ကျေနပ်အားရစေပါမည်အကြောင်း၊ ကိုယ်တော်၏အလိုကိုသာ လိုက်လျှောက် ခြင်းငှါ မစတော်မူပါ။

**ဒံ ၅း၅-၈**
၁ ရာ ၅း၁-၅

*"... သင်၏ဘုရားသခင်ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊..."*

## နံရံပေါ်မှလက်ရေး

ဘုရားသခင်သည် ရုပ်တုကိုးကွယ်ခြင်းကို မုန်းတီးတော်မူပြီး၊ ရုပ်တုဆင်းတုကိုးစားသောသူတို့အား သည်းခံခွင့်လွှတ်တော်မူမည်မဟုတ်။ "... သင်၏ဘုရားသခင်ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ..." (ထွက် ၂၀း၅) ဖြစ်တော်မူ၏။ "ငါသည် ထာဝရဘုရားဖြစ်၏။ ထိုနာမသည် ငါ့နာမဖြစ်၏။ ငါ့ဘုန်းကိုအခြားသောသူအားရင်း၊ ငါ့အသရေကို ရုပ်တုဆင်းတုတို့အားရင်း ငါမပေး။ အရင်ဟောသောအရာတို့သည် ဖြစ်ကြပြီ။ အသစ်သောအရာတို့ကို ယခုငါဟော၏။ မပေါ်လာမီ သင်တို့အား ငါပြန္ဓင့်၏" (ဟေရှာ ၄၂း၈-၉) ဟုမိန့်တော်မူ၏။

ရုပ်တုဆင်းတုကိုးကွယ်သော ဗေလရှာဇာမင်းကြီးသည် ဘုရားသခင်ကို မထီမဲ့မြင်ပြု၍၊ သန့်ရှင်းသောတန်ဆာတို့ကို ညစ်ညူးစေ၏။ ဘုရားသခင်၏စီရင်ခြင်းအမှုသည် သူ့အပေါ်၌ကျရောက်ခဲ့၏။ သူ၏နာမအနက်သည် "Bel ဘုရားက ရှင်ဘုရင်ကိုကွယ်ကာမည်" ဟူ၍ဖြစ်သော်လည်း ထို Bel ဘုရားက ကာကွယ်မှုမပေးနိုင်ပါ။ ဘုရားသခင်က နံရံပေါ်၌ စာရေးလျက်၊ သတိပေးတော်မူခဲ့၏။ ထိုအနာဂတ်အကြောင်းကို ဘုရားသခင်ကသာလျှင် ဖော်ပြတော်မူနိုင်၏။

သမ္မာကျမ်းစာမယုံကြည်သော ပုဂ္ဂိုလ်တို့သည် ဤနံရံပေါ်မှလက်ရေးအကြောင်းကို ပျက်ရယ်ပြုကြ၏။ သို့သော်လည်း ကျွန်တော်တို့သည် သမ္မာကျမ်းစာကိုယုံကြည်လျက်၊ ဖော်ပြထားသောအကြောင်းအရာသည် မှန်ကန်ကြောင်း၊ ယုံကြည်ခြင်းရှိ၏။ Dr John Whitcomb ၏အနက်ဖွင့်ချက်ကို ကိုးကားကြပါစို့- "ပျက်စီးသွားသော နေဗုခဒ်နေဇာနန်းတော်၌ ရှေးဟောင်းသုတေသနပညာရှင်များက အလွန်ကြီးမားသောအခန်းကြီးတစ်ခန်း၊ ပေ ၅၆ ကျယ်၍ ပေ ၁၇၃ ရှည်သော ပွဲလုပ်ရာအခန်းဟုထင်ရသော အခန်းကြီးကို ရှာဖွေတွေ့ရှိခဲ့ကြ၏။ ဝင်ပေါက်မျက်နှာချင်းဆိုင်နံရံ၏အလယ်၊ ရှင်ဘုရင်ပလ္လင်တော်ရှိရာဟု ထင်ရသောနေရာ၏နောက်၌ ဘုရားစင်ရှိ၏။ စိတ်ဝင်စားစရာကောင်းသည်မှာ ထိုဘုရားစင်နောက်နံရံသည် ဒံယေလဖော်ပြထားသည်အတိုင်း စာရေးရန်အလွန်ကောင်းသောအောက်ခံအဖြစ် အဖြူရောင်သုတ်ထား၏။"

ထိုနံရံ၌ရေးထားသောစာသည် ဘုရားသခင်ကိုဆန့်ကျင်သောသူတို့အဖို့ဖြစ်၏။ ဘုရားသခင်က "ငါ့ဘုန်းကိုအခြားသောသူအားရင်း၊ ငါ့အသရေကို ရုပ်တု ဆင်းတုတို့အားရင်း ငါမပေး" ဟုမိန့်တော်မူသောကြောင့် သတိပြုကြလော့။ ဘုရားကိုမသိသောသူတို့သည် အနှေးနှင့်အမြန် ဘုရားသခင်၏ စီရင်ခြင်းကို ခံရကြလိမ့်မည်။ ဘုရားသခင်သည် အဘယ်လက်နက်မျှမပါဘဲ ဒဂုန်ဘုရားရုပ်တုကို ဘုရားသခင်၏သေတ္တာတော်ရှေ့၌ ပြပ်ဝပ်လဲကျစေပြီး၊ ခေါင်းနှင့်လက်တို့သည် ပျက်ခဲ့ကြရ၏ (၁ ရာ ၅း၃-၄)။ အကျွန်ုပ်တို့၏ဘုရားသခင်သည် ကြီးမြတ်လှပါသည်တကား။

**ဆင်ခြင်ရန်** - ထိုနံရံမှလက်ရေးသည် အဘယ်ဘာသာစကားဖြစ်သနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ရုပ်တုဆင်းတုမကိုးကွယ်မည်အကြောင်း၊ အကျွန်ုပ်အား မစတော်မူပါ။

ဗုဒ္ဓဟူး၊ မေ (၂)
**ဒံ ၅း၇-၁၂**
သု ၂း၁-၉

*"... ထာဝရဘုရားသည် ပညာကို ပေးတော်မူတတ်၏ ..."*

## မာကုပညာရှိ၊ ဗေဒင်တတ်၊ အနာဂတ္တိဆရာ

ရာထူးကြီးသောသူတို့သည် ခက်ခဲသောပြဿနာများနှင့်ကြုံတွေ့ကြသောအခါ မာကုပညာရှိ၊ ဗေဒင်တတ်နှင့် အနာဂတ္တိဆရာတို့ကို အားကိုးတတ်ကြ၏။ ထိုပြဿနာသည် အလွန်ရှုပ်ထွေးသောပြဿနာဖြေရှင်းရန် (သို့) အနာဂတ်အကြောင်းကို သိခြင်းငှါ ထိုသို့ပြုကြခြင်းဖြစ်၏။ ရှေးကာလ၌ ဤသို့သောပုဂ္ဂိုလ်တို့သည် ဘုရင့်နန်းတော်၌ အကြံပေးပုဂ္ဂိုလ်အဖြစ်နှင့်တမန်များအဖြစ် အမှုထမ်းကြ၏။ သူတို့သည် မျက်ကန်းက မျက်ကန်းကို လမ်းပြသကဲ့သို့ဖြစ်ကြ၏။

အဲဂုတ္တုဘုရင်ဖါရောသည် မောရှေနှင့်အာရုန်ကို ရင်ဆိုင်ခြင်း၌အကူအညီပေးခြင်းငှါ မိမိ၌ပညာတတ်၊ ဗေဒင်တတ်နှင့် မာကုပညာရှိများ ရှိခဲ့၏ (ထွက် ၇း၁၁)။ ထိုသူတို့၌ အချို့သော နတ်တန်ခိုးများရှိသော်လည်း ဘုရားသခင်ရှေ့၌ သူတို့သည်တန်ခိုးမဲ့လျက်ရှိကြ၏။ ဘုရားသခင်ကျရောက်စေသော ဘေးဥပါဒ်များကို သူတို့သည်လုံးဝနားမလည်ကြပါ။

ပေါလုနှင့်ဗာနဗတို့သည် ပထမသာသနာခရီးစဉ်တွင် ရောမမြို့ဝန်သေရဂိပေါလုထံ၌ နတ်ဝိဇ္ဇာအတတ်သမားဗာယေရှုကို တွေ့ခဲ့ကြ၏။ ထိုသူအား ပေါလုက စကား အားဖြင့်စီရင်သောအခါ ထိုသူသည် မျက်စိမမြင်ဘဲ ကွယ်ခဲ့ရ၏ (တမန် ၁၃း၆-၁၁)။ ဗာယေရှု၏ ဝိဇ္ဇာအတတ်သည် အဘယ်အကျိုးမျှမရှိပါ။

ဗေလရှာဇာ၌လည်း ပညာတတ်နှင့် အနာဂတ္တိဆရာများရှိသော်လည်း ဘုရားသခင် ရေးသားသော နံရံပေါ်မှစာကို အနက်မဖွင့်နိုင်ကြပါ။ ရှင်ဘုရင်ချီးမြှင့်မည့် များစွာသောဆုလာဘ်ကို ရယူလိုကြသော်လည်း ဘယ်လိုမျှမတတ်နိုင်ခဲ့ကြပါ။

**ဆင်ခြင်ရန်** - ကိစ္စအကြီးအသေးတို့၌ မည်သို့ကျွန်တော်ဆုံးဖြတ်ချက်ချပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သာလျှင် ဉာဏ်ပညာနှင့်သမ္မာတရားဖြစ်တော်မူသောကြောင့်၊ ကိုယ်တော်ကိုသာ ချဉ်းကပ်လိုပါ၏။

# ဉာဏ်ပညာရှိသောသူ

ပညာတတ်များက စာ၏အနက်ကိုမဖော်ပြနိုင်သောကြောင့် ဗေလရှာဇာ၏နန်းတော်တွင် ပြဿနာဖြစ်ပွားခဲ့၏။ လူအပေါင်းတို့သည် အံ့သြတွေဝေခြင်းရှိခဲ့ကြ၏။ ရှင်ဘုရင်သည် အလွန်စိတ်ပူပန်ခြင်းရှိ၍၊ မှူးမတ်တို့သည်လည်း မှိုင်တွေလျက်နေကြ၏။ ထိုအချိန်၌ ဒံယေလ၏ သာမန်ထက်လွန်ကဲသော တန်ခိုးကို သိနားလည်သောမယ်တော်မိဖုရားသည် ပေါ်လာ၍၊ ပညာတတ်အပေါင်းတို့ထက် သာလွန်သောဒံယေလကို ခေါ်ခြင်းငှါ၊ လူကိုစေလွှတ်ရန်အကြံပေးခဲ့၏။ ဒံယေလ၌ ဘုရားသခင်၏ဝိညာဉ်တော်ရှိတော်မူ၏။

ဉာဏ်အလင်း၊ အသိပညာနှင့်နားလည်သဘောပေါက်ခြင်းတို့သည် ဘုရားသခင်ထံမှ လာသောအရာများဖြစ်၏။ ဒံယေလသည် ဤအချိန်နာရီအတွက် အလွန်လိုအပ်သော ဘုရား၏လူဖြစ်ပါသည်။ သူသည် တိုင်းတပါးနိုင်ငံ၌ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသောသူဖြစ်သော်လည်း၊ ဘုရားသခင်၏အမှု၌ သစ္စာရှိသောသူဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၌ကိန်းဝပ်တော်မူ၏။ ဤအချက်သည် ဒံယေလနှင့်ခါလဒဲလူတို့ကို ခြားနားစေသောအချက်ဖြစ်ပါသည်။

အနာဂတ္တိဆရာ၊ ဗေဒင်အတတ်တို့အား ဆည်းပူးခြင်းသည် အလွန်မိုက်မဲသော၊ အလွန်ကြောက်စရာကောင်းသောအမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဤနတ်ဆိုးနှင့်ဆိုင်သော အမှုတို့ကို ကျွန်တော်ကိုးစားခြင်းရှိပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မျက်နှာတော်ကိုသာ အစဉ်ရှာပါမည်အကြောင်း မစတော်မူပါ။

## ဆုတော်လာဘ်တော်အဖို့မဟုတ်

ထိုသို့ပြဿနာကြုံတွေ့ရသောအချိန်၌ ထောင်လွှားမောက်မာသော ဗေလရှာဇာသည် ဒံယေလကိုခေါ်စေခဲ့၏။ ". . . ဒံယေလမှန်သလော" (ဒံ ၅း၁၃) ဟု ဗေလရှာဇာဆိုခြင်းကြောင့် ယခုတွေ့ဆုံခြင်းသည် ပထမအကြိမ်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ Whitcomb က "ဗေလရှာဇာသည် ဒံယေလအား အရင်ကမတွေ့မမြင်ဖူးဟူ၍ လုံးဝမထင်ရပါ။ အကြောင်းမူကား၊ လူတို့သည် မိမိစိတ်ဝင်စားခြင်းမရှိသောအရာနှင့် လူတို့ကို သတိမရတတ်၊ မေ့လျော့တတ်ကြ၏။ နေဗုခဒ်နေဇာကွယ်လွန်ပြီးနောက် ဒံယေလသည် မိမိ၏ရာထူးမှဖယ်ရှားခြင်းခံရခဲ့သည်ဟု ထင်ရပါသည်။ ထို့ကြောင့် ဒံယေလအား 'ဗာဗုလုန်ပညာရှိတို့ကို အုပ်စိုးသောဝန်' (ဒံ ၂း၄၈) ဟု နှုတ်မဆက်ဘဲ ဗေလရှာဇာသည် ဒံယေလအား 'ငါ့ခမည်းတော်ဘုရားသည် ယုဒပြည်ကသိမ်းယူတော်မူခဲ့၍၊ ယုဒလူစု၌ပါသော' (ဒံ ၅း၁၃) သူဟု နှုတ်ဆက်ခဲ့၏။ ဗေလရှာဇာကိုယ်တိုင်က သူ့အား ရာထူးမှ ဖယ်ရှားခဲ့သည်ဟုထင်ရပါသည်။ ယခုခက်ခဲသောအချိန်၌ သူသည် ဒံယေလအား အိပ်မက်အနက်ဖွင့်နိုင်သော ဉာဏ်ပညာကြောင့် ဆင့်ခေါ်ခြင်းဖြစ်နိုင်ပါသည်။"

လူတစ်ဦးသည် စစ်သုံ့ပန်း၊ ကျွန်၊ သာမန်လူဖြစ်လျက်ပင် "သင်သည် ဘုရားသခင်၏ ဝိညာဉ်နှင့်၎င်း၊ ထူးဆန်းသောပညာဉာဏ်သတ္တိနှင့်၎င်း၊ ပြည့်စုံသည်. . . သင်သည် အနက်များကို ဖော်ပြ၍၊ ပုစ္ဆာအမေးတို့ကို ဖြေနိုင်သည်. . ." (ဒံ ၅း၁၄-၁၆) ဟု နှုတ်ဆက်ခံရခြင်းသည် အလွန်ချီးမြှောက်ခြင်းမဟုတ်သလော။ ပညာရှိရှောလမုန်မင်းကြီးက "ငွေအရင်၊ ငါ့နည်းကို၎င်း၊ မြတ်သောရွှေအရင်၊ ပညာအတတ်ကို၎င်း ခံယူကြလော့။ အကြောင်းမူကား ပညာသည် ပတ္တမြားထက် သာ၍ မြတ်၏. . ." (သုတ္တံ ၈း၁၀-၁၁) ဟုမိန့်တော်မူ၏။

ဘုရား၏လူ ဒံယေလ၌ဘုရားသခင်၏ဝိညာဉ်တော်ရှိတော်မူ၏။ အိပ်မက်အနက်ဖွင့်နိုင်သော ဆုကျေးဇူးရရှိခဲ့၏။ ဒံယေလ၌ အလွန်ထူးဆန်းသော အသိဉာဏ်ရှိ၏။ ရှင်ဘုရင်သည် ဆုလာဘ်များစွာ ဒံယေလအား မက်လုံးပေးသော်လည်း ဒံယေလသည် ငွေနှင့်ဝယ်၍ရသောပုဂ္ဂိုလ်မဟုတ်ပါ။ ထို့ပြင်မိမိရရှိသော ဆုကျေးဇူးသည် ဘုရားသခင်ထံမှဖြစ်၏။ ထို့ကြောင့်မိမိတို့၏ နတ်ဆိုးအတတ်ဖြင့် ငွေကြေးရှာနေကြသော နန်းတော်ရှိမာကုပညာရှိအပေါင်းတို့နှင့် ဒံယေလသည် ခြားနားကြပါ၏။

ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးကို ငွေကြေးအကျိုးအမြတ် ရှာဖွေခြင်းအတွက် အသုံးမပြုခြင်း၄ါ အထူးသဖြင့် ဘုရားသခင်၏အမှုတော်ဆောင်များ သတိပြုကြပါစို့။ "ဆုတော်လာဘ်တော်ကို ကိုယ်တော်၌ရှိစေတော်မူပါ။ ပေးလိုသောအရာများကို အခြားသူအား ပေးသနားတော်မူပါ။ သို့သော်လည်း ရှေ့တော်၌ ထိုစာကိုဖတ်၍အနက်ကိုဖော်ပြပါမည်" (ဒံ ၅း၁၇)။

**ဆင်ခြင်ရန်** - ဒံယေလသည်ရှင်ဘုရင်၏ဆုလာဘ်ကို နောက်၌လက်ခံခဲ့၏။အဘယ့်ကြောင့်နည်း။

**ဆုတောင်းချက်** - အကျွန်ုပ်၏သင်းအုပ်ဆရာသည် မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့် မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ဖြင့် သိုးတို့ကိုပြုစုပါစေသော်။

စနေ၊ မေ (၅)
**ဒံ ၅း၁၈-၂၄**
သု ၁၅း၂၅-၂၆

*“မာနထောင်လွှားသောသူ၏အိမ်ကို ထာဝရဘုရားဖျက်ဆီးတော်မူမည်. . . ”*

## ပျက်စီးခြင်းအရင်မာနထောင်လွှားခြင်းရှိ၏

“ဖအေတူ” ဟူသောဆိုရိုးစကားရှိပါ၏။ နေဗုခဒ်နေဇာသည် မိမိခေတ်၌မာနထောင်လွှားသောရှင်ဘုရင်ဖြစ်ခဲ့ပါသည်။ ထိုနည်းတူ သားတော်ဗေလရှာဇာသည်လည်း မာနထောင်လွှားသောသူဖြစ်ပါ၏။ နေဗုခဒ်နေဇာသည် သားတော်ထက် နာမည်ကျော်ဇောခြင်း၊ ဘုန်းတန်ခိုးတို့၌ ပို၍သာ၏။ သူသည် ဗာဗုလုန်အင်ပါယာတည်ထောင်သောသူဖြစ်၍ ဗာဗုလုန်မြို့ကြီးကို တည်ဆောက်သောသူဖြစ်၏။ သူသည် မာနထောင်လွှား၍ စိတ်နှလုံးခိုင်မာခြင်းရှိသောအခါ ဘုရားသခင်သည် သူ့အား သင်ခန်းစာပေးခဲ့၏။ ထိုသင်ခန်းစာကို နေဗုခဒ်နေဇာသည် ကောင်းကောင်းသင်ယူခဲ့၏။ ထို့ကြောင့် ဘုရားသခင်သည် ဗာဗုလုန်နိုင်ငံအပါအဝင် တိုင်းနိုင်ငံအပေါင်းအပေါ်၌ အဆုံးစွန်အာဏာရှိသောသူဖြစ်တော်မူကြောင်းကို သိရှိနားလည်သောအခါ ဘုရားသခင်သည် သူ့အား ချမ်းသာ ပေးခဲ့၏။

ဗေလရှာဇာသည် ဘုန်းတော်တန်ခိုးနှင့် စွမ်းဆောင်မှုအရာတို့၌ ခမည်းတော်ကို လုံးဝမမှီပါ။ သို့သော်လည်း သူသည် မာနထောင်လွှား၍ မိမိကိုယ်ကို ချီးမြှောက်ခဲ့၏။ ဘုရားသခင်ကို အသိအမှတ်မပြုဘဲ၊ မိမိ၏ရုပ်တုဆင်းတုတို့ကို ကိုးစားခြင်းရှိခဲ့၏။ ခမည်းတော်အား မာနထောင်လွှားခြင်းကြောင့် ဘုရားသခင်သည် ဒဏ်ခတ်တော်မူကြောင်းကို သိသော်လည်း၊ ဗေလရှာဇာသည် သင်ခန်းစာမရခဲ့ပါ။ ဤသည်ကား သူ၏မဟာအမှားဖြစ်၏။ “သူသည် အဘိုးနေဗုခဒ်နေဇာကြုံတွေ့ခဲ့သော ခုနှစ်နှစ်စိတ်မူမမှန်ခြင်းအမှုဖြင့် ဘုရားသခင်သွန်သင်သော ဝိညာဉ်သင်ခန်းစာကို ငြင်းပယ်ခဲ့၏ (၅း၂၂)။ ထို့ပြင် ဗေလရှာဇာသည် ဣသရေလဘုရား၏ သန့်ရှင်းသောခွက်ဖလားတို့ကို ညစ်ညူးစေခဲ့ပါသည် (၅း၂၃)။ ထို့ကြောင့် သူခံရမည့်စီရင်ခြင်းနှင့် ပျက်စီးခြင်းသည် အတည်ဖြစ်၏၊ အကြောင်းမှာ သူ၏အသိစိတ်သည် လုံးဝမျှော်လင့်ချက်ကင်းမဲ့ခဲ့ပြီး၊ သူ၏စိတ်နှလုံးသည်လည်း ခိုင်မာခြင်းရှိသောကြောင့် ခွင့်လွှတ်ခြင်းလမ်းလုံးဝမရှိခဲ့ပါ” (John Whitcomb)။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်တို့အား ဤသို့သွန်သင်တော်မူ၏- “မာနသည် ပျက်စီးခြင်းအရင်၊ ထောင်လွှားသောသဘောသည် ရှုတ်ချခြင်းအရင်၌ နေရာကျတတ်၏” (သုတ္တံ ၁၆း၁၈)။ “ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နေ့ရက်ကာလသည်ကြီးမြင့်သောအရာနှင့် မို့မောက်သောအရာရှိသမျှတို့ကို ဆီးတား၍၊ သူတို့သည် နှိမ့်ချခြင်းရှိကြလိမ့်မည်” (ဟေရှာ ၂း၁၂)။ ဗေလရှာဇာသည် မိမိ၏မာနထောင်လွှားခြင်းနှင့် နောင်တမရခြင်းကြောင့်၊ အပြစ်ဒဏ်ခံရမည်ဖြစ်၏။ ခွင့်လွှတ်ခြင်းမခံရဘဲ ဘုရားသခင်၏ရှုတ်ချစီရင်ခြင်းကိုသာ ခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်အရာက ဗေလရှာဇာအား ဘုရားသခင်ထံမှ ထိုသို့လမ်းလွဲစေပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကြီးမြတ်သောလက်တော်အောက်၌ မိမိကိုယ်ကို နှိမ့်ချမည်အကြောင်း သွန်သင်တော်မူပါ။

## ထိတ်လန့်ခြင်းနှင့်စီရင်ခြင်း

နံရံမှလက်ရေး၏အနက်ကို ကြားနာခြင်းငှါ၊ စောင့်လျက်နေသော မာနထောင်လွှားသော ဗေလရှာဇာမင်းသည် အလွန်ထိတ်လန့်ခြောက်ခြားပါလိမ့်မည်။ ထိုသို့သောအခြေအနေသင်ကြုံတွေ့ခဲ့ပါသလား။ စာမေးပွဲအကြိမ်ကြိမ်ကျခဲ့ပြီးမှ အောင်စာရင်းစောင့်နေသောသူကဲ့သို့ဂင်း၊ ကင်ဆာရောဂါရှိမရှိ ဆန်းသပ်ခြင်းအဖြေစောင့်နေသောသူကဲ့သို့ဂင်း၊ စိုးရိမ်ထိတ်လန့်ခြင်း သင်ကြုံတွေ့ဖူးပါသလား။ စိုးရိမ်ပူပန်ခြင်းသည် ဒဏ်ခတ်ခြင်းထက် ပိုဆိုးလေ့ရှိ၏။

ဗေလရှာဇာ၏စိုးရိမ်ထိတ်လန့်ခြင်းအမှုသည် ပြစ်ဒဏ်ချမှတ်ခြင်းအားဖြင့် အဆုံးသတ်ခဲ့၏။ ထိုပြစ်ဒဏ်စီရင်ခြင်း၌ အပိုင်းသုံးပိုင်းတွေ့ရပါသည်။

(၁) မေနေမေနေ၊ “ကိုယ်တော်၏နိုင်ငံကိုဘုရားသခင်ရေတွက်၍ ဆုံးစေတော်မူ၏” (ဒံ ၅း၂၆)၊ သင်၏နန်းတက်ကာလနေ့ရက်ရေတွက်ခြင်းရှိ၍ ယခုအဆုံးသို့ရောက်လာခဲ့ပါသည်။

(၂) တေကလ၊ “ကိုယ်တော်ကိုချိန်ခွင်နှင့်ချိန်၍ လျော့ကြောင်းကို တွေ့မြင်တော်မူ၏” (ဒံ ၅း၂၇)။ Calvin က “လူတို့ကသင့်ကိုရိုသေလေးစားကြသောကြောင့်၊ သင်၏ဖြောင့်မတ်ခြင်းက သင့်ကို လွတ်စေမည်ဟု သင်ထင်၏၊ သင်သည် မိမိကိုယ်ကို လေးစားထိုက်သောသူဟုထင်၏။ သို့သော်လည်း သင်သည် လှည့်စားခြင်းခံရ၏။ အကြောင်းမှာ ဘုရားသခင်သည် ထိုသို့မစီရင်၊ ဘုရားသခင်သည် သာမန်ချိန်ခွင်ကို အသုံးပြုတော်မမူ၊ မိမိကိုယ်ပိုင်ချိန်ခွင်ကို အသုံးပြုတော်မူသောကြောင့် သင်သည် ပေါ့လျက်ရှိ၏” ဟုရှင်းပြခဲ့ပါသည်။

(၃) ဖေရက်၊ “နိုင်ငံတော်ကိုခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏” (ဒံ ၅း၂၈)။ “သင်၏တန်ခိုးကြီးသောဗာဗုလုန်နိုင်ငံကြီးသည် ကုရုမင်းလက်အောက်၌ အင်အားစုစည်းသော မေဒိနှင့်ပေရသိလူတို့က အဆုံးသတ်စေမည်ဖြစ်ပါသည်။”

### ဘုရားသခင်၏စီရင်ချက်သည်အတည်ဖြစ်၏

ဗေလရှာဇာအပေါ် ဘုရားသခင်၏စီရင်ချက်သည် နွေခေါင်ခေါင်မိုးကြိုးပစ်သကဲ့သို့ ကျရောက်လာပြီး၊ ထိုဒံယေလ၏ပြောကြားချက်ကို လက်မခံ၍မရပါ။ အကြောင်းမှာ ဘုရားသခင်ထံမှလာသော စီရင်ချက်ဖြစ်ကြောင်း သူသိခဲ့၏။ ထိုစီရင်ချက်မှ လုံးဝလွတ်လမ်းမရှိပါ။

ကျွန်တော်တို့သင်ခန်းစာယူရမည်မှာ မည်သူမဆို ဘုရားသခင်၏ချိန်ခွင်၌ချိန်ခြင်းခံရပါမည်။ သင်သည်လျော့လျက်နေပါမည်လော။ ဘုရားသခင်ရှေ့မှောက်၌ ကျွန်တော်တို့သည် ကောင်းမြတ်ပါသလား။ ခရစ်တော်မပါလျှင် ကျွန်တော်တို့သည်ကောင်းမြတ်ခြင်းမရှိ။ ခရစ်တော်နှင့်အတူရှိတော်မူလျှင် ကောင်းမြတ်ခြင်းရှိ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်စီရင်တော်မူသောအခါ အကျွန်ုပ်သည် တန်ဖိုးရှိပါမည်လော။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့်၊ မိမိကိုယ်ကို စီရင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ မေ (၇)

**ဒံ ၅း၃၀-၃၁**

ဆာလံ ၁၁၉း၁၂၅၊ ၁၃၀

*"အကျွန်ုပ်သည်ကိုယ်တော်၏ကျွန်ဖြစ်ပါ၏။*
*နားလည်နိုင်သောဉာဏ်ကို ပေးသနားတော်မူပါ. . . "*

## ဘုရားသခင်၏နှုတ်ကပတ်တော်သည်မှန်ကန်တိကျမှုရှိ၏

ယနေ့ခေတ်သမ္မာကျမ်းစာကိုဝေဖန်သော ပညာရှင်တို့က သမ္မာကျမ်းစာ၌တွေ့ရသော အကြောင်းအရာတို့သည် မှန်ကန်မှုမရှိဟုဆိုကြ၏။ ဥပမာအားဖြင့် ဗာဗုလုန်သည် သမိုင်းအထောက်အထားအရ စစ်ပွဲအားဖြင့်ကျဆုံးခြင်းမဟုတ်ဟု ဆိုကြပြီး၊ ဒံယေလ ၅း၃၀ သည် မှန်ကန်မှုမရှိဟု ဆိုကြ၏။ သို့သော်လည်း ဤကျမ်းပိုဒ်၌ ပြဿနာမတွေ့ရပါ။ အကြောင်းမှာ ဤကျမ်းပိုဒ်က စစ်ပွဲရှိသည်ဟု ဖော်ပြမထားပါ။ ဗေလရှာဇာသည် ထိုည၌သေဆုံးကြောင်းအချက်ကို ရိုးရှင်းစွာဖော်ပြခြင်းသာ ဖြစ်ပါသည်။

ခွန်အားကြီးသောဗာဗုလုန်အင်ပါယာကို တိုက်လှန်နိုင်သောအင်အားသည် အဘယ်အင်အားဖြစ်ပါမည်နည်း။ Xenophon က ဗာဗုလုန်မြို့အလယ်မှ စီးဆင်းသောမြစ်သွေဖယ်ခြင်းအကြောင်းကို ဖော်ပြခဲ့၏။ ဗာဗုလုန်လူတို့ ပျော်ပါးစွာသောက်စားလျက် ပွဲလုပ်သောည၌၊ ကုရုမင်းသည် ထိုမြစ်စီးဆင်းခြင်းကို သွေဖယ်စေခဲ့ပြီး၊ မြို့ထဲသို့ဝင်ခြင်းငှါ လမ်းကြောင်းထွင်ခဲ့၏။ သူတို့အထဲမှ Gobryas ဆိုသောပုဂ္ဂိုလ်သည် နန်းတော်ထဲသို့ဝင်လျက် ဆိုးသွမ်းသောထိုဘုရင်ကို သတ်ဖြတ်ခဲ့၏ (E.J. Young)။

ထိုသို့ဖြင့် မေဒိအမျိုးဒါရိမင်းသည် အသက် ၆၂ နှစ်တွင် နိုင်ငံတော်ကို သိမ်းယူခဲ့၏ (ဒံ ၅း၃၁)။ Whitcomb ၏ရှင်းပြချက်သည် မှတ်သားလောက်ပေ၏- "ဤပုဂ္ဂိုလ်သည်မည်သူနည်း။ ယနေ့ခေတ်ကျမ်းစာကိုမယုံကြည်သော ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤသူသည်လူပုဂ္ဂိုလ်မဟုတ်၊ အတွေးပုံရိပ်သာလျှင်ဖြစ်ပါသည်ဟုဆိုကြသည်။ သို့သော်လည်း ဘုရားသခင်သည် မမှားယွင်းနိုင်သောမိမိ၏နှုတ်ကပတ်တော်၌ ထိုသို့သောသမိုင်းကြောင်းအမှားကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း ကျွန်တော်တို့သေချာလှပါ၏။ 'ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၍. . . '။

အင်္ဂလန်မှပရော်ဖက်ဆာ H. H. Rowley က မေဒိအမျိုးဒါရိမင်းနှင့်ပတ်သက်၍ ခရစ်ယာန် တို့၏ယုံကြည်ချက်ကိုဖျက်ဆီးခြင်းငှါ ကြိုးစားလုပ်ဆောင်ခဲ့၏။ မေဒိအမျိုးဒါရိအကြောင်းသူရေးသားသော စာအုပ်ထဲ၌ စာဖတ်သူတို့အားဤသို့သေချာဆိုခဲ့၏. . . အမှားများစွာရှိသော်လည်း ဘုရားသခင်သည် ဒံယေလအနာဂတ္တိကျမ်းအားဖြင့် စကားပြောနေသေး၏. . . များစွာသော၊ ထင်ရှားသော စာရေးဆရာတို့သည် ဒံယေလအနာဂတ္တိကျမ်းမှ များစွာသောသမိုင်း အကြောင်းအရာတို့ကို ငြင်းပယ်ခဲ့ကြ၏ဟုဆိုခဲ့၏. . . သို့သော်လည်း သခင်ယေရှုခရစ်တော်က ဧမောက်သို့သွားရာလမ်း၌ တပည့်တော်နှစ်ပါးတို့အား 'ပရောဖက်ဟောပြောသောစကားများကို ယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်ခိုင်မာ သောသူတို့. . . ' (လုကာ ၂၄း၂၅)ဟု ဆုံးမခြင်းအမှုအားဖြင့် ပရောဖက်ဟောပြောချက်ကို မှန်ကန်ခြင်းရှိကြောင်း ဖော်ပြခဲ့၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်တို့၏သခင်သည် ဓမ္မဟောင်း၌တွေ့ရသော သမိုင်းအကြောင်းအရာများကို မေးခွန်းမထုတ်လျှင် ထိုသို့ပြုခြင်းငှါကျွန်ုပ်တို့သည် မည်သူဖြစ်သနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နှစ်သက်ယုံကြည်လျက် အစဉ်စောင့်ရှောက်မည်အကြောင်း မစတော်မူပါ။

## ဒံယေလသည်ချီးမြှောက်ခြင်းခံရပြန်၏

သမိုင်းကြောင်းဘီးသည် ရှေ့သို့လည်လျက်ရှိ၏။ ထိုလမ်းကြောင်းကို အဘယ်အရာကမျှ မတားဆီးမပြောင်းလဲနိုင်ပါ။ မနေ့ညဦ၌ရှင်ဘုရင်ဗေလရှာဇာသည် မိမိမှူးမတ်တို့နှင့်တကွ ပွဲတော်ကျင်းပကြ၏။ ယနေ့တွင် သူသည်ကျဆုံးခဲ့ပါသည်။ မိမိနေရာ၌ အသစ်သောရှင်ဘုရင်ဒါရိမင်းနန်းတက်ခဲ့၏။ လူ့ဘဝသည် မသေချာလှပါတကား။ "နက်ဖြန်နေ့၌အဘယ်သို့ဖြစ်မည်ကို သင်တို့မသိကြ။ သင်တို့အသက်သည် အဘယ်သို့သောအရာဖြစ်သနည်း။ ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သောအခိုးအငွေ့ဖြစ်၏" (ယာကုပ် ၄း၁၄)။

ဒါရိသည်မည်သူနည်း။ ဤမေးခွန်းသည် သမိုင်းကြောင်း၌ ဖြေရှင်း၍မရသော ပုစ္ဆာတစ်ခုဖြစ်ပါ၏။ ဒံယေလအနာဂတ္တိကျမ်းထဲ၌တွေ့ရသော မှတ်တမ်းသည် အဘယ်သမိုင်းမှတ်တမ်းနှင့်မျှမတူညီပါ။ သို့သော်လည်း ဒံယေလရေးသားချက်သည် မှန်ကန်ကြောင်း ကျွန်တော်တို့ယုံကြည်ပါ၏။ တစ်နေ့တွင် အမှန်တရားအလင်းသည် ထင်ရှားပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမှန်တည်၏။ လူတို့သည် သံသယဝင်ကြသော်လည်း အဘယ်သူကမျှငြင်းပယ်ဖယ်ရှား၍မရပါ။

ယခုအသစ်သောအစိုးရလက်ထက်၌ ဒံယေလသည် ချီးမြှောက်ခြင်း ပြန်၍ခံရခဲ့၏။ "ဗေလရှာဇာ၏ ကျဆုံးခြင်းအကြောင်း နံရံပေါ်မှလက်ရေးကို ဒံယေလအနက်ဖွင့်သောအခါ သံသယမရှိဘဲ မေဒိပေရသိအစိုးရသစ်သည် သူ့အားချီးမြှောက်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ဗာဗုလုန်၏ နောက်ဆုံးရှင်ဘုရင်နှင့်ဗာဗုလုန်လူထုအများစုသည် ဒံယေလအားနှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့ကြသော်လည်း ဘုရားသခင်သည် မိမိ၏အုံ့ဖွယ်ပြုစုစောင့်ရှောက်ခြင်းအားဖြင့် မိမိ၏သစ္စာရှိသော ပရောဖက်ကို သူခံထိုက်သောချီးမြှောက်ခြင်းခံစေခြင်းဖြစ်ပါသည်" (Whitcomb)။

ဒံယေလသည် အလွန်အသက်ကြီးနေပြီဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်ခြင်းကြောင့်ရှိသေချီးမြှောက်ခြင်းခံရခြင်းဖြစ်ပါသလား။ အချို့သောလူတို့သည် အသက်အရွယ်ကြီးရင့်ခြင်းကြောင့် ရိုသေလေးစားခြင်းခံရကြသော်လည်း၊ ဒံယေလသည်ထိုသို့မဟုတ်ပါ။ သူသည်ငယ်ရွယ်စဉ်ကပင် ရိုသေချီးမြှောက်ခြင်းကိုခံခဲ့ရ၏။ ငယ်ရွယ်သောအချိန်မှစ၍ ဒံယေလသည် ဘုရားသခင်၏အမှုကိုထမ်းရွက်ရန်နှင့် သန့်ရှင်းသောပညတ်တော်တို့ကို လိုက်လျှောက်ရန် စိတ်နှလုံးပြင်ဆင်ခဲ့၏။ ဣသရေလ၏ဘုရားသခင်ထာဝရဘုရားက ". . . ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်။ ငါ့ကိုမထီမဲ့မြင်ပြုသောသူတို့သည် ဂုဏ်အသရေပျက်ရကြလိမ့်မည်" (၁ ရာ ၁း၃၀) ဟုမိန့်တော်မူ၏။

ရိုသေချီးမြှောက်ခြင်းသည် အသက်အရွယ်အားဖြင့် ရရှိခြင်းမဟုတ်ဘဲ ဘုရားသခင်ထံမှဖြစ်၏။ ရိုသေချီးမြှောက်ခြင်းခံရဖို့ရန်ဘုရားသခင်ကို အကျွန်ုပ်တို့အသက်တာ၌ ပထမနေရာပေးရပါမည်။ ချစ်သောစာဖတ်သူ၊ ဒံယေလ၏အသက်တာကို အတုယူ၍ ဘုရားသခင်၏ချီးမြှောက်ခြင်းကို ရယူပါလော့။

**ဆင်ခြင်ရန်** - ဗေလရှာဇာသည် အခွင့်အရေးရဖို့ရန်ထိုက်တန်ပါသလား။ ကျွန်တော်သဘောတူပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် တရားသူကြီးဖြစ်၍၊ ကိုယ်တော့်ထံအကျွန်ုပ်ဆက်ကပ်ပါ၏။

ဗုဒ္ဓဟူး၊ မေ (၉)
**ဒံ ၆း၄-၉**
ဆာလံ ၂၆



## မနာလိုခြင်းနှင့်အကောက်ကြံခြင်း

လူ၏စိတ်နှလုံးသည် မနာလိုခြင်း၏လွှမ်းမိုးခြင်းခံရသောအခါ အကန့်အသတ်မရှိ အကောက်ကြံခြင်းနှင့် ပြဿနာရှာခြင်းအမှုကိုပြုတတ်၏။ ဒါရိမင်းသည် မြို့ဝန်တစ်ရာနှစ်ဆယ်ခန့်ထားပြီး၊ သူတို့အပေါ်၌ ဝန်ကြီးသုံးပါးခန့်ထားခဲ့၏။ ထိုဝန်ကြီးတို့တွင် ဒံယေလသည်အကြီးဆုံးဖြစ်၏။ သေချာသည်မှာ ဒံယေလသည် အခြားဝန်ကြီးနှစ်ဦးထက် ပို၍ထင်ရှားကျော်ကြား၏။ ထို့ကြောင့် အမှုခပ်သိမ်းကိုစီရင်ခြင်းငှါ ရှင်ဘုရင်သည် ထိုသို့ချီးမြှောက်ခြင်းဖြစ်၏။ ထို့ကြောင့်အခြားဝန်ကြီးတို့သည် မနာလိုခြင်းရှိ၍မြို့ဝန်တို့အား စည်းရုံးခဲ့ကြသည်ဟုထင်ရပါ၏။ ဤသို့ဖြင့် သူတို့သည် ဒံယေလကိုဖယ်ရှားခြင်းငှါ ကြံစည်ခဲ့ကြ၏။

ဒံယေလသည် အခြားသောသူများနှင့်မတူညီဘဲ အဘယ့်ကြောင့်ထူးခြားပါသနည်း။ ". . . ထူးဆန်းသောဉာဏ်နှင့်ပြည့်စုံ" (ဒံ ၆း၃) သည်ဟုဖော်ပြထား၏။ ဒံယေလသည် ဆုံးဖြတ်ချက်ခိုင်မာသောသူ၊ ကြိုးစားအားထုတ်သောသူ၊ ဘုရားသခင်ကိုကြောက်ရွံ့သောသူဖြစ်ကြောင်း ကျွန်တော်တို့သိပါ၏။ သို့သော်လည်း သူ၏ထူးခြားသောလက္ခဏာဟူမူကား၊ သူ၌ဘုရားပေးသော ဉာဏ်ပညာရှိခြင်းဖြစ်ပါသည်။

Calvin က "မှတ်သားလောက်သော ဉာဏ်ပညာရှိသောသူတိုင်း အခွင့်အာဏာအစဉ်ရရှိကြသည်မဟုတ်ပါ" ဟုမှတ်ချက်ပြုခဲ့၏။ ကျွန်တော်တို့သည် ဤလောကီလူသားတို့အမှု၌ ဘုရားသခင်၏လက်တော်ကို မြင်တွေ့သင့်ပါသည်။ ဘုရားသခင်သည် ဒံယေလထံ၌ မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ပေးတော်မူ၏။ ဟေဗြဲ ၁၁း၃၃ ထဲတွင် ဖော်ပြသော ယုံကြည်ခြင်းသူရဲကောင်းများထဲ၌ (နာမည်အားဖြင့်မဖော်ပြသော်လည်း) ဒံယေလပါရှိသည်ဟု ယုံကြည်ရပါသည်။ ဒံယေလသည် ဘုရားကိုကြောက်ရွံ့သောသူ၊ ဘုရားသခင်ကို နာခံ၍နာမတော်ကို ရိုသေလေးစားသောသူ ဖြစ်ကြောင်း သေချာလှပါသည်။ ထို့ကြောင့် ဘုရားသခင်က "ထူးဆန်းသောဉာဏ်" ပေးတော်မူခြင်းအမှု၌ အံ့သြစရာမရှိပါ။ ဤအချက်က သူ့ကိုထူးခြားထင်ရှားစေခြင်းဖြစ်၏။

ခရစ်ယာန်တို့သည် မယုံကြည်သူပြိုင်ဘက်များကို ကျော်လွန်သောအခါ၊ ပြဿနာရှိတတ်၏။ ဆန့်ကျင်သောသူတို့သည် ဒံယေလအားဆွဲချနိုင်ခြင်းငှါ အမျိုးမျိုးကြံစည်ကြသော်လည်း၊ သူသည်အဘက်ဘက်၌အပြစ်ရှာမရလောက်အောင် အကျင့်စာရိတ္တကောင်းသူဖြစ်၏။ ဒံယေလ ၆း၅ ကိုဖတ်ပါလော့။ ဤကျမ်းပိုဒ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောဒံယေလ၏ဖြောင့်မတ်ခြင်းအကျင့်ကိုဖော်ပြသော သက်သေဖြစ်ပါသည်။

ဒံယေလပြုသောအမှုတိုင်းသည် ဥပဒေနှင့်ကိုက်ညီမှုရှိ၍ အပြစ်တင်ခွင့်နှင့်ကင်းလွတ်၏။ ဘုရားသခင်ကိုးကွယ်ခြင်းနှင့်ပတ်သက်၍၊ အသစ်သောဥပဒေပြဋ္ဌာန်းမှသာလျှင် အပြစ်တင်ခွင့်ရရှိနိုင်မည်ဖြစ်၏။ ဤအချက်ကို အကောက်ကြံသောသူတို့သည် ကောင်းကောင်းသိ၏။ ထို့ကြောင့် သူတို့သည် လျှင်မြန်စွာလှုပ်ရှား၍၊ သေသေချာချာစီစစ်ခြင်းမပြုသော ရှင်ဘုရင်အား သေခြင်းနှင့်ဆိုင်သော ဥပဒေကိုပြဋ္ဌာန်းစေခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ရှေ့တော်၌ အကျွန်ုပ်သည် မည်သို့ထူးခြားထင်ရှားနိုင်ပါမည်နည်း။
**ဆုတောင်းချက်** - (ဆာလံ ၂၆း၁၁ ကိုအသုံးပြုပါ)။

## ဆန်းစစ်ခြင်း

အလွန်ကောက်ကျစ်ပါးနပ်သောထောင်ချောက်- ရက်ပေါင်း ၃၀ အတွင်း ရှင်ဘုရင်ထံမှတပါး၊ အဘယ်တောင်းလျှောက်ခြင်းဆုတောင်းခြင်းမျှမပြုရ။ ပြစ်ဒဏ်- ခြင်္သေ့တွင်းထဲသို့ပစ်ချခြင်း။ ဝန်ကြီးများ၊ မှူးမတ်များနှင့်မြို့ဝန်များတို့သည် မိမိကိုယ်ကိုတော်လှသည်ဟု အချင်းချင်းချီးမြှောက်လျက်၊ ပျော်ရွှင်ဝမ်းမြောက်နေကြပါလိမ့်မည်။ ယခုတွင် ဒံယေလသည် အဆုံးသတ်ပါပြီဟုသူတို့ထင်ကြ၏။

ထူးခြားဆန်းသစ်သောဥပဒေသည် လုံးဝပြောင်းလဲပြင်ဆင်၍မရအောင် တံဆိပ်ခတ်အမိန့်ထုတ်ခဲ့လေပြီ။ မတုန်လှုပ်သည့်တိုင် ဒံယေလသည် အံ့သြခြင်းရှိပါလိမ့်မည်။ ဤအမိန့်တော်သည် လူတိုင်းလိုက်နာရမည့် ဘုရင့်အမိန့်တော်ဖြစ်၏။ ဒံယေလသည် ရာထူးကြီးမြင့်သောသူဖြစ်သော်လည်း ဤဥပဒေနှင့်ကင်းလွတ်သောသူမဖြစ်ပါ။ ဤဥပဒေချိုးဖောက်ခြင်း၏အကျိုးဆက်ကို သူကောင်းကောင်းသိပါ၏။ ပြစ်ဒဏ်နှင့်ပြစ်ဒဏ်စီရင်နည်းကိုလည်း သူသိပါ၏။ ဤအကြောင်းများကို ဒံယေလစိတ်ထဲ၌ မတွေးတောဘဲမနေဟု ကျွန်တော်ထင်ပါသည်။

သင်သည်ဒံယေလနေရာ၌ရှိခဲ့လျှင် ဘာလုပ်မည်နည်း။ အဘယ်လွတ်လမ်းကို သင်ရှာကြံပါမည်နည်း။ နေမကောင်းဟုဆိုလျက် ရက်ပေါင်း ၃၀ လုံးလုံးဆေးရုံတက်ပါမည်လော။ အခြားနိုင်ငံသို့ ခရီးထွက်ပါမည်လော။ ခိုင်မာသောအကြောင်းပြချက်နှင့်တကွ ရှင်ဘုရင်အား တောင်းလျှောက်ခြင်းပြုပါမည်လော။ ဘုရားသခင်ထံမှ ရက်ပေါင်း ၃၀ ခွင့်ယူ၍ ဆုမတောင်းဘဲနေမည်လော။ အရိုးရှင်းဆုံးပြောရလျှင် ပြတင်းပေါက်ပိတ်လျက် တိတ်တဆိတ်ဆုတောင်းပါမည်လော။ ဤအချက်များသည် တွေးတောစရာအချက်များဖြစ်ပါသည်။ အဘယ်အချက်ကိုသင်သဘောကျပါသနည်း။

ဒံယေလ ၆း၁၀ ကိုပြန်၍ဖတ်ပါလော့။ အသစ်သောဥပဒေကို ဒံယေလကြားသိသောအခါ မိမိအိမ်သို့သွား၍ အစဉ်ပြုသည်နည်းတူ ဘုရားသခင်ကိုကိုးကွယ်ခဲ့၏။ ပြတင်းပေါက်များကိုဖွင့်လျက် "... အထက်ပြုလေ့ရှိသည်အတိုင်း၊ တစ်နေ့သုံးကြိမ်ဒူးထောက်လျက် ဘုရားသခင်ကိုဆုတောင်း၍၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းလေ၏။"

အဘယ့်ကြောင့်ဒံယေလသည် ငြိမ်သက်စွာနေနိုင်ပါသနည်း။ လောကီလူအနေဖြင့် မိမိပြဿနာရှာခြင်းသည် အလွန်မိုက်မဲသောအမှုဖြစ်ပါသည်။ သို့သော်လည်းဒံယေလသည် လောကီနှင့်ဆိုင်သောလူမဟုတ်ပါ။ ဘုရားသခင်သည်သူနှင့်အတူရှိတော်မူ၏။ ဘုရားသခင်နှင့်ရင်းနှီးကျွမ်းဝင်ခြင်းရှိသောသူဖြစ်၏။ သူ့အဖို့ဘုရားသခင်သည် သစ္စာရှိသောဘုရားဖြစ်၏။ နေဗုခဒ်နေဇာ၏အိပ်မက်အနက်ဖွင့်ခြင်း၌ ဘုရားသခင်သည် သူ့ကိုဖော်ပြခဲ့သည်မဟုတ်လော။ မီးထဲမှသူ၏သူငယ်ချင်းသုံးယောက်ကို ဘုရားသခင်ကယ်နှုတ်ခဲ့သည်မဟုတ်လော။ ယုံကြည်ခြင်းကဒံယေလအား၊ သင်၏ဘုရားသခင်သည် တတ်နိုင်တော်မူ၏၊ သင်ကိုးစားထိုက်သောဘုရားဖြစ်တော်မူ၏ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းဝင်လာသောအခါ၊ ကြောက်ရွံ့ခြင်းသည် ထွက်သွား၏။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်၏ကြောက်ရွံ့ခြင်းကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ကို ကိုးစားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မေ (၁၁)
**ဒံ ၆း၁၀-၁၁**
ဆာလံ ၂၇း၁-၉

*"ထာဝရဘုရားသည် ငါ၏အလင်း၊
ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။
ငါသည်အဘယ်သူကို ကြောက်ရအံ့နည်း. . . "*

---

# ဒံယေလ၏ဆုတောင်းခြင်းအကျင့်

ဒံယေလ၏ဆုတောင်းခြင်းကို ပြန်၍သုံးသပ်ကြပါစို့။ အကျွန်ုပ်တို့အတွက် သင်ယူစရာများ ရှိပါသည်။

၁။ **<u>ပုံမှန်နေ့စဉ်အကျင့်</u>-** ဒံယေလသည်ပြဿနာကို တည်ငြိမ်စွာရင်ဆိုင်ခဲ့၏။ ကြောက်ရွံ့ ပူပန်ခြင်းမရှိဘဲ မိမိပြုနေကျနေ့စဉ်အကျင့်အတိုင်း၊ ဆုတောင်းရာအခန်းထဲ၌ ခိုလှုံခြင်းရှာဖွေခဲ့၏။ ဤသည်ကား ကျွန်ုပ်တို့အတွက် သာဓကကောင်းဖြစ်ပါသည်။ ဘုရားသခင်ထံ ဒူးထောက်ဆုတောင်းခြင်းငှါ ပြဿနာရောက်ရှိမည့်အချိန်ကိုမစောင့်ပါနှင့်။ နေ့စဉ်ကျွန်တော်တို့ဆုတောင်းခြင်းကို ပြုကြရပါမည်။ သို့ဆိုလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြီးထွားမည်ဖြစ်၏။ ယနေ့စတင်ပါလော့။

၂။ <u>ယေရုရှလင်မြို့သို့မျက်နှာပြု၍</u>- အဘယ့်ကြောင့် ထိုသို့ "မျက်နှာမူ" ဆုတောင်းခြင်း လိုအပ်ပါသနည်း။ ယေရုရှလင်ဘက်သို့မျက်နှာမမူဘဲ ဆုမတောင်းနိုင်သလော။ တိုင်းတပါး၌ ကျွန်ကျခံရသော ဒံယေလနှင့်ယုဒလူတို့အဖို့ ထိုသို့ပြုရသောအကြောင်းရင်းရှိ၏။ ယေရုရှလင်ဗိမာန်တော်အနုမောဒနာပြုသောအချိန်၌ ရှောလမုန်သည် ဣသရေလကျွန်ကျခံရမည့်အကြောင်းနှင့် ဘုရားသခင်၏ရွေးနုတ်ခြင်းအကြောင်းကို ကြိုတင်သိမြင်ခဲ့၏။ ထို့ကြောင့် ကျွန်ကျခံရသော အရပ်၌ ဘုရားသခင်ထံ ပြန်လှည့်ကြခြင်းငှါ မိမိလူတို့အဖို့ ဤသို့ဆုတောင်းခဲ့၏- ". . . ဘိုးဘေးတို့အား ပေးတော်မူသောပြည်၊ ရွေးတော်မူသောမြို့ နာမတော်အဖို့ အကျွန်ုပ်တည်ဆောက်သောအိမ်တော်ကို မှီခိုလျက် ဆုတောင်းလျှင်. . . "(၃ ရာ ၈း၄၈)။ ယေရုရှလင်သို့မျက်နှာမူခြင်းသည် ယုဒလူတို့အား ဘုရားပေးသော အမွေတော်ကိုအောက်မေ့ခြင်းငှါဖြစ်၏။ ယေရုရှလင်မြို့နှင့်ဗိမာန်တော်သည် ပျက်စီးလျက်နေသော်လည်း ဒံယေလ၏ယုံကြည်ခြင်းသည် မယိုင်မလဲတည်လျက်ရှိ၏။ ယုံကြည်ခြင်းရှိ၍၊ ယေရုရှလင်သည် ဘုရားသခင်ကျိန်းဝပ်တော်မူရာဖြစ်ကြောင်း သေချာသိခဲ့၏။ ယနေ့အကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်တော်ဘက်သို့ အစဉ်တည်နေရပါမည်။

၃။ <u>တစ်နေ့သုံးကြိမ်</u>- ဒါဝိတ်၏ဆာလံအရ ဤအကျင့်သည် ကောင်းသောအကျင့်ဖြစ်၏- "ငါမူကား ဘုရားသခင်ကိုပဌနာပြု၍၊ ထာဝရဘုရားသည် ကယ်တင်တော်မူသည်။ ညဦးအချိန်၊ နံနက်အချိန်၊ မွန်းတည့်အချိန်တို့၌ ငါသည် ညည်းတွားမြည်တမ်း၍ ငါ၏အသံကိုကြားတော်မူမည်" (ဆာ ၅၅း၁၆-၁၇)။

၄။ <u>ကျေးဇူးတော်ချီးမွမ်းခြင်း</u>- အဆင်ပြေသောအချိန်၌သာမက ခက်ခဲသောအချိန်၌လည်း ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြပါစို့။ ". . . အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်. . . " (ဖိ ၄း၆)၊ "အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့" (၁ သက် ၅း၁၈)။ ကျေးဇူးတော်ချီးမွမ်းခြင်းသည် ဘုရားသခင်ကို ရိုသေလေးစားရာရောက်၏။

သူ၏ရန်သူတို့သည် ရှင်ဘုရင်ရှေ့၌ စွပ်စွဲခြင်းပြုကြသောအခါ ဒံယေလသည် ဘုရားသခင်ရှေ့တော်၌ဒူးထောက်ဆုတောင်းခဲ့၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဆုတောင်းခြင်းအသက်တာမည်သို့ရှိသနည်း။
**ဆုတောင်းချက်** - (ဆာလံ ၁၁၂း၇ ကိုအသုံးပြုပါ)။

## မြန်ဆန်သောစီရင်ချက်

သက်သေသည် ငြင်းဖွယ်ရာမရှိ၊ ခိုင်လုံခြင်းရှိ၏။ စီရင်ချက်ချခြင်းငှါ ပြင်းထန်စွာ တိုက်တွန်းနှိုးဆော်ကြ၏။ စွပ်စွဲခြင်းပြုသော လူအုပ်ကြီးသည် ဒံယေလအား “အမှုပြုစဉ်” ဖမ်းဆီးခြင်းငှါ စောင့်ကြည့်နေကြပါလိမ့်မည်။ ယခုသူတို့သည် ရှင်ဘုရင်ရှေ့မှောက်၌ ရောက်ရှိလာကြ၏။ သွေးဆာနေသော လူအုပ်ကြီးသည် ဒံယေလ၏ နောက်ဆုံးခရီးကို မြင်ရခြင်းငှါ ရောက်ရှိလာကြ၏။

စွပ်စွဲခြင်းပြုသောသူတို့၏ ဆိုးသွမ်းကြမ်းကြုတ်သောအမူအကျင့်ကို ဒံယေလ ၆း၁၃ ထဲ၌ တွေ့ရ၏- “. . . ယုဒပြည်ကသိမ်းယူခဲ့သော ယုဒလူမျိုးဒံယေလ. . . ” ဟု ဖော်ပြခဲ့၏။

ဒံယေလအပေါ်ထားရှိသော သူတို့၏အဆိပ်ပြင်းသောအမုန်းတရားကြောင့် သူတို့သည် ဒံယေလ၏ ဂုဏ်ရာထူး၊ ဝန်ကြီးသုံးဦးထဲမှ အကြီးအကဲဖြစ်ခြင်းကို လျစ်လျူရှုခဲ့ကြ၏။

“ယုဒအမျိုးဒံယေလ” ဟုရည်ညွှန်းခြင်းသည် မထီမဲ့မြင်ပြုခြင်းဖြစ်ပါသည်။ ဒံယေလ၏ ကြီးမြတ်သောဂုဏ်ရာထူးကို အသိအမှတ်ပြုမည့်အစား၊ သူတို့သည် ဒံယေလအား တိုင်းတပါးသားကျွန်တစ်ဦးမျှသာဖြစ်၍ ဘုရင့်နန်းတော်အတွက် သိက္ခာကျစရာလူဖြစ်ကြောင်း ရှင်ဘုရင်အား ကြားလျှောက်ကြ၏။

အလွန်ဆိုးယုတ်သော စွပ်စွဲဆန့်ကျင်သောလူအုပ်ကြီးပါတကား။

သင့်အလုပ်၌ ထိုသို့သောလူကို သင်ကြုံတွေ့ဖူးပါသလား။ သင့်အိမ်၌ (သို့မဟုတ်) အသင်းတော်၌ ထိုသို့သောလူရှိနိုင်ပါသည်။ ထိုသို့ကြုံတွေ့သောအခါ သင်ဘာပြုခဲ့ပါသနည်း။ ဘုရားသခင်သည် သင့်အားမည်သို့ပြုစေလိုသည်ဟု ထင်ပါသနည်း။

**ဆင်ခြင်ရန်** - (ဆာလံ ၂ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ မုန်တိုင်းထန်သောအချိန်၌လည်း ကိုယ်တော်ကိုသာမျှော်လင့်မည်အကြောင်း မစတော်မူပါ။

## အစောတလျင်ပြစ်ဒဏ်ပေးခြင်း

ဒါရိမင်းသည် မိမိပြုသောမိုက်မဲသောအမှုမှ ရုတ်တရက်နိုးထခဲ့၏။ ဒံယေလကို သနားခြင်း ရှိသော်လည်း၊ ဥပဒေကို ပြောင်းလဲ၍မရပါ။ သူသည်ဒံယေလပြစ်ဒဏ်မခံစေခြင်းငှါ အဘယ်အမှုမျှ မပြုနိုင်ပါ။ သို့သော်လည်း ဒါရိမင်းသည် ဒံယေလကိုကယ်တင်ခြင်းငှါ အစွမ်းကုန်ကြိုးစားခဲ့၏။ သို့သော်လည်း အရာမရောက်ပါ။ မိမိပြုခဲ့သောအရာအတွက် သူသည်အလွန်နောင်တရခဲ့၏။ ပြစ်ဒဏ်ချမှတ်ခြင်းကို တစ်ရက်နောက်ဆုတ်မည်အကြံရှိနိုင်သော်လည်း၊ ဒံယေလ၏ရန်သူတို့သည် ထိုသို့အခွင့်လုံးဝပေးမည်မဟုတ်ပါ။

ပြစ်ဒဏ်ချမှတ်ခြင်းကို နေ့ချင်းဆောင်ရွက်ရမည်ဟု မေဒိပေရသိဥပဒေ၌ရှိကြောင်း ထင်ရှားလှပါ၏။ နေမဝင်မီ စွပ်စွဲသောသူတို့သည် ဒါရိမင်းထံလာ၍ ပြစ်ဒဏ်စီရင်ခြင်းကို ဆောင်ရွက်ခြင်းငှါ နှိုးဆော်ကြ၏။

ခြင်္သေ့တွင်းသို့ ဒံယေလအားခေါ်ဆောင်စဉ် ဒါရိမင်းက သမ္မာတရားနှင့်ဆိုင်သော ဤစကားကိုမိန့်ဆိုခဲ့၏- "သင်မပြတ်ကိုးကွယ်သောဘုရားသခင်သည် သင့်ကိုကယ်လွှတ်ပါစေ" (ဒံ ၆း၁၆)။ ဒံယေလအားဖြင့် ဘုရားသခင်ပြုတော်မူသော နိမိတ်လက္ခဏာများကို သူသည်ကြားဖူးခဲ့သည်ဟုထင်ရပါသည်။ သူ၏စိတ်နှလုံးထဲ၌ မျှော်လင့်ချက်အနည်းငယ်ရှိခဲ့ပါသည်။

ဒံယေလသည် ရှင်ဘုရင်နှင့်ဆက်ဆံခြင်းအမှု၌ သူ၏အကျင့်အားဖြင့် ဒါရိမင်း၏စိတ်ဝင်စားမျက်နှာသာပေးခြင်း ခံခဲ့ရကြောင်း ထင်ရှားလှပါသည်။

လူ၏အခက်အခဲဒုက္ခသည် ဘုရားသခင်အတွက် အခွင့်ကောင်းဖြစ်၏။ ဒံယေလသည် ခြင်္သေ့တွင်းထဲ၌ ပိတ်လှောင်ခြင်းခံရပြီး၊ ရှင်ဘုရင်သည် အလွန်ဝမ်းနည်းခြင်းရှိခဲ့၏။

အမှောင်မိုက်ဆုံးသောညအချိန်၌ ဘုရားသခင်၏အလင်းသည် အလင်းလက်ဆုံး တောက်ပ တတ်၏။

**ဆင်ခြင်ရန်** - ဒါရိမင်းသည် ဒံယေအတွက် မျှော်လင့်ချက်တစုံတခုထွေးပွေ့ပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မျက်စိသည် ဖြောင့်မတ်သောသူအပေါ်တည်၍ သူတို့၏ဆုတောင်းသံကို နားညောင်းတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်ရှိရာ ကောင်းကင်ဘက်သို့ အကျွန်ုပ်အစဉ်မျှော်ကြည့်၍ ကိုယ်တော်၏ လမ်းသို့ အစဉ်လျှောက်လိုပါ၏။

## ညဉ့်အချိန်ဝမ်းနည်းပူဆွေးခြင်း

ဒါရိမင်းအကြောင်း ကျွန်တော်တို့အနည်းငယ်သာသိသော်လည်း၊ သူသည် စိတ်နှလုံးနူးညံ့သောသူ၊ ဘုရားသခင်၏အစေခံကျွန်အပေါ် မျက်နှာသာပေးသောသူဖြစ်ကြောင်း သိရပါသည်။ ဒံယေလသည် မှားယွင်းစွာစွပ်စွဲခြင်းခံရသည်ဟု သိသောအခါ၊ ကယ်တင်ခြင်းငှါ ကြိုးစားအားထုတ်ခြင်းပြုခြင်းဖြင့် သူသည်မှန်ကန်သောသူဖြစ်သည်ဟု သိရပါသည်။ Calvin ကမူ ဒါရိမင်းသည် မှန်ကန်သောသူဟုမထင်။ သူသည် ဒံယေလထံမှရရှိသော အကျိုးများကိုထောက်၍သာ ကယ်တင်ဖို့ရန် ကြိုးစားသည်ဟု ထင်မှတ်ခဲ့၏။

ခြင်္သေ့တွင်း၌ ဒံယေလပစ်ချခြင်းခံရသောကြောင့် ဘုရင်သည်အလွန်စိတ်ထိခိုက်ခြင်းရှိ၏။ ဝမ်းနည်းစွာညတာကျော်ဖြတ်ခဲ့၏။ အစာမစားဘဲနေ၍ အငြိမ့်တန်ဆာကိုအထံတော်သို့မသွင်းစေဘဲ၊ အိပ်မပျော်နိုင်ဖြစ်ခဲ့၏။ သူ၏စိတ်နှလုံးသည် ဒံယေလထံသို့ရောက်ခဲ့၏။ စိုးရိမ်ကြောက်ရွံ့ခြင်းက သူ့နှလုံးကို ကိုင်လှုပ်၍၊ သူ၏ဦးနှောက်ကို ဂနာမငြိမ်ဖြစ်စေ၏။ ထိုညသည် သူ့အတွက် ညတာအရှည်ဆုံးညတစ်ညဖြစ်ပါလိမ့်မည်။

## နံနက်အချိန်ဝမ်းမြောက်ခြင်း

အာရုဏ်တက်သည်နှင့်တပြိုင်နက် ဒါရိမင်းသည် ခြင်္သေ့တွင်းဘက်သို့သွား၍ ငိုကြွေးသောအသံဖြင့်ဒံယေလကိုခေါ် လေ၏။ ဒံယေလ ၆း၂၀ ထဲမှ ရှင်ဘုရင်၏စကားကို မှတ်သားပါလော့။

ဒါရိမင်းက ဒံယေလသည် “အသက်ရှင်တော်မူသောဘုရားသခင်၏ကျွန်” ဖြစ်ကြောင်း သိမှတ်ခဲ့၏။ သူ၏စကား၌ မျှော်လင့်ခြင်းပါကြောင်း တွေ့ရပါသည်။ သူ၏စိတ်နှလုံးထဲ၌ ထိုအလင်းတန်းကိုအနည်းငယ်တွေ့ရပါသည်။ “သင်မပြတ်ကိုးကွယ်သောဘုရားသခင်သည် သင့်ကိုကယ်လွှတ်ပါစေ” (ဒံ ၆း၁၆) ဟူသောအရင်ကစကားကို ပြန်၍ပဲ့တင်ထပ်ခြင်းဖြစ်ပါသည်။

ရှင်ဘုရင်၏စိတ်ဆန္ဒနှင့်တောင့်တမှုသည် အချည်းနှီးမဟုတ်ခဲ့ပါ။ သူ၏ငိုကြွေးခြင်းသည် ကခုန်ခြင်းသို့ပြောင်းလဲခဲ့၏။ အလွန်ပျော်ရွှင်ဝမ်းမြောက်စရာပင်ဖြစ်ပါသည်။ ခြင်္သေ့တွင်းနက်ထဲမှထွက်လာသောဒံယေလ၏အသံထက် ပို၍ချိုသာသောအသံမရှိတော့ပါ။

ဘုရားသခင်ဘုန်းကြီးပါစေ။ အကျွန်ုပ်တို့ဘုရားသခင်သည် တတ်နိုင်တော်မူသည်။ ခေတ်အဆက်ဆက်ဘုရားသခင်၌ မိမိအသက်ကိုပင်အမှုမထားသော၊ သစ္စာရှိသောတပည့်များရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း ထိုသူတို့၏ခြေရာကိုလိုက်၍ ဘုရားသခင်အတွက် ယုံကြည်ခြင်းဖြင့် မရပ်တည်သင့်သလော။

**ဆင်ခြင်ရန်** - “ဘိုးဘေးတို့၏ယုံကြည်ခြင်းသည် ရှင်သန်လျက်ရှိ၏။ အကျဉ်းချခြင်း၊ မီးနှင့်ဓားကိုလည်းမကြောက်ကြပါ။ ဤအကြောင်းကိုကြားသိသောအခါ အကျွန်ုပ်တို့စိတ်နှလုံးသည် ပျော်ရွှင်ခြင်းရှိပါ၏. . . သေသည့်တိုင်အောင် ကိုယ်တော့်ထံ သစ္စာရှိပါမည်” (Faber)။

**ဆုတောင်းချက်** - အဘဘုရား၊ ဒံယေလကဲ့သို့ဖြစ်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မေ (၁၅)
**ဒံ ၆း၂၄-၂၈**
ဆာလံ ၅

*“အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်အော်ဟစ်သော အသံကို နားထောင်တော်မူပါ. . . ”*

## မကောင်းကြံကိုယ်ခံ

ဒံယေလ၏လွတ်မြောက်ခြင်းအကြောင်းသည် ပေရသိပြည်၌ကျွန်ခံသော ယုဒလူတို့ အလားတူကြုံတွေ့ရသောအမှုကို သတိရအောက်မေ့စေပါသည်။ အလွန်ဆိုးယုတ်သော ဝန်ကြီးချုပ်ဟာမန်သည် ယုဒလူအပေါင်းတို့ကို သတ်ဖြတ်ရန်ကြံစည်၍ ယုဒလူမောဒကဲအတွက် လည်ဆွဲချတိုင် တည်ဆောက်ခဲ့၏။ သတ္တိရှိသောဘုရင်မဧသတာအားဖြင့် ဟာမန်၏ဆိုးညစ်သောအကြံအစည်သည် ဖော်ထုတ်ခြင်းခံရ၍ မောဒကဲအတွက် တည်ဆောက်ခဲ့သောလည်ဆွဲချတိုင်၌ ရှင်ဘုရင်သည် ဟာမန်အား ဆွဲချခဲ့၏။ သူ၏မကောင်းကြံစည်မှုသည် သူ့ကိုအမှုရောက်စေ၏။ သူ၏မကောင်းကြံမှုကို ဘုရားသခင်က သူ့အပေါ် ကျရောက်စေ၏။

ဒါရိမင်းသည် နံနက်အချိန်၌ ဒံယေလအသက်ရှင်လျက်ရှိကြောင်း တွေ့ရသောအခါ ဒံယေလ၏ဘုရားသည် ကြီးမြတ်သောဘုရားဖြစ်ကြောင်း သိခဲ့ပါသည်။ အခြားအဘယ်ဘုရားကမျှ ခြင်္သေ့ခံတွင်းထဲမှလူကို ကယ်နှုတ်ခြင်းမပြုခဲ့ပါ။ ဒံယေလသည် ဘုရားသခင်၏မျက်နှာသာပေးခြင်းထိုသို့ခံရသည်ဖြစ်သောကြောင့် အသေသတ်ခြင်းငှါ၊ အကောက်ကြံခဲ့သောသူတို့သည် ခြင်္သေ့အစာအဖြစ် ပစ်ကျွေးခြင်းငှါထိုက်တန်ခြင်းရှိကြ၏။ စွပ်စွဲသောသူတို့၏ဆိုးယုတ်သောအကြံကို ပယ်ဖျက်ခြင်းငှါ ဘုရားသခင်သည် ဒံယေလနှင့်အတူရှိတော်မူ၏။ ဘုရင့်အမိန့်တော်အားဖြင့် ဒံယေလသည် လွတ်ငြိမ်းချမ်းသာခွင့်ရ၍၊ စွပ်စွဲသောသူတို့သည် ခြင်္သေ့တွင်းသို့ ပစ်ချခြင်းခံရစဉ်၊ သူသည် ချီးမြှောက်ခြင်းပြန်၍ခံရ၏။

ခြင်္သေ့ခံတွင်းမှ ဒံယေလအား ဘုရားသခင်ကယ်နှုတ်တော်မူခြင်းအမှုသည် သင့်အသက်တာ၌ တစ်စုံတစ်ခုသောအမှုပြုပါစေသော်။ “ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှါ ကျမ်းစာကအထက်က ရေးထားသမျှသည် ငါတို့ကိုဆုံးမဩဝါဒပေး၍ ရေးထားသတည်း” (ရောမ ၁၅း၄) ဟူသော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အဓိပ္ပာယ်ရှိ၏။ ဒံယေလအကြောင်းရေးသားသော ဤကျမ်းပိုဒ်အားဖြင့် သင်သည် နှစ်သိမ့်ခြင်းခံရပါသလား။

**ဆင်ခြင်ရန်** - လူတို့၏ဆိုးသွမ်းသောအကြံအစည်ကို အကျွန်ုပ်အားဘုရားသခင်မည်သို့ တုံ့ပြန်စေလိုပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ သည်းခံခြင်း၊ နှစ်သိမ့်ခြင်းနှင့် မျှော်လင့်ခြင်းရှိမည်အကြောင်း ကိုယ်တော်၏နှုတ်ကပတ်တော်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။

# ဘုရားသခင်၏အနန္တတန်ခိုးတော်

ဘုရားသခင်သည်မိမိလူတို့အား (သူတို့၏ဆန့်ကျင်ခြင်းအပြစ်ကြောင့်) ကျွန်ကျခံစေခြင်းငှါ ခွင့်ပြုသော်လည်း၊ သူတို့ကိုစွန့်ပစ်တော်မမူ။ သူတို့ကိုနှိုးဆော်တော်မူ၍ မိမိ၏အံ့ဖွယ်တန်ခိုးကို ပြလျက် အချိန်တန်မှ ကယ်နှုတ်ခြင်းခံမည်အကြောင်း ပြင်ဆင်တော်မူတတ်၏။

ဒံယေလအနာဂတ္တိကျမ်း၏ပထမအခန်းကြီး ၆ ခန်းမှ သင်ခန်းစာတို့သည် ယုဒလူတို့ အတွက်သာမဟုတ်ဘဲ၊ နေရာတိုင်း၌ရှိသော ဘုရားသခင်၏လူအပေါင်းတို့အဖို့ အကျိုးရှိသော သင်ခန်းစာဖြစ်ပါသည်။ Calvin ၏အနက်ဖွင့်ကျမ်းကိုတည်းဖြတ်သော Thomas Myers ကို ကိုးကားကြပါစို့- "ဤသင်ခန်းစာများမှ သင်ယူရရှိသောအချက်ဟူမူကား၊ ကျွန်တော်တို့သည် စိတ်နှလုံးဖြူစင်ခြင်းရှိမှသာ ဘုရားသခင်ကိုမြင်တွေ့နိုင်သည်ဟူသောအချက်ဖြစ်၏။ ဘုရားသခင်၏နက်နဲသော ဝိညာဉ်အရာများကို သိရှိနားလည်ခြင်းငှါ စိတ်နှလုံးဖြူစင်ခြင်းနှင့် ဘုရားသခင်ကိုသာမျှော်ကြည့်ခြင်း လိုအပ်ပါသည်. . . ဤလောက၌ကျွန်တော်တို့သည် အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းကြရပါမည်။ ဤသည်ကား ဝိညာဉ်အရာ၌ကြီးထွားခြင်းငှါ မရှိမဖြစ်လိုအပ်သော အဓိကကျသောအရာဖြစ်ပါသည်. . . ။"

အမြင်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့်လျှောက်လှမ်းလျက်၊ စိတ်နှလုံးဖြူစင်ခြင်းဖြင့် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းအရာ၌ အကောင်းဆုံးသောသာဓကသည် ဒံယေလ၏ အသက်တာပင်ဖြစ်၏။ ယုံကြည်ခြင်းဖြင့်လျှောက်လှမ်းခြင်းသည် ကြောက်ရွံ့ပူပန်ခြင်းကင်းမဲ့သော အသက်တာဖြစ်၏။ အကြောင်းမူကား ဘုရားသခင်ကိုကြောက်ရွံ့သောသူသည် အဘယ်သူကိုမျှ ကြောက်ဖို့မလိုပါ။

**ဆင်ခြင်ရန်** - ဒံယေလအသက်တာမှ အကျွန်ုပ်ရရှိသော သင်ခန်းစာများသည် အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အဘယ်သူကိုမျှမကြောက်မည်အကြောင်း ကိုယ်တော်ကိုသာ ကြောက်ရွံ့ရှိသေလိုပါ၏။

*“အိုထာဝရဘုရား၊ အမျက်တော်ထွက်၍ထတော်မူပါ။ အကျွန်ုပ်၏ရန်သူတို့ ပြင်းထန်ခြင်းကို ဆီးတား၍အားထုတ်တော်မူပါ. . . ”*

# ကမ္ဘာ့သမိုင်းလေ့လာခြင်း

သာမန်အားဖြင့်အိပ်မက်သည် မသိစိတ်လျှောက်သွားခြင်းဖြစ်၍ အဓိပ္ပာယ်မရှိပါ။ သို့သော်လည်း သဘာဝထက်လွန်ကဲစွာ မြင်မက်သော ထူးခြားသောအိပ်မက်တို့သည် ရှေ့အနာဂတ်အကြောင်း ဖော်ပြခြင်း၊ မိမိလူတို့အား သတိပေးနှစ်သိမ့်ခြင်းနှင့် ဆုံးမခြင်းပြုခြင်းငှါ ဘုရားသခင်ထံမှ သတင်းတော်ဖြစ်ပါသည်။ ထိုသို့သောပရောဖက်ပြုခြင်းနှင့် ကြိုတင်ဖော်ပြခြင်းနှင့်ဆိုင်သောအိပ်မက်တို့တွင် ကမ္ဘာဦးကျမ်း ၃၇၊ ၄၀နှင့် ၄၁ တို့၌တွေ့ရသော အိပ်မက်နှင့်ယောသပ်အနက်ဖွင့်ပေးသော အိပ်မက်များပါဝင်ကြ၏။

ထူးခြားစွာဘုရားသခင်သည် အလွန်အရေးကြီးသောအိပ်မက်ကို သဏ္ဌာန်တူမြင်မက်စေခြင်းဖြင့် အတည်ပြုလေ့ရှိ၏။ ထို့ကြောင့် ယောသပ်၏လယ်ကွင်းထဲမှကောက်လှိုင်းအိပ်မက်ကို ကောင်းကင်ကြယ်များ (ကမ္ဘာ ၃၇) အားဖြင့်၎င်း၊ ဖါရော၏ မြစ်နားမှနွားအိပ်မက်ကို စပါးနှံအားဖြင့် (ကမ္ဘာ ၄၁) ၎င်းအတည်ပြုခဲ့၏။ ဒံယေလ ၇ ထဲမှ ဒံယေလ၏အိပ်မက်သည် ဒံယေလ ၂ ထဲမှ နေဗုခဒ်နေဇာ၏အိပ်မက်နှင့် သဏ္ဌာန်တူခဲ့၏။ သို့သော်လည်း အသေးစိတ်ခြားနားချက်ကလေးများကိုမူ နောက်မှကျွန်တော်တို့လေ့လာကြည့်ကြပါမည်။

အနန္တတန်ခိုးရှင်ဘုရားသခင်သည် နောင်ဖြစ်လာမည့် ကမ္ဘာ့သမိုင်းအချက်အလက်များအား မိမိသားသမီးတို့ထံ ဖော်ပြခြင်းသည် ထူးဆန်းသောအရာမဟုတ်သော်လည်း မယုံကြည်သူများအဖို့ လုံးဝသဘောပေါက်နားမလည်နိုင်သာအမှုဖြစ်ပါသည်။ “ရှေးကာလ၌ဖြစ်ဖူးသောအရာတို့ကို အောက်မေ့ကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ၊ အဦးမှစ၍ အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍မဖြစ်သေးသောအမှုအရာတို့ကို၎င်း၊ ဖော်ပြလျက်ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်” (ဟေရှာ ၄၆း၉-၁၀) ဟူသော ရှင်ဘုရင်၏စကားကို ရွေးနုတ်ခံလူတို့သည် ယုံကြည်ကြ၏။

ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်က ညတစ်ညတွင် ဘုရားသခင်သည် ဒံယေလခေတ်ကာလမှစ၍ ဤကမ္ဘာ၌လူ၏အစိုးရခြင်း နောက်ဆုံးတိုင်အောင်တွေ့ရမည့် အဓိကကမ္ဘာ့အင်အားကြီးအင်ပါယာလေးခုကို အိပ်မက်အားဖြင့် ဖော်ပြတော်မူခဲ့၏။ ထိုအင်အားကြီးကမ္ဘာ့အင်ပါယာလေးခုတို့သည် မိမိအချိန်၌အင်အားကြီးသော နိုင်ငံဖြစ်ကြ၏။ လူ၏ဆန္ဒနှင့်အကြံအစည်သည် ကာလ္ကနခေတ်ကာလမှစ၍ ယနေ့တိုင်အောင် သူတပါးကိုအစိုးရဖို့ရန်သာဖြစ်ပါသည်။ ယနေ့၌လည်း အရှေ့နိုင်ငံနှင့် အနောက်နိုင်ငံဆန့်ကျင်ခြင်းများတွေ့ရ၏။ သို့သော်လည်း လူသည်ဘုရားသခင်မပါလျှင် အဘယ်အမှုမျှမပြုနိုင်။ ဘုရားသခင်ချိန်းချက်သောအချိန် ရောက်သောအခါ လူ့အာဏာစက်သည် ချုပ်ငြိမ်းလိမ့်မည်။ ထိုအခါ ဘုရားသခင်၏ နိုင်ငံတော်ပေါ်ထွန်းလတ္တံ့။ ဤအကြောင်းအရာများကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်၌ ဒံယေလသည် ကျွန်ကျခံရာဗာဗုလုန်၌ မြင်တွေ့ခဲ့ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ၌တွေ့ရသောပရောဖက်ပြုချက်များ၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည် အစအဦးမှအဆုံးကို ဖော်ပြတော်မူသောဘုရားဖြစ်ကြောင်း၊ အကျွန်ုပ်အား အစဉ်အောက်မေ့စေတော်မူပါ။

သောကြာ၊ မေ (၁၈)
**ဒံ ၇း၁-၈**
ဒံ ၂း၃၁-၄၅

*"ထာဝရဘုရားသည် လူမျိုးတို့ကိုတရားစီရင်တော်မူ၏။ အိုထာဝရဘုရား၊ အကျွန်ုပ်အမှုကိုစီရင် ဆုံးဖြတ်တော်မူပါ. . . "*

# "နှစ်ခုသည်အတူတည်ပြုခြင်းဖြစ်၏"

ဘုရားသခင်က နေဗုခဒ်နေဇာနှင့်ဒံယေလတို့အား တစ်ခုနှင့်တစ်ခုအတည်ပြုသော မှတ်သားဖွယ်ရာအိပ်မက်နှစ်ခုပေးတော်မူ၏။ ထိုအိပ်မက်တို့သည် ခေတ်အဆက်ဆက်ယုံကြည်သူများအဖို့ ရာစုနှစ်နှစ်ဆယ့်ငါးနှင့်အထက် ဖြစ်ပွားမည့် ကမ္ဘာ့အဖြစ်အပျက်များကို ဖော်ပြခြင်းဖြစ်ပါသည်။ အိပ်မက်တစ်ခုချင်းစီ၌ မတူညီသောအချက်များ အသုံးပြုသော်လည်း အနက်ဖွင့်ချက်သည် အတူတူပင်ဖြစ်၏။ ကမ္ဘာ့အင်အားကြီးအင်ပါယာ ၄ ခုကို ပုံဆောင်ခြင်းဖြစ်ပါသည်။ ဝိညာဉ်နှင့်ဆိုင်သောအရာဖြစ်သောကြောင့် ဝိညာဉ်အားဖြင့် လေ့လာသင်ယူရပါမည်။ ဘုရားသခင်က ပဟေဠိသဖွယ်ဖော်ပြခဲ့ပြီး၊ အနက်ဖွင့်ချက်လည်းပေးတော်မူခဲ့၏။ ကျွန်ုပ်တို့ကို အမှောင်ထဲ၌ပစ်မထားပါ။ အသိဉာဏ်အလင်းပေးတော်မူသောကြောင့် ဘုရားသခင်ကိုချီးမွမ်းကြပါစို့။ ကြိုတင်သတိပေးခြင်းသည် ကြိုတင်ပြင်ဆင်ခြင်း၌ဖြစ်၏။

<u>အောက်ဖော်ပြပါပုံသည် အိပ်မက်နှစ်ခုကို ရှင်းလင်းဖော်ပြခြင်းဖြစ်၏</u>

| | **အိပ်မက် (၁) ဒံယေလ ၂** | **အိပ်မက် (၂) ဒံယေလ ၇** | **အနက်ဖွင့်ချက်** |
|---|---|---|---|
| | အပိုင်းလေးပိုင်းရှိသော ရုပ်တုကြီး (ဒံ ၂း၃၁) | ပင်လယ်မှထွက်လာသော သားရဲလေးကောင် (ဒံ ၇း၃) | ထင်ရှားသောကမ္ဘာ့ အင်ပါယာလေးခု |
| ၁။ | ရွှေခေါင်း (ဒံ ၂း၃၂၊ ၃၈) | ရွှေလင်းတအတောင်ရှိသော ခြင်္သေ့ (ဒံ ၇း၃) | ဗာဗုလုန် |
| ၂။ | ငွေရင်ဘတ်နှင့်လက် နှစ်ဖက် (ဒံ ၂း၃၂) | နံရိုးသုံးချောင်းကိုက်လျက် ရှိသော ဝံ (ဒံ ၇း၅) | မေဒိ-ပေရသိ |
| ၃။ | ကြေးဝါဝမ်းနှင့်ပေါင် နှစ်ဖက် (ဒံ ၂း၃၃) | ငှက်အတောင်လေးခုနှင့်ခေါင်း လေးလုံးရှိကျားသစ် (ဒံ ၇း၆) | ဂရိ (ဟေလသ) |
| ၄။ | (က) သံခြေသလုံး နှစ်ဖက် (ဒံ ၂း၃၃) | (က) ချိုဆယ်ချောင်းရှိသားရဲ (ဒံ ၇း၇) | ရှေးခေတ်ရောမ |
| | (ခ) သံတပိုင်း၊ သရွတ် တစ်ပိုင်းဖြစ်သော ခြေ ဖဝါးနှင့်ဖမိုး (ဒံ ၂း၃၃၊ ၄၂) | (ခ) ချိုငယ်တစ်ချောင်း (ဒံ ၇း၈) | အနာဂတ်ရောမ |

ဒံယေလ ၇း၂-၃ ထဲတွင် ဒံယေလက ပင်လယ်ပေါ်၌ အချင်းချင်းတိုက်သော ကောင်းကင်လေးမျက်နှာမှလေကိုမြင်ခဲ့၏၊ လူသားများပုံဆောင်သောပင်လယ်၊ ကမ္ဘာလူသားများအကြား၌ မမြင်ရသော ဘုရားသခင်၏ခွန်အားကြီးသောလက်တော်သည် အမှုပြုခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ အမိန့်တော်အားဖြင့် အင်အားကြီးကမ္ဘာ့အင်ပါယာတို့သည် တစ်ခုပြီးတစ်ခုပေါ်ထွန်းလာခဲ့ကြ၏။ နိုင်ငံများစစ်တိုက်ခြင်းအမှု၌ ကျွန်ုပ်တို့၏ဘုရားသခင်သည် သူတို့အားလုံးအပေါ်၌အဆုံးစွန်အုပ်စိုးတော်မူ၏ (ဒံ ၄း၁၇)။

**ဆင်ခြင်ရန်** - လူတို့၏နိုင်ငံသည် တည်လျက်ပျက်လျက်ရှိ၏။ ဘုရားသခင်၏နိုင်ငံတော်မူကား၊ ထာဝရတည်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၌သာလျှင် ဉာဏ်ပညာအလုံးစုံသိထားတော်မူ၏။

## ပထမသားရဲသုံးကောင်

**၁။ ခြင်္သေ့ – မာဗုလုန် (ဒံ ၇း၄)**

ဤခြင်္သေ့သည် နေဗုခဒ်နေဇာအိပ်မက်ရုပ်တု၏ ရွှေခေါင်းနှင့်တူ၏ (ဒံ ၂း၃၈)။ နေဗုခဒ်နေဇာ (၆၀၄-၅၆၁ ဘီစီ) လက်အောက်၌ ဗာဗုလုန်သည် အလွန်ထင်ရှားကျော်ကြား၍ အင်အားကြီးသောအင်ပါယာဖြစ်၏။ ရွှေခေါင်းသည် ကြွယ်ဝချမ်းသာမှုကိုပြ၍၊ ခြင်္သေ့သည်ဘုရင့်ဂုဏ်အာဏာကိုပြ၏။ သူ၏ထောင်လွှားမောက်မာခြင်းကြောင့် ဘုရားသခင်သည် သူ့ကိုဆုံးမ (အတောင်ကိုဖြုတ်)၍၊ သူသင်ခန်းစာရသည်တိုင်အောင် တောထဲ၌တိရစ္ဆာန်များနှင့်အတူ နေထိုင်ခြင်းငှါ၊ ခုနစ်နှစ်လုံးလုံး မောင်းထုတ်ခဲ့၏ (ဒံ ၄း၃၃-၃၇)။ ထို့နောက်မှ လူ့စိတ်နှလုံးကိုပေး၍ပြန်လည်ပြုပြင်ခြင်းခံရ၏။

**၂။ ဝံ – မေဒိပေရသိ (ဒံ ၇း၅)**

ဤသားရဲသည် နံရိုးသုံးချောင်းကို ပါးစပ်၌ကိုက်လျက်ရှိ၏။ ဤသားရဲသည် နေဗုခဒ်နေဇာအိပ်မက်ရုပ်တု၏ ငွေရင်ဘတ်နှင့်လက်နှစ်ဖက်နှင့်တူ၏ (ဒံ ၂း၃၂)။ ကုရုနှင့် Cambyses လက်အောက်ရှိ မေဒိပေရသိအင်ပါယာကို ရည်ညွှန်းခြင်းဖြစ်၏။ ဝံသည်ခြင်္သေ့ထက် ဩဇာနိမ့်၍လျင်မြန်မှုမရှိပါ။ ပါးစပ်၌ကိုက်သောနံရိုးသုံးချောင်းကို မည်သို့အနက်ဖွင့်ရပါမည်နည်း။ အချို့သောကျမ်းတတ်ပုဂ္ဂိုလ်တို့က အဓိကအောင်မြင်မှုသုံးကြိမ်ကို ရည်ညွှန်းသည်ဟုထင်ကြ၏- (၁) အာရှမိုင်နာရှိ လုဒိ -၅၄၆ ဘီစီ၊ (၂) ဗာဗုလုန် - ၅၃၉ ဘီစီ၊ (၃) အီဂျစ် - ၅၂၅ ဘီစီတို့ဖြစ်ပါသည်။

**၃။ ကျားသစ် – ဂရိ/ဟေလသ (ဒံ ၇း၆)**

ဤသားရဲသည် ရုပ်တုကြီး၏ကြေးဝါဝမ်းနှင့်ပေါင်နှစ်ဖက်နှင့်တူ၏ (ဒံ ၂း၃၂)။ သူ၌ အတောင်လေးခုနှင့်ခေါင်းလေးလုံးပါရှိ၏။ ဤအချက်က သူ၏လျင်မြန်မှုနှင့်ဉာဏ်ထက်မြက်မှုကိုဖော်ပြခြင်းဖြစ်၏။ သမိုင်းကြောင်း၌ Alexander the Great ၏အောင်မြင်မှုနှင့် ကျော်ကြားမှုကို လျှပ်စီးလက်ခြင်းနှင့် ခိုင်းနှိုင်းကြကြောင်းတွေ့ရ၏။ ဆယ်နှစ်အတွင်း၌ သူသည် အာရှမိုင်နာ၊ ရှုရိ၊ ပါလက်စတိုင်း၊ အီဂျစ်တို့ကို သိမ်းပိုက်ပြီး အိန္ဒိယနယ်စပ်အထိ ချီတက်ခဲ့၏။ ထို့နောက်များမကြာမီ Alexander သည် အသက် ၃၃ တွင် ကွယ်လွန်ခဲ့၏။ သူ၏အင်ပါယာကြီးသည် သူ၏ဗိုလ်ချုပ်လေးဦးတို့ထံ၌ လေးပိုင်းပိုင်းခြင်းခံရ၏ (ဦးခေါင်းလေးခေါင်းပေတည်း)- (၁) Antigonus လက်အောက်၌ ဗာဗုလုန်၊ (၂) Ptolemy လက်အောက်၌ အီဂျစ်၊ (၃) Cassander လက်အောက်၌ မာကေဒေါနိ၊ (၄) Lysimachus လက်အောက်၌ Thrace နှင့် Bithynia တို့ဖြစ်ပါသည်။

ဘုရားသခင်၏ပရောဖက်ပြုချက်မှန်ကန်မှုကို သင်အံ့ဩခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - (၂ ပေ ၁း၂၀ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - “အကျွန်ုပ်အတွက်သိုထားသော ကိုယ်တော်၏သမ္မာတရားကို သိမြင်မည်အကြောင်း အကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ” (Clara H. Scott)။

တနင်္ဂနွေ၊ မေ (၂၀)
**ဒံ ၇း၇-၈၊ ၁၉-၂၂**
ဒံ ၂း၃၃၊ ၄၁

*" . . . ဘုရားသခင်သည် မတရားသောသူကို အစဉ်အမျက်ထွက်တော်မူ၏"*

# စတုတ္ထသားရဲ - ရောမ

ကျွန်ုပ်တို့သည် စတုတ္ထသားရဲ - နောက်ဆုံးကမ္ဘာ့အင်ပါယာ၊ ရောမကို အလွန်စိတ်ဝင်စားခြင်းရှိပါသည်။ ရောမသည် မိမိအာဏာရှိစဉ်အချိန်၌ အရှေ့ပေရသိမှ အနောက်အင်္ဂလန်အထိ၊ မြေထဲပင်လယ်တစ်ဖက်တစ်ချက်ရှိ နိုင်ငံများအားလုံး၊ အာရှမိုင်နာ၊ ဥရောပနှင့်မြောက်ပိုင်းအာဖရိကတိုင်အောင် အုပ်စိုးခဲ့၏။ တိုက်ကြီးသုံးတိုက်အထိ ကျယ်ပြန့်သောအင်ပါယာဖြစ်ပါသည်။ အိပ်မက်နှစ်ခု (ဒံ ၂ နှင့် ၇) မှ ကျွန်တော်တို့သည် ဤစတုတ္ထကမ္ဘာ့အင်ပါယာသည် အင်အားအကြီးဆုံးဖြစ်မည်ဟု သိရပါသည်။ ဒံ ၂း၄၀ နှင့် ၇း၇ ၌ ဖော်ပြချက်ကိုဖတ်ပါလော့။

အထက်ကျမ်းပိုဒ်က သမိုင်း၌တွေ့ရသော ရောမအင်ပါယာ (ရှေးရောမ) အကြောင်း ရှင်းလင်းစွာဖော်ပြခဲ့၏။ ထိုအင်ပါယာသည် ပထမရာစုဘီစီမှစ၍ အေဒီပဉ္စမရာစုတိုင်အောင် တည်မြဲခဲ့၏။ ရောမသည် မိမိခေတ်၌ အလွန်ကြမ်းကြုတ်၍ ရက်စက်သောအစိုးရဖြစ်၏။ သူ၏ရန်သူများနှင့် စစ်သုံ့ပန်းများကို ကားတိုင်ပေါ်၌အသေသတ်ခြင်း၊ ဖျော်ဖြေမှုအတွက် သားရဲတို့၏ကိုက်သတ်ခြင်းခံခြင်းငါ ကွင်းထဲ၌လွှတ်ထားခြင်းပြုတတ်ကြ၏။ ဧကရာဇ်မင်းနေရိုး၏ ရက်စက်ကြမ်းကြုတ်မှုသည် ပြိုင်ဘက်ကင်းဖြစ်၏။ ရောမစစ်တပ်သည် ယေရုရှလင်မြို့အား ဝင်ရောက်စီးနင်းသောအခါ ယုဒလူဆယ်သိန်းကျော်ကို သတ်ဖြတ်ခဲ့ကြ၏။

သမိုင်းကြောင်းအရ ရောမသည် ၅ ရာစုနောက်ပိုင်း၌ တဖြည်းဖြည်းကွယ်ပျောက်ခဲ့၏။ သို့သော်လည်း ဒံယေလ၏ပရောဖက်ပြုချက်ကို ကျွန်တော်တို့သေသေချာချာဖတ်ပါလျှင် ကျွန်ုပ်တို့၏သခင်ယေရှုသည် ရောမအာဏာရသောအချိန်၌ ပြန်လည်ကြွလာတော်မူမည်ဖြစ်ပါသည်။ ထို့ကြောင့် ရောမ၏ အခြားစာမျက်နှာတစ်ခုကိုကြည့်ကြပါစို့။ ထိုရောမအား "နောက်ဆုံးကာလရောမ" ဟု အမည်ပေးကြပါစို့။

| ကျမ်းချက် | ဖော်ပြချက် | အနက်ဖွင့်ချက် |
|---|---|---|
| ဒံ ၂း၃၃၊ ၄၁၊ ၄၂ | (က) သံခြေသလုံးနှစ်ဖက် (ပထမအပိုင်း) | ရှေးရောမ |
| | (ခ) သံတပိုင်း၊ သရွတ်တစ်ပိုင်း ခြေဖဝါးနှင့်ဖမိုး (နောက်ဆုံးအပိုင်း) | နောက်ဆုံးကာလ ရောမ |
| ဒံ ၇း၇၊ ၁၉၊ ၂၀ | (က) စတုတ္ထသားရဲ- အလွန်ကြောက်မက်ဖွယ်၊ ကြီးစွာသောခွန်အား၊ သံသွား၊ ကြေးဝါလက်သည်းရှိ၏ | ရှေးရောမ |
| | (ခ) ချိုဆယ်ချောင်းနှင့်ချိုငယ်တစ်ချောင်း | နောက်ဆုံးကာလ ရောမ |

**ဆင်ခြင်ရန်** - ကမ္ဘာ ၄၀း၈ နှင့် ဒံ ၂း၄၅ ကိုဖတ်ပါ။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော့်ဝိညာဉ်တော်၏ အသိဉာဏ်အလင်းပေးခြင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ မေ (၂၁)

**ဒံ ၇း၇၊ ၁၉-၂၅**

ဒံ ၂း၃၃၊ ၄၁-၄၂

*"သေစေသော လက်နက်ကိုလည်း သူ့အဘို့ပြင်ဆင်၍. . . "*

## စတုတ္ထသားရဲ့အကြောင်း

မနေ့ဖတ်ရှုသော အကြောင်းအရာတွင် နောက်ဆုံးသောကမ္ဘာ့အင်ပါယာ၌ အပိုင်းနှစ်ပိုင်း၊ အစပိုင်းနှင့် နောက်ဆုံးအပိုင်းဟူ၍ရှိကြောင်းတွေ့ရ၏။ ယနေ့တွင်ကျွန်တော်တို့သည် နောက်ဆုံး (သို့) နောက်ဆုံးကာလရောမအင်ပါယာ၏ ပုံသဏ္ဍာန်ကိုလေ့လာကြည့်ကြပါစို့။ ရှေးရောမသည် ကမ္ဘာ့ အင်ပါယာအဖြစ်မှ ပျောက်ကွယ်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း၊ သူ၏လူနေမှု၊ ဓလေ့ထုံးစံ၊ ဘာသာ စကား၊ အုပ်ချုပ်ရေးလမ်းစဉ်တို့သည် အနောက်ဥရောပနိုင်ငံနှင့် လူတို့အကြား၌ရှင်သန်လျက်ရှိ၏။ ထိုသို့ရှေးအင်ပါယာကြီးသည် ရုပ်လုံးမပေါ်တော့သော်လည်း၊ အနောက်ဥရောပနိုင်ငံများ၏ အသစ် သောပေါင်းစည်းခြင်း၌ တဖြည်းဖြည်းပုံရိပ်ပေါ်လာသည်ကို မြင်တွေ့ရ၏။

ဥရောပနိုင်ငံပေါင်းစည်းခြင်းအတွေးအခေါ်သည် ဗြိတိန်မှ Winston Churchill နှင့် ဥရောပမှအခြားသောပုဂ္ဂိုလ်တို့၏ အတွေးအခေါ်ကို လိုက်လျှောက်လျက်ရှိ၏။ ထိုသို့နယ်မြေနှင့် နိုင်ငံရေးပေါင်းစည်းခြင်း၏အကျိုးရလဒ်သည် ခန့်မှန်း၍မရကြီးမားလှ၏။ နိုင်ငံရေးအရ အနောက်ပိုင်းဥရောပမှ လူဦးရေသိန်းနှစ်ထောင်ပေါင်းစည်းခြင်းသည် ကွန်မြူနစ်အင်အားစု (အရှေ့ဥရောပနှင့် ဆိုဗီယက်ရုရှား) ကို ယှဉ်ပြိုင်နိုင်သော အင်အားစုဖြစ်လာမည်ဖြစ်ပါသည်။ စီးပွားရေးအရ ထိုပေါင်းစည်းခြင်းက ငွေရေးကြေးရေး၊ ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းတို့၌ ကြီးမားသော အကျိုးစီးပွားပေါ်ပေါက်စေမည်ဖြစ်၏။ ဤအတွေးအခေါ်သည် ဒုတိယကမ္ဘာစစ်ကတည်းက ဥရောပ၏ လွတ်လပ်သောနိုင်ငံများအကြား၌ အမြစ်တွယ်လျက် ရှင်သန်လာခဲ့၏။

၁၉၅၈ ရောမသဘောတူစာချုပ်အားဖြင့် ဥရောပ၏စီးပွားရေးပေါင်းစည်းခြင်းမှုကြမ်း ပေါ်ပေါက်လာခဲ့၏။ ထိုအခါ ဥရောပစီးပွားရေးအဖွဲ့အစည်း (European Economic Community) မွေးဖွားလာခဲ့ပါသည်။ ထို့နောက် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့တွင် Maastricht သဘောတူစာချုပ်အရ ဥရောပသမဂ္ဂ (EU) စတည်လာခဲ့၏။ ဤတိုးတက်ပြောင်းလဲမှုတို့သည် ပရောဖက်ပြုချက်နှင့်ဆိုင်၍ အကျိုးထူးရှိပါသလား။

ထိုသို့သော စီးပွားရေးပေါင်းစည်းခြင်းကို ရောမရှင်သန်လာခြင်းဟု မှတ်ယူနိုင်ပါသည်- စတုတ္ထသားရဲ၏ နောက်ဆုံးအပိုင်း (ချိုဆယ်ချောင်း)၊ ထိုအရာသည် ပထမအိပ်မက်မှ ရုပ်တုကြီး၏ ခြေဖဝါးနှင့်ဖမိုးနှင့်တူ၏။ သို့သော်လည်း သံတစ်ပိုင်း၊ သရွှတ်တစ်ပိုင်းရောသော ခြေဖဝါးနှင့်ဖမိုး၌၎င်း (ဒံ ၂း၄၂)၊ ချိုငယ်ကို မဆန့်ကျင်နိုင်သော ချိုဆယ်ချောင်း၌၎င်း (ဒံ ၇း၈၊ ၂၀) အားနည်းချက်ရှိကြ၏။ ဥရောပ၏အနာဂတ်အခြေအနေနှင့် ကမ္ဘာ့အခြေအနေကို ကျွန်တော်တို့စိတ်ဝင်တစား စောင့်ကြည့်နေကြရပါမည်။

**ဆင်ခြင်ရန်** - စတုတ္ထသားရဲ့အနက်ဖွင့်ချက်ကို လူတိုင်းသဘောတူကြမည်မဟုတ်ပါ။ ကျွန်တော် သဘောတူပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကိုဖတ်သောအခါ နားလည် သဘောပေါက်ခြင်း ပေးသနားတော်မူပါ။

အင်္ဂါ၊ မေ (၂၂)
**ဒံ ၇း၈၊ ၂၀-၂၅**
၂ သက် ၂း၃-၁၂၊ ဗျာ ၁ *"အဘယ်သို့သောအားဖြင့်မျှ မလှည့်ဖြားစေနှင့်. . ."*

## ချိုငယ်တစ်ချောင်း

ယခုကျွန်တော်တို့သည် ကျမ်းတတ်ပုဂ္ဂိုလ်များပင် မထိတွေ့ရဲသော အနာဂတ်အကြောင်း ပရောဖက်ပြုချက်ကို လေ့လာကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုဖော်ပြထားသောခံယူချက်နှင့် အမြင်တို့သည် မမှားနိုင်သော အနက်ဖွင့်ချက်မဟုတ်ပါ။ ထို့ပြင်စာရေးသူသည် သမားတော်တစ်ဦး သာလျှင်ဖြစ်ပါသည်။

ကျွန်ုပ်တို့လေ့လာမည့်အရာသည် စတုတ္ထသားရဲ၏ ချိုဆယ်ချောင်းနောက်၌ ပေါ်ထွက်လာသော ဆယ့်တစ်ခုမြောက်သော "ချိုငယ်တစ်ချောင်း" ၏ ဇစ်မြစ်ပင်ဖြစ်ပါသည်။ "ချိုငယ်" (ဒံ ၇း၈) ဟုဆိုခြင်းမှာ နောက်ဆုံး၌ပေါ်ထွက်လာသောကြောင့်ဖြစ်၏ (အငယ်ဆုံးဟုဆိုလိုပါသည်)။ ထိုသို့အငယ်ဆုံးဖြစ်သော်လည်း ဤ "ချို" (သို့) "အာဏာ" သည် သူ့အရင်ဖြစ်သော ဆယ်ချောင်းထက် ဉာဏ်အရာ (လူ၏မျက်စိ) ၌၎င်း၊ အပြောအဆို (ကြီးစွာသောစကားကို ပြောတတ်သောနှုတ်) ၌၎င်း၊ အရွယ်အစား (ဥပမာ- လူဦးရေနှင့် ပထဝီနယ်မြေ "မိမိအဖော်တို့ထက် သာ၍ရဲရင့်သော မျက်နှာအဆင်း") ၌၎င်း သာ၍ကြီးမြတ်၏။

ဤချိုငယ်တစ်ချောင်း၏ ဇစ်မြစ်နှင့်ဆိုင်သော လက္ခဏာအချို့ကို ကျွန်တော်တို့ဆင်ခြင် ဆက်စပ်ကြည့်ကြပါစို့။ ဤသည်ကား အနောက်ဥရောပ၏အာဏာ (လူ သို့မဟုတ် နိုင်ငံ) ဖြစ်၍ မိမိ၏ဥရောပညီအစ်ကိုနိုင်ငံများနောက်၌ ပေါ်ထွန်းခဲ့သော်လည်း၊ သူတို့ထက် ပို၍ပညာရှိပြီး လူဦးရေနှင့် နယ်မြေအရာ၌ ပို၍များပြားကျယ်ပြန့်၏။ သူတို့အပေါ် အုပ်စိုးရသောအခွင့်ရှိ၍၊ အနောက်ပိုင်းဥရောပ၏ ဆယ်နိုင်ငံအာဏာပေါင်းစည်းခြင်းမှ သုံးနိုင်ငံကို ဖယ်ရှားခြင်းငှါ မိမိအတွက် မခက်လှပါ။ သို့ဆိုလျှင် ထိုနိုင်ငံ (သို့) ကမ္ဘာ့အင်အားသည် အဘယ်သူနည်း။ ထို့ပြင် လက္ခဏာ အချို့ရှိသေး၏။ ထိုချိုငယ်သည် "အမြင့်ဆုံးသောဘုရားကို ဆန့်ကျင်ဘက်ပြု၍ ကြီးစွာသော စကား ကိုပြောလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသူတို့ကို ညှဉ်းဆဲနှိပ်စက်လိမ့်မည်" (ဒံ ၇း၂၅)။ သူ၏ထိုအာဏာစက်သည် သုံးနှစ်ခွဲကြာမြင့်မည်ဖြစ်၏ ("တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက် ပတ်လုံး")။ သူသည် ဒုစရိုက်လူ (၂ သက် ၂း၃-၄)၊ အန္တိခရစ် (ဗျာ ၁၃း၅-၈) ဖြစ်၍ အနောက်နိုင်ငံ မှ ပေါ်ထွန်းလာမည်ဖြစ်ပြီး၊ စာတန်၏နှိုးဆော်ခွန်အားပေးခြင်းဖြင့် ဘုရားအယောင်ဆောင်လျက် နိမိတ်လက္ခဏာတို့ကိုပြုမည်ဖြစ်ပါသည်။ အသစ်သောစီးပွားရေးဥပဒေနှင့် ကူးသန်းရောင်းဝယ်ရေး အစီအစဉ်ချမှတ်မည်ဖြစ်သောကြောင့် "ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တစ်ခုခုကိုမခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှါ၎င်း စီရင်၏" (ဗျာ ၁၃း၁၇)။ အန္တိခရစ်၏နိုင်ငံနှင့်ပတ်သက်လျှင်၊ ကမ္ဘာ၌အင်အားအကြီးဆုံးဖြစ်ပြီး ကမ္ဘာကိုလွှမ်းမိုးသော အနောက်နိုင်ငံအား များစွာသောလက္ခဏာတို့က ပြသကြ၏။

**ဆင်ခြင်ရန်** - အန္တိခရစ်သည် ပေါ်ထွန်းလာမည်ဖြစ်လျှင် ခရစ်တော်သည် ကြာလိမ့်ပါမည်လော။

**ဆုတောင်းချက်** - အဘဘုရား၊ ဤနောက်ဆုံးကာလ၌ ကိုယ်တော်နှင့်အတူ နီးကပ်စွာ လျှောက်လှမ်းလိုပါ၏။

ဗုဒ္ဓဟူး၊ မေ (၂၃)
**ဒံ ၇း၉-၁၄၊ ၂၅-၂၈**
ဗျာ ၁၁း၁၅-၁၉

*“. . . အကျွန်ုပ်သည် ကိုယ်တော်ကို ဆုတောင်းသည်ဖြစ်၍. . . ”*

## ဘုရားသခင်၏ထာဝရနိုင်ငံတော်

လူတို့သည် မိမိအာဏာရခြင်းငှါ အချင်းချင်းတိုက်ခိုက်ကြပြီး၊ ယုံကြည်သူနှင့်ယေရှုခရစ်၏ အစေခံကျွန်တို့သည် သူတို့၏အရှင်သခင်ကြွလာတော်မူပြီး၊ နိုင်ငံတော်တည်ထောင်မည့်အချိန်ကို စောင့်နေကြ၏။ လူ၏နိုင်ငံတော်သည် နှစ်အနည်းငယ်သာ တည်သည်ဖြစ်၍ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရတည်၏။ ဒံယေလ၏ရူပါရုံက ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့်ပတ်သက်၍ အရေးကြီးသောအချက်အလက်များကို ဖော်ပြခဲ့၏။

(၁) ဘုရားသခင်၏နိုင်ငံတော်သည် စတုတ္ထကမ္ဘာ့အင်ပါယာအဆုံးတွင် ပေါ်လာလိမ့်မည် (စတုတ္ထကမ္ဘာ့အင်ပါယာသည် ရုပ်တုကြီး၏ခြေ, ဒံ ၂း၃၄၊ စတုတ္ထသားရဲ, ဒံ ၇း၁၁ ဖြစ်သည်)။ ဤသည်ကား ယခုပုံဖော်လျက်နေသော နောက်ဆုံးကာလရောမအင်ပါယာ ဖြစ်ပါသည်။

(၂) ဘုရားသခင်၏နိုင်ငံတော်က အန္တိခရစ်၏ အစိုးရမှု (ဒံ ၇း၂၅-၂၇) ကို ချေဖျက်မည်၊ အန္တိခရစ်၏ အာဏာသည် ၇ နှစ်သာကြာမည်ဖြစ်၏။

(၃) ဘုရားသခင်၏နိုင်ငံတော်သည် ကောင်းကင်မှအံ့ဩစရာကောင်းလောက်အောင် (လက်ဖြင့် မထုမလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တစ်လုံး, ဒံ ၂း၃၄) ယေရှု မိုးတိမ်ကိုစီးလျက်ကြွလာသော အခါ စတင်တည်ထောင်မည်ဖြစ်သည် (ဒံ ၇း၁၃)။

(၄) ဘုရားသခင်၏နိုင်ငံတော်သည် တစ်ကမ္ဘာလုံးပြည့်မည်ဖြစ်၍ အခြားသောနိုင်ငံအပေါင်းသည် နေရာမရကြ (ဒံ ၂း၃၄၊ ၃၅၊ ၄၄၊ ၄၅၊ ဒံ ၇း၁၄၊ ၂၇)။

(၅) တရားစီရင်ခြင်းရှိလိမ့်မည်။ ဤလောကီအာဏာစက်အပေါင်းကို ဖျက်ဆီးလိမ့်မည် (ဒံ ၂း၃၅၊ ၄၄၊ ၄၅၊ ၇း၁၀၊ ၁၁၊ ၂၆)။ ဤစီရင်ခြင်းမှ အဘယ်သူမျှမလွတ်ရ။

(၆) ဘုရားသခင်၏လူတို့သည် ထိုနိုင်ငံကိုအမွေရကြလိမ့်မည် (ဒံ ၂း၄၄၊ ၇း၁၄၊ ၂၇)။ စကားအမျိုးမျိုးပြောသော လူမျိုးအပေါင်းတို့သည် ဘုရားသခင်၏အမှုကို ဆောင်ရွက်ကြလိမ့်မည်။

(၇) ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရနိုင်ငံတော်ဖြစ်၏ (ဒံ ၂း၄၄၊ ၇း၁၄၊ ၂၇)။

ဘုရားသခင်၏စီရင်ခြင်းသည် ရောက်လာလိမ့်မည်။ ထိုစီရင်ခြင်းသည် ရုတ်တရက် အံ့ဩဖွယ်ရာရောက်လာမည်ဖြစ်၏။ မီးအားဖြင့်ဖြစ်လိမ့်မည်- သူ၏ပလ္လင်တော်သည် မီးလျှံကဲ့သို့ဖြစ်၍ သူ၏လှည်းဘီးတို့သည် လောင်သောမီးကဲ့သို့ဖြစ်ကြ၏။ မျက်နှာတော်မှ မီးရောင်ခြည်ထွက်လိမ့်မည် (ဒံ ၇း၉-၁၀)။ ၂ သက် ၁း၇-၈ ထဲတွင် “သခင်ယေရှုသည် တန်ခိုးရှိသောကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံကပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ. . . ”ဟူ၍ ဖော်ပြထားပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့သခင်ဘုရားသည် မယုံကြည်သူအပေါင်းအပေါ်၌ စီရင်ခြင်းချခြင်းငှါ ကြွလာတော်မူမည်။ ယနေ့တွင် လာလိုသောသူအပေါင်းတို့အား ချစ်ခြင်းမေတ္တာတော်အားဖြင့် စောင့်ကြိုလျက်နေ၏။ စာဖတ်သူ၊ မယုံကြည်ဘဲ ဆက်မနေပါနဲ့တော့။

**ဆင်ခြင်ရန်** - သခင်ယေရှုထံ ကျွန်တော်ချဉ်းကပ်ပြီးပြီလား။
**ဆုတောင်းချက်** - အဘဘုရား၊ ယနေ့သည် လူများတို့အဖို့ ကယ်တင်ရာနေ့ဖြစ်မည်အကြောင်း ဆုတောင်းပါ၏။

*"ငါ့ဝိညာဉ်သည် ဘုရားသခင်တည်း ဟူသော ကိုယ်တော်ကိုငတ်လှ၏. . . "*

## အသက်အရွယ်ကြီးရင့်လာသောဒံယေလ

၅၅၁ ဘီစီဖြစ်၏။ ဗာဗုလုန်သို့ ဒံယေလဖမ်းဆီးခံရခြင်းအချိန်မှ နှစ်ပေါင်း ၅၅ နှစ်ကြာပြီဖြစ်၏။ ယခုအချိန်တွင် မိမိချစ်သောတိုင်းပြည် ပြန်မြင်ရခြင်းငါ မျှော်လင့်ချက်တို့သည် ပျောက်ကွယ်ခဲ့ပါလိမ့်မည်။ နေဗုခဒ်နေဇာကွယ်လွန်ပြီး ဆယ်နှစ်ကြာလာပြီဖြစ်၏။ သူ၏ကွယ်လွန်ခြင်းနှင့်အတူ နိုင်ငံသည်လည်း တန်ခိုးအရာ၌ရင်း၊ ကျော်ကြားမှု၌ရင်း ကျဆင်းလာ၏။ ဗေလရှာဇာသည် အားနည်းသောမင်းဖြစ်၍ ဗာဗုလုန်ကျဆုံးမည်မှာ သေချာလှပါသည်။ ကုရုမင်းလက်အောက်၌ စစ်တိုက်ခြင်းငါတာဆူနေသော ပေရသိလူတို့သည် အသင့်ဖြစ်နေကြ၏။ အနာဂတ်မှာဘာဖြစ်လာမည်နည်း။ ယနေ့အကျွန်ုပ်တို့၏ ဒုက္ခကမ္ဘာ၌လည်း ထိုမေးခွန်းကို မေးနေကြပါသည်။ ဤအချက်ကို မှတ်သားကြပါစို့-အနာဂတ်သည် ဘုရားသခင်လက်တော်ထဲ၌ရှိ၏။

ဘုရားသခင်သည် ဒံယေလအား အံ့ဩဖွယ်အသုံးပြုခဲ့ပါသည်။ ယခုသည် သူ၏နောက်ဆုံးနှစ်များဖြစ်၍ မိမိ၏အကောင်းဆုံးနေ့များ ကုန်ဆုံးခဲ့ပြီး၊ အနားယူဖို့ရန်အချိန်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်ခြင်းမှ အနားယူမည်ဟူသောအတွေး သင့်စိတ်ထဲ၌ပေါ်လာဖူးပါသလား။ သင်သည် စိတ်ပျက်အားလျော့၍ နောက်ဆုတ်ဖို့ရန် အသင့်ဖြစ်နေပါသလား။ ဒံယေလသည် နောက်မဆုတ်ခဲ့ပါ။ ကျွန်တော်တို့သည် ပို၍ပျော်စရာကောင်းသောအခြေအနေ၌ ရှိသည်ဖြစ်သောကြောင့် အဘယ့်ကြောင့်နောက်ဆုတ်ရပါမည်နည်း။

ဒံယေလသည် ဆက်လက်ကြိုးစားအားထုတ်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းကြပါစို့။ ဘုရားသခင်သည် ဒံယေလအား ခံနိုင်ရည်စွမ်းအားပေးတော်မူ၏။ ဘုရားသခင်နောက်တော်သို့လိုက်ခြင်းအမှု၌ ခံနိုင်ရည်ရှိ၍ ကြိုးစားအားထုတ်မည်အကြောင်း ဆုတောင်းကြပါစို့။

ယခုဒံယေလသည် ရှေ့သို့ချီတက်လျက်ရှိသည်ကို ကျွန်တော်တို့မြင်ရပါ၏။ ဗာဗုလုန်အရှေ့ဘက် ၃၅၀ မိုင်အကွာ၌ရှိသော ရှုရှန်သို့သွားခြင်းဖြစ်ပါသည်။ သူ၏ရူပါရုံခံရခြင်းနေ့ရက်သည် မကုန်ဆုံးသေးပါ။ ကုရုမင်း၏ဌာနချုပ်၊ မေဒိပေရသိအင်ပါယာစတင်ရာ ရှုရှန်မြို့၌ ဒံယေလအား အရေးကြီးသောပရောဖက်ရူပါရုံပြခြင်းငါ ဘုရားသခင်အစီအစဉ်ရှိ၏။ ရှုရှန်မြို့သည် ဧသတာ ဝတ္ထုနှင့် ယေရုရှလင်မြို့ရိုးကို ပြန်လည်တည်ထောင်သော နေဟမိ၏အမှုတော်အစပိုင်းဖြစ်ပွားရာ နေရာဖြစ်သည်။

အဘယ့်ကြောင့်ဘုရားသခင်သည် အနာဂတ်နှင့်ဆိုင်သောမိမိ၏ အစီအစဉ်ကို ဖော်ပြခြင်းငါ ဒံယေလကိုရွေးချယ်ပါသနည်း။ အဖြေမှာ ဘုရားသခင်၏အဆုံးစွန်အလိုတော်ကြောင့် သာလျှင်ဖြစ်ပါသည်။ ဘုရားသခင်သည် ဒံယေလ၏စိတ်နှလုံးကိုသိတော်မူ၏။ ဒံယေလသည် ဘုရားသခင်၏နောက်တော်သို့လိုက်၍ ငယ်ရွယ်စဉ်ကပင် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်၏အမှုကိုဆောင်ရွက်ခဲ့၏။ တိုင်းတပါး၌ ဖမ်းဆီးခံဖြစ်သော်လည်း ဒံယေလသည် ယုံကြည်ခြင်း၌ ယိမ်းယိုင်ခြင်းမရှိခဲ့ပါ။ ဒံယေလသည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောကြောင့် ဘုရားသခင်ကလည်း ဒံယေလအား ချီးမြှောက်တော်မူ၏။ ဒံယေလ၏အသက်တာကို ကျွန်တော်တို့အတုယူကြပါစို့။

**ဆင်ခြင်ရန်** - အဘယ်နေရာ၌မဆို ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်ပါမည်။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းခြင်းအမှု၌ အကျွန်ုပ်ကြိုးစားအားထုတ်ပါမည်။

သောကြာ၊ မေ (၂၅)

**ဒံ ၈း၁-၄၊ ၂၀**

၂ ကော ၄း၁၆-၁၈

*"… အတွင်းလူမူကား တနေ့ထက်တနေ့ ပြုပြင်ခြင်းကိုခံရ၏"*

## ချိုနှစ်ချောင်းရှိသောသိုးထီး

ရှုရှန်နန်းတော်၌ ဘုရားသခင်၏ဝိညာဉ်တော်သည် ဒံယေလအပေါ်ဆင်းသက်၍ အသစ်သောရူပါရုံကို ပေးတော်မူ၏။ ဒံယေလ ၇း၁ ၌တွေ့ရသော ရူပါရုံနှင့်မတူ၊ ယခုရူပါရုံသည် ညအိပ်မက်ရူပါရုံမဟုတ်ဘဲ၊ နိုးလျက်ရှိစဉ် နေ့ခင်းရူပါရုံဖြစ်ကြောင်း မှတ်သားပါလော့။ ဘုရားသခင်သည် မိမိအစေခံကျွန်များထံသို့ အိပ်ပျော်နေစဉ်၌၎င်း၊ နိုးနေစဉ်အခါ၌၎င်း ကြွလာတော်မူနိုင်၏။ အဓိက အရေးကြီးသည်မှာ သူ၏စကားတော်လက်ခံခြင်းငှါ ဝိညာဉ်တော်၏အလိုအတိုင်း နေထိုင်ဖို့ရန်သာ ဖြစ်ပါသည်။ အကြောင်းအရာကား အဘယ်နည်း။ ရူပါရုံတွင်အဖြေရှိ၏။ ဗာဗုလုန်၏နေ့ရက်တို့သည် ရေတွက်ခြင်းခံရ၏။ အရှေ့ဘက်မှ အသစ်သောအာဏာရှင်၊ ချိုနှစ်ချောင်းရှိသောသိုးထီး ပေါ်လာခဲ့၏။ ဤသတ္တဝါသည် ထူးခြားပြီး၊ ရက်စက်ကြမ်းကြုတ်၍ အင်အားကြီးသောသတ္တဝါဖြစ်၏။ ထိုသတ္တဝါသည် အရပ်သုံးမျက်နှာ၊ အနောက်၊ မြောက်နှင့်တောင်အရပ်သို့ ချိတက်ခဲ့၏။ အဘယ်သူမျှ သူ့ကိုဆီးတား၍မရ၊ အင်အားကြီးသောဗာဗုလန်ကပင် မဆီးတားနိုင်။

ဒံယေလသည် ဤထူးခြားသောရူပါရုံကြောင့် စိတ်ရှုပ်ထွေးခြင်းရှိ၍ ကောင်းကင်တမန်ဂါဗြေလအား မေးသောအခါ ဤသို့ရှင်းပြခဲ့၏- ဤကြမ်းကြုတ်သော ချိုနှစ်ချောင်းရှိသိုးထီးသည် မေဒိနှင့်ပေရသိရှင်ဘုရင်များကို ပုံဆောင်ခြင်းဖြစ်၏။ နောက်မှပေါ်ထွက်သော ပို၍ရှည်သော ချိုသည် ကုရုမင်းလက်အောက် ပေရသိလူများကို ပုံဆောင်ခြင်းဖြစ်၏။ သူတို့သည် ပို၍တိုသောချို မေဒိလူတို့အပေါ်၌ ချီးမြှောက်ခြင်းခံရ၏။ ဤမေဒိပေရသိအစိုးရသည် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့၏။ ဂါဗြေလ၏မမှားနိုင်သော အနက်ဖွင့်ချက်က အိပ်မက်နှစ်ခု (ဒံ ၂ နှင့် ၇) နားလည်သဘောပေါက်ခြင်းငှါ အဓိကအချက်များ ဖော်ပြခဲ့၏။ ရုပ်တုကြီး၏ရင်ဘတ်နှင့်လက်နှစ်ဖက် (ဒံ ၂း၃၂၊ ၃၉) နှင့် ပါးစပ်၌နံရိုးသုံးချောင်းကိုက်လျက်ရှိသောဝံ (ဒံ ၇း၅) သည် မေဒိပေရသိကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ရှင်းလင်းလှပါသည်။ သူ၏အောင်မြင်မှုသည် အရပ်သုံးမျက်နှာသို့ ပျံ့ခဲ့၏- မြောက်အရပ်၌မေဒိ၊ အနောက်အရပ်၌ အာရှမိုင်နာနှင့် ဂရိ၊ တောင်အရပ်၌ ဗာဗုလုန်နှင့် အီဂျစ်တို့ဖြစ်ပါသည်။ ကုရုမင်းသည် ဗာဗုလုန်အင်ပါယာကြီးကို အောင်နိုင်၍ အရှေ့ပိုင်းကမ္ဘာ၌ မတွေ့ဖူးသော အကြီးမားဆုံးအင်ပါယာကို တည်ထောင်ခဲ့ပါသည်။ သူ၏နယ်ပယ်သည် ဗာဗုလုန်အင်ပါယာ၏နယ်ပယ်ထက် ခန့်မှန်းခြေအားဖြင့် နှစ်ဆလောက်ကျယ်ပြန့်၏။

ဤကြမ်းကြုတ်သော သိုးထီးအားဖြင့် အဘယ်သင်ခန်းစာကျွန်တော်တို့သင်ယူရပါသနည်း။ ဤသည်ကား ဒုတိယမွေးခြင်းမခံရသောသူ၏ စရိုက်လက္ခဏာဖြစ်ပါသည်- လောဘစိတ်၊ ကိလေသာကာမစိတ်၊ ရန်တွေ့ခြင်း (ယာကုပ် ၄း၁)။ ဒုတိယသင်ခန်းစာမူကား လူသား၏တပ်မက်ခြင်းသည် အကန့်အသတ်မရှိပါ ဟူ၍ဖြစ်ပါသည်။ ဒုတိယကမ္ဘာ့အင်ပါယာသည် ပထမအင်ပါယာကို ကျော်လွန်၍ တတိယသည်လည်း ဒုတိယကို ကျော်လွန်မည်ဖြစ်သည်။ တတိယသင်ခန်းစာမူကား လူ့အင်ပါယာသည် ထာဝရမတည်။ အခြားအင်ပါယာမပေါ်ထွန်းမီအချိန်အထိသာဖြစ်ပါသည်။ လူ၏အင်ပါယာသည် ပျက်စီးပျောက်ကွယ်လွယ်လှပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အနာဂတ်မျှော်လင့်ချက်သည် အဘယ်နည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား မြင်၍မရသော ထာဝရအရာများကို အာရုံပြုစေတော်မူပါ။

*“. . . မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။
အပွင့်လည်းကြွေတတ်၏”*

## ထူးဆန်းသောချိုတစ်ချောင်းရှိသောဆိတ်ထီး

ဒံယေလသည် ချိုနှစ်ချောင်းရှိသော အင်အားကြီးသိုးထီး၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်စဉ်းစားနေစဉ် မျက်စိနှစ်လုံးကြား၌ထူးဆန်းသော ချိုတစ်ချောင်းရှိသောဆိတ်ထီးသည် အနောက်အရပ်မှ ပေါ်ထွက်လာခဲ့၏။ နောက်မှ ဂါဗြေလက ဤသို့ရှင်းပြခဲ့၏- “အမွေးကြမ်းသောဆိတ်သည် ဟေလသရှင်ဘုရင်ဖြစ်၏။ မျက်စိနှစ်လုံးကြား၌ရှိသော ချိုကြီးသည် ပထမမင်းဖြစ်၏” (ဒံ ၈း၂၁)။

Alexander the Great ၏ ကျော်ကြားမှုသည် သမိုင်း၌ထင်ရှားခဲ့၏။ ၃၃၄ ဘီစီတွင် Alexander သည် အနောက်အရပ်မှ လေးသောင်းသောလူတို့နှင့်တကွ အာရှမိုင်နာသို့ ခရီးနှင်၍ ပေရသိအင်ပါယာတစ်ခုလုံးကို ကျော်ဖြတ်ပြီး အိန္ဒိယနယ်စပ်အထိ အရှေ့အရပ်သို့ ခရီးဆက်ခဲ့၏။ သူ၏အောင်မြင်ခြင်းလျင်မြန်မှုကို ဒံ ၈း၅ ထဲ၌ ဤသို့ဖော်ပြခဲ့၏- “မြေကိုမနင်းဘဲ”။ အလွန်လျင်မြန်သည်ဖြစ်သောကြောင့် လေကဲ့သို့သွား၏။ သမိုင်းထဲတွင် သူ၏စစ်ဗျူဟာပါးနပ်မှုကို ပြိုင်ဘက်ကင်းဖော်ပြခဲ့ကြပါသည်။ “Alexander ၏ ပေရသိအပေါ် ပထမအောင်မြင်မှုသည် Hellespont နား Granicus ချောင်း၌ဖြစ်၏ (၃၃၄ ဘီစီ)။ အာရှမိုင်နာတစ်ခုလုံးကိုသိမ်းပိုက်ပြီးနောက် မြောက်ပိုင်းရှုရိ၌ မေဒိပေရသိဘုရင် Darius III ၏ စစ်တပ်ကို နင်းခြေခဲ့သည် (Issus စစ်ပွဲ၊ ၃၃၃ ဘီစီ)။ တုရုမြို့၏ ခံတပ်ကျွန်းသည်လည်း ခုနစ်ပတ်ဝန်းရံခြင်းခံပြီးမှ ကျဆုံးခဲ့ပြီး၊ ၃၃၂ ဘီစီတွင် အီဂျစ်ကို စစ်မတိုက်ဘဲ သိမ်းယူခဲ့၏။ သူသည်နတ်ဘုရားသဖွယ်ချီးမြှောက်ခြင်းခံလျက် Alexandria မြို့ကို တည်ပြီး၊ Mesopotamia သို့ ချီတက်လျက် ထိုအရပ်၌ Darius III ကို ပြန်၍အနိုင်ယူပြန်၏ (Gaugamela, ၃၃၁ ဘီစီ)။ ဗာဗုလုန်၊ Susa၊ Persepolis၊ နှင့် Ecbatana တို့သည်လည်း သူ့ရှေ့၌ ကျဆုံးခဲ့ကြ၏ (၃၃၀ ဘီစီ)။ ယခုအခါ Darius III သည် ကွပ်မျက်ခြင်းခံရပြီဖြစ်၍ Alexander သည် မိမိ၏စစ်တပ်ကို Bactria နှင့် Sogdiana သို့ စေလွှတ်၍ ယနေ့ခေတ် အာဖဂန်နစ္စတန်ကို ဖြတ်လျက် အိန္ဒိယနယ်စပ်အထိ ခရီးနှင်ခဲ့၏။ ထိုအရပ်၌ သူ၏နောက်ဆုံးအောင်မြင်မှုဖြစ်သော Porus ရှင်ဘုရင်၏ စစ်တိုက်ဆင်များကို အောင်မြင်ခဲ့၏ (Jhelum စစ်ပွဲ၊ ၃၂၆ ဘီစီ)။ ထို့နောက် နွမ်းလျမောပန်းနေသောသူ၏ စစ်တပ်သည် Susa သို့ ပြန်သွားကြ၏ (၃၂၄ ဘီစီ)။ သူသည် ခေတ်အဆက်ဆက်ကျော်ကြားသော စစ်ခေါင်းဆောင်တို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်” (Whitcomb)။

၁ ပေ ၁း၂၄-၂၅ သည် လူ၏အောင်မြင်မှုနှင့် ကျော်ကြားမှုအပေါ် စီရင်ခြင်းဖြစ်ပါသည်။ လူ၏အင်ပါယာသည် ကြာရှည်မခံ၊ Alexander ၏ ကြီးမားသောအင်ပါယာသည်လည်း ထိုနည်းတူဖြစ်၏။ မကြာမီ ကွယ်ပျောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဟစ်တလာက မိမိ၏အင်ပါယာသည် နှစ်တစ်ထောင်ကြာမည်ဟု ကြွေးကြော်ခဲ့၏။ ဘယ်လောက်ကြာခဲ့ပါသလဲ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် ထာဝရတည်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ မေ (၂၇)
**ဒံ ၈း၈-၁၂၊ ၂၂**
သု ၁၆း၈-၁၉

*"မှန်သောအလေးနှင့် မှန်သောချိန်ခွင်သည် ထာဝရဘုရား၏ဥစ္စာဖြစ်၏. . . "*

# ခွန်အားကြီးသောချိုကြီးကျိုးပဲ့ခြင်း

သုတ္တံ ၁၆း၁၈-၁၉ ကိုဖတ်ပါ။ ဘုရားသခင်၏မပြောင်းလဲသောနှုတ်ကပတ်တော်သည် မှန်လှပါသည်တကား။

လူတစ်ဦး၏အောင်မြင်မှု၊ အတတ်ပညာ၊ ရာထူးနှင့်ကျော်ကြားမှုတို့သည် လူကိုလျင်မြန်စွာ မာနထောင်လွှားစေပြီး၊ အကျင့်စာရိတ္တကိုလည်း ပျက်ပြားစေတတ်ပါသည်။ လူတစ်ဦးသည် အမြင့်ဆုံးသောအာဏာကိုရပြီး၊ ရိုသေခြင်းခံလျက်ပင် နှိမ့်ချခြင်းရှိ၍ အကျင့်စာရိတ္တမပျက်ပြားခြင်းသည် Alexander ၌မရှိခဲ့သော အကျင့်တရားဖြစ်၏။ တားဆီး၍မရသောသူ၏အာဏာ ("သူ့လက်မှ အဘယ်သူမျှ သိုးကိုမကယ်မလွှတ်နိုင်" ဒံ ၈း၇) သည် မိမိကိုယ်ကိုချီးမြှောက်စေ၍ ("ထိုစိတ်သည် အလွန်ကြီးမားခြင်းသို့ရောက်လေ၏" ဒံ ၈း၈) အလွန်မာနထောင်လွှားခြင်းရှိ၏။ ဤသည်ကား သူ၏ ကျဆုံးခြင်းအစဖြစ်ပါသည်။

Whitcomb က ဤသို့ဆက်လက်ရှင်းပြခဲ့၏ - "Alexander သည် စတုရန်းမိုင် ၁၅ သိန်း ရှိသော အင်ပါယာကြီးကို တည်ထောင်ပြီးမှ နတ်ဘုရားအဖြစ် မိမိကိုယ်ကိုချီးမြှောက်ခြင်းအားဖြင့် ၎င်း၊ ပေရသိနှင့်ဂရိတန်ဆာပလာများကို မိမိစစ်တပ်၌ အသုံးပြုခြင်းအားဖြင့်၎င်း၊ ပေရသိအမျိုးသမီးများကို ထိမ်းမြားခြင်းအားဖြင့်၎င်း၊ သူ၏မာကေဒေါနိခေါင်းဆောင်အများအပြားကို ပုန်ကန်ခြင်းငှါ နှိုးဆော်သလိုဖြစ်ခဲ့၏။ အသစ်တီထွင်လိုသောစိတ်ဖြင့် Alexander သည် အာရေဗျနှင့် အာဖရိကကမ်းခြေများသို့ သွားရောက်ခြင်းငှါ သင်္ဘောအုပ်စုတည်ဆောက်ခဲ့၏။ တိကရိမြစ်တစ်လျှောက် ဆန်တက်ခဲ့ပြီး၊ ၅၃၉ ဘီစီ၌ ဗာဗုလုန်ကို ပေရသိမင်းကုရုအောင်နိုင်ခဲ့သောနေရာ အာရှုရိ၏ရှေးမြို့ Opis အထိ သွားရောက်ခဲ့၏။ Alexander သည် ၃၂၃ ဘီစီ၌ နောက်ဆုံးအကြိမ်ဗာဗုလုန်သို့ ဝင်ရောက်ခဲ့၏။ ဒဏ်ရာအနာတရနှင့် အရက်အလွန်အကျွံသောက်ခြင်းကြောင့် သူသည် ဖျားနာခဲ့၏။ များမကြာမီသူသည် မလှုပ်ရှား၊ မပြောမဆိုနိုင်ဖြစ်ခဲ့၏။ သူသည်အထောက်အမဖြင့်နေရ၍ ဗိုလ်ချုပ်နှင့်စစ်သားတို့သည် အချက်အလက်မှတ်သားကြ၏။ သူသည်လူတိုင်းကို သူ့မျက်စိအကြည့်ဖြင့် သိမှတ်နားလည်ခဲ့၏။ နှစ်ရက်ကြာသောအခါ သူသည်ကွယ်လွန်ခဲ့၏။ သူသည် ၃၃ နှစ်ပင်မပြည့်သေးပါ။"

"ထိုသို့ဖြင့် ခွန်အားကြီးသောချိုကြီးသည် ကျိုးပဲ့၍" (ဒံ ၈း၈)၊ လျှပ်စီးကဲ့သို့မြန်သော အောင်နိုင်ခြင်းသည်ပြီးဆုံးခဲ့ပြီး၊ သမိုင်းစာမျက်နှာတစ်ခုသာဖြစ်လေ၏။ ဆယ်နှစ်အတွင်း၌ ဤကမ္ဘာတစ်ခုလုံးကို မိမိခြေဖဝါးအောက်၌ထားခဲ့ပြီး၊ ထိုမိမိ၏ကျော်ကြားမှုအသီးကို မမြည်းစမ်းမီအချိန်၌ Alexander သည် ကွယ်လွန်သွားခဲ့၏။

ဤအကြောင်း၌သင်ဘာပြောလိုသနည်း။ ယာကုပ် ၄း၁၄-၁၅ မှဘုရား၏နှုတ်ကပတ်တော်ကို ဖတ်ပါလော့။

**ဆင်ခြင်ရန်** - သုတ္တံ ၁၆း၃၂ ကိုကျွန်တော်သဘောတူပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏တန်ခိုးကြီးသောလက်တော်အောက်၌ အကျွန်ုပ်နှိမ့်ချစွာနေလိုပါ၏။

တနင်္လာ၊ မေ (၂၈)

**ဒံ ၈း၈-၁၄၊ ၂၃-၂၅**

၅ ရာ ၁၆း၂၃-၃၁

*“မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား သီချင်းဆိုကြလော့. . . ”*

## ချိုငယ်တစ်ချောင်းပေါ်ထွက်လာခြင်း

Alexander သည် စစ်ရေးကျွမ်းကျင်သောသူဖြစ်သော်လည်း၊ အုပ်ချုပ်ရေး၌အားနည်းသောသူဖြစ်၏။ စစ်ပွဲ၌ အောင်မြင်မှုရသော်လည်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၌ ကျဆုံးခဲ့၏။ အသက်ငယ်ရွယ်စွာ ကွယ်လွန်ခဲ့သောကြောင့် သူ၏ကြီးမားကျယ်ပြန့်သော အင်ပါယာကြီးသည် သူ၏ စစ်ဗိုလ်ချုပ်လေးဦးထံ ခွဲဝေခြင်းခံရ၏- Antigonus က ဗာဗုလုန်ကိုယူ၍၊ Ptolemy က အီဂျစ်၊ Cassander က မာကေဒေါနိနှင့် Lysimachus က Thrace နှင့် Bithynia ကိုအုပ်စိုးခဲ့၏။ ဤအကြောင်းအရာကို ဒံယေလ ၈း၈ ထဲတွင် ပရောဖက်ပြုဖော်ပြခဲ့ပါသည်။

သူတို့အထဲမှပေါ်ထွက်လာသော “ချိုငယ်တစ်ချောင်း” ကိုလေ့လာကြည့်ကြပါစို့။ ထိုချိုငယ်သည် ဒံယေလ ၇း၈ ထဲမှ ချိုငယ်ဟုထင်ရသော်လည်း၊ ထိုသို့မဟုတ်ပါ။ သမိုင်းကြောင်းအရ၊ နောက်၌ ဒံ ၈း၉-၁၂၊ ၂၃-၂၆တွင်တွေ့ရသော ချိုငယ်နှင့်ကိုက်ညီသော ဆိုးသွမ်းသော ခေါင်းဆောင်ပေါ်ထွက်ခဲ့၏။ ထိုသူ၏မျိုးရိုးသည် ဗာဗုလုန်ကို သိမ်းပိုက်ခဲ့သော Antigonus မှဆင်းသက်လာခြင်းဖြစ်၏။

နှစ်ပေါင်း ၂၀ အတွင်း၌ Antigonus သည် ဗာဗုလုန်ကို Seleucus I Nicator လက်သို့ ဆုံးရှုံးခဲ့၏။ Seleucus သည် ဒံယေလ ၁၁း၅-၃၅ တွင်ဖော်ပြသော ပထမဆုံး “မြောက်ရှင်ဘုရင်” ဖြစ်၏။ Seleucid မင်းဆက်သည် ဆက်လက်အာဏာရလာခဲ့၏။ နှစ်ပေါင်းတစ်ရာကျော်လာသောအခါ ထိုမင်းဆက်မှ Antiochus IV Epiphanes ဟုခေါ်သော ရှင်ဘုရင်ပေါ်ထွန်းလာခဲ့၏ (၁၇၅-၆၄ ဘီစီ)။ သူသည် ဣသရေလလူမျိုးညှင်းပန်းနှိပ်စက်သော သူတို့တွင် အဆိုးဆုံးသောလူတို့ထဲမှ တစ်ဦးဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏လူတို့ကို ဆန့်ကျင်တိုက်ခိုက်ဖျက်ဆီးခဲ့၏ (“ဗိုလ်ခြေအချို့တို့နှင့် ကြယ်အချို့တို့ကို မြေသို့ချ၍နင်းလေ၏”) ဒံ ၈း၁၀၊ “. . . စွမ်းအားကြီးသောလူစု၊ သန့်ရှင်းသောလူစုကိုပင် ဖျက်ဆီးလိမ့်မည်” (ဒံ ၈း၂၄)။ သူသည် “သာယာသောပြည်” (ဒံ ၈း၉)၊ ဣသရေလတိုင်အောင် ချီတက်ခဲ့၏။

Antiochus Epiphanes သည် အလွန်ရွံရှာစရာကောင်းသောအမှုကို ဘုရားသခင်အပေါ်၌၎င်း၊ ဗိမာန်တော်နှင့်ဘုရားသခင်၏လူတို့အပေါ်၌၎င်း ပြုမူခဲ့၏။ သမိုင်းကြောင်းထဲ၌ သူသည် ထောင်လွှားမောက်မာစွာ ဗိမာန်တော်ထဲသို့ဝင်၍၊ ရွှေယဇ်ပလ္လင်၊ ဆီမီးခုံနှင့်သန့်ရှင်းသောစားပွဲတို့ကို ယူခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ကြ၏။ ဗိမာန်တော်ထဲ၌ ပုံမှန်ပြုသောယဇ်ပူဇော်ခြင်းများမပြုရန် တားမြစ်ခဲ့၏။ သူသည် ဥပုသ်နေ့ကိုညစ်ညူးစေပြီး၊ ဗိမာန်တော်ကိုညစ်ပတ်စေလျက်၊ ရုပ်တုဆင်းတုကိုးကွယ်ရာ ယဇ်ပလ္လင်များတည်၍မသန့်ရှင်းသော တိရစ္ဆာန်တို့ကို ပူဇော်ခဲ့၏။ သူသည် “ချိုငယ်တစ်ချောင်း” အန္တိခရစ်မဟုတ်သော်လည်း၊ နောက်မှပေါ်ထွန်းလာမည့် အန္တိခရစ်ကိုပုံဆောင်သော ရှေ့ပြေးပုဂ္ဂိုလ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့်ဘုရားသခင်သည် အကျွန်ုပ်အား အနာဂတ်အကြောင်း သိစေတော်မူသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမှုတော်ကိုသန့်ရှင်းသောလက်နှင့် ဖြူစင်သောစိတ်နှလုံးဖြင့် ဆောင်ရွက်လိုပါ၏။

**ဒံ ၈း၁၃-၁၉**

လု ၁း၁၉-၂၀၊ ၂၆-၂၈

*“ကိုယ်တော်၏အထုံးအဖွဲ့များကိုစောင့်နိုင်မည်*
*အကြောင်း၊ အကျွန်ုပ်သည်လမ်းဖြောင့်ပါစေသော”*

## ဂါဗြေလ– ဘုရားသခင်ထံမှတမန်တော်

Antiochus Epiphanes ၏ရွံရှာစရာကောင်းသောအမှုမှ ဘုရားသခင်ဖန်ဆင်းတော်မူသော ဝိညာဉ်ကမ္ဘာအကြောင်းတည်းဟူသော ကြားနာလိုဖွယ်ကောင်းသောအမှုကို ယခုလှေ့လာကြပါစို့။ ကောင်းကင်တမန်တို့သည် ဘုရားသခင်၏တမန်တော်များဖြစ်ကြ၍၊ လူသားထက်အနည်းငယ်မြင့်၍ဖန်ဆင်းထားခြင်းဖြစ်ပါသည် (ဆာလံ ၈း၅၊ ဟေဗြဲ ၂း၇)။ သူတို့ပြုရမည့်အမှုသည် ကောင်းကင်၌ဘုရားသခင်ကိုအလုပ်အကျွေးပြုရန်နှင့် ဘုရားသခင်၏အမိန့်တော်အတိုင်း ဤကမ္ဘာရှိလူသားတို့အား နှစ်သိမ့်ကွယ်ကာရန်ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းထဲ၌ ကောင်းကင်တမန်များပြုသောအမှုကိုများစွာတွေ့ရ၏။ အချို့သောကျမ်းပိုဒ်တွင် ဘုရားသခင်၏ကောင်းကင်တမန်သည် စကားပြောသောအခါ၊ ဘုရားသခင်ကိုယ်တိုင်၏အသံကဲ့သို့ ပြောတော်မူ၏ (ကမ္ဘာ ၂၂း၁၁-၁၂၊ ထွက် ၃း၂၆၊၁၄)။

သမ္မာကျမ်းစာထဲ၌ ကောင်းကင်တမန်နှစ်ပါးသာလျှင်အမည်အားဖြင့်ဖော်ပြခဲ့၏- ဂါဗြေလနှင့်မိက္ခေလတို့ပေတည်း။ စိတ်ဝင်စားစရာကောင်းသည်မှာ သူတို့၏အမည်သည် ဒံယေလအနာဂတ္တိကျမ်းထဲ၌ ပထမဆုံးတွေ့ရခြင်းဖြစ်၏ (ဒံ ၈း၁၆၊ ၉း၂၁၊ ၁၀း၁၃၊ ၂၁၊ ၁၂း၁)။ တိုင်းတပါးအရပ်၌ ဘုရားသခင်သည် ဒံယေလနှင့်ဤကောင်းကင်တမန်အကြီးအကဲနှစ်ပါးတို့အား ရင်းနှီးခွင့်ပေးတော်မူခဲ့၏။

ကျွန်တော်တို့သည်အဘယ်ကောင်းကင်တမန်နှင့်မျှ တွေ့ကြုံခြင်းမရှိကြပေ။ ထို့ကြောင့်သူတို့သည်မည်သို့ဖြစ်သည်ကို ကျွန်တော်တို့မသိကြ (ကောင်းကင်ရောက်မှသိရကြမည်)။ သို့သော်လည်း ဒံယေလဖော်ပြသောအမှုအားဖြင့် မည်သို့ရှိကြသည်ကို သိရခြင်းငှါ ကြိုးစားလေ့လာကြပါစို့။ ဥလဲမြစ်နားကြားမှာ ဒံယေလသည် (ကောင်းကင်မှ) အသံကိုကြားခဲ့၏- “. . . ဂါဗြေလ၊ ထိုသူသည် ယခုမြင်သောဗျာဒိတ်ရူပါရုံကို နားလည်စေခြင်းငှါ အနက်ကိုပြန်ပြောလော့” (ဒံ ၈း၁၆) ဟုဆိုခဲ့၏။ ဤသည်ကား ဘုရားသခင်၏အသံဖြစ်ပါလိမ့်မည်။ အကြောင်းမှာ မည်သူသည်အားကြီးသောကောင်းကင်တမန်ကို အမိန့်ပေးနိုင်ပါမည်နည်း။

ထိုအခါ ဂါဗြေလသည် ဒံယေလအနားသို့ချဉ်းကပ်၍၊ ဒံယေလသည်ကြောက်ရွံ့ခြင်းရှိခဲ့၏။ ကျွန်တော်တို့သည် ကောင်းကင်တမန်စကားကို နားမလည်သော်လည်း၊ ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့၏စကားကို အမှန်နားလည်ကြလိမ့်မည်။ ဂါဗြေလသည် ဒံယေလနှင့်ကောင်းစွာစကားပြောနိုင်ခဲ့၏။ ဂါဗြေလသည် ဒံယေလမြင်တွေ့ခဲ့သော အနာဂတ်အကြောင်းဗျာဒိတ်ရူပါရုံကို သေချာရှင်းပြခဲ့ပါသည်။ ဒံယေလအား ဤရူပါရုံ၏အနာဂတ်အကြောင်းအရာကို ထပ်ခါထပ်ခါဖော်ပြခဲ့ပါသည် (ဒံ ၈း၁၇၊ ၁၉၊ ၂၃)။ သူတို့၏ကြုံတွေ့မှုအဆုံးတွင် ဂါဗြေလက ဒံယေလအား၊ “. . . ထိုစကားကို တံဆိပ်ခတ်ထားလော့။ တာရှည်သောကာလတိုင်တိုင် တည်လိမ့်မည်” (ဒံ ၈း၂၆) ဟု အမိန့်ပေးခဲ့၏။

ဂါဗြေလ၏နှုတ်နှင့်ဒံယေလ၏စာရေးတံအားဖြင့် ဘုရားသခင်၏မမှားနိုင်သော၊ အမှားကင်းစင်သောနှုတ်ကပတ်တော် ကျွန်တော်တို့ရရှိ၍၊ နောက်ဆုံးသောကာလ၌ ဖြစ်ပျက်မည့်အရာတို့ကို သိနားလည်ခြင်းရှိကြ၏။

**ဆင်ခြင်ရန်** - ဤကမ္ဘာ၌ပေါ်လာစဉ် ဂါဗြေလ၏တာဝန်သည် အဘယ်နည်း။

**ဆုတောင်းချက်** - ဤလောကီအရာတို့ကို ပညာနှင့်ယှဉ်၍သိမြင်နိုင်မည်အကြောင်း၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်အားမစတော်မူပါစေသော်။

*“. . . သင်တို့သည် ကောင်းကင်နိုင်ငံတော်၏ နက်နဲသောအရာတို့ကို သိရသောအခွင့်ရှိကြ၏. . . ”*

## ဗျာဒိတ်ရူပါရုံစကားသည်မှန်ပါ၏

ပရောဖက်ပြုချက်အိပ်မက်ရူပါရုံတို့သည် ဇာတိပကတိလူ၊ လောကီလူ၊ ဒုတိယမွေးခြင်းမခံရသော၊ မယုံကြည်သူအတွက်မဟုတ်ပါ။ အကြောင်းမှာ “ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်၊ ဇာတိပကတိလူသည် နားမလည်နိုင်” (၁ ကော ၂း၁၄)။ ဝိညာဉ်သဘောအရ၊ ထိုအရာတို့သည် သာဓကကဲ့သို့ဖြစ်၍ ဇာတိပကတိလူအတွက် နားမလည်နိုင်ပါ။

သခင်ယေရှုကတပည့်တော်တို့အား သာဓကအားဖြင့် သွန်သင်လေ့ရှိ၏။ အကြောင်းမှာ “သင်တို့သည် ကောင်းကင်နိုင်ငံတော်၏ နက်နဲသောအရာတို့ကို သိရသောအခွင့်ရှိကြ၏။ ထိုသူတို့မူကား အခွင့်မရှိကြ” (မသဲ ၁၃း၁၁)။ ဝိညာဉ်နှင့်ဆိုင်သောတရားတို့ကို သိနားလည်ခြင်းငှါ၊ ကောင်းကင်နိုင်ငံတော်၏အပြင်ဘက်၌ နေသောသူတို့ထံသို့ ဝိညာဉ်အသိဉာဏ်အလင်းပေးတော်မမူ။ ထိုသူတို့အကြောင်းကို ပရောဖက်ဟေရှာယက ဤသို့ဆိုခဲ့၏- “. . . သင်တို့သည် ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားကြလိမ့်မည်ဖြစ်လျက်ပင် အာရုံမပြုဘဲ မြင်ကြလိမ့်မည်” (မသဲ ၁၃း၁၄ နှိုင်း ဟေရှာ ၆း၉-၁၀)။

ဒံယေလ၏ရူပါရုံသည်လည်း ထိုသို့ဖြစ်၏။ မယုံကြည်သူ၊ ခေတ်သစ်ကျမ်းတတ်ပုဂ္ဂိုလ်၊ မှားယွင်းသောတရားဟောဆရာနှင့် ဝေဖန်တတ်သောကျမ်းတတ်ပုဂ္ဂိုလ်တို့သည် ပရောဖက်ပြုချက်နှင့် အံ့ဖွယ်နိမိတ်လက္ခဏာတို့ကို မယုံကြည်ကြပေ။ ယုံကြည်သူစာဖတ်သူအဖို့ ဂါဗြေလ၏အနက်ဖွင့်ချက်နိဂုံးစကားသည် သေချာမှုနှင့်ခွန်အားကို ပေးတော်မူ၏- “ညဦးနှင့်နံနက်ဗျာဒိတ်ရူပါရုံ စကားမှန်သည်ဖြစ်၍. . . ” (ဒံ ၈း၂၆)။ ဒံယေလ၏ရူပါရုံသည် ဆန်းပြား၍အဓိပ္ပာယ်မရှိသော ရူပါရုံမဟုတ်ပါ။ နှစ်ကြိမ်တိုင်တိုင်အတည်ပြုခြင်းခံရ၏။ နှစ်ခုသည် အတည်ပြုခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “ကောင်းကင်နိုင်ငံတော်၏နက်နဲသောအရာတို့ကို” ကျွန်တော်သိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အသိအမှတ်ပြုခြင်းငှါ နှုတ်ကပတ်တော်ကို ကြိုးစားသင်ယူရန်မစတော်မူပါ။ “. . . ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်. . . ” (၂ တိ ၂း၁၅)။

ကြာသပတေး၊ မေ (၃၁)
**ဒံ ၈း၂၆-၂၇**
ဆာလံ ၁၁၉း၁၀၅

*“ဒုစရိုက်ကိုပြုသောသူတို့၊ ငါ့ထံမှဖယ်သွားကြ။ ငါသည် ဘုရားသခင်၏ ပညတ်တော်တို့ကို ကျင့်စောင့်မည်။”*

## ထိုဗျာဒိတ်ရူပါရုံကိုတံဆိပ်ခတ်ထားလော့

ဒံယေလထံဂါဗြေလ၏ နောက်ဆုံးအမိန့်တော်မူကား၊ “. . . ထိုစကားကိုတံဆိပ်ခတ်ထားလော့။ တာရှည်သောကာလတိုင်တိုင်တည်လိမ့်မည်” (ဒံ ၈း၂၆) ဟူ၍ဖြစ်၏။

ဤပရောဖက်ပြုချက်သည် တာရှည်သောအနာဂတ်အချိန်အတွက်ဖြစ်၏။ ထို့ကြောင့် ဒံယေလအားကောင်းစွာ တံဆိပ်ခတ်ထား၍ ကြာရှည်ခံခြင်းငှါ ထိန်းသိမ်းထားစေခြင်းဖြစ်၏။ နောက်ဆုံးကာလ၌ ဆင်းရဲဒုက္ခကြုံရမည့်သန့်ရှင်းသူတို့အဖို့ သူတို့ကိုးကွယ်ယုံကြည်ကိုးစားသော ဘုရားသခင်သည် အရာခပ်သိမ်းကိုထိန်းချုပ်တော်မူ၍၊ ထိုဘုရား၏အခွင့်မရှိဘဲ အဘယ်အမှုမျှ မဖြစ်ပျက်ကြောင်း သိခြင်းသည် စိတ်သက်သာစရာခွန်အားအရင်းအမြစ်ဖြစ်ပါလိမ့်မည်။ ယခုကာလ၌ရှိသောယုံကြည်သူ ကျွန်တော်တို့သည် နောက်ဆုံးကာလရောက်ရှိနေပြီဖြစ်သောကြောင့် ဤကြိုတင်ဟောပြောချက်များမှ အချို့တို့သည် ကျွန်ုပ်တို့မျက်စိရှေ့၌ပြည့်စုံလျက်ရှိကြောင်း သိမြင်ခြင်းသည် ဝမ်းမြောက်စရာကောင်းလှပါသည်။

ဤနက်နဲသောရူပါရုံသည် အသက်ကြီးရင့်နေပြီဖြစ်သော ပရောဖက်၏အင်အားကို ကုန်ဆုံး စေပြီး၊ မောပန်းနွမ်းလျစေခဲ့ပါသည်။ မိမိလူတို့အနာဂတ်၌ ကြုံတွေ့ရမည့်ကြီးစွာသော ညှဉ်းပန်း နှိပ်စက်မှု ဝန်ထုပ်ကြီးသည်၊ ဒံယေလအဖို့မထမ်းရွက်နိုင်ဖြစ်နေခဲ့ပါသည်။ စိတ်ဝိညာဉ်ဆိုင်ရာ အံ့ဩ မိန်းမမောခြင်းကြောင့် သူသည်ရက်အတန်ကြာနေမကောင်းဖြစ်ခဲ့၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် တစ်နည်းနည်းဖြင့်သင့်၌အကျိုးပြုပါသလား။ မည်သို့ပြုပါသနည်း။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာရှိပရောဖက်ပြုချက်ကို ကျွန်တော်မည်သို့နားလည်နိုင်ပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ “တရားတော်၌အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်မျက်စိတို့ကို ဖွင့်တော်မူပါ” (ဆာလံ ၁၁၉း၁၈)။

## ဒံယေလအနာဂတ္တိကျမ်း၊ ဓမ္မဟောင်း၏ဗျာဒိတ်ကျမ်း

ဤရုပါရုံ၏အဓိကကျသောအပိုင်းသည် မေရှိယကြွလာတော်မူခြင်းနှင့် နိုင်ငံတော်တည်ထောင်ခြင်းကြိုတင်ဟောပြောချက်ဖြစ်ပါသည်။ "လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သော ကျောက်တစ်လုံး" သည် ခရစ်တော်၏နိုင်ငံတော်ကို ရည်ညွှန်းခြင်းဖြစ်၍၊ ထိုကျောက်သည် အန္တိခရစ်၏ ပူးပေါင်းရုပ်တုကို ကြေမွဖျက်ဆီးပြီးမှ ဤကမ္ဘာတပြင်လုံးဖုံးလွှမ်းသော တောင်ကြီးဖြစ်လာခဲ့၏။ ဤသည်ကား ဘုရားသခင်၏အစီအစဉ်ဖြစ်၍၊ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံတော်ဖြစ်လေပြီ" (ဗျာ ၁၁း၁၅) ဟူသောအချက်ပြည့်စုံရန်ဖြစ်၏။

အခန်းကြီး (၉) ၌ဖော်ပြထားသော ဒံယေလ၏ရူပါရုံ "သိတင်းခုနှစ်ဆယ်" သည် အနာဂတ်၌ ပြည့်စုံမည်အကြောင်းဖြစ်ပါသည်။ ဤအကြောင်းကိုပို၍နားလည်သိမြင်နိုင်ခြင်းငှါ ဗျာဒိတ် ၁၁-၁၉ ထိကိုဖတ်ရပါမည်။ ဤ "သိတင်းပတ်" တို့သည် နှစ်သိတင်းပတ်ဖြစ်၍ သိတင်းတစ်ပတ်သည် ခုနှစ်နှစ်ဖြစ်ပြီး၊ အပိုင်းသုံးပိုင်းခွဲထား၏။ (၁) "ခုနှစ်သိတင်း" (သို့) ၄၉ နှစ်တွင် ဇေရနှင့်နေဟမိကျမ်းတို့၌ဖော်ပြထားသော ယေရုရှလင်မြို့ပြန်လည်တည်ထောင်ခြင်းဖြစ်ပွားခဲ့၏။ (၂) ခြောက်ဆယ်နှစ်သိတင်း (သို့) ၄၃၄ နှစ်သည် "ခရစ်တော်သခင်၏လက်ထက်တိုင်အောင်" ဖြစ်၏။ (၃) "တသိတင်း" (သို့) ခုနှစ်နှစ်သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မမူမီအချိန်၌ ဖြစ်ပျက်မည့်အနာဂတ်အကြောင်းတည်း။

ဤဒံယေလ၏ "သိတင်းပတ်ခုနှစ်ဆယ်မြောက်" စတင်မည့်အချိန်နှင့်ပတ်သက်၍ ခရစ်တော်က ". . . အဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တပါးတည်းသာ သိတော်မူ၏" (မသဲ ၂၄း၂၆) ဟုမိန့်တော်မူ၏။ သို့သော်လည်း ထိုနောက်ဆုံးသောကာလ၏ နိမိတ်လက္ခဏာတစ်ခု ယေရှုမိန့်တော်မူသည်ကား "ပရောဖက်ဒံယေလဟောသည်အတိုင်း၊ ဖျက်ဆီးတတ်သော ရွံရှာဖွယ်အရာ. . . " (မသဲ ၂၄း၁၅) ဟူ၍ဖြစ်၏။ ဒံယေလနှင့်ခရစ်တော်ကိုယ်တိုင်က မိမိကြွလာတော်မူခြင်းကို ". . . . လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုယ်းတိမ်ကိုစီး၍ ကြွလာတော်မူသည်" (မသဲ ၂၄း၃၀ နှိုင်း ဒံ ၇း၁၃-၁၄) ဟုဖော်ပြခဲ့ကြ၏။

ထိုနေ့နှင့်ပတ်သက်၍ သခင်ယေရှုက "ခမည်းတော်၏တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကိုသိရသောအခွင့်သည် သင်တို့၌မရှိ" ဟုမိန့်တော်မူ၏။ ထို့ကြောင့်၊ ကျွန်တော်တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့်အချိန်နေ့ရက်ကို သတ်မှတ်ခြင်းမပြုဘဲ၊ အချိန်တိုင်း ကိုယ်တော်ကိုပျော်ရွှင်ဝမ်းမြောက်စွာ ဆုံတွေ့ရမည်အကြောင်း အဆင်သင့်ဖြစ်နေကြရပါမည်။ ယခုလက်ရှိအချိန်၌ "ငါပြန်၍မလာမီတိုင်အောင် ကုန်သွယ်ခြင်းအမှုကိုပြုကြလော့" (လုကာ ၁၉း၁၃) ဟု ခရစ်တော်မိန့်တော်မူ၏ (Noah Quarshie)။

**ဆင်ခြင်ရန်** - "အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ပြသ" ကြလော့ (ဖိလိ ၂း၁၆)။ ထိုသို့ကျွန်တော်ပြုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ မျှော်လင့်ခြင်းကိုပေးသော ကိုယ်တော်၏နှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

## ဉာဏ်ပညာ

ဒံယေလအခန်းကြီး (၉) နောက်ဆုံးပိုင်းသည် သမ္မာကျမ်းစာထဲ၌ အခက်ခဲဆုံးသော ကျမ်းပိုဒ်တို့တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤသည်ကား ဒံယေလထံ ကောင်းကင်တမန် ဂါဗြေလဖော်ပြသော "သိတင်းခုနစ်ဆယ်" ပရောဖက်ပြုချက်ဖြစ်ပါသည်။ ဤသိတင်းခုနစ်ဆယ်သည် လွန်ခဲ့ပြီးလော၊ ပစ္စုပ္ပန်အကြောင်းလော (သို့) အခြားရည်ညွှန်းချက်ရှိပါသလား။ "ထို့နောက်မှ လာသောသခင်၏လူတို့သည်" (ဒံ ၉း၁၆) မည်သူတို့နည်း။ ဤမေးခွန်းတို့သည် အချို့သောရှုပ်ထွေးသော မေးခွန်းဖြစ်ကြ၏။

သို့ဆိုလျှင် ဤ "ဝိညာဉ်နှင့်ဆိုင်သောပုစ္ဆာကို" မည်သို့ ကျွန်တော်တို့ဖြေရှင်းကြရမည်နည်း။ ပထမအချက်သည် ဤကျမ်းပိုဒ်တစ်ခုလုံးကို စိတ်နှစ်၍နှိမ့်ချသောသဘောဖြင့် ဖတ်ရပါမည်။ ဒုတိယအချက်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းအတွက် ဆုတောင်းရပါမည်။ ". . . အိပ်မက်အနက်များကိုဘုရားသခင်ဆိုင်တော်မူသည် မဟုတ်လော" (ကမ္ဘာ ၄၀း၈)။ ဒံယေလ၏ ဆုတောင်းခြင်းကို အဖြေပေးလျက်၊ ဂါဗြေလက "ငါသည်သင်၌ဉာဏ်ပညာတိုးပွားစေမည် အကြောင်း ထွက်လာပြီ" (ဒံ ၉း၂၂) ဟုဆိုခဲ့၏။ ကျွန်တော်တို့သည် အချက်အလက်အသေးစိတ်ကို အနက်ဖွင့်၍ ရှင်းပြနိုင်သည်မဟုတ်သော်လည်း၊ ဘုရားသခင်ပေးတော်မူသော ဉာဏ်အားဖြင့်၊ ပရောဖက်ပြုချက်၏ အဓိကအကြောင်းအရာနှင့် ဝိညာဉ်ခွန်အားတို့ကို ဖော်ထုတ်သိမြင်နိုင်ပါသည်။ တတိယအချက်သည် နှိမ့်ချသောသဘောရှိရပါမည်။ ထိုသို့ကြိုးစားရှာဖွေခြင်းပြုသင့်သည့်တိုင် "ကျွန်တော်တို့သိနားလည်ခြင်းမရှိ" ကြောင်းဝန်ခံရပါမည်။ ထိုသို့အငြင်းပွားဖွယ် ကိစ္စရပ်တို့တွင် ကျွန်တော်လုံးဝမှန်သည်ဟု တစ်ထစ်ချမိမိကိုယ်ကို ယုံကြည်ခြင်းမရှိသင့်ပါ။ ထိုသို့မဟုတ်လျှင်၊ ဝိညာဉ်ရေးရာ မာနထောင်လွှားခြင်းအပြစ်ကို ကျွန်တော်တို့ ကျူးလွန်မိနိုင်၏။

## ကြိုးစားအားထုတ်မှု

ဒံယေလအခန်းကြီး ၉ သည် ကျမ်းတတ်ပုဂ္ဂိုလ်တို့၏ ခက်ခဲသောကျမ်းပိုဒ်ဟု သတ်မှတ်ခြင်းခံရသောကြောင့် ကြိုးစားအားထုတ်လျက် လေ့လာခြင်းပြုရန်နှင့် ဆုတောင်းခြင်းဖြင့် ဆင်ခြင်နှလုံးသွင်းရန်လိုအပ်ပါသည်။ ကြိုးစားလေ့လာခြင်းမပြုဘဲ ပုံမှန်ဖတ်ရှုခြင်းတစ်ခုတည်းဖြင့် အနက်အဓိပ္ပါယ်သိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် နှုတ်ကပတ်တရားတော်ကို နက်နက်နဲနဲတူးဆွလျက် ကျမ်းစာပိုဒ်တို့ကို အပြန်အလှန်လေ့လာခြင်းပြုရန် တိုက်တွန်းလိုပါသည်။ ဤကျမ်းပိုဒ်ကိုဖြည်းဖြည်းချင်းဖတ်၍၊ ခက်ခဲသောအပိုင်းကို အကြိမ်များစွာဖတ်လျက်၊ အနက်ဖွင့်ကျမ်းကောင်းတို့ကိုလည်း ကိုးကားခြင်းပြုပါ။ မသေချာသောအချက်တို့တွင် သင်၏သင်းအုပ်ဆရာကိုတိုင်ပင်ခြင်းပြုသင့်ပါသည်။ ၂ တိ ၂း၁၅ ထဲမှ ရှင်ပေါလု၏ သွန်သင်ချက်ကိုသတိရအောက်မေ့ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်မည်သို့လေ့လာသင့်ပါသနည်း။
**ဆုတောင်းချက်** - (၂ တိ ၂း၁၅ ကိုအသုံးပြုလော့)။

တနင်္ဂနွေ၊ ဇွန် (၃)
**ဒံ ၉း၁-၂**
ယေ ၂၅း၈-၁၄

*“. . . ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဗာဗုလုန်ရှင်ဘုရင်နှင့်သူ၏နိုင်ငံကိုငါသည် ဒဏ်ပေး၍. . . ”*

# စီရင်ဆုံးဖြတ်ခြင်းနှစ် စုနှစ်ဆယ်

ဒံယေလအခန်းကြီး ၉ အစတွင် မေဒိအမျိုးဒါရိသည် ခါလဒဲနိုင်ငံကိုအစိုးရခြင်းအကြောင်းနှင့် ဘုရားသခင်သည် မိမိလူတို့အား သူတပါးနိုင်ငံ၌ မည်သို့စီရင်သည်ကို ဒံယေလဆင်ခြင်တွေးတောခြင်းအကြောင်း တွေ့ရ၏။ ၅၃၈ ဘီစီဝန်းကျင်ဖြစ်၍၊ ယုဒလူတို့သည် ဗာဗုလုန်သို့ ဖမ်းဆီးခြင်းခံရသောအချိန်မှစ၍ နှစ်ပေါင်းခုနစ်ဆယ်ပြည့်လုနီးဖြစ်၏။ ဒံယေလသည် ယေရမိ၏ ပရောဖက်ပြုချက်ဖြစ်သော ဘုရားသခင်၏စီရင်ခြင်းအကြောင်း၊ “ယေရုရှလင်မြို့ပျက်စီး၍. . . ”(ဒံ ၉း၁) ဟူသောအကြောင်းကိုဖတ်ရသောအခါ၊ မိမိလူမျိုးနှင့်တိုင်းပြည်အတွက် သူသည် အလွန်ဝမ်းနည်းခြင်းရှိခဲ့၏။ သူသည် ဗာဗုလုန်၌ နှစ်ပေါင်းများစွာနေခဲ့ပြီဖြစ်သော်လည်း၊ မိမိ၏ဇာတိနှင့် လူမျိုးကို လုံးဝမေ့လျော့ခြင်းမရှိခဲ့ပါ။ သူတပါးနိုင်ငံ၊ ရုပ်တုဆင်းတုကိုးကွယ်ရာနိုင်ငံ၌ နှစ်ပေါင်းခုနှစ်ဆယ်လုံးလုံးနေထိုင်လျက် မိမိတိုင်းပြည်သို့ ပြန်သွားခြင်းငါ့ မျှော်လင့်ချက်အလွန်နည်းပါးသော အခြေအနေသည် ဘုရားသခင်၌တည်သောမိမိ၏ယုံကြည်ခြင်းလျော့ရဲစေခြင်းငါ့ လုံလောက်လှပါ၏။ သို့သော်လည်း ဒံယေလသည် ထိုသို့မဟုတ်ပါ။ ဒံယေလကဲ့သို့ဖြစ်မည်အကြောင်း ဆုတောင်းကြပါလော့။

ယေရမိထံရောက်လာခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်ကား အဘယ်နည်း။ ယေရမိ ၂၅ ထဲတွင်၊ ၆၀၅ ဘီစီ၌ ဖြစ်ပျက်သော၊ “ငိုကြွေးသောပရောဖက်” ယေရမိက ဆိုးသွမ်းသော ယုဒရှင်ဘုရင်ယောယကိမ်ထံ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောခဲ့၏။ ယေရမိ ၂၅း၉-၁၀ ကိုဖတ်လော့။

ဘုရားသခင်၏လူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏အမှုကို နှစ်ပေါင်းခုနှစ်ဆယ်ထမ်းရွက်ခြင်းငါ့ စီရင်ခြင်းခံရကြ၏။ ထိုသို့မိမိချစ်တော်မူသောလူမျိုးအပေါ် စီရင်ချက်ချခြင်းသည် ဘုရားသခင်၏ စိတ်နှလုံးနာကျင်ခံစားရပါလိမ့်မည်။ သို့သော်လည်း ဤအမှု၌ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို တွေ့ရပါသည်။

ဣသရေလသည် ဘုရားသခင်၏အထူးမြတ်နိုးခြင်းခံရသောသူ၊ ဘုရားသခင်နှုတ်ကပတ်ကြားသိခွင့်ရသောသူ၊ အဲဂုတ္တုပြည်မှ ကယ်နှုတ်ခြင်းခံရသောသူ၊ ဘုရားသခင်၏ကြီးမြတ်တော်မူသောလက်တော်တန်ခိုးဖြင့် ပြုစုခြင်းခံရသောသူဖြစ်၏ (တရား ၃၂း၉-၁၀ ကိုဖတ်ပါ)။

သူတို့အတွက် ဘုရားသခင်သည်ထိုသို့သောအမှုအလုံးစုံပြုတော်မူသော်လည်း၊ ရှင်ဘုရင်နှင့်ပြည်သူတို့သည် ဘုရားသခင်ကိုဆန့်ကျင်၍ ကြီးသောအပြစ်ကိုပြုခဲ့ကြ၏။ ဘုရားသခင်၏သတိပေးချက်ကိုလျစ်လျူရှု၍ ဘုရားသခင်၏အမှုတော်ဆောင်တို့ကို မထီမဲ့မြင်ပြုခဲ့ကြ၏။ သူတို့၏အပြစ်သည် မသိသောကြောင့်ပြုသောအပြစ်မဟုတ်ဘဲ၊ သိလျက်နှင့်ပင် တမင်နာမခံခြင်းဖြစ်ပါသည်။

ရှင်ဘုရင်သည် ယေရမိထံမှ ဘုရားသခင်၏သတိပေးချက်ကို ကြားသိသောအခါ၊ အမျက်ထွက်၍ ထိုစာလိပ်ကိုဓားဖြင့်လှီးဖြတ်ပြီးမှ မီးထဲသို့ပစ်ချခဲ့၏ (ယေရ ၃၆း၂၃)။ နှစ်ပေါင်းခုနှစ်ဆယ်ပြစ်ဒဏ်ချခံစေခြင်းသည် ထိုက်တန်မှုရှိပါ၏။

**ဆင်ခြင်ရန်** - “ဘုရားသခင်သည် အပြစ်ကိုလျစ်လျူမရှုနိုင်ပါ။” ကျွန်တော်သဘောတူပါသလား။ အဘယ်ကြောင့်နည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်မြင်တော်မူသည်နည်းတူ အကျွန်ုပ်မြင်မည်အကြောင်း မစတော်မူပါ။

# ဆုတောင်းခြင်းပဋ္ဌာန

"လူတို့သည်အားမလျှော့ဘဲ ကြိုးစား၍ဆုတောင်းရမည်" (လုကာ ၁၈း၁)။ ဒံယေလက သာဓကပြခဲ့၏။ အမှန်သေရမည့်အကြောင်းဖြစ်သော ခြင်္သေ့တွင်းထဲသို့ပစ်ချခြင်းကလည်း သူ့ကိုဆီးတား၍မရပါ။ သူအစဉ်ပြုသည်နည်းတူ ရန်သူအပေါင်းအမြင်၌ ပြတင်းပေါက်ကိုဖွင့်လျက် တစ်နေ့ သုံးကြိမ်ဆုတောင်းခြင်းပြုခဲ့၏။ ဒံယေလကဲ့သို့ ယုံကြည်ခြင်းရှိမည်အကြောင်း ဆုတောင်းခြင်းအမှုကို အစဉ်ပြုမည်အကြောင်း တောင်းလျှောက်ကြပါလော့။

## အစာရှောင်ခြင်း၊ လျှော်တေအဝတ်ဝတ်ခြင်း၊ ပြာနှင့်လူးခြင်း

အလွန်ခက်ခဲသောအမှုက ဝိညာဉ်ရေးရာ၌ကြိုးစားအားထုတ်ခြင်းအမှုပြုခြင်းငှါ နိုးဆော်၏။ မိမိလူမျိုးများ၏အရေးကို ဒံယေလပြန်လည်သုံးသပ်ဆင်ခြင်ခြင်းအမှုက သူတို့၏ဝမ်းနည်းခြင်း အကြောင်းကိုထင်ဟပ်စေပါ၏။ နှစ်ပေါင်းခုနစ်ဆယ်စီရင်ချက်သည် ယခုပြည့်စုံလာပြီဖြစ်ကြောင်း ဒံယေလသိပါသည်။ မိမိဗာဗုလုန်သို့ရောက်လာခြင်းနှစ်ပေါင်းခုနစ်ဆယ်ပြည့်တော့မည်ဖြစ်ပါ၏။ ဘုရားသခင်သည် မိမိလူတို့အား ကယ်နုတ်လွတ်မြောက်စေခြင်းကို စောင့်လျက်နေခဲ့၏။ လွတ်မြောက်ခြင်းက အဘယ်မှာနည်း။ မည်သို့မည်ပုံ၊ မည်သည့်အချိန်၌ရောက်ရှိလာမည်နည်း။

ဒံယေလသည် ထိုအမှုကိုဆင်ခြင်တွေးတောရင်း အလွန်ဝမ်းနည်းခြင်းရှိ၏။ ထိုသို့ကျွန်အဖြစ်သို့ ရောက်ရခြင်းအကြောင်းသည် မိမိလူတို့၏အပြစ်ကြောင့်ဖြစ်ကြောင်းကို သိသဖြင့် စိတ်နှလုံး နာကျင်ကြေကွဲခြင်းရှိခဲ့၏။ ဘုရားသခင်သည်မိမိ၏ကောင်းမြတ်ခြင်းနှင့် ဂရုဏာတော်ကို မိမိလူတို့ထံ ပြတော်မမူလျှင်၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ နှစ်သိမ့်ခြင်းနှင့်ပျော်ရွှင်မှုသည် အဘယ်အကျိုးရှိပါသနည်း။ စားစရာနှင့်ဝတ်စရာ ရှာဖွေမည့်အချိန်ကိုပင် ဘုရားသခင်ထံဆုတောင်းခြင်းအတွက် အသုံးပြုသင့်ပါသည်။ ဝိညာဉ်သည်ဘုရားသခင်၏မျက်နှာတော်ငတ်မွတ်နေလျက်ပင်၊ ခန္ဓာကိုယ်အတွက်ကြိုးစား အားထုတ်ခြင်းသည် အလွန်မိုက်မဲခြင်းအမှု၊ ရယ်စရာကောင်းသောအမှုမဟုတ်ပါလော။

ဒံယေလသည် ဘုရားသခင်ရှေ့တော်၌ ကြိုးစားဆုတောင်းပဋ္ဌာနာပြုခဲ့ပါသည်။ သူသည် နှစ်ပေါင်း ၈၀ ကျော်နေပြီဖြစ်သော်လည်း နှိမ့်ချသောစိတ်ဖြင့်၊ မိမိလူမျိုးအတွက် "အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကိုဝတ်လျက်၊ ပြာနှင့်လူးလျက်" (ဒံ ၉း၃) တောင်းလျှောက်ခြင်းအမှုပြုခဲ့၏။ ထိုအခါ ဘုရားသခင်သည် နားညောင်းတော်မူ၍ သူ၏ဆုတောင်းသံကိုအဖြေပေးတော်မူ၏။ ဝလင်စွာစား၍ ဗိုက်ပူနေသော လောကီအပျော်ကျူး၍ နေထိုင်စားသောက်နေသော ကျွန်ုပ်တို့အဖို့ သတိပေးခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ဆုတောင်းခြင်း၌တန်ခိုးမပါရှိခြင်းသည် အံ့ဩစရာ ကောင်းသောအရာ မဟုတ်ပါ။

**ဆင်ခြင်ရန်** - ယနေ့ယုံကြည်သူတို့သည် တခါတရံအစာရှောင်ဆုတောင်းခြင်းပြုသင့်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ဝမ်းနည်းကြေကွဲသောစိတ်ဖြင့် ကိုယ်တော့်ကိုချဉ်းကပ်ပါ၏။

*“. . . ကိုယ်ကိုကိုယ်ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့. . . ”*

# ဒံယေလ၏အပြစ်ဝန်ချတောင်းပန်ခြင်းဆုတောင်းချက်

စစ်မှန်သောဆုတောင်းခြင်းသည် နှိမ့်ချသောစိတ်သဘောဖြင့် ဆုတောင်းခြင်းဖြစ်၏။ ဤသို့သောဆုတောင်းခြင်းကိုဘုရားသခင်ထံ ဒံယေလတောင်းလျှောက်ခြင်း၌ တွေ့ရ၏။ ဒံယေလ၏အဓိကဆုတောင်းချက်သည် မိမိလူတို့၏အပြစ်များဆေးကြောခွင့်လွှတ်ခြင်းခံရ၍၊ ဘုရားသခင်၏မျက်နှာတော်ပြန်လည်ခံစားကြရခြင်းငှါဖြစ်၏။ ထိုသို့ကျွန်တော်တို့ဆုတောင်းကြရပါမည်။ “အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက်၊ ကိုယ်အပြစ်ကိုအစဉ်မပြတ် အောက်မေ့လျက်နေပါ၏” (ဆာလံ ၅၁း၃)။ အဘယ်သူသည် ဒံယေလ (သို့) ဒါဝိတ်ထက်ပို၍ ဖြောင့်မတ်သည်ဟုဆိုနိုင်သနည်း။ အခွန်ခံ၏ဆုတောင်းချက်မှလည်း သင်ယူကြပါစို့- “. . . အဝေးကရပ်၍ ကောင်းကင်သို့မမျှော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခက်လျက်၊ အိုဘုရားသခင် အပြစ်များသောအကျွန်ုပ်ကို သနားခြင်းကရုဏာစိတ် ရှိတော်မူပါဟုဆုတောင်းလေ၏” (လုကာ ၁၈း၁၃)။

ဒံယေလသည် ဆုတောင်းသောအခါ မိမိလူတို့နှင့်အတူတကွ ရပ်တည်ခဲ့၏။ မိမိလူတို့၏အပြစ်ကိုဋင်း၊ မိမိ၏အပြစ်ကိုဋင်း ဝန်ချတောင်းပန်ခဲ့ပါသည်။ သမ္မာကျမ်းစာထဲ၌ ဒံယေလ၏အကျင့်ပျက်ခြင်းနှင့်အပြစ်ကို ဘယ်နေရာ၌မျှမတွေ့ရပါ။ သို့သော်လည်းဘုရားသခင်ရှေ့မှောက်တွင် သူသည်လည်း အာဒံမှဆင်းသက်လာသော အပြစ်သားပင်ဖြစ်ပါသည်။ သို့သော်လည်း ဒံယေလသည် ဘုရားသခင်အမြင်၌ “အလွန်ချစ်အပ်သောသူ” (ဒံ ၁၀း၁၁) ဖြစ်ပါသည်။ ဘုရားကိုကြောက်ရွံ့သောသူဖြစ်ပါ၏။ စစ်မှန်သောဘုရားတရား၌ ကိုင်းရှိုင်းသောသူသည် အပြစ်ကိုအစဉ်သိမြင်နားလည်၍၊ ဘုရားသခင်ရှေ့မှောက်၌ ထိုအပြစ်၏ဆိုးကျိုးကို ကောင်းကောင်းသိလျက် ရှောင်လွှဲသောသူဖြစ်၏။

စစ်မှန်သောအပြစ်ဝန်ချတောင်းပန်ခြင်း၌ ဆင်ခြေပေးခြင်း၊ သူတပါးနှင့်နှိုင်းယှဉ်ခြင်းမရှိပါ။ များစွာသောစကားပြောခြင်း၊ ဆွဲဆောင်တတ်သော စကားလုံးများအသုံးပြုခြင်းလည်းမဟုတ်ပါ။ ဒံယေလ၏အပြစ်ဝန်ချတောင်းပန်ခြင်း ဆုတောင်းချက်၌ ထိုသို့သောအရာများမတွေ့ရပါ။ သူသည် အပြစ်တို့ကို ဤသို့ဖော်ပြခဲ့၏- “အကျွန်ုပ်တို့သည် ပြစ်မှားမိပါပြီ။ ဒုစရိုက်ကိုပြုမိပါပြီ။ မတရားသဖြင့် ကျင့်မိပါပြီ။ ပုန်ကန်မိပါပြီ။ စီရင်ထုံးဖွဲ့တော်မူသော တရားလမ်းမှလွဲမိပါပြီ . . . ကိုယ်တော်၏ကျွန်၊ ပရောဖက်တို့၏စကားများကို အကျွန်ုပ်တို့သည် နားမထောင်ဘဲနေကြပါပြီ။ . . . ပညတ်တရားတော်လမ်းသို့လိုက်ခြင်းငှါ၊ ဗျာဒိတ်တော်အသံကို အကျွန်ုပ်တို့သည် နားမထောင်ဘဲနေကြပါ ပြီ။ . . . ဣသရေလအမျိုးသားအပေါင်းတို့သည် . . . ပညတ်တရားကို လွန်ကျူးကြပါပြီ” (ဒံ ၉း၅-၁၁)။

အပြစ်နှင့်လွန်ကျူးခြင်းသည် အကျွန်ုပ်တို့ပြုသောအမှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏အမှားကိုဘုရားသခင်ထံမလွှဲချသင့်ပါ။ ဤအချက်ကို ဒံယေလက ဒံ ၉း၇ ထဲတွင် ကောင်းစွာဖော်ပြခဲ့၏။ တိုင်းပြည်တစ်ပြည်လုံးဘုရားသခင်ရှေ့တော်၌ အပြစ်ရှိကြ၏။ ယနေ့၌လည်း ထိုသို့ပင်ဖြစ်ပါသည်။ ဣသရေလ၏ဆန့်ကျင်ပုန်ကန်ခြင်းအပြစ်၏ စုံလင်သောဆိုးကျိုးသည် အနာဂတ်၌မြင်တွေ့ရမည်ဖြစ်ပါသည်။ ဘုရားသခင်ကိုချစ်သော ကျွန်တော်တို့သည် ဘုရားသခင်၏လူတို့ကို ယုဒလူတို့အပါအဝင်ချစ်ကြရပါမည်။ ဒံယေလကဲ့သို့ သူတို့၏အပြစ်အတွက် အပြစ်ဝန်ချတောင်းပန်ခြင်းမပြုသင့်သလော။

**ဆင်ခြင်ရန်** - စစ်မှန်သောအပြစ်ဝန်ချတောင်းပန်ခြင်း၏ လက္ခဏာတို့သည်အဘယ်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပြစ်တို့ကို ဝန်ချတောင်းပန်ပါ၏။ ခွင့်လွှတ်တော်မူပါ။

*“. . . ပဌနာပြုခြင်း. . . လူအမျိုးမျိုးတို့အဘို့ ပြုစေခြင်း. . . ”*

## ဒံယေလ၏တောင်းလျှောက်ခြင်းဆုတောင်းချက်

မိမိလူတို့၏ အပြစ်များအတွက် ဝန်ချတောင်းပန်ခြင်းပြုပြီးမှ ဒံယေလသည် တောင်းလျှောက်ခြင်းအမှုကိုပြုခဲ့၏။ သူ၏ဆုတောင်းချက်တွင် ဘုရားသခင်သည် မိမိလူတို့အပေါ်၌ မကောင်းမြတ်သောအချိန်၊ ကတိမတည်သောအချိန်တခါတလေမျှ မရှိကြောင်းတွေ့ရပါ၏။ ထိုသို့ ဘုရားသခင်ထံ တောင်းလျှောက်သော ဒံယေလ၏ဆုတောင်းချက်များကို လေ့လာကြပါစို့-

(၁) ဤလူတို့သည် ကိုယ်တော်၏လူဖြစ်ကြ၏။ ကိုယ်တော်၏နာမတော်အား လူအပေါင်းတို့သည် သိစေခြင်းငှါ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ဘုရားသခင်သည် မိမိ၏တန်ခိုးကြီးသောလက်တော်ဖြင့် ကယ်နှုတ်ခဲ့သည်မဟုတ်လော (ဒံ ၉း၁၅)။

(၂) ကိုယ်တော်၏မြို့နှင့်လူစုသည် ကဲ့ရဲ့စရာအကြောင်းဖြစ်ပါ၏ (ဒံ ၉း၁၆)။ ဘုရားသခင်၏အမျက်တော်ကြောင့် (ကျွန်တော်တို့ခံထိုက်သောအရာဖြစ်ပါသည်) ယေရုရှလင်မြို့နှင့် ယုဒလူတို့သည် အိမ်နီးချင်းတိုင်းတပါးတို့၏ ကဲ့ရဲ့ခြင်းကို ခံခဲ့ကြရ၏။ ထို့ကြောင့် အိုထာဝရဘုရား၊ ကိုယ်တော်၏ ဖြောင့်မတ်တော်မူခြင်းတရားအတိုင်း အမျက်တော်ပြေပါစေသော်။

(၃) ကိုယ်တော်၏သန့်ရှင်းရာဌာနတော်သည် ဆိတ်ညံလျက်ရှိ၏ (ဒံ ၉း၁၇)။ ဘုရားသခင်၏အိမ်တော်သည် ပျက်စီးယိုယွင်းလျက်နေ၏။ ထိုသို့သော အခြေအနေ၌ ကိုယ်တော်၏နာမတော်ထင်ရှားနိုင်မည်မဟုတ်။ ထို့ကြောင့် ကိုယ်တော်၏အိမ်တော်ဘက်သို့ မျက်နှာတော်လင်းစေတော်မူပါ။

(၄) ကိုယ်တော်၏မဟာကရုဏာတော်ကြောင့်သာလျှင် နားထောင်တော်မူ၍ ကြည့်ရှုတော်မူပါ (ဒံ ၉း၁၈)။ အကျွန်ုပ်တို့၏နင်းခြေခံရခြင်းအခြေအနေကို သနားတော်မူ၍၊ ယေရုရှလင်မြို့၏ အခြေအနေကို ကြည့်ရှုတော်မူပါ။ ကျွန်တော်တို့ခံထိုက်သောအမှုဖြစ်ပါ၏။ သို့သော်လည်း အိုထာဝရဘုရား၊ ဂရုဏာထားတော်မူပါ။

(၅) ကိုယ်တော်၏နာမတော်အဖို့ဖြစ်ပါ၏ (ဒံ ၉း၁၉)။ ကိုယ်တော်၏မြို့နှင့်ကိုယ်တော်၏ လူစုသည် ကိုယ်တော်၏နာမတော်ဖြင့် သမုတ်ခြင်းခံရသောကြောင့်၊ ထိုသို့ကဲ့ရဲ့ခံနေကြခြင်းအမှု၌ ကိုယ်တော်၏နာမတော်ထင်ရှားမည်မဟုတ်ပါ။ ထို့ကြောင့် ထာဝရဘုရား၊ ခွင့်လွှတ်တော်မူပါ။

ဒံယေလ၏အဓိကဆုတောင်းတင်ပြချက်သည် ဘုရားသခင်၏နာမတော်အသရေ ထင်ရှားစေရန်ဖြစ်ကြောင်း သတိပြုပါလော့။ မိမိလူတို့၏ ဆင်းရဲဒုက္ခခံခြင်းအမှု၌ ဝမ်းနည်းခြင်းရှိပြီး၊ ဘုရားသခင်၏နာမတော်အသရေထင်ရှားစေရန် စိတ်အားထက်သန်ခြင်းရှိသောကြောင့် စိတ်နှလုံးပူပန်ခြင်းရှိ၏။ ထို့ကြောင့် လျှော်တေအဝတ်ဝတ်လျက်၊ ပြာ၌လူးလျက် အစာရှောင်ခြင်းဖြစ်၏။ ဘုရားသခင်၏ဘုန်းအသရေတော်မှေးမှိန်၍ နာမတော်ကဲ့ရဲ့ခြင်းခံရသောအခါ၊ ဘာမှမဖြစ်သကဲ့သို့ ဒံယေလမနေနိုင်ခဲ့ပါ။ ဒံယေလ၏စိတ်သဘော ကျွန်တော်တို့ခံရမည်ဆိုပါလျှင်၊ အားကြီးသော သန့်ရှင်းသောဝိညာဉ်တော်ပြုသော နိုးကြားမှုဖြစ်ပွားမည်ဖြစ်ပါသည်။ အကျွန်ုပ်တို့၏အပြစ်နှင့် အသင်းတော်၏အပြစ်ကြောင့် ကျွန်တော်တို့ဝမ်းနည်းကြေကွဲခြင်းရှိကြရပါမည်။ ဘုရားသခင်၏ နာမတော်ထင်ရှားစေခြင်းငှါ စိတ်အားထက်သန်မှုရှိကြရပါမည်။

**ဆင်ခြင်ရန်** - အပြစ်ကိုကျွန်တော်အလေးထားပါသလား။ အဘယ့်ကြောင့်မထားဘဲနေပါသနည်း။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်၏သန့်ရှင်းခြင်းကိုမြင်တွေ့ရမည်အကြောင်း၊ အကျွန်ုပ်မျက်စိကိုဖွင့်ပေးတော်မူပါ။

ကြာသပတေး၊ ဇွန် (၇)
**ဒံ ၉း၂၀-၂၄**
ဟေရှာ ၅၃း၁၀-၁၁

*"ထာဝရဘုရားသည် သူ့ကိုနှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူ၏။"*

## ဒံယေလ၏ဆုတောင်းချက်အဖြေပေးတော်မူခြင်း

ဆုတောင်းချက်လက်ငင်းချက်ချင်းအဖြေပေးခြင်းအကြောင်းကို ယနေ့ဖတ်ရှုသောကျမ်းပိုဒ်၌ ကျွန်တော်တို့တွေ့ရ၏။ ထိုသို့ဒံယေလသည် ကြိုးစားဆုတောင်းခြင်းပဌနာပြုနေစဉ် ကောင်းကင်တမန်ဂါဗြေလသည် ဘုရားသခင်၏ပလ္လင်တော်မှပျံလာပြီး၊ သတင်းစကားကို ယူဆောင်လာခဲ့၏။ ဒံယေလသည် ဘုရားသခင်၏ရှေ့တော်၌ရပ်နေ၏- "သန့်ရှင်းရာဌာနတော်၌ အဘယ်သူရပ်နေရမည်နည်း . . . သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူ၊ မုသာကိုမမှီဝဲမဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကိုမပြုသောသူ" (ဆာလံ ၂၄း၃-၄)။

ချစ်သောစာဖတ်သူ၊ သင်၏ဆုတောင်းခြင်းအသက်တာ မည်သို့ရှိပါသနည်း။ သင်၏ဆုတောင်းချက်များအဖြေပေးခြင်းခံရပါသလား။ စိတ်နှလုံးထဲမှ နက်နက်နဲနဲဆုတောင်းခြင်းပြုသောဒံယေလထံမှ သင်ယူကြပါစို့။ ဘုရားသခင်၏ရှေ့တော်၌ "သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံး" ဖြင့် ချဉ်းကပ်ကြပါစို့။ ထိုအခါ ကျွန်ုပ်တို့၏ဆုတောင်းချက်တို့သည် ဘုရားသခင်ထံတော်သို့ "သန့်ရှင်းသူတို့၏ပဌနာတည်းဟူသော မီးရှို့ရာနံ့သာပေါင်း" (ဗျာ ၅း၈) ကဲ့သို့ တက်သွားလိမ့်မည်ဖြစ်၏။

ဒံယေလ၏ဆုတောင်းချက် ဘုရားသခင်အဖြေပေးတော်မူခြင်းသည် အလွန်ထူးခြားမှုရှိ၏။ ကောင်းကင်တမန်ဂါဗြေလသည် ဘုရားသခင်အထံတော်မှလာ၍ အလွန်အရေးကြီးသောအမှု၊ ဣသရေလလူတို့အဖို့ ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်ကို နားလည်သိရှိခြင်းငှါ ဉာဏ်ပညာပေးတော်မူခဲ့၏။ ဒံယေလသည် "အလွန်ချစ်အပ်သောသူ" ဟူသောဘုရားသခင်၏ မျက်နှာတော်ကိုခံရသောသူဖြစ်ပါသည်။ ဘုရားသခင်သည် ဒံယေလအား ချစ်တော်မူ၍ စုံစမ်းစစ်ကြောခြင်းခံရသောကာလ၊ သူ၏အသက် ၈၀ ကျော်အချိန်၌လည်း ခိုင်မာသောသစ္စာရှိခြင်းတရားကို ပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံသို့ သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးဖြင့် ကျွန်တော်ချဉ်းကပ်ကြောင်း သေချာပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းတော်မူသောသုံးပါးတဆူထာဝရဘုရား၊ ကိုယ်တော်ထံချဉ်းကပ်သောအချိန်တိုင်း အကျွန်ုပ်၏မထိုက်တန်မှုနှင့် အပြစ်တို့ကို သိမြင်မည်အကြောင်း မစတော်မူပါ။ အကျွန်ုပ်၏သခင်ကယ်တင်ရှင် ခရစ်တော်၏နာမတော်အားဖြင့် ချဉ်းကပ်မည်အကြောင်း အစဉ်သတိရစေတော်မူပါ။

သောကြာ၊ ဇွန် (၈)
**ဒံ ၉း၂၀-၂၄**
၂ ပေ ၃း၈-၁၀

*"... ထာဝရဘုရားမှာ ကာလတစ်ရက်သည်
အနှစ်တထောင်ကဲ့သို့ငှင်း"*

## သင်၏အမျိုးသားချင်းနှင့်သင်၏သန့်ရှင်းသောမြို့

ဒံယေလ၏လိုအင်ဆန္ဒဟူမူကား ကျွန်ကျခံရသော မိမိလူမျိုးလွတ်မြောက်ခြင်းနှင့် သန့်ရှင်းသောမြို့ ယေရုရှလင်မြို့ ပြန်လည်တည်ထောင်ခြင်းပင်ဖြစ်ပါသည်။ ယခုပျက်စီးခြင်းအခြေအနေ၌ ရှိသောကြောင့် အလွန်ဝမ်းနည်းခြင်းရှိခဲ့၏။ အိုထာဝရဘုရား၊ ကိုယ်တော်၏လူစုနှင့်မြို့ကိုငှင်း၊ ကိုယ်တော်၏နာမတော်ဘုန်းအသရေတော်ကိုငှင်း အဘယ်အချိန်၌ ရွေးနှုတ်တော်မူမည်နည်း။

ဒံယေလသည်မိမိလူမျိုးနှင့်မြို့အတွက် ဘုရားသခင်ထံတောင်းလျှောက်ခြင်းပြုခဲ့၏။ သူ၏တောင်းလျှောက်မှုကို ဘုရားသခင်က တိုက်ရိုက်အဖြေပေးတော်မူ၏။ ဒံယေလ ၉း၂၄ သည် ဘုရားသခင်ထံမှ အဖြေဖြစ်၍ ဤသို့အချက်အားဖြင့် အောက်၌ဖော်ပြကြပါစို့-

ဘုရားသခင်သည် ဣသရေလနှင့်ယေရုရှလင်မြို့ပြန်လည်တည်ထောင်ခြင်းငှါ သိတင်းပတ်ခုနှစ်ဆယ်စီရင်ဆုံးဖြတ်တော်မူ၏။ ကျူးလွန်ခြင်းပြီးဆုံး၍၊ အပြစ်ချုပ်ငြိမ်းပြီး ဒုစရိုက်ဖြေရှင်းခြင်းခံရမည်။ ထာဝရဖြောင့်မတ်ခြင်းတရားတည်တော်မူမည်။ ဤဗျာဒိတ်ရူပါရုံသည် တံဆိပ်ခတ်ခြင်းခံရ၍ အမြင့်ဆုံးသော ဘုရားသည် ဘိသိက်ပေးခြင်းခံရ၏။

ဆိုလိုသည်မှာ ဤသိတင်းပတ်ခုနှစ်ဆယ်အတွင်းတွင် ဣသရေလလူတို့အဖို့ ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်သည် စုံလင်မည်ဖြစ်၍၊ ကျွန်ုပ်တို့၏အရှင်သခင်ယေရှုခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်နေရာ၌ ချီးမြှောက်ခြင်းခံရမည်ဖြစ်၏။

ဤဘုရားသခင်၏ပရောဖက်စကားတော်ကို သင်မည်သို့တုံ့ပြန်ပါသနည်း။ သင်စိတ်လှုပ်ရှားခြင်းရှိပါသလား။ နောင်ဖြစ်လာမည့်အရာတို့ကို ယခုသင်သိသည်ဖြစ်၍ သင်မည်သို့ အသက်ရှင်ပါမည်နည်း။

**ဆင်ခြင်ရန်** - အလင်း၏အမြန်နှုန်းမည်မျှနည်း။ အတွေး၏အမြန်နှုန်းမည်မျှနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ပရောဖက်ပြုချက်တို့မှ ဝိညာဉ်ရေးရာတရားတို့ကို သိမြင်မည်အကြောင်း မစတော်မူပါ။

# ဒံယေလ၏သိတင်းပတ်စုနှစ်ဆယ်

ယနေ့ကျမ်းပိုဒ်သည် အနာဂတ်အကြောင်းသိနားလည်ခြင်း၌ အလွန်အရေးပါသော ကျမ်းပိုဒ်ဖြစ်ပါသည်။ ယခုဖော်ပြမည့် ခံယူချက်သည် များစွာသော ယုံကြည်ချက်မှတစ်ခုဖြစ်ပါသည်။ စာဖတ်သူသည် မိမိ၏သင်းအုပ်ဆရာထံမှ အကြံဉာဏ်နှင့်သဘောထားကို တောင်းခံသင့်ပါသည်။

ဘုရားသခင်ထံဒံယေလ၏ တောင်းလျှောက်ချက်သည် ကိုယ်တော်၏လူစုနှင့်ကိုယ်တော်၏ သန့်ရှင်းသောမြို့ကိုပြန်၍ တည်ထောင်ရန်ဖြစ်၏။ ဘုရားသခင်ထံမှ အဖြေဟူမူကား၊ သိတင်းပတ် ခုနစ်ဆယ်တွင် ဣသရေလနှင့်ယေရုရှလင်သည် ပြန်၍ပြုပြင်တည်ထောင်ခြင်းခံရမည်ဟူ၍ဖြစ်၏။ နှစ်ပေါင်း ၂၅၀၀ ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း၊ ဤပရောဖက်ပြုချက်သည် အကုန်အစင်ပြည့်စုံခြင်း မရှိသေးပါ။ ဤသိတင်းခုနစ်ဆယ်သည် ပုံမှန်အပတ်ခုနစ်ဆယ်ကိုရည်ညွှန်းခြင်းမဖြစ်နိုင်ပါ။ ကျမ်းတတ်ပုဂ္ဂိုလ်အများစုက "သိတင်းပတ်" ကို ခုနစ်နှစ်အဖြစ် မှတ်ယူခဲ့ကြ၏။ ခုနစ်ရက်မဟုတ်ပါ။ ထို့ကြောင့် သိတင်းပတ်ခုနစ်ဆယ်သည် ၄၉၀ နှစ်ဖြစ်၏။ ယခုဖြေရှင်းရမည့်ပြဿနာဟူမူကား ဤနှစ်ပေါင်း ၄၉၀ ကိုပရောဖက်ပြုချက်နှင့် မည်သို့အံဝင်အောင် ရှင်းပြမည်နည်းဟူ၍ဖြစ်ပါသည်။

ပထမအချက်သည် ဤသိတင်းပတ်ခုနစ်ဆယ် မည်သည့်အချိန်၌ စတင်သနည်းဟူသော အချက်ကို ရှာဖွေရန်ဖြစ်ပါသည်။ အဖြေကို ဒံယေလ ၉း၂၅ ထဲတွင်တွေ့ရ၏။ ခြောက်ဆယ့်ကိုး သိတင်း (သို့) ၄၈၃ နှစ်သည် "ယေရုရှလင်မြို့ကို တဖန်တည်ထောင်ပြုစုစေခြင်း၌ အမိန့်တော်ရှိသည်နေ့မှစ၍ ခရစ်တော်သခင်၏ လက်ထက်တိုင်အောင်" ဖြစ်၏။ ဤနေရာ၌ သမိုင်းမှတ်တိုင် နှစ်ခုတွေ့ရ၏-

(၁) ၄၄၅ ဘီစီ (ခန့်မှန်းခြေ) သည် အာတဇေရဇ်မင်းကြီးက နေဟမိအား ယေရုရှလင်မြို့ ပြန်လည်တည်ထောင်ခြင်း၌ အခွင့်ပေးသောနှစ်ဖြစ်၏ (နေဟမိ ၂)။

(၂) အေဒီ ၃၀ (ခန့်မှန်းခြေ) သည် မေရှိယ၊ ယုဒလူတို့၏ရှင်ဘုရင်၊ အကျွန်ုပ်တို့၏ ကယ်တင်သောအရှင်ယေရှုခရစ်တော် ကားတိုင်ပေါ်၌ အသေသတ်ခြင်းခံရသောနှစ်ဖြစ်၏။

နံပါတ် ၁ မှ ၂ အထိကြာချိန်သည် နှစ်ပေါင်း ၄၇၈ ဖြစ်၍၊ ဒံယေလ၏ ခြောက်ဆယ့်ကိုး သိတင်းပတ် (သို့) နှစ်ပေါင်း ၄၇၈ ဖြစ်၍ ဒံယေလ၏ ခြောက်ဆယ့်ကိုးသိတင်းပတ် (သို့) နှစ်ပေါင်း ၄၈၃ ပြည့်ရန် ၅ နှစ်လိုသေး၏။ သို့သော်လည်း ယခုပရောဖက်ပြုချက်မှ နှစ်သည် ရက်ပေါင်း ၃၆၀ နှစ်ဖြစ်၍၊ ပုံမှန် ၃၆၅ ရက်နှစ်မဟုတ်ပါ။ ဤအချက်ကို ဒံယေလ ၉း၂၇ ၌တွေ့ရသော "ထိုသိတင်းတဝက်" ဟုဖော်ပြသော၊ ရက်ပေါင်း ၁၂၆၀ (သို့) လေးဆယ့်နှစ်သိတင်း (ဗျာ ၁၁း၂-၃၊ ၁၂း၆၊ ၁၃း၅) နှင့်ကိုက်ညီမှုရှိ၏။ ဤတွက်ချက်မှုအရ အေဒီ ၃၀ (ခန့်မှန်းခြေ) သည် မေရှိယ၏ နေ့ရက်ဖြစ်ကြောင်းတွေ့ရ၏။ ယခုဒံယေလ ၉း၂၆ ထဲတွင် မေရှိယအသေသတ်ခြင်းခံရမည့်အချိန်၊ ခြောက်ဆယ့်ကိုးသိတင်းပတ်ကုန်ဆုံးချိန်နှင့် "... လူအများတို့နှင့်ပဋိညာဉ်ဖွဲ့ခြင်း" ပြုမည့် "နောက်မှ လာသောသခင်" ပေါ်ထွန်းချိန်၊ ခုနစ်ဆယ်မြောက်သော သိတင်းပတ်အစအကြား၌ ကြားကာလရှိခြင်းအကြောင်းကိုတွေ့ရ၏။ ဤကြားကာလအချိန်သတ်မှတ်ခြင်းသည် ပရောဖက်ပြုချက်၏ အဓိက အရေးကြီးသောအချက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်သည် သမိုင်းကြောင်းကို ကြိုတင်မျှော်ကြည့်ခြင်းဖြစ်၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်၏ယခုအသက်တာကို လွှမ်းမိုးခြင်းရှိပါစေသော်။

တနင်္ဂနွေ၊ ဇွန် (၁၀)
**ဒံ ၉း၂၅-၂၇၊ ၁၀း၁-၂၁**
ရောမ ၁၁း၇၊ ၂၅-၂၆

*"ညီအစ်ကိုတို့၊ သင်တို့သည် နက်နဲသောအရာကို မသိဘဲနေစေခြင်းငှါ ငါအလိုမရှိ. . ."*

# ဒံယေလ၏ခုနှစ်ဆယ်မြောက်သီတင်းပတ်

ဒံယေလ၏ခုနှစ်ဆယ်မြောက်သီတင်းပတ်အကြောင်းကို ဒံယေလ ၂ နှင့် ၇ တို့နှင့်တွဲ၍ ၎င်း၊ အနာဂတ်အကြောင်းနှင့် ဆက်နွယ်သောကျမ်းပိုဒ်များ (မသဲ ၂၄၊ ၂ သက် ၂၊ ၁ သက် ၄၊ ဗျာ ၁၁-၁၃) နှင့် ယှဉ်၍လေ့လာဖတ်ကြရပါမည်။ "နောက်ဆုံးကာလ" ၏ အဆုံးသတ်တွင်-

(၁) ဤကမ္ဘာသည် စတုတ္ထမြောက်ကမ္ဘာ့အင်ပါယာ (နောက်ဆုံးကာလရောမ) ၏လွှမ်းမိုးခြင်းကိုခံရမည်။

(၂) ထိုနောက်ဆုံးအင်ပါယာပျက်စီးခြင်းနှင့် ဘုရားသခင်၏ထာဝရနိုင်ငံတော် တည်ထောင်ခြင်း ရှိမည်ဖြစ်ပါသည်။

ဒံယေလ၏ခြောက်ဆယ့်ကိုးမြောက်သီတင်းပတ်သည် မေရှိယအသေခံခြင်းဖြင့် အဆုံးသတ်ခဲ့၏။ ထို့နောက်တွင် မေရှိယကားတိုင်ပေါ်၌ တင်သတ်ကြခြင်းကြောင့် ဘုရားသခင်သည် ယေရုရှလင်မြို့ကိုစီရင်၍ အေဒီ ၇၀ တွင် ရောမတို့၏ ဖျက်စီးခြင်းကိုခံခဲ့ရ၏။ ဣသရေလသည် ဘေးဖယ်ခြင်းခံရ၍၊ ဝိညာဉ်မျက်စိကွယ်သဖြင့် (ရောမ ၁၁း၁၅)၊ သူတို့၏ဘုရားအတွက် သက်သေခံခြင်းသည် အသင်းတော်ထံသို့ တာဝန်ပေးခြင်းခံရ၏။ ဤခြောက်ဆယ့်ကိုးမြောက်သီတင်းပတ်နှင့် ခုနှစ်ဆယ်မြောက်သီတင်းပတ်အကြား၊ အသင်းတော်ကာလ၌ ဣသရေလအမျိုးသည် ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်မှ အခိုက်အတန့်ကာလတစ်ခုအချိန်အထိ ဘေးဖယ်ခြင်းခံရကြ၏။ ခုနှစ်ဆယ်မြောက်သီတင်းပတ်တွင် ဤကမ္ဘာကြီးသည် ဒံယေလဖော်ပြသောစတုတ္ထမြောက်သီတင်းပတ်တွင်၊ ဤကမ္ဘာမြေကြီးသည် ဒံယေလဖော်ပြသော စတုတ္ထမြောက်ကမ္ဘာ့အင်ပါယာကြီးမှ မိမိ၏တန်ခိုးကြီးသောအစိုးရ၏အုပ်စိုးခြင်းခံရမည်ဖြစ်၏ (ဒံ ၂ နှင့် ၇၊ ဗျာ ၁၃၊ ဒံ ၉း၂၇)။ ဤအချိန်၌ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲဒုက္ခ၊ ပြဿနာနှင့်သဘာဝဘေးအန္တရာယ်အပေါင်းကျရောက်မည်ဖြစ်၏ (မသဲ ၂၄)။ ဤကာလကို များသောအားဖြင့် ခက်ခဲသောကာလဟု ဖော်ပြလေ့ရှိ၏ (မသဲ ၂၄၊ မာကု ၁၃)။

ထိုကမ္ဘာကိုအုပ်စိုးမည့်သူအား "ချိုငယ်တချောင်း" (ဒံ ၇း၈၊ ၂၅)။ "နောက်မှလာသောသခင်" (ဒံ ၉း၂၆)၊ "ဖျက်ဆီးတတ်သောရွံရှာဘွယ်" (မသဲ ၂၄း၁၅)၊ "ဒုစရိုက်လူ" (၂ သက် ၂း၃)၊ "အန္တိခရစ်" (၁ ယော ၂း၁၈၊ ၂၂)၊ "သားရဲ" (ဗျာ ၁၃း၄-၁၅) ဟုဖော်ပြခဲ့၏။ သူ၏ရက်စက်ကြမ်းကြုတ်သောအာဏာရှင်အုပ်စိုးခြင်းသည် ခုနှစ်နှစ်၏ဒုတိယပိုင်းတွင် အထွဋ်အထိပ်သို့ရောက်မည်ဖြစ်၍၊ ဣသရေလလူတို့အား ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်လိမ့်မည်ဖြစ်၏ (ဒံ ၇း၂၅၊ ၉း၂၇၊ ဗျာ ၁၁း၂၊ ၁၂း၁၃-၁၄၊ ၁၃း၇)။ ထိုသုံးနှစ်ခွဲတစ်ချက်လွှတ်အာဏာဖြင့် အုပ်စိုးခြင်းကို သခင်ယေရှု၏ ဘုန်းတန်ခိုးတော်နှင့်ကြွလာခြင်းဖြင့် အဆုံးသတ်စေမည်ဖြစ်၏ (ဒံ ၇း၁၃-၁၄၊ မသဲ ၂၄း၃၀၊ ၂ သက် ၁း၇-၉၊ ဗျာ ၁း၇၊ ၁၉း၁၁-၁၆)။

ဤခုနှစ်နှစ်ဘေးဒဏ်ကြီးကာလမတိုင်မီ အဖြစ်အပျက်နှစ်ခုဖြစ်ပွားလိမ့်မည်- ယုံကြည်သူ "အသင်းတော်" ချီဆောင်ခြင်း (၁ သက် ၄း၁၆-၁၇) နှင့် အန္တိခရစ်ပေါ်ထွက်လာခြင်း (၂ သက် ၂း၃-၇) တို့ဖြစ်ပါသည်။ ထိုအခါ ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်သည် ဣသရေလလူတို့အပေါ် ပြန်လည်သက်ရောက်မည်ဖြစ်၍၊ ခုနှစ်ဆယ်မြောက်သော သီတင်းပတ်စတင်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - "အိမ်မိတ်ဆွေ၊ သင်အဆင်သင့်ဖြစ်ပါသလား" (Crosby)။
**ဆုတောင်းချက်** - ကိုယ်တော်ဘုရား၊ ကိုယ်တော်ကိုမြင်တွေ့ရန် အသင့်ရှိသောအသက်တာဖြင့် ကျွန်တော်အသက်ရှင်လိုပါ၏။

## စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏...

ယနေ့ခေတ်သစ်လူနေမှုသည် အပျော်ကျူးခြင်းကို ဦးစားပေးသောလူနေမှုဖြစ်၏။ ခန္ဓာကိုယ်နှင့်ကာမဂုဏ်အပျော်ကျူးခြင်းသည် စိတ်ကျေနပ်မှုကို ပေးစွမ်းသည်ဟု ထင်ကြ၏။ ဇိမ်ခံခြင်းနှင့်အပျော်ကျူးခြင်းသည် ယနေ့ခေတ်၏လက္ခဏာဖြစ်လာ၏။ လူတို့သည်လည်း အစားအသောက်၊ အပျော်ကျူးခြင်းနှင့် ဝတ်စားဆင်ယင်မှုကို အလေးပေးကြ၏။ များစွာရှိလေလေပို၍ကောင်းလေလေဟု ထင်ကြ၏။ ခရစ်ယာန်နှင့်ယုံကြည်သူတို့ပင်လျှင် ထိုအပျော်ကျူးခြင်းကွန်ယက်ထဲသို့ ကျရောက်ခဲ့ကြ၏ ကျွန်တော်တို့သည် ဒံယေလ၏အသက်တာမှသင်ခန်းစာယူကြရပါမည်။ ဤဘုရားသခင်၏လူသည် အသက် ၈၀ ကျော်နေပြီဖြစ်သောကြောင့် အနားယူခြင်း၊ ငြိမ်သက်စွာနေထိုင်ခြင်းငှါ အကြောင်းပြချက်ကောင်းကောင်းရှိပါသည်။ သို့သော်လည်း ထိုသို့မပြု၊ စိတ်မသာညည်းတွားခြင်းရှိခဲ့၏။

ဒံယေလ ၁၀း၂-၃ ကိုကြည့်ကြပါစို့- "ငါဒံယေလသည် အရက်နှစ်ဆယ်တစ်ရက်တိုင်တိုင် ငြိုးငြံစွာကျင့်လျက်နေ၏။ အရက်နှစ်ဆယ်တစ်ရက် မစေ့မီမြိန်သောမုန့်ကိုမစား။ အမဲသားနှင့် စပျစ်ရည်ကိုမမြည်း။ ဆီလိမ်းခြင်းကိုလည်းအလျှင်းမပြု။" အဘယ်ကြောင့်ထိုသို့ ဝမ်းနည်းလျက်နေခဲ့ပါသနည်း။ မိမိအတွက်ကြောင့် လုံးဝမဟုတ်ပါ။ အချို့သောသူတို့သည် စီးပွားရေးကျဆင်းသောကြောင့်ငှင်း၊ ဘဝအဆင်မပြေသောကြောင့်ငှင်း၊ အချစ်ရေးအဆင်မပြေသောကြောင့်ငှင်း ဝမ်းနည်းပူဆွေးတတ်ကြ၏။ ဒံယေလသည် ထိုသို့မဟုတ်ပါ။ အကြောင်းတစ်ခုတည်းကြောင့် ဝမ်းနည်းခြင်းရှိခဲ့၏။ သူသည် မိမိအမျိုး၊ သန့်ရှင်းသောမြို့နှင့်ဘုရားသခင်၏ အသရေတော်ကိုသာ အဓိကအလေးထားခဲ့ပါသည်။

ဒံယေလအလွန်တောင့်တသောအချက်ဟူမူကား မိမိလူတို့သည် အပြစ်မှနောင်တရ၍၊ ဘုရားသခင်၏သန့်ရှင်းသောမြို့ပျက်စီးခြင်းမှ ပြန်လည်တည်ထောင်ရန်နှင့် ဘုရားသခင်၏ ဘုန်းအသရေတော်ပြန်လည်ထင်ရှားရန်တို့ဖြစ်ပါသည်။ ဤအချက်က သူ၏စိတ်နှလုံးကို လုံးဝနေရာယူထား၏။ မိမိလူမျိုးတို့သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ညှိုးနွမ်းစေသောကြောင့် ဝမ်းနည်း ခြင်းရှိခဲ့ပါသည်။

## ...အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတ္တံ့

ဘုရားသခင်ကြောက်ရွံ့ခြင်းနှင့်တကွ စိတ်မသာညည်းတွားခြင်းသည် အလွန်အဖိုးထိုက်တန်လှပါသည်။ သခင်ယေရှုက ထိုသူတို့အား သက်သာခြင်းဂတိတော်ထားခဲ့၏ (မသဲ ၅း၄)။ ဒံယေလ သည် ဝမ်းနည်းခြင်းရှိ၍၊ ဘုရားသခင်က နှစ်သိမ့်တော်မူခဲ့၏။ ဒံယေလအား "အလွန်ချစ်အပ်သောသူ" ဟုသုံးကြိမ်ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းအသရေတော် ထင်ရှားခြင်းငှါ အလွန်တောင့်တသောစိတ်ရှိသောကြောင့်၊ ဘုရားသခင်၏အလွန်ချစ်ခြင်းကိုခံခဲ့၏။ ထိုသို့ ညည်းတွားခြင်းရှိသောကြောင့်၊ ဘုရားသခင်က နှစ်သိမ့်တော်မူခဲ့၏။ သမ္မာတရားကို တောင့်တ ငတ်မွတ်ခြင်းရှိသောကြောင့် ဘုရားသခင်သည် အခြားသောရူပါရုံကို ထူးခြားစွာပေးတော်မူ၏။ အရင်က ရူပါရုံခံရသောအခါ စိတ်ရှုပ်ထွေးခြင်းရှိခဲ့သော်လည်း (ဒံ ၇း၁၅၊ ၂၈၊ ၈း၂၇)၊ ယခုအမှုတွင် "မြင်ရသောရူပါရုံသဘောကိုလည်း ရိပ်မိ၏" (ဒံ ၁၀း၁)။

**ဆင်ခြင်ရန်** - ခရစ်ယာန်တို့သည် မည်သည့်အချိန်၌ ဝမ်းနည်းခြင်းရှိရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်တို့ကို ခွင့်လွှတ်တော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

## စိတ်နှလုံးဖြူစင်သောသူတို့သည်မင်္ဂလာရှိကြ၏

ဖန်ဆင်းခံလူသားအတွက် အမြတ်ဆုံးသောမင်္ဂလာဟူမူကား ဖန်ဆင်းရှင်ဘုရားသခင်မြင်တွေ့ရခြင်းပင်ဖြစ်ပါသည်။ သိုးသငယ်၏အသွေးတော်အားဖြင့် ရွေးနှုတ်ဆေးကြောခြင်းခံရသောယုံကြည်သူသည် တစ်နေ့နေ့တစ်ချိန်ချိန်၌ ဘုရားသခင်အားမြင်တွေ့ရမည်အကြောင်း သေချာစွာဂတိတော်ရှိ၏။ ယုံကြည်သူတို့အတွက် ရှင်ယောဟန်ထံမှ စကားတော်ကို ၁ ယော ၃း၂-၃ ၌ဖတ်ကြပါစို့။

ဒံယေလသည် ဓမ္မဟောင်းသန့်ရှင်းသူတို့ထဲမှ ဘုရားသခင်ကိုယ်တိုင် မိမိကိုယ်ကို ဖော်ထုတ်ဖွင့်ပြခြင်းခံရသောသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ မိမိအိမ်သားတို့နှင့် ဝေးကွာရာအရပ်တိုင်းတပါးနန်းတော်သို့ ဖမ်းဆီးခြင်းခံရသော ဒံယေလ (သူ၏သူငယ်ချင်းသုံးယောက်နှင့်အတူ) သည် ဘုရားသခင်ထံ သစ္စာရှိခြင်းငှါ ရွေးချယ်ခဲ့၏။ "ဒံယေလမူကား၊ ပွဲတော်မှကြွင်းသောအစာနှင့် သောက်တော်မူသော စပျစ်ရည်ကို မသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟုအကြံရှိ၍ . . . " (ဒံ ၁း၈)။ ဒံယေလ၏စိတ်နှလုံးထဲမှ အကြံသည် သူ၏စိတ်နှလုံးဖြူစင်ခြင်းကို ပေါ်လွင်စေပါ၏။ ဒံယေလသည် နန်းတော်ထဲ၌ နန်းတော်အကျင့်စရိုက်နှင့်အညီနေထိုင်ခြင်းငှါ လွယ်ကူသောအမှုဖြစ်သော်လည်း ထိုသို့မပြုဘဲ ယုံကြည်ခြင်း၌မြဲမြံစွာရပ်တည်ခဲ့၏။ "စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏. . . " (မသဲ ၅း၈)။

## ...အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့

တစ်နေ့တွင် ကျွန်တော်တို့သည်ပြောင်းလဲ၍ ဘုန်းအသရေတော်ခံရသော ခန္ဓာကိုယ်အားဖြင့် ကျွန်ုပ်တို့၏အရှင်ဘုရားသခင်ကို မြင်တွေ့ကြရမည်ဖြစ်၏။ ဘုရားသခင်သည် ခန္ဓာကိုယ်အားဖြင့် ဒံယေလထံမိမိကိုယ်ကို ဖော်ပြတော်မူခဲ့၏။ ထိုသို့ဒံယေလမြင်တွေ့ရမည်ဟု မျှော်လင့်ထားခဲ့မည်မဟုတ်ပါ။ ထိုအဖြစ်အပျက်ကြောင့် ဒံယေလသည် အံ့သြခြင်းရှိ၍ အစွမ်းသတ္တိမရှိ သေလူကဲ့သို့ဖြစ်ခဲ့၏။ ထိုကြီးစွာသောအမြင့်ဆုံးသောဘုရားသခင် ရူပါရုံ၊ ဘုရားသခင်၏သန့်ရှင်းစင်ကြယ်ခြင်းမြင်တွေ့ရသောအခါ ဒံယေလသည် "ခွန်အားလျော့၍ မျက်နှာပျက်လျက်" (ဒံ ၁၀း၈) ရှိခဲ့၏။ ကျွန်တော်တို့သည် သူတပါးထက်ပို၍ အကျင့်စာရိတ္တကောင်း၍ သည်းခံတတ်ပြီး၊ သူတပါးကို ပို၍ကူညီကောင်းကူညီနိုင်ပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်ရှေ့၌ နှိုင်းစရာလုံးဝမရှိပါ။ အကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းသည် အဝတ်စုတ်ကဲ့သို့ဖြစ်ပါ၏ (ဟေရှာ ၆၄း၆)။ သို့သော်လည်း ရွေးနှုတ်ခြင်းခံရသောသူသည် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိလျက် "ကယ်တင်ခြင်းအဝတ်တန်ဆာနှင့် ငါ့ကိုဝတ်ဆင်စေ၍၊ ဖြောင့်မတ်ခြင်းဝတ်လုံနှင့်ခြုံတော်မူပြီ" (ဟေရှာ ၆၁း၁၀) ဟုကြွေးကြော်နိုင်ပါသည်။

ဒံယေလကဲ့သို့ စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။

**ဆင်ခြင်ရန်** - ဖြူစင်သောစိတ်နှလုံးကို မည်သို့ပိုင်ဆိုင်နိုင်ပါမည်နည်း။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။

## ဘုရားသခင်ရှုပါရုံ

အချို့သောသူတို့သည် ယနေ့ကျမ်းပိုဒ်၌တွေ့ရသော ကောင်းကင်နှင့်ဆိုင်သောပုဂ္ဂိုလ်သည် ကောင်းကင်တမန်တပါးသာလျှင် ဖြစ်သည်ဟုဆိုခဲ့ကြ၏။ သို့သော်လည်း၊ ထိုအနက်ဖွင့်ချက်သည် ယေဇ ၁း၂၆-၂၈ နှင့် ဗျာဒိတ် ၁း၁၃-၁၆ ၌တွေ့ရသော ဘုရားသခင်၏ဘုန်းအသရေတော်ဖော်ပြချက်နှင့် နှိုင်းယှဉ်ကြည့်သောအခါ မည်သို့မျှမမှန်နိုင်ကြောင်းတွေ့ရ၏။ အဖြစ်အပျက်နှစ်ခုကို နှိုင်းယှဉ်ခြင်းသည် အလွန်အကျိုးရှိပါ၏-

| ဒံယေလ ၁၀း၅-၆ | | ဗျာဒိတ် ၁း၁၃-၁၆ | |
|---|---|---|---|
| ၁။ | လူတစ်ဦး | ၁။ | လူသားနှင့်တူသောသူတစ်ဦး |
| ၂။ | ပိတ်ချောဝတ်ဆင်သောသူ | ၂။ | ခြေသို့တိုင်အောင်ဝတ်ခြုံလျက် |
| ၃။ | ရွှေစင်ခါးပန်းကိုဝတ်စည်းလျက် | ၃။ | ရွှေခါးပန်းကိုစည်းလျက် |
| ၄။ | ကိုယ်သည်ကျောက်မျက်ရွဲကဲ့သို့ဖြစ်၏ | ၄။ | ခေါင်းတော်နှင့်ဆံပင်တော်သည်ဖြူသောသိုးမွေးကဲ့သို့ |
| ၅။ | မျက်နှာသည်လည်း လျှပ်စစ်ကဲ့သို့ထင်၏ | ၅။ | မျက်နှာတော်သည်အရှိန်တန်ခိုးနှင့်ထွန်းတောက်သောနေကဲ့သို့ဖြစ်၏ |
| ၆။ | မျက်စိသည်လည်းမီးခွက်ကဲ့သို့ဖြစ်၏ | ၆။ | မျက်စိတော်သည်လည်းမီးလျှံကဲ့သို့ဖြစ်၏ |
| ၇။ | လက်ခြေတို့သည်ဦးသစ်သောကြေးဝါအရောင်အဆင်းရှိ၏ | ၇။ | ခြေတော်သည်လည်းမီး၌ချွတ်ပြီးသောကြေးဝါစစ်နှင့်တူ၏ |
| ၈။ | စကားသံသည်များစွာသောလူစုအသံနှင့်တူ၏ | ၈။ | အသံတော်သည်လည်းသမုဒ္ဒရာသံကဲ့သို့ဖြစ်၏ |

ဒံယေလသည် သခင်ယေရှုကိုမြင်တွေ့ခြင်းဖြစ်၏။ ဤသို့သောပေါ်ထွန်းခြင်း (သို့) မိမိကိုယ်ကို ပြတော်မူခြင်းသည် သန့်ရှင်းသောသုံးပါးတဆူထာဝရဘုရားမှ ဒုတိယပုဂ္ဂိုလ်ဖြစ်သော၊ သားတော်ယေရှုလူ့ဇာတိခံ၍လောကသို့ ကြွလာတော်မမူမီ ခန္ဓာကိုယ်အားဖြင့် မိမိကိုယ်ကိုဖော်ပြခြင်းဖြစ်ပါသည်။ ယေဇကျေလမြင်တွေ့သောရူပါရုံသည်လည်း ထိုနည်းတူဖြစ်၏။ ယေဇ ၁း၂၇-၂၈ ကိုဖတ်ပါ။

## အံ့ဩဖွယ်ဘုန်းအသရေတော်

လူသည်ဘုရားသခင်ရှေ့မှောက်သို့ရောက်သောအခါ လုံးဝအံ့ဩမိန်းမောခြင်းရှိ၍၊ မိမိ၏မထိုက်တန်မှုကိုသိမြင်ခဲ့၏။ ယောဟန်သည်ဘုရားသခင်ကိုမြင်ပြီး၊ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌လဲလျက်နေ၏။ ယေဇကျေလသည် ပြပ်ဝပ်လျက်နေ၏။ ဒံယေလသည် မိမိ၏အစွမ်းသတ္တိပျက်၍ ဦးညွတ်ပြပ်ဝပ်နေခဲ့၏။ ဖိလိပ္ပိ ၂း၈-၁၁ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - ခရစ်တော်ခန္ဓာကိုယ်ဖြင့် မိမိကိုယ်ကိုပြတော်မူခြင်းဆိုသည်မှာအဘယ်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည်မြေမှုန့်သာလျှင်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဇွန် (၁၄)
**ဒံ ၁၀း၁၀-၁၂**
ဆာလံ ၄၀

*"အကျွန်ုပ်မူကား၊ ဆင်းရဲငတ်မွတ်သော်လည်း၊ ထာဝရဘုရားသည် အကျွန်ုပ်ကို အောက်မေ့တော်မူ၏။ . . ."*

# နှစ်သိမ့်ခြင်းနှင့်ကတိတော်

ဒံယေလကြုံတွေ့သောအမှုသည် ဒမာသက်မြို့သွားရာလမ်း၌တမန်တော်ပေါလု ကြုံတွေ့သောအမှုကို သတိရအောက်မေ့စေပါသည်။ ထိုအရပ်၌ကောင်းကင်မှအလင်းအားဖြင့် ဘုရားသခင်သည် ပေါ်ထွန်း၍စကားပြောတော်မူပြီး၊ သူ၏အပေါင်းအဖော်တို့သည် စကားသံကိုကြားသော်လည်း၊ လူကိုကားမမြင်ကြရဘဲနေ၍၊ ကြောက်ရွံ့ဆွံ့အလျက်နေခဲ့ကြ၏ (တမန် ၉း၇၊ ၂၂း၉)။ ဒံယေလ၏အပေါင်းအဖော်တို့သည် ရူပါရုံကိုမမြင်ရကြ၊ ကြောက်ရွံ့တုန်လှုပ်ခြင်းရှိကြ၍ ပုန်းရှောင်နေကြ၏ (ဒံ ၁၀း၇)။

ဘုရားသခင်၏အသံတော်နှင့်ရူပါရုံသည် ဒံယေလအဖို့အလွန်အံ့ဩခြင်းရှိသည်ဖြစ်၍၊ ခွန်အားအစွမ်းသတ္တိရှိသမျှပျက်လျက်၊ ပြပ်ဝပ်လျက်နေခဲ့၏။ ထိုသို့ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်တန်ခိုးတော်လေးလေးနက်နက်သိမြင်ခြင်းသည် ပုလဲမပု၊ အေးလဲမအေးသော ယနေ့ခရစ်ယာန်တို့လိုအပ်သောအရာဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် မိမိကိုယ်ကိုအားကိုးခြင်းနှင့် မာနထောင်လွှားခြင်းကိုစွန့်လျက်၊ နောင်တရသောစိတ်ဖြင့် နှိမ့်ချစွာဒူးထောက်ဆုတောင်းခြင်းပြုမည်ဖြစ်ပါသည်။

ဒံယေလ ၁၀း၁၀ သည် အကျွန်ုပ်အား Charles Gabriel ၏သီချင်းကို သတိရစေပါ၏- "ချစ်ခြင်းသနားခြင်းအားဖြင့် ယေရှုကြွလာတော်မူခဲ့၏။ အကျွန်ုပ်စိတ်ဝိညာဉ်သည် ဂရုဏာတော်ခံစားခြင်းငှါဖြစ်၏။ အပြစ်နှင့်အရှက်တရားထဲမှ ကျေးဇူးတော်အားဖြင့် မစတော်မူ၏။ သဲမြေထဲမှ အကျွန်ုပ်ကိုထူမတော်မူ၍ နူးညံ့သောလက်တော်ဖြင့် စောင့်မတော်မူ၏။ အမှောင်ယံညမှ အလင်းထဲသို့ ပို့ဆောင်တော်မူသော ကိုယ်တော်၏နာမတော်ကိုချီးမွမ်းလော့။ ကိုယ်တော်စောင့်မတော်မူ၏"။ ထိုသို့ပြပ်ဝပ်လက်နေသောဒံယေလအား ဘုရားသခင်သည် လက်တော်ကိုဆန့်လျက် စောင့်မကြွချီ၍၊ ဒူးနှင့်လက်ဝါးဖြင့်ထောက်လျက်နေစေတော်မူ၏။ ထို့နောက်နှစ်သိမ့်ခြင်းနှင့် ဂတိတော်စကားမိန့်တော်မူ၏။ ဒံယေလ ၁၀း၁၁-၁၂ ကိုဖတ်ပါလော့။

". . . သင်၏စကားကိုကြားတော်မူပြီ။ ထိုစကားကြောင့်လည်း ငါရောက်လာပြီ" (ဒံ ၁၀း၁၂)။ အကျွန်ုပ်တို့၏ဆုတောင်းချက်သည်လည်း ထိုသို့သောအဖြေကို လက်ခံရရှိခဲ့ပါလျှင် မည်မျှကောင်းလိမ့်မည်နည်း။ သို့သော်လည်း ကျွန်ုပ်တို့၏ဆုတောင်းသံသည် မျက်နှာကြက်ပင်တခါတရံမရောက်နိုင်ခဲ့ပါ။ ဒံယေလ၏ဆုတောင်းသံမူကား ဘုရားသခင်နားညောင်းတော်မူ၍ အလေးထားတော်မူ၏။ ပထမအကြိမ်၌ ကောင်းကင်တမန်ဂါဗြေလကိုစေလွှတ်တော်မူခဲ့၏။ ယခုအခါသခင်ယေရှုကို စေလွှတ်တော်မူခဲ့၏။ ဒံယေလသည် စိတ်နှလုံးထဲမှ အမှန်ဆုတောင်းခဲ့၏။ ယေရုရှလင်မြို့ဘက်သို့ မျက်နှာမူပြီး (ဘုရားသခင်၏သန့်ရှင်းသောပလ္လင်တော်ကို အာရုံပြုလျက်) ဆုတောင်းခဲ့၏။ တစ်နေ့သုံးကြိမ်ဒူးထောက်ခဲ့၏။ ဆုတောင်း၍အစဉ်ကျေးဇူးတော်ကို ချီးမွမ်းခဲ့၏ (ဒံ ၆း၁၀)။ ဒံယေလသည် ဆုတောင်းပဌနာကိုအစာရှောင်လျက်၊ လျှော်တေအဝတ်ကိုဝတ်လျက်၊ ပြာ၌လူးပြီးပြုခဲ့၏ (ဒံ ၉း၃)။ ထိုအခါ ဘုရားသခင်သည်ကြွလာတော်မူ၍ နှစ်သိမ့်ခြင်းပေးလျက်၊ ဂတိတော်ထားခဲ့၏။

**ဆင်ခြင်ရန်** - အဘယ့်ကြောင့်အကျွန်ုပ်၏ဆုတောင်းခြင်းသည်တန်ခိုးမရှိပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆုတောင်းခြင်း၌အကျွန်ုပ်အား တန်ခိုးခွန်အားပေးသနားတော်မူပါ။

သောကြာ၊ ဇွန် (၁၅)

**ဒံ ၁၀း၁၃-၂၁**

ဗျာ ၁၂း၇-၁၂

*“. . . ယခုမှာ ကယ်တင်ခြင်းဖြစ်၏၊ တန်ခိုးတော်လည်း ဖြစ်၏၊ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့်. . . ”*

## ဝိညာဉ်လောကၡ်ဖြစ်သောတိုက်ပွဲ

အကျွန်ုပ်တို့၏ဘုရားသခင်နှင့်စာတန်အကြား၌ ဖြစ်သောတိုက်ပွဲအကြောင်းကို အနည်းငယ်သာ ကျွန်တော်တို့သိကြ၏။ သို့သော်လည်းထိုအချက်၌ စာတန်သည်အလွန်ကြောက်စရာကောင်းသော ရန်သူဖြစ်၍၊ အလွန်ခွန်အားကြီးကြောင်းတွေ့ရ၏။ သခင်ယေရှုကစာတန်အား “ဤလောကကိုအစိုးရသောသေမင်း” (ယောဟန် ၁၂း၃၁) ဟုဆိုခဲ့၏။ ထို့ပြင် “ဤလောကကိုအစိုးရသောဘုရား” (၂ ကော ၄း၄) ဟူ၍၎င်း၊ “အာကာသကောင်းကင်၏တန်ခိုးကိုအစိုးရသောမင်း” (ဧဖက် ၂း၂) ဟူ၍၎င်း ခေါ်ခဲ့ကြ၏။ ကာရနီ၌ ကျဆုံးခဲ့သောရန်သူဖြစ်သော်လည်း၊ နောက်ဆုံးစီရင်ခြင်းနှင့်လုံးဝပျက်စီးခြင်းသည် အနာဂတ်၌သာပြည့်စုံမည်ဖြစ်ပါသည် (ဗျာ ၁၂း၁၂)။

ယနေ့ကျွန်တော်တို့ဖတ်ရသောကျမ်းပိုဒ်၌တွေ့ရသော အံ့သြစရာအမှုသည်စာတန်၏နတ်ဆိုးများထဲမှတပါးသည် (ပေရသိနိုင်ငံကိုအစိုးရသောမင်း) ဒံယေလအစာရှောင်ဆုတောင်းသောကာလနှင့်တူညီသော၊ နှစ်ဆယ်တစ်ရက်တိုင်တိုင် ဘုရားသခင်ကိုဆီးတားခြင်းပြုခဲ့၏။ အကျွန်ုပ်တို့၏ဘုရားသခင်သည် ဒံယေလထံပြုရမည့်အမှု၌ “အမြတ်ဆုံးသောမင်းစုထဲက မိက္ခေလ” ၏ကူညီမှုမရမီတိုင်အောင်၊ ထိုသို့ဆီးတားခြင်းကို ခံခဲ့ရကြခြင်းဖြစ်၏။ သို့ဆိုလျှင် အကျွန်ုပ်တို့၏ ဘုရားသခင်သည် အနန္တတန်ခိုးရှင်မဟုတ်ဟုဆိုလိုပါသလား။ Whitcomb ၏အနက်ဖွင့်ချက်သည် အလွန်အထောက်အကူပြုပါ၏-

“မောရှေ၏ကိုယ်အကြောင်း၌ မာရ်နတ်နှင့်ငြင်းခုံခြင်းပြုစဉ် မိက္ခေလသည် ‘ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူစေသတည်း’ (ယုဒ ၉) ဟုပြောဆိုခြင်းဖြင့်အောင်နိုင်ခဲ့၏။ ပေရသိမင်းနတ်ဆိုးက ဘုရားသခင်၏သားတော်ကို သုံးပတ်ဆီးတားခြင်းအမှု၌အံ့သြခြင်းရှိ၍၊ မှားယွင်းခြင်းရှိခဲ့ပါလျှင်၊ နောက်ဆုံးအချိန်၊ ဒံယေလ၏ခုနစ်ဆယ်မြောက်သော သီတင်းပတ်၌ ခရစ်တော်၏ခွန်အားပေးခြင်းဖြင့် မိက္ခေလသည် ကောင်းကင်မှမြေကြီးသို့ပစ်ချမည့် (ဗျာ ၁၂း၇-၁၃) ခရစ်တော်၏ဖန်ဆင်းခံစာတန်သည် နှစ်ပေါင်းများစွာ ဘုရားသခင်ကို ဆီးတားခြင်းပြုခြင်းအမှုကို မည်သို့ပြုရပါမည်နည်း။”

ဤအမှု၌ကျွန်ုပ်တို့၏အသိဉာဏ်သည်ပြည့်စုံခြင်းမရှိကြောင်း သေချာလှပါသည်။ စာတန်၏ဆန့်ကျင်ခြင်း၊ “ဤလောကတနိုင်ငံလုံးကို လှည့်ဖြားသောသူ၊ . . . ငါတို့ညီအစ်ကိုများကို . . . အပြစ်တင်သောရန်သူ” (ဗျာ ၁၂း၉-၁၀) မာရ်နတ်၏အစဉ် ဘုရားသခင်ဆန့်ကျင်ခြင်းအမှုသည် အလွန်နက်နဲသောပုစ္ဆာပင်ဖြစ်ပါသည်။ ထိုသို့ဘုရားသခင်သည် လူတို့၏အမှု၌ စာတန်ဝင်ရောက်နှောင့်ယှက်ခြင်းကို လုံးလုံးဆီးတားခြင်းမပြုဘဲ အခွင့်ပေးတော်မူခြင်းသည် မိမိ၏အဆုံးစွန်အာဏာတော်နှင့် မိမိ၏ဉာဏ်တော်၏အလိုတော်အတိုင်း ပြုခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ဉာဏ်တော်နှင့်စီရင်ခြင်းတို့ကို အကုန်အစင်ကျွန်တော်တို့မသိနိုင်ပါ။ ကိုယ်တော်သည် အစဉ်အောင်နိုင်သောသူဖြစ်တော်မူ၏။ ဟေရှာယ ၄၆း၉-၁၀ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အဘယ်အချိန်၌စာတန်သည် လုံးလုံးကျဆုံးပါမည်နည်း။

**ဆုတောင်းချက်** - အိုသခင်ယေရှု၊ ကိုယ်တော်သည် ဘုရားသခင်၏တန်ခိုးတော်နှင့်ဉာဏ်တော်ဖြစ်တော်မူ၏။

# အကျွန်ုပ်ကိုခွန်အားပေးတော်မူပြီ

အဘယ်သူကမျှဘုရားသခင်ကိုမမြင်ဖူး၊ မြင်လည်းမမြင်နိုင်ပါ (ထွက် ၃၃း၂၀)။ အကျွန်ုပ်တို့၏ ဘုရားသခင်သည်လောင်သောမီးဖြစ်တော်မူ၏ (ဟေဗြဲ ၁၂း၂၉)။ ဒံယေလထံ၌ ဘုရားသခင်သည် ခရစ်တော်လူ့ဇာတိမခံမီ ခန္ဓာကိုယ်အားဖြင့် ကိုယ်ကိုပြတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ဒံယေလသည် "ကိုယ်၌ခွန်အားအလျှင်းမရှိပါ။ အကျွန်ုပ်အသက်လည်းကုန်ပါပြီ" (ဒံ ၁၀း၁၇) ဟုလျှောက်ခဲ့၏။ ဒံယေလသည် စကားမပြောနိုင်ဖြစ်ခဲ့၏။

သို့သော်လည်းကောင်းကင်မှလာသော တမန်တော်သည် လက်နှင့်တို့ခြင်းဖြင့် ပြန်၍အကောင်းဖြစ်စေတော်မူ၏။ ပထမနှုတ်ကိုတို့သောအခါ ဒံယေလသည်နှုတ်ကိုဖွင့်၍စကားပြော၏။ ထို့နောက်ဒုတိယအကြိမ်တို့ခြင်းခံရသောအခါ ဒံယေလသည်ခွန်အားနှင့်ပြည့်လာ၍ အကောင်းပကတိဖြစ်လာခဲ့၏။ ဤအချက်က ဤလောက၌ သခင်ယေရှုအနာငြိမ်းစေခြင်းအမှုကို ကျွန်ုပ်တို့အားအမှတ်ရစေပါသည်။ ဘုရားသခင်၏နှုတ်ဆက်စကားကို မှတ်သားကြပါစို့-

(၁) <u>"အကျွန်ုပ်ချစ်အပ်သောသူ။"</u> ကောင်းကင်မှလာသောပုဂ္ဂိုလ်သည် ဒံယေလအားထိုသို့သုံးကြိမ်တိုင်တိုင်နှုတ်ဆက်ခဲ့၏။ ဤအရာထက်ကြီးမားသော ဂုဏ်အသရေကို ဘုရားသခင်ထံမည်သူတောင်းလျှောက်နိုင်ပါမည်နည်း။ သင်နှင့်အကျွန်ုပ်ကို ဘုရားသခင်ထိုသို့ခေါ်ပါမည်လော။ ဒံယေလသည် ဘုရားသခင်ကိုချစ်သကဲ့သို့ကျွန်တော်တို့ချစ်ပါလျှင်၊ ထိုသို့ခေါ်မည်ဖြစ်ပါသည်။

(၂) <u>"မကြောက်နှင့်။"</u> ပတ်မုကျွန်း၌တမန်တော်ယောဟန်သည် ဤကဲ့သို့နှစ်သိမ့်ခြင်းခံခဲ့ရ၏။ ထမြောက်တော်မူသော သခင်က "ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏" (ဗျာ ၁း၁၇) ဟုမိန့်တော်မူ၏။

(၃) <u>"ငြိမ်သက်ခြင်းရှိပါစေ။"</u> ဤစကားသည်လည်း ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်က ဝမ်းနည်းပူဆွေးနေသော တပည့်တော်တို့အား နှစ်သိမ့်သောစကားပင်ဖြစ်ပါသည်။

(၄) <u>"အားရှိလော့၊ ခွန်အားနှင့်ပြည့်စုံလော့။"</u> နှစ်ကြိမ်တိုင်တိုင်ထိုသို့မိန့်တော်မူခြင်းသည် အလေးအမြတ်ထားခြင်းဖြစ်၏။ ဘုရားသခင်၏အမှုတော်ကို ပို၍ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းငှါ ဘုရားသခင်၏အစေခံကျွန်တို့သည် အားရှိဖို့လိုပါသည်။

ထိုသို့ဘုရားသခင်မိန့်တော်မူသည်အတိုင်းဖြစ်ခဲ့၏။ စကားတော်တစ်ခွန်းတည်းဖြင့် ဒံယေလ သည် ခွန်အားနှင့်ပြည့်စုံခဲ့၏။ မသဲ ၈း၈ ၌တွေ့ရသော ယေရှုထံလျှောက်တင်သော စစ်သားအယောက်တစ်ရာကို အုပ်စိုးသောတပ်မှူး၏စကားကို သတိရပါလော့။ ထိုအချိန်နာရီတိတိ၌ သူ၏ကျွန်သည် အနာငြိမ်းခဲ့၏။ ဒံယေလ၌လည်း ထိုနည်းတူဖြစ်ခဲ့၏။ ဟောရှာ ၄၀း၂၉ ကိုဖတ်ပါလော့။

ဘုရားသခင်ထံမှစကားတစ်ခွန်းသည် လုံလောက်ခြင်းရှိ၏။ အလိုတော်ကိုသိမြင်မည်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ခွန်အားပေးတော်မူမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်အတွက် ပို၍ကြီးမားသောခွန်အား၊ ခံနိုင်ရည်စွမ်းအားကို ကျွန်တော်လိုချင်တောင့်တပါသလား။

**ဆုတောင်းချက်** - အကျွန်ုပ်သည်လည်း "ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကိုအသစ်ပြုပြင်" (ဟောရှာ ၄၀း၃၁) လိုပါ၏။

**ဒံ ၁၀း၂၀-၁၁း၁**

ဗျာ ၁၂း၁၁

*"သူတို့သည် သိုးသငယ်၏*
*အသွေးအားဖြင့်၎င်း၊ အောင်မြင်၍. . . "*

# အစဉ်ရှိနေသောတိုက်ပွဲ

ဒံယေလကိုခွန်အားပေးပြီးနောက်၊ အကျွန်ုပ်တို့၏သခင်သည်ပေရသိမင်းနှင့်ဆက်လက်စစ်တိုက်မည်အကြောင်းနှင့် ထိုနောက်မှ ဟေလသမင်းနှင့်လည်း စစ်တိုက်မည်အကြောင်း မိန့်တော်မူခဲ့၏။ ဤအချက်အားဖြင့်ဘုရားကို မသိသောတိုင်းနိုင်ငံတို့သည် (သူတို့ကိုးကွယ်သောရုပ်တုဆင်းတုဘုရားများတို့အားဖြင့်) အားကြီးသောမာရ်နတ်၏ ခွန်အားပေးခြင်းနှင့် နှိုးဆော်ခြင်းခံခဲ့ရကြောင်းကျွန်တော်တို့သိရ၏။ ဤတိုင်းနိုင်ငံတို့သည် အမှန်မှာနတ်ဆိုးနှင့်စာတန်၏ အသုံးပြုခံများဖြစ်ကြ၏။ "ပေရသိမင်း" သည် အမှန်မှာ "ပေရသိပြည်ကိုစောင့်ရှောက်သောနတ်" ဟုခေါ်ရမည်ဖြစ်၏။ ဤနတ်ဆိုးများအားဖြင့် ဤလောက၌ စာတန်သည်ဘုရားသခင်၏လူတို့ကို ဆန့်ကျင်ခြင်းပြု၏။ စာတန်၏အဓိကလုပ်ဆောင်ချက်သည် ဘုရားသခင်၏ရည်ရွယ်ချက်ဆီးတားလျက် ကျဆုံးစေရန်ဖြစ်ပါသည်။ ထို့ကြောင့် "စစ်တိုက်အံ့သောငှါ ယခုငါပြန်သွားရမည်" ဟုသခင်ဘုရားမိန့်တော်မူ၏။

စာတန်၏ရန်သူကိုကျွန်တော်တို့ တိုက်ခိုက်သောအခါ သခင်ဘုရားနှင့်သန့်ရှင်းသောကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့ဘက်၌ရပ်တည်နေကြကြောင်း သိနားလည်ခြင်းဖြင့် ကျွန်တော်တို့ ခွန်အားသတ္တိနှင့်နှစ်သိမ့်ခြင်းရရှိနိုင်ပါသည်။ သခင်ယေရှုက "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" (မသဲ ၂၈း၁၈) ဟုမိန့်တော်မူသည်မဟုတ်လော။ ထို့ကြောင့်ရန်သူတို့သည် ကြောက်စရာကောင်း၍ အားကြီးသည်ဟုထင်ရသော်လည်းကျွန်တော်တို့သည် ယုံကြည်မှုနှင့်ရင်ဆိုင်တိုက်ခိုက်ကြမည်ဖြစ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်က "ချစ်သားတို့ သင်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်း အောင်ကြပြီ။ အကြောင်းမူကား သင်တို့ဘက်၌ရှိသောသူသည် လောကဘက်၌ရှိသောသူထက် သာ၍ကြီးတော်မူ၏" (၁ ယော ၄း၄) ဟုကျွန်ုပ်တို့အား ဂတိပေးတော်မူ၏။ ဤလောကီကမ္ဘာ၌ရှိသည့် မမြင်ရသောဝိညာဉ်ဆိုးတို့ကို မိမိလူတို့အဖို့ တိုက်လှန်ခြင်းကိုပြုသော၊ ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုသည် ကျွန်ုပ်တို့ဘက်၌ ရပ်တည်တော်မူ၏။

ဘုရားသခင်၏အမှုတော်ကိုထမ်းရွက်သော မရေမတွက်နိုင်အောင် များပြားသော ကောင်းကင်တမန်တို့တွင် ကောင်းကင်တမန်မင်းမိက္ခေလ၏ အမည်ကိုကျွန်ုပ်တို့တွေ့ရပါ၏။ "အမြတ်ဆုံးသောမင်း" (ဒံ ၁၀း၁၃) ဟူ၍၎င်း၊ "သင်တို့၏မင်းမိက္ခေလ" (ဒံ ၁၀း၂၁) ဟူ၍၎င်း ခေါ်တွင်သော၊ ဤသစ္စာရှိသော တန်ခိုးကြီးသောကောင်းကင်တမန်ကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါ၏။ ဗျာဒိတ် ၁၂း၇-၁၁ ထဲတွင် မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် စာတန်နှင့်သူ၏ ဆိုးသွမ်းသောကောင်းကင်တမန်တို့အား နောက်ဆုံးစစ်တိုက်ကြသည်ကိုတွေ့ရ၏။ ဤစစ်ပွဲတွင်၊ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် စာတန်အား "သိုးသငယ်၏အသွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်၎င်း" (ဗျာ ၁၂း၁၁) အောင်နိုင်ခဲ့၏။ ပေရသိမင်း၊ ဟေလသမင်းတို့နှင့် စစ်တိုက်ခြင်းအမှု၌ အကျွန်ုပ်တို့၏သခင်ဘုရားသည် ဒံယေလအား "ဤအမှုတို့တွင် သင်တို့၏ မိက္ခေလမှတပါး ငါ့ဘက်မှာနေသောသူမရှိ" (ဒံ ၁၀း၂၁) ဟုဖော်ပြခဲ့၏။ သခင်ဘုရားက မိက္ခေလကို အစဉ်စိတ်ချခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏သခင်ဘုရားသည် အကျွန်ုပ်၏သစ္စာရှိမှုကို စိတ်ချနိုင်ပါမည်လော။
**ဆုတောင်းချက်** - သခင်ယေရှု၊ အကျွန်ုပ်ကြုံတွေ့ရသောအမှု၌ အကျွန်ုပ်ကို ခွန်အားပေးတော်မူပါ။

*“. . . ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ”*

## ပေရသိရှင်ဘုရင်များ

“ယခုမူကား၊ မှန်သောအရာကိုငါပြမည်” (ဒံ ၁၁း၂)။ မှန်သောအရာကားအဘယ်နည်း။ ယနေ့ခေတ်ကျမ်းစာကို မယုံကြည်သော ကျမ်းတတ်ပုဂ္ဂိုလ်များတို့သည် ဤပရောဖက်ပြုချက်အကြောင်းအရာကို မယုံကြည်ကြချေ။ မယုံကြည်ခြင်းနှင့်သံသယစိတ်တို့ဖြင့် မိမိတို့အတွေးအခေါ်ဖြင့် လက်ခံ၍မရသော ဘုရားသခင်၏နှုတ်ကပတ်တရားတို့ကို ငြင်းပယ်ဖယ်ရှားခဲ့ကြ၏။

သို့သော်လည်း အကျွန်ုပ်တို့၏ဘုရားသခင်သည် “အဦးမှစ၍၊ အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍မဖြစ်သေးသောအမှုအရာတို့ကို၎င်း” (ဟေရှာ ၄၆း၁၀) ဖော်ပြတော်မူ၏။ ဘုရားသခင်အတွက် အလွန်ခက်ခဲသောအမှုတစ်စုံတစ်ခုရှိပါသလား။ ဒံယေလနှင့်ဤအနာဂတ္တိကျမ်းကို ဖတ်ရှုမည့်သူတို့အား အပေါ်၌ဖော်ပြထားသော ကျမ်းပိုဒ်ကိုဘုရားသခင်မိန့်တော်မူလျက်၊ မိမိဖော်ပြတော်မူမည့်အချက်တို့သည် လုံးဝမမှားနိုင်သောအရာများဖြစ်ကြောင်း အထူးကြေငြာခြင်းဖြစ်၏။ “ဤသည်ကားမှန်သောအမှုအရာဖြစ်၏။ သံသယမဝင်ပါနှင့်။”

ကုရုမင်းနောက်၌ဖြစ်သော ရှင်ဘုရင်လေးပါးတို့သည် မည်သူဖြစ်ကြသနည်း။ သမိုင်းမှတ်တမ်း၌ သူတို့ကိုရေးမှတ်ထားကြ၏-

(၁) Cambyses, ၅၃၀-၅၂၂ ဘီစီ၊ (၂) Smerdis, ၅၂၂ ဘီစီ
(၃) Darius Hystaspes, ၅၂၁-၄၈၆ ဘီစီ၊ (၄) Xerxes, ၄၈၆-၄၆၅ ဘီစီတို့ဖြစ်ကြ၏။

စတုတ္ထရှင်ဘုရင်သည် “ထိုသူရှိသမျှတို့ထက် ငွေရတတ်လိမ့်မည်” ဟုထူးခြားထင်ရှားစွာ ဖော်ပြခဲ့၏။ ထိုသူသည် ဟေလသ (ဂရိ) ကိုဆန့်ကျင်တိုက်ခိုက်ခြင်းငှါ အင်ပါယာတစ်ခုလုံးကို နှိုးဆော်မည့်သူဖြစ်ပါသည်။ ဤပရောဖက်ပြုချက်မှန်ကန်မှုကို ဂရိသမိုင်းမှတ်တမ်းဆရာ Herodotus ပြုစုသောမှတ်တမ်း၌တွေ့ရ၏။ Xerxes သည် ဂရိသို့ချီတက်တိုက်ခိုက်ခြင်းမပြုမီ ၆ လအလိုတည်းက ပေရသိလူ ပညာရှိတို့နှင့်တကွ အသေးစိတ်အစီအစဉ်ဆွဲခဲ့၏။ သူ၏ခမည်းတော် Darius I သည် မာရသွန် စစ်ပွဲ၌ (၄၉၀ ဘီစီ) အရှုံးမလှစစ်ရှုံးခဲ့သောကြောင့် လက်စားချေခြင်းငှါ သစ္စာဒိဋ္ဌာန်ချခဲ့ခြင်းဖြစ်၏။

ထိုအခါ Xerxes သည် ဂရိကိုတိုက်ခြင်းငှါ (၄၈၁-၄၇၉ ဘီစီ) စစ်တပ်အလုံးအရင်းဖြင့်၊ ခန့်မှန်းခြေစစ်သားပေါင်း ၂၀၀၀၀၀ နှင့် ရေတပ်သင်္ဘောများစွာတို့ဖြင့် ချီတက်ခဲ့၏။ ထိုသို့ စနစ်တကျအစီအစဉ်ဆွဲ၍ ပြင်ဆင်ခဲ့သော်လည်း၊ Xerxes ၏ စစ်တပ်သည် ကျဆုံးခဲ့၏။ စစ်သားတို့သည် Plataea စစ်ပွဲ (၄၇၉ ဘီစီ) ၌၎င်း၊ သူ၏ရေတပ်သည် Salamis ၌၎င်း ကျဆုံးခဲ့ကြ၏။ ဤအဖြစ်အပျက်နောက်ကွယ်၌ အနန္တတန်ခိုးရှင်ဘုရားသခင်၏ လက်တော်တည်ရှိကြောင်း ကျွန်တော်တို့ သိမှတ်ကြရပါမည်။

**ဆင်ခြင်ရန်** - ပရောဖက်ပြုခြင်း၏ရည်ရွယ်ချက်ကားအဘယ်နည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ယုံကြည်သောစိတ်နှင့်အဆိုးအကောင်းခွဲခြားတတ်သော ဉာဏ် အကျွန်ုပ်အားပေးသနားတော်မူပါ။

**ဒံ ၁၁း၃-၄**

ဒံ ၈း၅-၇ *“. . . သူ့လက်မှအဘယ်သူမျှ သိုးကိုမကယ်မလွှတ်နိုင်”*

## တန်ခိုးကြီးသောရှင်ဘုရင်တပါးပေါ်လာလိမ့်မည်

Alexander the Great သည် စစ်ရေးအကျွမ်းကျင်ဆုံးပုဂ္ဂိုလ်တို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ၁၀ နှစ်အတွင်း၌ ဤကမ္ဘာတစ်ခုလုံးနီးပါး၊ ဥရောပနှင့်အာဖရိကထိ ဆက်လျက်ရှိသော မြေထဲပင်လယ်မှ အာရှမိုင်နာ၊ အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယနယ်စပ်တိုင်အောင် သိမ်းပိုက်ခဲ့၏။ သူသည် ၃၂ နှစ်ရှိသောအခါ၊ အလွန်ကျယ်ဝန်းသော အင်ပါယာကြီး၏အရှင်သခင်၊ အဘယ်သူမျှမနိုင်သောဘုရင်ဖြစ်လာခဲ့၏။

ဒံယေလ၏ပရောဖက်ပြုချက်ထဲတွင် သူ့အားဆိတ်တစ်ကောင်၏ “ထူးဆန်းသောချိုတစ်ချောင်း” (ဒံ ၈း၅) ဟုဖော်ပြခဲ့၏။ Whitcomb ၏ ရှင်းပြချက်သည် လက်ခံနိုင်စရာရှိပါ၏- “ကုရုမင်းနောက်မှ ပေါ်ထွန်းလာသော Darius၊ Xerxes နှင့် အခြားသောမေဒိပေရသိရှင်ဘုရင်တို့သည် ကောင်းကင်တမန်မင်းမိက္ခေလနှင့်အတူ ဣသရေလကိုယ်စား ဘုရားသခင်၏သားတော်တိုက်ခိုက်တော်မူသော စာတန်နှင့်ဆိုင်သောမင်းဖြစ်ကြ၏ (၁၀း၁၃)။ ထို့နောက် “တဖန် ဟေလသမင်းသည် ပေါ်လာလိမ့်မည်” (၁၀း၂၀)။ ဘုရားသခင်၏အောက်၌ စာတန်ရှိ၏။ စာတန်၏လက်အောက်တွင် နတ်ဆိုးနှင့်ဆိုင်သော ‘ဟေလသမင်း’ ရှိ၏။ ဣသရေလကို ဆန့်ကျင်ခြင်းငှါ ဂရိနိုင်ငံတော်အုပ်စိုးဖို့ရန် စာတန်သည် မိမိ၏နတ်ဆိုးအားဖြင့် Alexander ကိုအသုံးပြုခဲ့၏။ ကမ္ဘာ့သမိုင်းမှတ်တမ်းပြုဆရာတို့သည် ဤလောကီရှင်ဘုရင်နှင့်သူတို့၏ စစ်တိုက်ခြင်းအကြောင်းကို ရေးသားကြ၏။ သို့သော်လည်း . . . သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်ပေးတော်မူသော၊ မမှားနိုင်သောသမ္မာကျမ်းစာက ထိုသို့မြင်နိုင်သော သမိုင်းအဖြစ်အပျက်တို့၏ အဓိပ္ပာယ်ကို ကျွန်တော်တို့နားလည်နိုင်ခြင်းငှါ အကူအညီပေးလေ့ရှိ၏ (နှိုင်း၊ ကမ္ဘာ ၃၂း၁-၂၊ ယောဘ ၁၊ ဇေဖက် ၆း၁၂၊ ဗျာ ၁၂း၇-၉)။

မေဒိပေရသိနှင့်ဂရိရှင်ဘုရင်တို့သည် မမြင်နိုင်သော ဝိညာဉ်ကမ္ဘာမှ နတ်ဆိုးတို့ကို ရည်ညွှန်းခြင်းဖြစ်ပါလျှင်၊ ဤ Alexander the Great သည်လည်း နောက်ဆုံးပေါ်ထွန်းလာမည့် တန်ခိုးကြီး၍ ဆိုးသွမ်းသောရှင်ဘုရင်ကို ကြိုတင်ဖော်ညွှန်း၍ ‘မြောက်အရပ်’ မှလာသော (သို့) ‘တောင်အရပ်’ မှလာသော ရှင်ဘုရင်သာမဟုတ်ဘဲ၊ Alexander ကဲ့သို့ ‘အာဏာအပြည့်ဖြင့်အုပ်စိုး၍၊ မိမိ အလိုဆန္ဒအတိုင်းပြုလိမ့်မည်’ (နှိုင်း ၁၁း၃၆-၃၉)။

Alexander ၏လျင်မြန်တိုတောင်းသော အစိုးရခြင်းကို (မှန်ကန်စွာ) ဒံယေလ ၁၁း၄ ထဲတွင် ဖော်ပြခဲ့၏- “ထိုသူသည်ပေါ်လာပြီးမှ နိုင်ငံတော်ကျိုးပဲ့၍ . . .” ထိုနိုင်ငံတော်ကို “. . . သူ့တပါးတို့သည် မိုဃ်းကောင်းကင်လေးမျက်နှာတို့၌ ခွဲဝေကြလိမ့်မည်။” ဒံယေလသည် ထိုသို့မဖြစ်မီကြိုတင်မြင်တွေ့ခြင်းဖြစ်၏။ ထို့ပြင် “သူသည်ထိုစကားကို နားလည်၏” (ဒံ ၁၀း၁)။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်ပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အနာဂတ်ကို မည်မျှအထိ ကြိုသိမြင်ပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျမ်းစာရှိသမျှတို့သည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့် ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇွန် (၂၀)
**ဒံ ၁၁း၅-၉**
ဆာလံ ၇၅း၁-၇

*"ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။ တယောက်ကို နှိမ့်ချ၍၊ တယောက်ကိုချီးမြှောက်တော်မူ၏"*

# ဘီစီတတိယရာစုနှစ်သမိုင်းကြောင်းကြိုတင်ဟောပြောခြင်း

ကျန်သေးသော ဒံယေလအခန်းကြီး ၁၁ မှအကြောင်းအရာတို့သည် Alexander ၏ အင်ပါယာဆက်ခံသောသူများ၌ နှစ်ပေါင်း ၁၅၀ ကြာဖြစ်ပွားမည့်ပြဿနာ ပရောဖက်ပြုချက်ဖြစ်ပါသည်။ ထိုပရောဖက်ပြုချက် ၁၀၀ ရာခိုင်နှုန်းပြည့်စုံခြင်းရှိ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘယ်သောအခါမျှ မပြည့်စုံဘဲမနေ။ "ဤအနာဂတ္တိကျမ်းမှ ရှုပါရုံတို့သည် ပုံဆောင်ခြင်းမှ ယခုရိုးရှင်းသောစကားလုံးအဖြစ် ပြောင်းလဲအသုံးပြုခြင်းသည် ထူးခြားမှုရှိလှပါ၏။ ဘုရားသခင်က "အကြား-အမြင်" နည်းလမ်းအသုံးပြုသောအချိန်၌ပင် "အကြား" သည်ပို၍အရေးပါသည်ဟု ထင်ရပါသည်။ သမ္မာကျမ်းစာထဲ၌ ထိုသို့ရှေ့အနာဂတ်အကြောင်း ဖော်ပြသောအခါ အသေးစိတ်ထိုသို့ တိတိကျကျဖော်ပြခြင်းသည် တွေ့ခဲလှပါသည်။ သို့သော်လည်း ထိုသို့သော ပရောဖက်ပြုချက်မျိုးကို ယောသပ်နှင့်သူ၏အစ်ကိုများအကြောင်း (ကမ္ဘာ ၄၅း၅-၈) နှင့်ဒါဝိတ်၏သား အဗရှလုံပြုမည့်အမှု (၂ ရာ ၁၂း၁၁၊ ၁၆း၂၂) . . . ၌တွေ့ရပါသည်။ (Whitcomb)

"တောင်ရှင်ဘုရင်" (ဒံ ၁၁း၅) သည် Ptolemy Soter ဟုခေါ်သော Alexander ၏ အလွန်တော်သော စစ်ဗိုလ်ချုပ်ဖြစ်၍ အီဂျစ်ပြည်ကို ၃၂၂ မှ ၃၀၅ ဘီစီအထိ အုပ်ချုပ်ခဲ့၏။ "မင်းစုထဲ၌ မင်းတပါး" သည် ၃၁၂ ဘီစီတွင် ရှုရိ၌ Seleucid မင်းဆက်ကိုတည်ခဲ့သော Seleucus Nicator ဖြစ်၏။ "တောင်ရှင်ဘုရင်၏သမီး" သည် Antiochus II (Laodice နှင့် လက်ထက်ပြီးသောသူဖြစ်သော်လည်း) နှင့် နိုင်ငံရေးမဟာမိတ်ဖွဲ့ရန် လက်ထက်ခဲ့သော Berenice ဖြစ်၏။ Berenice ၏ အဖေ Ptolemy ကွယ်လွန်သောအခါ Antiochus သည် နိုင်ငံရေးအဆင်ပြေစေခြင်းငှါ Berenice ကို ကွာရှင်း၍ Laodice ထံပြန်သွားခဲ့၏။ Laodice သည် အခွင့်အရေးယူ၍ မိမိ၏အရိုက်အရာတည်မြဲစေခြင်းငှါ မိမိခင်ပွန်းကို အဆိပ်ခတ်သတ်ခဲ့၏။ ထို့နောက် သူ၏အကြံအစည်အားဖြင့်၊ သူ့သား Seleucus က Berenice ကိုသတ်ပြီး၊ Antiochus ၏ပလ္လင်တော်ကို ရယူခဲ့၏။

"ထိုမင်းသမီး၏အဆွေအမျိုး" (ဒံ ၁၁း၇) သည် Berenice ၏မောင်၊ အီဂျစ်ပြည်မှ Ptolemy III ဖြစ်၏။ သူသည် စစ်ချီလာ၍ မြောက်နိုင်ငံကိုစီးနင်းတိုက်ခိုက်ပြီး၊ Laodice ကိုသတ်ခြင်းဖြင့် သူ့အစ်မအတွက် လက်စားချေခဲ့၏။ ဒံယေလ ၁၁း၈ ထဲတွင် Ptolemy ၏အောင်မြင်မှုကို ဖော်ပြခဲ့ပါသည်။ အီဂျစ်လူမျိုးတို့သည် သူတို့၏မင်းကို Euergetes (ကောင်းကောင်းလုပ်ဆောင်သောသူ) ဟု မှည့်လျက်ထိုအောင်မြင်မှုကို ဂုဏ်ပြုခဲ့ကြ၏။ အီဂျစ်ဘုရားများအပေါ် Ptolemy ၏ အောင်မြင်မှုကို ကြီးမြတ်သောအောင်မြင်မှုဟုသတ်မှတ်ခဲ့ကြ၏။ အကြောင်းမှာ နတ်ဘုရားများတို့သည် တိုင်းပြည်ကို စောင့်ရှောက်သောသူများဟုထင်မှတ်ထားကြ၏။ ဒံယေလ ၁၁း၉ သည် ၂၄၀ ဘီစီ၌ Ptolemy ကိုသွားရောက်စစ်တိုက်ခဲ့သော Seleucus Callinicus ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သူသည်လုံးဝကျဆုံးလျက်ရှုံးနိမ့်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူအပေါင်းတို့၏မကောင်းကြံစည်မှုကပင် ဘုရားသခင်၏အစီအစဉ်တော်ကို ထောက်ပံ့လျက်ရှိကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အဆုံးစွန်အာဏာရှိတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ အကျွန်ုပ်သည် အဘယ်သူကိုကြောက်ရပါမည်နည်း။

*"ကိုယ်တော်သည် အပြစ်လွှတ်ခြင်း အခွင့်ကို ပိုင်တော်မူ၏. . . "*

# သမိုင်းအကြောင်းနှင့်ဆိုင်သော ပဖောဋ္ဌမျာ

ဒံ ၁၁း၁၀၊ မြောက်ရှင်ဘုရင်၏သားတော်များ (Seleucus Ceraunus နှင့် Antiochus the Great) တို့သည် စစ်တိုက်ရန် နှိုးဆော်ခြင်းပြုခဲ့ကြ၏။ Seleucus Ceraunus သည် အာရှမိုင်နာတွင် စစ်ပွဲ၌ကျဆုံးခဲ့ပြီး Antiochus တစ်ဦးတည်းသာ စစ်တပ်အလုံးအရင်းဖြင့် ဆက်လက်ချီတက်၍ အောင်မြင်မှုရခဲ့၏။

ဒံ ၁၁း၁၁၊ တောင်ရှင်ဘုရင် Ptolemy Philopator သည် ခြေလျင်တပ်သား ၇၀၀၀၀၊ မြင်းလှည်းတပ် ၅၀၀၀၊ ဆင်အကောင် ၇၃ တို့ဖြင့် Antiochus စစ်ချီလာသောအခါ၊ အလွန်ဒေါသထွက်ခဲ့၏။ ထိုစစ်ပွဲ၌ Ptolemy သည် အောင်မြင်မှုရ၍၊ စစ်ချီလာသော အဖွဲ့ကျဆုံးခဲ့ကြ၏။

ဒံ ၁၁း၁၂၊ Antiochus ၏စစ်တပ်ကြီးကို သိမ်းပိုက်ခဲ့သော Ptolemy သည် မာနထောင်လွှားခြင်းရှိလာခဲ့၏။ Raphia ၌ဖြစ်ပွားသော ထိုတိုက်ပွဲတွင် Antiochus သည် ခြေလျင်တပ်သား ၁၀၀၀၀၊ လှည်းတပ် ၃၀၀၊ ဆင် ၅ ကောင်ဆုံးရှုံး၍၊ စစ်သုံ့ပန်းအဖြစ် ၄၀၀၀ အဖမ်းခံရကြ၏။

ဒံ ၁၁း၁၃၊ နောက် ၁၃ နှစ်လောက်အကြာ၌ Antiochus သည် အရင်ကထက် များပြားသော စစ်တပ်အင်အားနှင့်တကွ ပြန်၍စစ်ချီလာခဲ့၏။

ဒံ ၁၁း၁၄၊ "များကြလိမ့်မည်" ဟူသည် Antiochus ၏ စစ်တပ်ကိုဆိုလိုရင်းဖြစ်ပြီး၊ "သင်၏အမျိုးသားချင်းဖြစ်သော သူပုန်" ဟူသည် မိမိတိုင်းပြည်ကို သစ္စာဖောက်လျက် တိုင်းတပါးနှင့်ပူးပေါင်းသောယုဒလူများကို ဆိုလိုခြင်းဖြစ်၏။

ဒံ ၁၁း၁၅၊ "မြောက်ရှင်ဘုရင်" Ptolemy သည်လာ၍ ခိုင်ခံ့သော Sidon မြို့ကို ဝိုင်းရံထား၏။ Ptolemy စစ်တပ်သည် ဆက်လက်မရပ်တည်နိုင်သောကြောင့် ယောဒန်မြစ်ဖျားနား၌ Antiochus ၏လက်တွင်ကျဆုံးခဲ့ကြ၏။

ဒံ ၁၁း၁၆၊ Antiochus ၏အင်အားသည် အထွဋ်အထိပ်သို့ရောက်၍၊ ရန်သူအပေါင်းကို အောင်နိုင်ပြီး၊ ဣသရေလနိုင်ငံကိုလည်း သိမ်းပိုက်ခဲ့၏။

ဒံ ၁၁း၁၇၊ Antiochus သည် မိမိ၏ရန်သူကိုဖျက်ဆီးမည့်အကြံဖြင့် မိမိ၏သမီးအား Ptolemy ထံဆက်သခဲ့၏။ သို့သော်လည်း ထိုအကြံမထမြောက်ခဲ့ပါ။ အကြောင်းမှာ သူ့သမီးသည် မိမိ၏ခင်ပွန်းဘက်၌ရပ်တည်၍ အဘကိုဆန့်ကျင်ခဲ့ပါသည်။

ဒံ ၁၁း၁၈၊ Antiochus ၏နယ်ချဲ့ခြင်းအစီအစဉ်ကို "ဗိုလ်မင်းတပါး" Lucius Scipio Asiaticus က အသေခံဆီးတားခဲ့ပါသည်။

ဒံ ၁၁း၁၉၊ မိမိကိုယ်ကိုအထင်ကြီးပြီး မာနထောင်လွှားသော Antiochus သည် မျက်နှာပျက်လျက် မိမိပြည်သို့ပြန်သွား၍ သူ့အကြောင်းမသိရတော့ပါ။

ဒံ ၁၁း၂၀၊ သူ့နေရာ၌ Seleucus Philopator နန်းတက်လာပြီး၊ နိုင်ငံအတွင်းသို့ အခွန်ခံအဖြစ် Heliodorus ကို စေလွှတ်ခဲ့၏။ နောက်များမကြာမီ၊ Seleucus သည်လည်း ရုတ်တရက် အံ့သြဖွယ်ကောင်းစွာပျောက်ကွယ်ခဲ့၏။ အဆိပ်ခတ်ခြင်းခံရသည်ဟု ထင်ရပါသည်။

**ဆင်ခြင်ရန်** - "အရာခပ်သိမ်းပြောင်းလဲသော်လည်း၊ ယေရှုသည်ဘယ်သောအခါမျှ ပြောင်းလဲခြင်းမရှိပါ။ ကိုယ်တော်၏နာမတော်ဘုန်းကြီးပါစေ။"

**ဆုတောင်းချက်** - အဘဘုရား၊ အရာခပ်သိမ်းကိုအစိုးရတော်မူသော၊ အဆုံးစွန်အာဏာရှိတော်မူသောဘုရင်၊ ကိုယ်တော်၌ဘုန်းအသရေအပေါင်းပြည့်စုံပါစေသော်။

သောကြာ၊ ဇွန် (၂၂)

**ဒံ ၁၁း၂၁-၂၉**

မာကု ၁၃း၁၄-၁၆

*“. . . ကျမ်းစာကိုကြည့်သောသူသည် နားလည်ပါစေ. . . ”*

## Antiochus Epiphanes ပေါ်ထွန်းလာခြင်း

ဤသမိုင်းကြောင်းလေ့လာခြင်းကြောင့် သင်ပင်ပန်းနေပြီလား၊ စိတ်ရှုပ်ထွေးခြင်းရှိပါသလား။ Whitcomb ၏စကားဖြင့်ခွန်အားယူကြပါစို့- “ဓမ္မဟောင်းကျမ်းမှ ကြိုတင်ပရောဖက်ပြုချက်တို့သည် အကျိုးမဲ့မဟုတ်ပါ။ ထိုပရောဖက်ပြုချက်၌ တွေ့ရသောပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်တို့သည် အထူးအရေးပါကြ၏။ ဘုရားသခင်သည် မိမိလူ့ကြသရေလအားဖြင့် မိမိ၏ရည်ရွယ်ချက်ကို ဤကမ္ဘာလောက၌လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာ၌တွေ့ရသောသမိုင်းအချက်အလက်တို့သည် အလွန်အရေးပါ၏။ ထို့ကြောင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာဆင်ခြင်သောသူအတွက် ထိုပရောဖက်ပြုချက်၌ပါဝင်သော ပုဂ္ဂိုလ်တို့အားဖြင့် အကျိုးများစွာရရှိကြ၏။”

ယနေ့ကျမ်းပိုဒ်တွင် ဣသရေလ၏အလွန်ကြမ်းကြုတ်သောရန်သူ၊ Antiochus IV Epiphanes ကို တွေ့ရ၏။ Whitcomb က “သမ္မာကျမ်းစာပရောဖက်ပြုချက်၌တွေ့ရသော Antiochus IV Epiphanes ၏အရေးပါမှုသည် အလွန်ကြီးမားလှပါသည် . . . ဘုရားသခင်၏လူများနှင့် သူတို့၏ကိုးကွယ်မှုဘာသာအပေါ် သူပြုခဲ့သောဆန့်ကျင်မှုကြောင့်သူသည် ရက်စက်ကြမ်းကြုတ်သောသူဟူသောနာမကို ထာဝရရရှိခဲ့၏။ ထို့ကြောင့်သူသည်နောက်ဆုံး၌ပေါ်ထွန်းလာမည့်အန္တိခရစ်ကို ကြိုတင်ပုံဆောင်ခြင်းဖြစ်ပါသည်။ သူ့သတ်သော အစ်ကို့သားထံမှရှုရီရာဇပလ္လင်ကို မတရားသိမ်းပိုက်ခြင်းဖြင့် ‘မိုက်မဲသောသူ’ ဟုအဓိပ္ပါယ်ရသော "Epimanes" ဟူသောနာမည်ပြောင်ကိုရခဲ့၏. . . သူ၏အဓိကရည်ရွယ်ချက်သည် ရောမကိုဆန့်ကျင်ခြင်းငှါ မိမိ၏အင်ပါယာရှိလူ အပေါင်းတို့အား ဟေလသလူဖြစ်စေရန်ဖြစ်ပါသည်။ ဤအမှု၌အချို့သောယုဒလူတို့သည် ‘ပဋိညာဉ်တရားကိုပြစ်မှား’ (၁၁း၃၂) ကြသော်လည်း၊ ယုဒပြည်သည် သူ့ကိုဆန့်ကျင်ခြင်းပြု၏။ ထို့ကြောင့် ‘မိဿဟာယခံသောမင်း’ (၁၁း၂၂)၊ ယဇ်ပုရောဟိတ်မင်းကို ကွပ်မျက်ခဲ့၏။ ၁၆၉ ဘီစီ၌ အီဂျစ်ပြည်ကိုအောင်မြင်စွာဝင်ရောက်မွှေနှောက်ခဲ့ပြီး၊ ပစ္စည်းတန်ဆာများကို သိမ်းယူလျက် အန္တိအောက်သို့ယူဆောင်ခဲ့၏ (၁၁း၂၈)။ သို့သော်လည်း ဒုတိယအကြိမ်အီဂျစ်ပြည်သို့ ဝင်ရောက်ကျူးကျော်သောအခါ (၁၆၈ ဘီစီ) စိတ်မကျေမနပ်ဖြစ်ခဲ့ရ၏ . . . ရောမစစ်ဗိုလ် Gaius Popillius Laenas က ဆီးတားခဲ့ပြီး၊ အီဂျစ်ပြည်အပေါ် စစ်တိုက်ခြင်းကိုလက်လျှော့ရန် အမိန့်ပေးခဲ့၏ (၁၁း၂၉-၃၀) . . . ထိုအခါ သန့်ရှင်းသောမြို့အပေါ်သို့ မိမိ၏အမျက်ဒေါသကိုသွန်းလောင်းပြီး၊ ယုဒလူ ၈၀၀၀၀ ကျော်ကိုသတ်ဖြတ်၍ ကျွန်အဖြစ်ဖမ်းဆီးခဲ့၏. . . ဗိမာန်တော်ကိုညစ်ညူးစေခြင်းငှါ စနစ်တကျအစီအစဉ်ဆွဲခဲ့၏။” “ဖျက်ဆီးတတ်သော ရွံရှာဘွယ်သောအရာ” (ဒံ ၁၁း၃၁) တည်ထားခြင်း၊ Olympian Zeus ၏ရုပ်တုတည်ထားခြင်းဟုထင်ရသော အမှုတို့ကို ပြုလုပ်ခဲ့၏။ ပညတ္တိကျမ်းတို့ကိုဖျက်ဆီးပြီး၊ ဘုရားဝတ်ပြုခြင်းနှင့်အရေဖျားလှီးခြင်းမင်္ဂလာတို့ကို တားမြစ်လျက်၊ ပြည်သူတို့အား ဝက်သားအတင်းစားစေ၍ အစဉ်ပြုသောယဇ်ပူဇော်ခြင်းတို့ကို ပပျောက်စေခဲ့၏။ အချို့သောသမိုင်းဆရာတို့က ဤအမှုသည် သမိုင်း၌ပထမဆုံးသောဘာသာရေးအကြမ်းဖက်မှုဖြစ်မည်ဟု ယုံကြည်ကြ၏”။

**ဆင်ခြင်ရန်** - (ယောဟန် ၁၆း၃၃ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သမိုင်းအကြောင်းသည် ကိုယ်တော်ထိန်းချုပ်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်၌ကြောက်ရွံ့ခြင်းမရှိပါ။

စနေ၊ ဇွန် (၂၃)

**ဒံ ၁၁း၃၀-၃၅**

မာကု ၁၃း၁၇-၂၀

*"အကြောင်းမူကား၊ ဒုက္ခသည်*
*ထိုနေ့ရက်ကာလ၌ဖြစ်လိမ့်မည်"*

## ချိန်းချက်သောကာလအတွက်စုံစမ်းစောင့်ယှက်ခြင်း

ဘုရားသခင်၏လူတို့သည် ကျေးဇူးမတင်တတ်ခြင်းနှင့်ဆန့်ကျင်ခြင်းအမှုတို့ကြောင့် ပြင်းထန်ခါးသီးသော စီရင်ခြင်းခံရခြင်းငှါ သတ်မှတ်ခြင်းခံရကြ၏။ ဤလောကီရန်သူတို့၏ ညှင်းပန်းနှိပ်စက်ခြင်းခံရကြမည်ဖြစ်သော်လည်း၊ အမှန်မှာ ဤအဖြစ်အပျက်အလုံးစုံ၏ နောက်ကွယ်၌ သူတို့၏ရန်သူစစ်ဖြစ်သော စာတန်မာရ်နတ်၊ ယေရှုဆင်းသက်လာရာလူမျိုးတို့ကို ဖျက်ဆီးခြင်းငှါ ကြိုးစားနေ သောသူရှိ၏။

Whitcomb က ဤသို့ရှင်းပြခဲ့၏- "အန္တိခရစ်အားဖြင့် ပြသမည့်စာတန်၏ နောက်ဆုံးအမျက်ဒေါသသည် 'ရွေးချယ်တော်မူသောသူတို့အဘို့အလိုငှါ' (မာကု ၁၃း၂၀) ကန့်သတ်ခြင်းခံရမည်ဖြစ်၍၊ သူတို့သည် 'အနည်းငယ်သောမစခြင်းကိုတဖန်ခံရကြလိမ့်မည်' (၁၁း၃၄)။ ဤအချက်သည် အသက်ကြီးရင့်ပြီးဖြစ်သော Matlathies စတင်၍ သူ၏သား Judas Maccabaeus နှင့်အခြားသားများဆက်လက်ဦးဆောင်သော Maccabean ပုန်ကန်မှုကိုရည်ညွှန်းခြင်းဖြစ်၏။ ၁၆၅ ဘီစီတွင် ထူးခြားသောအမှုဖြစ်သည့် ဗိမာန်တော်သန့်ရှင်းစေခြင်းကိုပြုခဲ့ကြ၏။

"သို့သော်လည်း Maccabean ပုန်ကန်မှု၌ ဝမ်းနည်းစရာအချက်နှစ်ချက်ရှိပါသည်။ ပထမအချက်သည် ဇာတိသဘောအပျော်ကျူးခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းသို့ လျင်မြန်စွာ နိမ့်ကျခဲ့ပြီး . . . ဘုရားသခင်ကြိုတင်ဟောတော်မူသည့်အတိုင်း 'အများတို့သည် (Maccabean ခေါင်းဆောင်များထံ) ချော့မော့ရာသို့လိုက်၍ ဆည်းကပ်ကြလိမ့်မည်' (၁၁း၃၄)။ ဒုတိယအချက်ဟူမူကား၊ မည်သို့နေထိုင်ပြုမူရမည်အကြောင်း ဖော်ပြခြင်းငှါ မေရှိယ၏အံ့ဖွယ်အတူပါရှိခြင်းမခံရခြင်းဖြစ်ပါသည်. . . ထို့ကြောင့် Maccabean ပုန်ကန်မှုသည်အစ၌ ဣသရေလ၏ဘုရားသခင်ထံ သေခြင်းအမှုတိုင်အောင် ဆက်ကပ်ခြင်းပြုခဲ့ကြသော်လည်း၊ နောက်ဆုံးတွင် ထိုအဓိကအရာတို့ကို စွန့်ပစ်ခဲ့ကြပြီး၊ ၆၅ ဘီစီတွင် ရောမလက်သို့ကျဆုံးခဲ့ကြ၏။"

ဘုရားသခင်သည် မိမိလူတို့အပေါ် ဘယ်သောအခါမျှ အမှားမကျူးလွန်ပါ။ အလိုအလျောက်ဖြစ်ပျက်သောအမှုမရှိပါ။ အကြောင်းမှာ 'ထိုအမှုသည် ချိန်းချက်သောကာလတိုင်အောင်ဖြစ်ရသတည်း' (ဒံ ၁၁း၃၅)။ ထို့ကြောင့် သမိုင်းကြောင်းနှင့်ဖြစ်ပျက်သောအမှုအလုံးစုံ၏ သခင်ဘုရားသည် ဒံယေလအား အနာဂတ်ရာစုနှစ်များအကြောင်းကို (အသင်းတော်ကာလကိုချန်လှပ်ပြီး) ခုနှစ်ဆယ်မြောက်သိတင်းပတ်တိုင်အောင် မြင်စေတော်မူ၏။ ထိုခုနှစ်ဆယ်မြောက်သိတင်းပတ်သည် အန္တိခရစ်ပေါ်ထွန်းခြင်းနှင့် ဤကမ္ဘာတစ်ခုလုံးအစိုးရခြင်းဖြင့် စတင်မည်ဖြစ်၏။ ဤကျမ်းပိုဒ်အားဖြင့် ရှင်းလင်းစွာမြင်ရသည်မှာ သမိုင်းကြောင်းဖြစ်ပျက်နေစဉ်အတွင်း၌ အဓိပ္ပာယ်ရှင်းလင်းစွာမသိနိုင်ပါ။ အဖြစ်အပျက်အဆုံးရောက်မှသာလျှင် ဖြစ်ပျက်သောအရာတို့အားပြန်လည်သုံးသပ်ခြင်းဖြင့်သာ ရည်ရွယ်ချက်နှင့်အဓိပ္ပာယ်ကိုရှင်းလင်းစွာမြင်တွေ့နိုင်၏. . . နောက်ဆုံးအချိန်၌ မည်သို့ဖြစ်မည်ကို မျှော်လင့်ခြင်းမရှိဘဲလျက်၊ အဓိပ္ပာယ်မဲ့ယုံကြည်ခြင်းမရှိမည်အကြောင်း ဒံယေလက ကျွန်ုပ်တို့ကို ကူညီသိမြင်စေပါ၏။"

**ဆင်ခြင်ရန်** - အဆုံးကိုမျှော်ကြည့်ရင်းဖြင့် ယနေ့အသက်ရှင်ပါလော့။
**ဆုတောင်းချက်** - (ဆာလံ ၅၆း၁၁ ကိုအသုံးပြုပါ)။

တနင်္ဂနွေ၊ ဇွန် (၂၄)
**ဒံ ၁၁း၃၆-၃၉**
၂ သက် ၂း၃-၄

*"အဘယ်သူမျှသင်တို့ကို အဘယ်သို့သော အားဖြင့်မျှမလှည့်ဖြားစေနှင့်. . . "*

# အန္တိခရစ်ကြိုတင်မြင်တွေ့ခြင်း

ဒံယေလ ၁၁း၃၆ မှစ၍ ကျွန်တော်တို့လေ့လာမည့်အကြောင်းသည် Antiochus ၏ ပုံဆောင်ခြင်းဖြင့် နောက်ဆုံးကာလ၌ ပေါ်ထွန်းမည့်အန္တိခရစ်အကြောင်းဖြစ်ပါသည်။ ဤသည်ကား အနက်ဖွင့်ချက်တစ်မျိုးဖြစ်ပါသည်။ Whitcomb ၏အဆိုအရ၊ အငယ် ၃၆-၃၉ သည် ဘေးဒဏ်ကြီးကာလ၌ ဖြစ်ပျက်မည့်အရာများဖြစ်ကြောင်း၊ အကြောင်းရင်းနှစ်ခုပေး၍ ဖော်ပြထား၏-

(၁) ဒံယေလ ၁၂း၁ ၌တွေ့ရသောအချိန်ကာလအညွှန်း (ထိုကာလ၌. . . ) အရ အငယ် ၃၆-၄၅ ၌တွေ့ရသောအဖြစ်အပျက်တို့သည် နောက်ဆုံးရှင်ပြန်ထမြောက်ခြင်းနှင့်စီရင်ခြင်း၌ ဖြစ်ပျက်မည့် အရာများဖြစ်သည်ဟုဆို၏။

(၂) အငယ် ၃၅-၃၆ ၌တွေ့ရသောကြားကာလအလှည့်အပြောင်း၌ ဖြစ်ပျက်မည့်အရာသည် "အမှုဆုံးရသည်ကာလ" (ဒံ ၁၁း၃၅) ၌ဖြစ်ပျက်မည့်အရာဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ခန့်ကတည်းက၊ Jerome (အေဒီ ၃၄၇-၄၂၀) ၌ဤသို့သောခံယူချက်ရှိခဲ့၏- "ဤအဖြစ်အပျက်အလုံးစုံသည် နောက်ဆုံးကာလ၌ပေါ်ထွန်းမည့် အန္တိခရစ်အား ပရောဖက်ပြုချက်ဖြင့်ကြိုတင်ဖော်ပြခြင်းဖြစ်ကြောင်း ကျွန်တော်တို့ယုံကြည်ကြ၏. . . Antiochus သည် အန္တိခရစ်ကိုပုံဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။ သူ၌ဖြစ်ပျက်သော အမှုတို့သည် အန္တိခရစ်၌စုံလင်စွာပြည့်စုံလာမည့်အရာများဖြစ်ပါသည်. . . ဤကျမ်းပိုဒ် (ဒံ ၁၁း၃၆) ကို ယုဒလူတို့က အန္တိခရစ်ကိုရည်ညွှန်းခြင်းဖြစ်ကြောင်း ယုံကြည်ကြ၏ . . . ကျွန်တော်တို့ကလည်း ထိုသို့ယုံကြည်ခြင်းရှိပါသည်။" ဒံယေလ ၁၁း၃၆ သည် အလွန်အရေးပါသော၊ စိတ်ဝင်စားစရာကောင်းသော ကျမ်းပိုဒ်ဖြစ်၏။ Whitcomb ကဤသို့ရှင်းပြခဲ့၏- " . . . ဤရှင်ဘုရင်သည် လူအပေါင်းတို့၏ ခန္ဓာကိုယ်နှင့်စိတ်ကို ထိန်းချုပ်ခြင်းငှါ ကြိုးစားလာလိမ့်မည်။ Antiochus ၌တွေ့ရသော မာရ်နတ်နှင့်ဆိုင်သော ထောင်လွှားခြင်းနှင့်ဘုရားသခင်ကိုမထီမဲ့မြင်ပြုခြင်းတို့သည် ဤဆိုးယုတ်သောရှင်ဘုရင်၌ အံ့သြစရာကောင်းလှအောင် စုံလင်စွာပြည့်စုံလိမ့်မည်။ သူသည် ၁ ယော ၂း၁၈ နှင့် ၄း၃ ၌ ဖော်ပြထားသော နောက်ဆုံးကာလအန္တိခရစ်ဖြစ်ပါသည်။ အကြောင်းမှာ ရှင်ယောဟန်၏နောက်ဆုံးကျမ်းစာအုပ်၏ အဓိကအပိုင်း (ဗျာ ၁၁-၁၃၊ ၁၇) ကိုစိုးမိုးသော 'သားရဲ' သည် ဒံ ၁၁း၃၆-၃၉ ၌ တွေ့ရသော ပုံဆောင်ဖော်ပြချက်နှင့်ကိုက်ညီသည်သာမက၊ ဒံ ၇း၂၅ မှ 'ချိုငယ်တချောင်း' ၏ လုပ်ဆောင်ချက်နှင့်လည်း ကိုက်ညီမှုရှိ၏ (အချိန်ကာလဇယားအပါအဝင်). . . 'ပင်လယ်ထဲက တက်သောသားရဲ' ရောမသားရဲသည် ရှင်းလင်းစွာ (ဒံ ၁၁း၃၆-၃၉) (သို့) မရှင်းလင်းစွာ (ဒံ ၁၁း၄၀၊ ၄၄-၄၅၊ ၁၂း၁) မြင်တွေ့ရခြင်းဖြစ်ပါသည်။ Antiochus Epiphanes က ပုံဆောင်ခြင်းအားဖြင့်ပြုသောအမှုတို့ကို သူသည်ထင်ရှားမြင်သာစွာ ရုပ်လုံးပေါ်စေမည်ဖြစ်ပါသည်။" ဤပြိုင်ဘက်ကင်း၍ ဘယ်သူမျှမနိုင်သောအနာဂတ်အန္တိခရစ်သည် မိမိအားကယ်တင်ရှင်အမှန်ဖြစ်သည်ဟု ဤလောကီလူသားတို့ယုံကြည်လောက်အောင် လှည့်ဖြားသွေးဆောင်မည်ဖြစ်၏။ ထိုသို့ဆန့်ကျင်ခြင်းအမှုကြားထဲ၌၊ ကျွန်ုပ်တို့ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် ထိန်းချုပ်တော်မူခြင်းလက်တော်ကို မြင်တွေ့ကြပါစို့။

**ဆင်ခြင်ရန်** - အန္တိခရစ်သည် ယုဒလူမျိုးလော (သို့) တပါးလူမျိုးလော။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည်ရာဇပလ္လင်ပေါ်၌ ထိုင်လျက်ရှိပါ၏။

*“. . . သူတို့က၊ ထာဝရဘုရားသည် ငါတို့ကိုမမြင်. . . ”*

## ဘေးဒဏ်ကြီးကာလပြဿနာ

ဤကျမ်းပိုဒ်သည် ခက်ခဲသော၊ ငြင်းခုံဖွယ်ကောင်းသောကျမ်းပိုဒ်ဖြစ်ပါသည်။ သို့သော်လည်း Whitcomb ၏ရှင်းပြချက်သည် မျက်လုံးကိုဖွင့်စေ၏။ “ ‘အမှုဆုံးရသည်ကာလ’ ဟူသည် ဒံယေလအနာဂတ္တိကျမ်းထဲ၌ အနာဂတ်နောက်ဆုံးကာလကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ရှင်းလင်းလှပါသည် (နှိုင်း ၁၁း၃၅၊ ၁၂း၄၊ ၉)။ တောင်ရှင်ဘုရင်သည် အနာဂတ်အီဂျစ်မင်း ဖြစ်ပါလိမ့်မည်. . . မြောက်ရှင်ဘုရင်နှင့်ပူးပေါင်း၍. . . ထိုအနာဂတ်အီဂျစ်မင်းသည် အပြည်ပြည်ကိုတိုက်လိမ့်မည်. . . (ဒံ ၁၁း၃၆)။”

“တောင်ရှင်ဘုရင်နှင့်မြောက်ရှင်ဘုရင်တိုက်ခိုက်ခြင်းခံရသော ‘ထိုမင်း’ သည် အန္တိခရစ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤအချိန်ကာလ၌ သူသည် ‘တောင်’ နှင့် ‘မြောက်’ အကြား၊ ပါလက်စတိုင်း၌နေသည်ဟု ထင်ရပါသည်။”

“နောက်ဆုံး၌ အန္တိခရစ်သည် မည်သို့တစ်ကမ္ဘာလုံးကို အစိုးရပါသနည်း။ ဗျာဒိတ် ၁၃ နှင့် ၁၇ ၌အကြောင်းရင်းမြင်တွေ့နိုင်ပါသည် - ‘သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏’ (ဗျာ ၁၃း၃၊ ၁၂၊ ၁၄၊ နှိုင်း ၁၇း၈၊ ၁၁)။ ဤသုံးကြိမ်တိုင်တိုင်ဖော်ပြသော ‘ဒဏ်ချက်အနာပျောက်ခြင်း’ က ဒံ ၁၁း၄၀-၄၅ ကိုအနက်ဖွင့်သောအခါ အထောက်အကူပြုပါသည်- ထိုအန္တိခရစ်သည် ဆန့်ကျင်ဆီးတား၍မရသော မြောက်ဘုရင်၏တိုက်ခိုက်သတ်ဖြတ်ခြင်းကိုခံရ၍၊ ‘သာယာသောပြည်’ တိုင်အောင် တောင်ပိုင်းနိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်ဟုထင်ရပါသည်။”

“ဒံယေလ ၁၁း၄၀-၄၅ ၌တွေ့ရသော မြောက်ရှင်ဘုရင်အကြောင်းက အန္တိခရစ်ပေါ်ထွန်းလာခြင်းအကြောင်း သမိုင်းနောက်ခံကိုဖော်ပြလျက်ရှိပါ၏။ ထိုမြောက်ရှင်ဘုရင်နှင့် တောင်ရှင်ဘုရင်တို့သည် အန္တိခရစ်၏ရည်ရွယ်ချက်ကို ဆီးတားခြင်းပြုနေသောကြောင့် ထိုရှင်ဘုရင်နှစ်ပါးကို ဖယ်ရှားပြီးမှ ကမ္ဘာ့အာဏာရှင်အဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည်. . . သို့သော်လည်း မျှော်လင့်မထားသော၊ လျင်မြန်သောအမှုဖြစ်ပွားခြင်းဖြင့်၊ သူသည် လုံးလုံးပျက်စီးခြင်းသို့ရောက်ခဲ့ပါလိမ့်မည်။”

အထက်ဖော်ပြချက်သည် အနက်ဖွင့်ခြင်းတမျိုးသာလျှင် ဖြစ်ပါသည်။ အဘယ်အနက်ဖွင့်ချက်ကို လက်ကိုင်ထားပါစေ၊ ကျွန်တော်တို့သိရမည်မှာ ကျွန်ုပ်တို့ဘုရားသခင်အခွင့်ပေးတော်မမူလျှင် အဘယ်သူမျှအာဏာမရနိုင်ကြောင်း သိမှတ်ကြရပါမည်။ လူတို့၏အာဏာရူးကြိုးစားလုပ်ရှားမှုအပေါင်းတို့သည် ဘုရားသခင်၏အဆုံးစွန်ထာဝရရည်ရွယ်ချက်ကို ပြည့်စုံစေခြင်းသာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်နိုင်ငံမှ အန္တိခရစ်ပေါ်လာပါမည်နည်း။
**ဆုတောင်းချက်** - ကိုယ်တော်၏နိုင်ငံတော်တည်ထောင်ပါစေသော်။

အင်္ဂါ၊ ဇွန် (၂၆)
**ဒံ ၁၁း၄၄-၄၅**
ဗျာ ၁၃း၁-၄

*"... မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့လိုက်၍ အံ့သြကြ၏"*

# မြောက်ရှင်ဘုရင်ကျဆုံးခြင်း

ပေါ်ထွန်းလာသောအန္တိခရစ်နှင့် မိမိ၏အဓိကပြိုင်ဘက်ဖြစ်သော၊ မြောက်ရှင်ဘုရင်တို့၏ အာဏာလုပွဲသည် အမြင့်ဆုံးသောအခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။ အဆုံးအဖြတ်တိုက်ပွဲ၌ မြောက်ရှင်ဘုရင်သည် ဖျက်ဆီးခြင်းခံရလိမ့်မည်။ အန္တိခရစ်၏နောက်ဆုံးအာဏာရလာခြင်းအစပိုင်းတွင် အံ့ဖွယ်သောအမှုများစွာတွေ့ရ၏။ Whitcomb က ဤသို့ခြောက်ချက်ဖော်ပြထားပါသည်-

(၁) အန္တိခရစ်သည်သေလောက်သော "ထားနှင့်ခုတ်သောဒဏ်ချက်" ကိုခံရ၏ (ဗျာ ၁၃း၁၄)။

(၂) ထို့ကြောင့်သူသည် သေရွာသို့သွားခဲ့သော်လည်း၊ မသေခဲ့ပါ (ဗျာ ၁၇း၈၊ ၁၁)။

(၃) ထို့နောက် "အနက်ဆုံးသောတွင်းထဲကတက်" ၍ (ဗျာ ၁၁း၇၊ ၁၇း၈)၊ ဣသရေလ၏ အကြီးမားဆုံးသောရန်သူ၊ ရှစ်ပါးမြောက်ဖြစ်လာခဲ့၏ (ခုနစ်ပါးမြောက်လည်းဖြစ်ခဲ့ပြီ- ဗျာ ၁၇း၁၀-၁၁)။

(၄) သူသည်ဘုရားသခင်၏သက်သေခံနှစ်ပါးကို သတ်လိမ့်မည် (ဗျာ ၁၁း၇)။ သေသည်ဟုထင်ရခြင်းအမှုနှင့်သူ၏ အသက်ပြန်ရှင်လာခြင်းတို့သည် ယေရုရှလင်မြို့၌ဖြစ်ပျက်မည်ဟုထင်ရ၏။

(၅) ထို့နောက် မိစ္ဆာပရောဖက်သည် အန္တိခရစ်၏ရုပ်တုကိုတည်လျက် (မသဲ ၂၄း၁၅) "ဖျက်ဆီးတတ်သောရွံရှာဖွယ်သောအရာသည် သန့်ရှင်းသောအရပ်၌ရပ်နေသည်"၊ ရုပ်တု၌အသက်ကိုသွင်းပေးရသောအခွင့်နှင့်ဆန့်ကျင်သူအပေါင်းကို သတ်နိုင်သောတန်ခိုးရပြီး (ဗျာ ၁၃း၁၄-၁၅)၊ အန္တိခရစ်သည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်သည်ဟုဆိုလျက် (၂ သက် ၂း၄)၊ သက်သေအဖြစ်မီးကိုကောင်းကင်မှ မြေကြီးပေါ်သို့ ကျစေမည် (ဗျာ ၁၃း၁၃)။

(၆) အန္တိခရစ်သည် ဣသရေလနှင့်ချုပ်ထားသော မိမိ၏ခုနစ်နှစ်စာချုပ်ကို ဖောက်ဖျက်၍ (ဒံ ၉း၂၇)၊ ဣသရေလလူတို့ထဲမှ ကျန်ကြွင်းသောယုံကြည်သူတို့ကို ၄၂ လလုံးလုံးညှင်းပန်းနှိပ်စက်ခြင်းအမှုစတင်မည်ဖြစ်၏ (ဗျာ ၁၂း၆)။

အင်အားကြီးသောမြောက်ရှင်ဘုရင်သည် မည်သို့ဖျက်ဆီးခြင်းခံခဲ့ရပါမည်နည်း။ ယေဇကျေလ က ဤသို့ပရောဖက်ပြုခဲ့၏- "ငါသည်ကာလနာဘေး၊ အသေသတ်ခြင်းဘေးအားဖြင့် သူ့ကိုဒဏ်ပေးမည်။ သူနှင့်သူ၌ပါသောတပ်များ၊ အလုံးအရင်းအပေါ်မှာ လွှမ်းသောမိုဃ်းရေ၊ ကြီးသောမိုဃ်းသီး၊ ကန့်နှင့်ရောသောမီးမိုဃ်းကို ရွာစေမည်. . . ဣသရေလတောင်တို့အပေါ်မှာ . . . " (ယေဇ ၃၈း၂၂၊ ၃၉း၄)။ ဤသို့ဖြင့် မြောက်ရှင်ဘုရင်သည် ဖယ်ရှားခြင်းခံရ၍၊ သားရဲတည်းဟူသော အန္တိခရစ်သည် ဤကမ္ဘာကို လုံးဝအစိုးရမည်ဖြစ်၏။ အင်အားကြီးသော မြောက်ရှင်ဘုရင်သည် ဘုရားသခင်၏ ထိုသို့ဖယ်ရှားခြင်းကိုခံလျက်၊ ထိုဘုရားသခင်ကပင် သားရဲအန္တိခရစ်အား ခုနစ်ဆယ်မြောက် သိတင်းပတ်၌ ပေါ်ထွန်းစေမည်ဖြစ်ကြောင်း သိမှတ်ကြပါစို့။

**ဆင်ခြင်ရန်** - လူမျိုးအပေါင်းတို့သည် ယေရှုခရစ်တော်အားသခင်ဟု ဝန်ခံကြပါလိမ့်မည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤနောက်ဆုံးသောကာလ၌ အသက်ရှင်သောကျွန်ုပ်အားနားလည်သဘောပေါက်ခြင်းဉာဏ် ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၂၇)
**ဒံ ၁၂း၁**
ဗျာ ၁၂း၇-၁၂

*“. . . ငါတို့ညီအစ်ကိုများကို အပြစ်တင်သော ရန်သူကို အောက်သို့ချလေပြီ”*

## အမှုရောက်သောနေ့ရက်အချိန်

နောက်ဆုံးကာလအဖြစ်အပျက်တို့သည် အဆုံးဖြစ်သော “ထာဝရဘုရား၏ကြောက်မက်ဖွယ်သောနေ့ကြီး” (ယောလ ၂း၃၁)၊ “ယာကုပ်အမျိုး၌အမှုရောက်သောနေ့ရက်” (ယေရမိ ၃၀း၇) သို့ ချဉ်းကပ်လျက်ရှိပါ၏။ ထိုနေ့ရက်ကို ဒံယေလသည် ကြိုတင်မြင်တွေ့ခဲ့၏ (ဒံ ၁၂း၁)။

“ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်” သည် ဣသရေလလူမျိုးတို့အား အမြစ်ပျက်ခြေမှုန်းခြင်းငှါ စာတန်သည် မိမိ၏ဆိုးညစ်သောအင်အားကို နောက်ဆုံးအသုံးပြုလှုပ်ရှားမှုဖြစ်ပါသည်။ ဣသရေလသည် “အဆင်းနီသောနဂါးကြီး” (ဗျာ ၁၂း၃၊ စာတန်) ၏နှိပ်စက်ခြင်းကိုခံရသော မိန်းမဖြစ်၍၊ တော၌ရက်ပေါင်းတစ်ထောင်နှစ်ရာခြောက်ဆယ် (၄၂ လ (သို့) ၃နှစ်ခွဲ) လုံးလုံး ပုန်းရှောင်ခဲ့၏။ ထိုအချိန်တွင် မိက္ခေလနှင့်သူ၏ ကောင်းကင်တမန်တို့သည် ဣသရေလအတွက် နဂါးကို တိုက်လှန်၍ အောင်မြင်ရလိမ့်မည် (ဗျာ ၁၂း၇-၈)။

ဒံယေလ ၁၂း၁ သည် ယုဒလူမျိုးတို့သမိုင်းကြောင်း၌ ဤသို့သောဒုက္ခမကြုံဖူးသေးသော အချိန်၊ ယာကုပ်အမျိုး၌အမှုရောက်သောအချိန်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤရှေး၌မဖြစ်ဖူးသော ညှင်းပန်းနှိပ်စက်မှုကြီးသည် ဣသရေလအပေါ် သို့ နောက်ဆုံးကာလ၌ပေါ် ထွန်းမည့် အန္တိခရစ်အားဖြင့် ကျရောက်လိမ့်မည်ဖြစ်ပါသည်။ ရှင်ပေါလုက အန္တိခရစ်အား “. . . ဒုစရိုက်လူ. . . ပျက်စီးခြင်း၏သား. . . ဘုရားဟူ၍၎င်း ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍၊ ကိုယ်ကိုကိုယ်ချီးမြှောက်သော. . . ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူ. . . ” (၂ သက် ၂း၃-၄) ဟု ခေါ်ဝေါ်ခဲ့၏။ ယောဟန်က အန္တိခရစ်အား “သားရဲ” (ဗျာ ၁၃း၄-၅) ဟုခေါ်ခဲ့၏။

## ယခုသည် နှစ်သက်ဖွယ်သောအချိန်ဖြစ်၏

“ကြိုတင်သတိပေးခံရခြင်းသည် ကြိုတင်ပြင်ဆင်ခြင်းငှါဖြစ်၏”။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူအပေါင်းတို့အား ထိုဘုရားသခင်၏ကြောက်မက်ဖွယ်နေ့ရက်အတွက် ပြင်ဆင်ခြင်းငှါ၎င်း၊ ရောက်ရှိလာမည့်အမျက်တော်မခံခြင်းငှါ ထွက်ပြေးကြရန် နှိုးဆော်ခြင်းဖြစ်ပါသည်။ ယခုဖြစ်ပျက်နေသောနိမိတ်လက္ခဏာတို့သည် ယာကုပ်အမှုရောက်သည့်အချိန်နီးကပ်လျက်ရှိကြောင်း ဖော်ပြကြ၏။ ဣသရေလ၏ရန်သူတို့သည် ဣသရေလပျက်ဆီးခြင်းမခံရမီတိုင်အောင် ငြိမ်နေကြမည် မဟုတ်ပါ။ ဣသရေလသည် ပြဿနာကြုံတွေ့နေရပြီး၊ ရန်သူတို့၏ဝန်းရံခြင်းကိုခံနေရပါသည်။ ဤကမ္ဘာလောကကိုအစိုးရမည့် စာတန်၏အသုံးတော်ခံအန္တိခရစ်ပေါ် ထွန်းခြင်းငှါ အခြေအနေပြင်ဆင်လျက်ရှိပါ၏။ အန္တိခရစ်သည် ရောက်လုနီးပြီဖြစ်ပါလျှင်၊ ခရစ်တော်သည် အဝေး၌ရှိပါမည်လော။ သတင်းကောင်းတရားက လူအပေါင်းတို့ကိုဖိတ်ခေါ်လျက်ရှိ၏- “ယခုပင်နှစ်သက်ဘွယ်သော အချိန်ရှိ၏။ ယခုပင်ကယ်တင်ရာနေ့ရက်ကာလရှိ၏” (၂ ကော ၆း၂)။ ဘုရားသခင်၏နာမတော်ကိုခေါ်၍ ယနေ့ကယ်တင်ခြင်းရှိပါလော့။ ယခုသွား၍ သတင်းကောင်းကို ဝေငှလော့။

**ဆင်ခြင်ရန်** - ခရစ်တော်ကိုလက်ခံခြင်းငှါ နှောင့်နှေးမနေပါနှင့်. . . အချိန်မရွေး အဆိုးကြုံနိုင်သည်မဟုတ်လော။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤကမ္ဘာ၌သာမဟုတ်၊ ထာဝရအသက်ရှင်ခြင်းငှါ မစတော်မူပါ။

**ဒံ ၁၂း၂-၄**
ယော ၅း၂၄-၂၉

*“. . . ဆိုးယုတ်သော အကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့ငှင်းထွက်ရကြလတ့ံ”*

## ရှင်ပြန်ထမြောက်ခြင်းနှစ်မျိုး

ဒံ ၁၂း၂ ၌တွေ့ရသော “နိုး” သည် (ဝိညာဉ်မဟုတ်ဘဲ) ခန္ဓာကိုယ်ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်း၏။ ဤအကြောင်းကိုဘုရားသခင်က ယောဘထံသို့ ယောဘ ၁၉း၂၅-၂၆ ထဲတွင် ဖော်ပြတော်မူခဲ့၏။ ထ႟ှေးအချိန်ကာလ၌ သန့်ရှင်းသောဝိညာဉ်တော်သည် ယောဘအားထိုသို့သော ဝိညာဉ်နှင့်ဆိုင်သောဉာဏ်ကိုပေးတော်မူခြင်းသည် အံ့ဩစရာကောင်းလှပါသည်။ ယုဒလူတို့ထံ မိန့်တော်မူသောသခင်ဘုရား၏ စကားကို ယောဟန် ၈း၂၈-၂၉ တွင်ဖတ်ပါလော့။

ခန္ဓာကိုယ်ရှင်ပြန်ထမြောက်ခြင်းတရားသည် ယုံကြည်သူတို့အား စိတ်သက်သာခြင်းနှင့် ခွန်အားကိုပေးတော်မူ၏။ အခြားလူတို့အတွက် သေခြင်းသည်အဆုံးသတ်မဟုတ်ကြောင်း သတိပေးခြင်းဖြစ်ပါသည်။ “လူသည် တခါတည်းသေ၍ ထိုနောက်မှတရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့ . . . ”(ဟေဗြဲ ၉း၂၇)။ “အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကို အသီးသီးခံခြင်းငှါ ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်” (၂ ကော ၅း၁၀)။

ဒံယေလ ၁၂း၂ ၌ဖော်ပြသော အဖြစ်အပျက်နှစ်ခုသည် တစ်ချိန်တည်း၌ဖြစ်ပျက်သော အမှုမဟုတ်ပါ။ ယုံကြည်သူရှင်ပြန်ထမြောက်ခြင်းပထမအရင်ရှိပြီးမှ၊ ကြားကာလ၌ နှစ်တစ်ထောင်အုပ်စိုးခြင်းရှိမည်ဖြစ်ပြီး၊ ထိုနောက်မှမယုံကြည်သူတို့ပြစ်ဒဏ်ပေးခြင်းအတွက် ရှင်ပြန်ထမြောက်ခြင်းရှိမည်ဖြစ်ပါသည်။ ဤအမှုကို ဗျာဒိတ် ၂၀း၅-၆ ထဲတွင်ဖော်ပြထားပါသည်။

ပထမရှင်ပြန်ထမြောက်ခြင်းသည် ယုံကြည်သူတို့အတွက်သာလျှင်ဖြစ်၏။ “လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့။ သို့ရာတွင် လူအသီးသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးအသီးသောအသီးဖြစ်တော်မူ၏” (၁ ကော ၁၅း၂၂-၂၃)။ ရှင်ပြန်ထမြောက်သောယုံကြည်သူတို့သည် “အသက်ရှင်၍ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြ၏။ ကြွင်းသောလူသေတို့သည် ထိုအနှစ်တစ်ထောင်မကုန်မီ အသက်မရှင်ရကြ။ ဤထမြောက်ခြင်းကား ပထမမြောက်ဖြစ်သတည်း” (ဗျာ ၂၀း၄-၅)။

နှစ်တစ်ထောင်အုပ်စိုးခြင်းအပြီးတွင် ပလ္လင်ဖြူတရားစီရင်ခြင်းရှိလိမ့်မည်။ “နှစ်တစ်ထောင်ကုန်ပြီး” (ဗျာ ၂၀း၅) ဤအချိန်တွင် ပထမရှင်ပြန်ထမြောက်ခြင်း၌မပါသောသူအပေါင်းတို့သည် ထမြောက်ကြလိမ့်မည်။ သူတို့သည်ဘုရားသခင်၏စီရင်ခြင်းကိုခံရကြမည်။ ကျွန်ုပ်တို့၏ဘုရားသခင်သည် စုံလင်ဖြောင့်မတ်တော်မူ၏။ ကျွန်ုပ်တို့အား ရွေးချယ်စရာပေးတော်မူ၏။ ယေရှုကိုယုံကြည်ကိုးစား၍ ကယ်တင်ခြင်းခံပြီး၊ ပထမထမြောက်ခြင်း၌ ပါဝင်ပါလော့။ ဤသည်ကား အသက်ရှင်ခြင်းအလို့ငှါ ရှင်ပြန်ထမြောက်ခြင်းဖြစ်၏ (ယောဟန် ၅း၂၉)။ ထာဝရအသက်ပေတည်း။

**ဆင်ခြင်ရန်** - အပြစ်တင်ခြင်းမဟုတ်ဘဲ၊ အသက်ရှင်ခြင်းကိုရွေးပါလော့။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အားထာဝရအသက်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ဒံ ၁၂း၅-၇**
မသဲ ၂၃း၃၇-၃၉

*"... ထာဝရဘုရား၏အခွင့်နှင့် ကြွလာသော သူသည်မင်္ဂလာရှိစေသော..."*

## အဘယ်မျှလောက်ကြာလိမ့်မည်နည်း

ဒံယေလ၏ပရောဖက်ပြုချက်တို့ကို စိတ်ဝင်စားဖွယ်ရှင်းပြဖော်ပြပြီးမှ စိတ်ထဲ၌ပေါ်လာသောမေးခွန်းဟူမူကား၊ "ထိုအရာတို့သည် အဘယ်မျှလောက်ကြာလိမ့်မည်နည်း" ဟူ၍ဖြစ်ပါသည်။ တိဂရိမြစ်၏ဟိုဖက်ဒီဖက်တွင်ရှိသော ကောင်းကင်မှလူနှစ်ဦးတို့သည်လည်း စိတ်ဝင်စားစရာကောင်းသော ဤအမှုအရာတို့သည် မကုန်စင်မီ မဘယ်မျှလောက်ကြလိမ့်မည်နည်း" (ဒံ ၁၂း၆) ဟုမေး၏။ "တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်လုံးဖြစ်လိမ့်မည်" (ဒံ ၁၂း၇) ဟုပြန်ဖြေခဲ့၏။ ဤအချက်အားဖြင့် "အံ့ဖွယ်သောအမှုအရာ" ကြာချိန်ကာလသည် သုံးနှစ်ခွဲဖြစ်မည်အကြောင်း သိရပါသည် (အန္တိခရစ်က ဘုရားသခင်၏လူတို့အား ပြင်းထန်စွာညှဉ်းပန်းနှိပ်စက်မည့်ကာလဖြစ်ပါသည်)။

ပိတ်ချောကိုဝတ်သောသူ၏အဖြေ ဒုတိယပိုင်း (ဒံယေလ ၁၂း၇) က "သန့်ရှင်းသူ (ဣသရေလ) တို့၏အစွမ်းသတ္တိ" သည် အရပ်ရပ်သို့ဖြန့်လွင့်ခြင်းခံရသောအခါ၊ အမှုအရာအလုံးစုံတို့သည် ကုန်စင်မည်အကြောင်း ဖော်ပြ၏။ ဆိုလိုသည်မှာ ဘေးဒဏ်ကြီးကာလ၌ ဘုရားသခင်၏လူတို့၏ အစွမ်းတန်ခိုးလုံးဝဖျက်ဆီးခြင်းခံရသောအခါ အမှုပြီးဆုံးမည်ဖြစ်ပါသည်။

မောရှေ၊ ပရောဖက်ဟေရှာယ၊ ယေရမိနှင့်ဇာခရိတို့က အကြိမ်ကြိမ်ကြိုတင်ဟောထားသကဲ့သို့၊ ဘုရားသခင်သည် သူတို့၏အပြစ်အားလုံးအတွက် ကြောက်မက်ဘွယ်ကောင်းသော အပြစ်ပေးခြင်းကို သူတို့အားခံစေမည်ဖြစ်ပါသည်။ ဒံယေလ၏ပရောဖက်ပြုချက်ခုနှစ်ဆယ်မြောက်သီတင်းပတ်၌ ဖြစ်ပျက်မည့်အရာတို့သည် အလိုအလျောက်ဖြစ်ပျက်မည့်အမှုမဟုတ်ဘဲ၊ ဘုရားသခင်ခွဲခန့်မှတ်သားတော်မူသောအမှုဖြစ်ပါသည်။ ဓမ္မဟောင်းပရောဖက်တို့၏ ကြိုတင်ဟောပြောချက်အလုံးစုံကို သခင်ယေရှုက အတည်ပြုတော်မူခဲ့၏။ သခင်ယေရှုဟောတော်မူသော သံလွင်တောင်ဒေသနာသည် (မသဲ ၂၄-၂၅) ယုံမှားစရာလုံးဝမရှိပါ။ နောက်ဆုံး၌ ယောဟန်၏ဗျာဒိတ်ကျမ်းက နောက်ဆုံးကာလယုံကြည်သူတို့အဖို့ ထိုနောက်ဆုံးကာလအကြောင်းကို အသေးစိတ်ဖော်ပြလျက်ရှိ၏။

ကျွန်ုပ်တို့၏သခင်ယေရှုသည် မိမိလူတို့နှင့်မြို့အတွက် ငိုကြွေးခဲ့၏ (မသဲ ၂၃း၃၇-၃၉ ကိုဖတ်ပါ)။ ယုဒလူတို့သည် သူတို့ထံလာသော ပရောဖက်တို့ကို ကျောက်ခဲဖြင့်ပစ်သတ်၍၊ သူတို့၏မေရှိယကိုကားတိုင်ပေါ်သို့တင်သတ်လျက်၊ "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌၎င်း၊ သားမြေးတို့၏ခေါင်းပေါ်၌၎င်း တည်ရှိပါစေ" (မသဲ ၂၇း၂၅) ဟုကြွေးကြော်ခဲ့ကြ၏။ ဤစကားအတွက် သူတို့အမှန်ပြစ်ဒဏ်ခံကြပါလိမ့်မည်။ ဆုံးမခြင်း၌ ဘုရားသခင်အသုံးပြုတော်မူသောတန်ဆာပလာတို့သည် သူတို့၏မာနထောင်လွှားခြင်းနှင့်မိမိကိုယ်ကို အားကိုးခြင်းတန်ခိုးအစွမ်းသတ္တိတို့ကို အပိုင်းပိုင်း ဖြစ်စေလျက်၊ သူတို့၏မျက်စိကိုဖွင့်ပေးတော်မူလိမ့်မည် (ရောမ ၁၁း၂၆)။

**ဆင်ခြင်ရန်** - နောက်ဆုံးကာလစတင်မည့်အချိန်သည် အဘယ်မျှလောက်ကြာပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ယေရုရှလင်မြို့ကယ်တင်ခြင်းအတွက် အကျွန်ုပ်ဆုတောင်းပါ၏။

စနေ၊ ဇွန် (၃၀)
**ဒံ ၁၂း၈-၁၃**
မသဲ ၂၅း၃၁-၄၆

*“. . . သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲထားသကဲ့သို့၊ လူအပေါင်း တို့ကိုအသီးအခြားခွဲ၍”*

## ဤအမှုအရာတို့အဘယ်သို့ကုန်စင်ပါမည်နည်း

ဘုရားသခင်သည်ဒံယေလအားဖြင့် ကမ္ဘာ့အဖြစ်အပျက် “နောက်ဆုံးအမှု” တို့ကိုဖော်ပြတော်မူ၏။ ဝိညာဉ်မျက်စိကွယ်နေသော ဤလောကပညာတတ်တို့အတွက် ဒံယေလအနာဂတ္တိကျမ်းသည် အဓိပ္ပာယ်မရှိပါ။ နှိမ့်ချသောစိတ်သဘောရှိသောသူတို့အား ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်နှင့်ဆိုင်သောဉာဏ်အမြင်ကျွန်တော်တို့ လိုအပ်ကြပါသည်။

၁၂၉၀ ရက်

ဒံယေလ ၁၂း၁၁၊ ၁၂၉၀ ရက်ကြာလိမ့်မည်။ စတင်မည့်အချိန်၊ နေ့စဉ်ပြုသောယဇ် ပူဇော်ခြင်းကိုဖယ်ရှား၍ ခုနှစ်ဆယ်မြောက်သိတင်းပတ်အလယ်တွင်၊ ယေရုရှလင်မြို့ရှိဘုရားသခင်၏ ဗိမာန်တော်၌ ဖျက်ဆီးတတ်သောရွံရှာဖွယ်သောအရာရပ်တည်သောအချိန်ဖြစ်ပါသည်။ ဤအချက်က ရက်ပေါင်း ၁၂၆၀ အန္တိခရစ်အုပ်စိုးမည့်အချိန်၏ အစပြုချိန်ကို မှတ်သားထား၏။ ကုန်ဆုံးမည့်အချိန်က အန္တိခရစ်၏ကုန်ဆုံးချိန်ထက် ရက်သုံးဆယ်ပိုကြောင်း ဖော်ပြခဲ့၏။ ဤပိုသော ရက် ၃၀ သည် အဘယ်အတွက်နည်း။ အန္တိခရစ်၏အုပ်စိုးခြင်းသည် ဘုန်းတန်ခိုးနှင့်တကွ ယေရှုကြွလာတော်မူသောအခါ ရုတ်တရက်ပြီးဆုံးမည်ဖြစ်၏ (အန္တိခရစ်အုပ်စိုးသောအစမှ ရက်ပေါင်း ၁၂၆၀ အကြာ၌)။ ဤရက်ပေါင်း ၃၀ သည် ဘုရားသခင်၏ဗိမာန်တော်ပြန်လည်ပြုပြင်ရန်အတွက် ဖြစ်ပါလိမ့်မည်။ ဤသို့သောသန့်ရှင်းစေခြင်းကာလကို ရှင်ဘုရင်ဟေဇကိကာလည်း ကြုံဖူးပါသည် (၆ ရာ၃၀း၂-၄)။

၁၃၃၅ ရက်

ဒံယေလ ၁၂း၁၂၊ ရက်ပေါင်း ၁၃၃၅ ရက်သည် ၁၂၉၀ ရက်ထက်၊ ဗိမာန်တော်သန့်ရှင်းစေခြင်းပြီးနောက်၌ ရက်ပေါင်း ၄၅ ရက်ပိုလျှံသေး၏။ Whitcomb က ဤသို့ရှင်းပြခဲ့၏- “ဤမျှသောအချိန်သည် . . . မေရှိယနိုင်ငံတော်သို့ မည်သူဝင်ထိုက်သည်မဝင်ထိုက်သည်ကို စမ်းစစ်ခြင်းငှါ အသက်ရှင်သောလူမျိုးတို့အား စီရင်ရန်အတွက် လုံးဝလိုအပ်ပါသည်။ ဤအကြောင်းကို သမ္မာကျမ်းစာပရောဖက်ပြုချက်တွင် တွေ့ရပါသည်။ ယောလသည် ဤအနာဂတ်စီရင်ခြင်းအမှုကို ‘ယောရှဖတ်ချိုင့် (ကေဒြုန်)’တွင်ဖြစ်မည်ဟုဆိုထား၏။ ထိုနေရာတွင် တပါးအမျိုးသားတို့၏ ယုဒလူတို့အပေါ် ပြုမိသောအမှားများကို စီရင်မည်ဖြစ်ပါသည် (ယောလ ၃း၁-၁၇) . . . ဤအမှုအရာကို ဖော်ပြသော ဓမ္မသစ်ကျမ်းပိုဒ်ရှင်မသဲ ၂၅း၃၁-၄၆ သည် အရှင်းလင်းဆုံးဖြစ်ပါသည်။ ဤကျမ်းပိုဒ်တွင် သခင်ခရစ်တော်က တပါးအမျိုးသားတို့အား ဣသရေလသက်သေခံများအပေါ် (ဤသူတည်းဟူသောငါ့ညီ၊ မသဲ ၂၅း၄၀) ပြုသောအမှုအတိုင်း စီရင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဘုရားသခင်၏တမန်တို့အား ငြင်းပယ်သောသူတို့သည် သေခြင်းနှင့်ထာဝရဒဏ်ခတ်ခြင်းခံရကြမည် (မသဲ ၂၅း၄၆) ဟုဖော်ပြထား၏။ ထို့နောက်တွင် ခရစ်တော်၏နှစ်တစ်ထောင်အုပ်စိုးခြင်းနိုင်ငံတော် စတင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ထိုဘုန်းတော်နှင့်ပြည့်စုံသောနိုင်ငံတော်တွင် အကျွန်ုပ်အတွက် နေရာရှိပါမည်လော။

**ဆုတောင်းချက်** - အဘဘုရား၊ အနာဂတ်အကြောင်းကို အကျွန်ုပ်အား ဖော်ပြတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။